www.burmeseclassic.com

# ဆွေမျိုး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# ဆွေညှိုင်ငြိုး

## အင့်

ပင်ကိုယ်ရေး ရင်သိမ့်တုန်

www.burmeseclassic.com

www.burmeseclassic.com

# ( တစ် )

"ဒေါ်ခင်မျိုးလင်း"

အသက် ၃၅ နှစ်
ရင် ၃၀၊ ခါး ၂၅၊ တင် ၃၈
လှသည်၊ တောင့်သည်၊ ဖြောင့်သည်

'ပပလင်း'

အသက် ၁၇ နှစ်
ရုတ်တရက်ကြည့်လျှင် အသက်နှစ်ဆယ် အရွယ်လောက် ခန့်မှန်းရအောင် ထွားသည်၊ လှသည်၊ အတိုင်း အတာ မသိ၊

ဒေါ်ခင်မျိုးလင်း၏ တစ်ဦးတည်းသော သမီး၊

www.burmeseclassic.com

www.burmeseclassic.com



## ' ဦးဝင်းထွတ် '

အသက် ၅၀၊ အရွယ်တင်သည်။

ယခင်က ဆပ်ပြာစက်၊ နိုင်လွန်စက်တွေပိုင်သည်၊ သိန်းနှစ်ဆယ်လောက် ချမ်းသာသည်။ ဒေါ်ခင်မျိုးလင်းနှင့် ဦးဝင်းထွတ်သည် လင်မယားတော်၏။ ထို့ကြောင့် သမီးအလေးတစ်ယောက်ရှိသည်။ သူမသည် 'ပပလင်း' ဖြစ်သည်။

နေရစ်...အင်းလျားမြိုင် 'ကောလိယဂေဟာ'

ပော်ကောင်...ချာလီ

'အခုပြီ ဆရာရေ့'

ဦးတွေက...ဘာတွေလဲကွ'

ချာလီသည် စားပွဲပေါ်မှ စာရွက်ကို ဖတ်ကြည့်ရင်း ချာလီကို မေးလိုက်သည်။

'ဒီလို ဆရာရေ့...မနေ့က အဲဒီ ဒေါ်ခင်မျိုးလင်းဆိုတဲ့ အမျိုးသမီးကြီး ကျွန်တော်တို့အခန်းကို ရောက်လာတယ်'

'ဟေ...နို့...ငါတို့ သူ့ဆီက အကြွေးလဲ မယူမိပါလား'

'အကြွေးတောင်းရအောင် လာတဲ့သူ မဟုတ်ဘူး ဆရာရေ့၊ ဆရာကလဲ ကျွန်တော်တို့ဆီလာရင် အကြွေးတောင်းရအောင်ချည်း ထင်နေတာကိုး'



'ဟာ...အခုတလော အကြွေးတောင်းတဲ့ လူတွေကလဲလို့... တို့အခန်းကို ဘယ်သူက ဂရုစိုက်လာလို့လဲ ချာလီရဲ့'

'အဲဒီ အမျိုးသမီးကြီးက ဆရာ့ကို လာရှာတယ်'

'အင်း...ကိစ္စ'

'ကိစ္စကတော့ စန္ဒရားဘခက်နဲ့ အမြန်ဆုံး တွေ့ချင်ပါသတဲ့'

'အဲဒီတော့'

'အဲဒီတော့...ဆရာကလဲ မရှိဘူး၊ ဘူ့ပုံကြီး ကြည့်ရတာ ငွေကို ရေလိုသုံးနိုင်မယ့် အမျိုးသမီး၊ စီးလာတာက တိုရိုတာကိုရိုလာ'

'အမယ်...တယ်ဟုတ်ပါလား၊ ဒါနဲ့ မင်းက'

'ကျွန်တော်က ခရီးထွက်သွားတယ်၊ မနက်ဖြန်မှ လာပါလို့ ချိန်းလိုက်ပြီး...သူ့ကားနောက်ကို...ဟွန်ဒါနဲ့ ရှိုးလိုက်ကြည့်တယ်၊ တတ်နိုင်သလောက် စုံစမ်းကြည့်တယ်၊ အဲဒီမှာတင် အခု ဆရာဖတ်ကြည့်တဲ့ ဖေဂါတွေ၊ အချက်အလက်တွေ ရလာတာပေါ့'

ချာလီတို့က...သည်မျှအထိ အားကိုးရသည်။ ချက်ဆို နားခွက်က မီးတောက်သည်။

'နို့...နေစမ်းပါဦး၊ ဒီ ဒေါ်ခင်မျိုးလင်းရဲ့ ၃၀၂၅ ၁၉ကို မင်းက တိုင်းကြည့်လိုက်လို့လား'

'အား...ဆရာကလဲ ပါးရိုက်သွားမှာပေါ့၊ ဒီလို ဆရာရေ့၊ ဒေါ်ခင်မျိုးလင်းဟာ ကျွန်တော်တို့ဆီက အပြန်မှာ ဗျူတီပါလာ အလှပြင်ဆိုင်တစ်ဆိုင်ကို ဝင်တယ်၊ အဲ...သူဝင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ဆိုင်က ကျွန်တော့် မိတ်ဆွေမကလေး မာဂရက် လုပ်တဲ့ဆိုင်၊ အဲ...မာဂရက်ကို မေးကြည့်တော့ အမျိုးသမီးဟာ သူ့ကိုယ်လုံး ကိုယ်ထည်ကို တစ်လတစ်ခါ လာတိုင်းနေကျတဲ့ဗျ'

'အင်း...မင်း မဆိုးဘူး၊ ဒါနဲ့ အဲဒီ ဒေါ်ခင်လင်းမျိုး'

'ဒေါ်ခင်မျိုးလင်းပါ ဆရာ'

'အေး...သူက ငါနဲ့ ဘာကိစ္စ တွေ့ချင်ရတာလဲတဲ့'

ချာလီ ပခုံးတွန့်သွားသည်။

'ဒါတော့ သူ မပြောသွားလို့ ကျွန် တော် မျိုး ကြီး သိမှာ မဟုတ်ပါဘူး ဆရာ'

'အေးကွာ...ဒါလောက်သိရရင် တော်ပါပြီ၊ ဪ... ဒါနဲ့ အဲဒီ အမျိုးသမီးကြီးက ဘယ်အချိန် လာမယ်လို့ ချိန်းသွားသလဲ'

'၃ အယ်နှစ်နာရီလဲ'

'လေးနာရီခွဲ အတိပဲ'

'သူ...လာနေပါပြီ ဆရာ'

ချာလီ အင်မတန် နားပါးသည်။

ဟုတ်ပါသည်။လှေကားကို တက်လာသော ခြေသံ ရှရှကို စတင် ကြားရသည်။

ခြေသံလည်း ပို၍ ပီပြင်လာ၏။

ခြေသံအပျောက်တွင် တံခါးခေါက်သံ ပေါ်လာသည်။

ချာလီသည် တံခါးကို ပြေးဖွင့်သည်။



ပြီး...သူနှင့် ဘာမှမဆိုင်သလို တိုက်ခန်းထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။

ဒေါ်ခင်မျိုးလင်းသည် အပေါက်ဝတွင် ခေတ္တ ရပ်နေသည်။

ဘခက်သည် စားပွဲနောက်တွင် ထိုင်နေသည်။

ဘခက်နှင့်သူမ မျက်လုံးချင်း ဝိုက်မိကြ၏။ အကြည့်ချင်းဆုံဖြစ်ကြ၏။ မျက်လုံးမှသည် တစ်ကိုယ်လုံး ပျံ့နှံ့သွားသည်။

အားလုံး....အားလုံး....

မျက်လုံး၊ မျက်ခုံး၊ အပြုံး အခယာ ဘခက် ကြည့်ပစ်လိုက်သည်။

'ကျွန်မကို မဇိတ်ခေါ်တော့ဘူးလားရှင်'

'ဟုတ်ပါရဲ့...ကျွန်တော် စကားပြောဖို့ မေ့သွားလို့ပါ'

ဒေါ်ခင်မျိုးလင်းက ကျေနပ်နှစ်သိမ့်စွာ ပြုံးရင်း ခြေထောက်ကို စလှုပ်သည်။

'ကြွပါ...ကြွပါ...'

ကြွလာပါပြီ ဒေါ်ခင်မျိုးလင်း ကြွလာပါပြီ။

ခြေထောက်က စလှုပ်သည်။

သိမ်နွဲ့သည့်ခါးက ယမ်းခါသွားသည်။

ဒေါ်ခင်မျိုးလင်းသည် တစ်ကိုယ်လုံး ရွေ့လျားလာ၍....

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ပုကလေးတွင် ထိုင်သည်။ ပေါင်တစ်လုံး ချိတ်၍ ထိုင်သည်။ လက်ပွေ့အိတ်ကို ဖွင့်သည်။ ပေါ်လ်မော စီးကရက်ကို နှိုက်သည်။

လူသေလို ဖြူဖွေးနေသော ကော်ဖီကရင်းရောင် နှုတ်ခမ်းဖူးဖူးမှ အငွေ့တလူလူ ထွက်လာသည်အထိ ဘခက်က စောင့်ကြည့်နေမိသည်။

'ကျွန်မ....ဒေါ်ခင်မျိုးလင်းပါ'

'ကျွန်တော် စန္ဒရား ဘခက်ပါ'

သူတို့နှစ်ယောက်စလုံး ဘိသိက်ဆရာမပါဘဲ လက်ချင်းဆက်မိသည်။

'တွေ့ရတာ ဝမ်းသာပါတယ်'

လက်ဆွဲ နှုတ်ဆက် ပြီးသည်နှင့် ဘခက်က အကျိုးအကြောင်း စတင်၍ မေးရပါတော့သည်။

'ဒေါ်ခင်မျိုးလင်း ကျွန်တော့်ဆီကို မနေ့ကလဲ လာသေးတယ်ဆိုတာ ကျွန်တော် သိပြီးပါပြီ၊ ကျွန်တော် ဒေါ်ခင်မျိုးလင်းကို ဘာအကူအညီ ပေးရပါ့မလဲ ခင်ဗျာ'

သူမသည် စီးကရက်ပြာတောင့်ကလေးကို ပုံမပျက် ပန်းမပျက် ခြွေချလိုက်ပြီး သူ့ကို ကြည့်လိုက်၏။ မျက်တောင်မည်းမည်းကြီးတွေအောက်မှ မျက်လုံး ဝိုင်းဝိုင်းကြီးတွေက ရွှန်းလဲ့ တောက်ပြောင်လာသည်။

'ဒီလို လုပ်ရအောင်ကွယ်၊ မမကိစ္စကို မပြောခင် မောင်ဘခက်ရဲ့ အခု ရပ်တည်နေတဲ့ အခြေအနေ အလုပ်အကိုင်



ကလေးကို မမလင်း သိပါရစေလား၊ အဲ....ရှိုင်းတယ်လို့တော့ မထင်ဘူး မဟုတ်လားဟင်'

မမတဲ့....

မမလင်းတဲ့....

ကောင်းပြီလေ....သူက မမဆိုတော့ ကိုယ်က မောင်မောင်ပေါ့။

'မထင်ပါဘူး မမလင်း၊ ကျွန်တော့် အလုပ် အကိုင်အခြေအနေကတော့ သိပ် တည်တည်ငြိမ်ငြိမ် မရှိလှပါဘူး၊ မြကြေးမှုံမှာ အပျော်တမ်း သတင်းထောက် လုပ်တယ်၊ အားတဲ့အချိန်မှာ ကရာတေး နည်းပြ ဆရာဝင်လုပ်တယ်၊ ငါးမျှားတယ်၊ အဲ....သိပ် ဇော်ပြတ်နေရင် ခါးပိုက်နှိုက်တို့၊ အလစ်သမားတို့ဆီက ခါးပိုက်ပြန်နှိုက်တယ်'

သူ့စကားကို ဒေါ်ခင်မျိုးလင်း သဘောကျသွားသည်။ အလှမပျက်အောင် ရယ်သည်။

'အမယ်လေးကွယ်....မမကိုတော့ မနှိုက်လိုက်ပါနဲ့'

'ဒါတော့ အာမ မခံနိုင်ဘူး မမလင်း၊ သိပ် ဇော်ပြတ်နေရင်တော့....'

သူ့စကား မဆုံးလိုက်ရပါချေ။

ဒေါ်ခင်မျိုးလင်းက ခိုးခိုးခစ်ခစ်ရယ်ရင်း....

'မမလင်းကိုတော့ ချမ်းသာပေးပါကွာ၊ မင်း လိုချင်ရင် မမလင်း ပေးသွားပါ့မယ်'

သည်တော့လည်း ဘခက်က ရောယောင် ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး....မင်းကို စန္ဒရားဘခက်လို့ ခေါ်နေကြပေမယ့် မင်းအခန်းမှာ စန္ဒရားလဲ မတွေ့ပါလား'

သူ့အသံက ချက်ချင်းကြီးပဲ ရင်းရင်း နှီးနှီး ဖြစ်သွားသည်။

'ဟုတ်တယ်....မမလင်း၊ ကျွန်တော် စန္ဒရားဆိုလို့ ဒိုရေမီဖာ လောက်တောင် မတီးတတ်ပါဘူး၊ ဒါနဲ့များ တောင် ကျွန်တော့်ကို စန္ဒရားဘခက်လို့ ခေါ်နေကြတာ ကျွန်တော့်ကိုယ် ကျွန်တော်တောင် အံ့သြမိပါတယ် မမ လင်း'

'အင်း....မမလင်း တစ်ခုတော့ စဉ်းစားမိတယ်ကွယ်၊ မင်းကို စန္ဒရားမတီးတတ်ဘဲနဲ့ စန္ဒရားဘခက်လို့ ခေါ်နေ ကြပုံကို ထောက်ရင် မင်းလက်တွေဟာ စန္ဒရား တီးနေ သလို သွက်နေလို့လားလို့'

မှန်ပါသည်။

ကျွန်ုပ်သည်မှာ ဘခက်ကို စန္ဒရားအမည် ရှေ့ကတတ်၍ ခေါ်ဝေါ်နေကြသော အကြောင်းခြင်းရာ တစ်ခုပဲ ဖြစ် ပါ၏။

'အဲသလိုများတော့ ဖြစ်နေသလားတော့ မသိဘူး မမ လင်း၊ ကဲ....မမလင်း ကျွန်တော့်ကို ဘာခိုင်းချင်တယ် ဆိုတာသာ အမိန့်ရှိပါလေ၊ အဲဒီတော့မှ ကျွန်တော့်လက် သွက်မသွက် မမလင်း သိရမှာပေါ့'

သူမမျက်နှာမှာ တစ်မုဟုတ်ချင်း ဝင်းပသွားသည်။



ပြီးတော့....ချာလီ ဝင်သွားသော နောက်ဖေးခန်းကို လည်း အကဲခတ်လိုက်သည်။

'ချာလီ....'

'ဆရာ....'

'အပြင်သွားပြီး ဟိုဟာ သွားရှာစမ်း'

'ဘာရှာရမလဲ ဆရာ'

'ကင်းဝန်မင်းကြီးရဲ့ ကွမ်းအစ်

ဟုတ်ကဲ့....'

ချာလီသည် နောက်ဖေးခန်းထဲမှ ထွက်လာပြီး အပြင် သို့ ထွက်သွား၏။ တဒိုင်းဒိုင်း ပြေးဆင်းသွားသော အသံ ကို ကြားလိုက်ရသည်။

'ကဲ....မမလင်း၊ နှစ်ကိုယ်ကြားပြောနိုင်ပါပြီ၊ ဒီကောင် တော်တော်နဲ့ ပြန်လာတော့မှာ မဟုတ်တော့ပါဘူး'

'ဒီလိုကွယ်....မမလင်းမှာ ပြဿနာ တစ်ခုရှိတယ်'

'ဟုတ်ကဲ့....'

ဒေါ်ခင်မျိုးလင်း၏ မျက်နှာသည် တွေဝေသွား၏။ ပြောသင့် မပြောသင့် ချင့်ချိန်နေဟန်ရှိသည်။

'မမလင်း....ခရီးတစ်ခုကိုသွားဖို့ အစီအစဉ် ရှိနေတယ်၊ သွားမှာကတော့ မော်တော်ကားနဲ့ပဲ ဆိုပါတော့၊ အဲ.... ဒါပေမယ့် အဲဒီခရီးကို မမလင်း သွားမယ့်ဟာကို မလိုလားတဲ့ သူတွေကလဲ ရှိတယ်ကွယ့်'

သူမ စကားပြတ်သွားသည်။

ဘခက်က ထောက်ပေးလိုက်သည်။

www.burmeseclassic.com



'အဲဒီခရီးကို မမလင်းသွားမှာကို ဘယ်သူတွေက ဘာကြောင့် မလိုလား ဖြစ်နေရတာလဲဆိုတာ ကျွန်တော် သိသင့်ပါသလား'

'မသိသင့်ပါဘူးကွယ်၊ လုံးဝ မသိသင့်သေးပါဘူး'

'အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမှာလဲဟင်'

'မင်း လုပ်ပေးရမှာကတော့ အဲဒီ ခရီးအဆုံးထိအောင် မမလင်းကို ကားမောင်းပြီး လိုက်ပို့ပေးဖို့ဆိုပါတော့'

'ဒီလိုဆို ဒရိုင်ဘာတစ်ယောက် ငှားလိုက်ရင်လဲ ပြီးတာပဲ မဟုတ်လား မမလင်း'

'အို…မမလင်း ဒီလို သဘောမျိုးနဲ့ပြောတာ မဟုတ်ပါဘူး၊ မင်းက မမလင်းကို ဘော်ဒီဂတ် သဘောမျိုး လိုက်ပါ စောင့်ရှောက်ပေးဖို့ပါကွယ်'

ဘခက် သက်ပြင်းမချမိပါ။

သည်လို လုပ်ငန်းမျိုးကို သူ နှစ်ခြိုက်လေ့ ရှိပါသည်။ လုပ်လေ့လုပ်ထ ရှိပါသည်။

'ကောင်းပါပြီ…မမလင်း၊ အဲ…ဒါနဲ့ ကျွန်တော့်အတွက် အကျိုးအမြတ်ကရော'

ဒေါ်ခင်မျိုးလင်းသည် ပေါင်ပေါ်တွင် တင်ထားသော လက်ပွေ့အိတ်ကြီးကို ဖွင့်လိုက်ပြီး ဆယ်တန်နှစ်အုပ်ကို ဆွဲထုတ်လိုက်သည်။

'အဲ့ဒါ နှစ်ထောင်ရှိတယ်၊ မင်းကျေနပ်မယ်ဆိုရင် ခရီးဆုံးတော့ မမလင်းက သုံးထောင်ထပ်ပေးမယ်၊ ငါးထောင်ပေါ့ကွယ်၊ ဘယ့်နှယ်လဲ'



'အင်္ဂမတန်ကောင်းတဲ့ အပေးအယူပါပဲ မမလင်း'

'ကဲ…ဒီလိုဆို မမပြန်မယ်နော်'

နော်…တဲ့။

နော်ဆိုသည့် အသံက 'နှ'သံဖက်သို့ ပို၍ရောစွက်နေသည်။

'ကောင်းပါပြီ မမရယ်၊ အဲ…ထွက်မယ့်ခရီးစဉ်နဲ့ ထွက်မယ့်နေ့ကိုလဲ ကြိုပြောထားပေါ့၊ ဟုတ်လား'

ဒေါ်ခင်မျိုးလင်း ထလိုက်ပါသည်။

ကုလားထိုင်ပေါ်တွင် ပျောက်နေသော တင်တွေကား စွင့်လာသည်။

လှုပ်ရင်းခါရင်း အခန်းဝသို့တိုင် လျှောက်သွား၏။ ပြီးတော့ သမင်မ လည့်ပြန်ကြည့်သည်။

'သွားမယ်ကွယ်'

သူမ ထွက်သွားသည်။

ငွေနှစ်ထောင် ကျန်ရစ်၏။

အင်း…တော်သေးရဲ့၊ အခန်းလခ မပေးနိုင်တာ နှစ်လ ကျော်လာပြီ မဟုတ်လား ။

ချာလီ ပြန်ရောက်လာသည်။ စားပွဲပေါ်မှ ငွေထုပ်ကို တွေ့တော့ သူ့သွားတွေ ဖြဲလာသည်။

'ဟေ့ကောင်…ငါ ရှာခိုင်းတာ တွေ့ပြီလား'

'တွေ့တယ်ဆရာ၊ ဒါပေမယ့် ကွမ်းအစ်ကလေးလို မသိတော့ဘာနဲ့ ထားခဲ့တယ်၊ အဲ…ကွမ်းယာတော့ နှိုက်ခဲ့တယ်'

ချာလီ့လက်ထဲတွင် ကွမ်းယာတစ်ယာ ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ဖျတ်လတ် သွက်လက်ပြီး အလျှောက်အလဲကောင်းသည့် တာပည့်ကျော်ပါကလား။

'ဟုတ်လား....ကဲရော့....၊ အကြွေးတွေဆပ်၊ ဒီညမင်းနဲ့ငါနဲ့ စားဖို့လဲ 'ဟိုက်စွမ်ကို' ပြေး'

ဘခက်က ဆယ်တန်အုပ် တစ်အုပ်ကို ပစ်ပေးလိုက်သည်။

'အင်း....ဒီပိုက်ဆံကိုသုံးဖို့တော့ ရင်လေးလေးပဲ ဆရာရေ့'

'ဟေ....ဘာဖြစ်လို့လဲကွ'

'ဒေါ်ခင်မျိုးလင်း ကားနောက်မှာ နောက်ယောင်ခံလိုက်နေတဲ့ ငနဲတစ်ကောင်ကို ကျွန်တော် တွေ့ခဲ့တယ်ဆရာ'

ဘခက်ပြုံးလိုက်သည်။

ပြီးတော့လည်း ပေါ့ပေါ့တန်တန် ဆိုလိုက်၏။

ဟာ,...ငွေငါးထောင်ကြီးများတောင် ရမယ့်ဥစ္စာ၊ ငှက်ပျောသီး အခွံနွှာစားသလောက်တော့ ဘယ်လွယ်ပါ့မလဲ ချာလီ၊ ကဲ....ဘာရမ်ဒီတစ်လုံးပါ ဆွဲခဲ့'

ချာလီ ထွက်သွားသည်။

စန္ဒရားဘခက်သည် ချာလီရေးထားသောစာရွက်ကလေးကို စားပွဲပေါ်မှကောက်၍ ထပ်မံကြည့်ရှုလိုက်သည်။

ဒေါ်ခင်မျိုးလင်း

အသက်.... သုံးဆယ့်ခြောက်နှစ်

ရင် ၃၈၊ ခါး ၂၅၊ တင် ၃၉၊

၀ ၀ ၀

( နှစ် )

ရှိတော့ရှိသည်။

သို့ပေမယ့်.... ဒါမျိုးက ရှား....သည်။

အဝေးကမြင်ရကတည်းက လှနေ၏။ တဖြည်းဖြည်းနီးလာတော့ ချောသည်။ အနားရောက်လာတော့ ရင်မှာမောသွားရသည်။

ဟုတ်ပါတယ်။

သူတွေးထင်ထားသကဲ့သို့ပင် ဒေါ်ခင်မျိုးလင်း၏ သမီး ယလင်း ဖြစ်နေပါသည်။

ယလင်းသည် ပညာတ်သွားရာ ခေတ်သက်ပါဆိုသလို ...င်းဝင်းပပ လင်းလှလို့ နေပါသည်။

တစ်ဆယ့်ခုနစ်နှစ်သော ကာလအပိုင်းအခြားသည် ယ...င်း၊၊ ခန္ဓာကိုယ် အချိုးအဆက်ကို ကျကျနန၊ လှလှပပ...ား ဖြစ်အောင် ပန်းပုထုလိုက်ဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားကားမို့မို့နှင့် ထွားထွားကလေး စို့နေသည့်ရင်က ပုံပန်းကျနသလို ရင်ဖိုလောက်အောင် ဖွံ့ထွားသော တင်အထက်တွင် လှုပ်လီလှုပ်လဲ့ ခါးသွယ်သွယ်က ရှိနေပါသည်။

သို့ပေမယ့် မျက်နှာက နုငယ်လွန်းပါသည်။ စိုပြည်လွန်းပါသည်။ သည်မျက်နှာ၏ တစ်ဝက်တစ်ခြမ်းကို မဟူရာဆံပင်တွေက အုပ်ဆိုင်းနေသော်လည်း ဘယ်လိုနည်းနှင့်မှ အလှမပျက်။

ယခု ထဘီစိမ်းစိမ်းကလေးကို ကျစ်ကျစ်လျစ်လျစ် ဝတ်ထား၏။

သူမ....ပပလင်းပါ။

ဒါကို ဘခက် အသေအချာ ပြောရဲပါသည်။

သူမသည် ကသိမ်ကနွဲ့ နွဲ့၍ လျှောက်လာသည်။ ရပ်ထားသော ဝီလီဂျစ်ဆီသို့ ဦးတည်လာသည်။ ဘခက်သည် ဟွန်းဒါမော်တော်ဆိုင်ကယ်ကိုမှီရင်း ရပ်နေ၏။ ကြည့်နေ၏။ မြင်နေ၏။

သို့တစေ....သူက နေကာမျက်မှန်နက်ကြီးနှင့် မျက်လုံးကို ကာထားသည်။ ကောင်မလေးနှင့် ဘခက်မျက်စိကြားတွင် မှန်တစ်ချပ် ခြားနေသည်။

အားမရဘူး။

ဘခက် မျက်မှန်ချွတ်လိုက်သည်။



သူ၏ ခန့်ညားသော ရုပ်ရည်ကို ဟိုကောင်မလေး မြင်စေချင်သည်။ သို့ပေမယ့် သူ့ကိုမကြည့်၊ ဖုတ်လေတဲ့ပဲ ရှိတယ်လို့တောင် မထင်အား။

ဂျစ်ကားအနားသို့ ပပလင်း ရောက်လာသည်။

နှုတ်ခမ်းကလေးကလည်း ဖူးဖူးကလေး စူနေသည်။ ဘာကို အလိုမကျပါလိမ့်။

'ဘာဖြစ်လို့ ဒီကားစုတ်ကြီးနဲ့ လာကြိုရတာလဲ မာမက်'

'ကော်ရိုလာကို မမယူသွားပါတယ် အစ်မလေး'

'ဟွန့်....မာမိတို့က ဒီအတိုင်းချည်းပဲ၊ ပပ ဒီကားစုတ်ကြီးကို မစီးချင်ပါဘူးဆိုမှ'

ပပလင်းသည် ဂျစ်ကားပေါ်သို့ ဆောင့်ဆောင့်ကလေး ထိုင်ချလိုက်သည်။

ဝီလီကိုဘခက် သဘောကျသွား၏။

ဂျစ်ကားကလေးသည် ကျောင်းဝင်းရှေ့မှ မောင်းထွက်သွားသည်။ ကျောင်းအမည်က စမ်းချောင်း အထက ၂ ယခင် အထက်တန်းလွှာ သမီးများ အများဆုံးထားကြသည့် 'စိန့်ဖလောမီးနား' ဘခက်သည် ဟွန်းဒါကိုစက်နှိုးသည်။

ဂျစ်ကားနောက်မှ လိုက်လာခဲ့သည်။ ကားနံပါတ်က ခြောက်နှစ်ကိုးကိုး။

သည်ကနေ့ ပပလင်း စာမေးပွဲဖြေသည့် နောက်ဆုံးရက်ဖြစ်ပါသည်။ စာမေးပွဲ ဖြေပြီးသည်နှင့် ပပလင်းကို ကားနှင့် လာကြိုမည်ဖြစ်ကြောင်း ဘခက်သိထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပပလင်းတို့တိုက်မှ ကားနံပါတ်တွေကို ဘခက်ရထား၏။ သည်ဂျစ်ကို မြင်ကတည်းက ပပလင်းကို လာကြိုသည့်ကားမှန်း တွက်ဆပြီးသား၊ အဲ....မမြင်ဖူးသေးသည်က ပပလင်း။

အခုတော့ မြင်ဖူးသွားသည်။

ချာလီသည် ပပလင်း စာမေးပွဲဖြေသည့် နောက်ဆုံးရက်ကို သူ့နည်းသူ့ဟန်ဖြင့် စုံစမ်းပြီး ဘခက်ကို သတင်းပို့ခဲ့သည်။

ကုလားဒရိုင်ဘာသည် ဝီလီကို ရှေ့ကမောင်းနေသလို မြန်မာ ဘခက်ကလည်း မော်တော်ဆိုင်ကယ်စီး၍ နောက်မှ လိုက်နေ၏။

ဒါကလည်း အကြောင်းမဲ့သက်သက်တော့ မဟုတ်ပါ။

ပပလင်း၏မိခင် ဒေါ်ခင်မျိုးလင်းသည် ယမန်နေ့က သူ့ထံသို့ရောက်လာပြီး ငွေနှစ်ထောင်စရန်သတ်၍ အလုပ်တစ်ခုကို ပေးအပ်သွားခဲ့သည်။ အလုပ်ကလည်း ထမင်းစားရေသောက်သလို လွယ်သလိုထင်ရသည်။ သို့သော်လည်း ဘခက် ဦးနှောက် ဒါလောက်မတုံး။

ဒေါ်ခင်မျိုးလင်းသည် သည်မျှလွယ်ကူသော အလုပ်တစ်ခုကို ငွေငါးထောင် အကုန်ခံ၍ ပြုလုပ်ရအောင် မိုက်မဲမည်တော့ မဟုတ်ပါ။

သို့ကလိုဆိုရင်....

ခက်ခဲကြမ်းတမ်းသော အလုပ်တစ်ခု ဖြစ်ရမည်။

မလွယ်ကူခြင်းသည် ခက်ခဲခြင်းကို အခြေခံလေသည် မဟုတ်ပါလား။



သည်တော့ သူတို့တစ်တွေရဲ့ အနေအထား၊ အမူအကျင့်တွေကို သိဖို့လိုပါတော့သည်။

သူတို့ဆိုသည်မှာ ဒေါ်ခင်မျိုးလင်း၊ ဦးဝင်းထွတ်၊ ပပလင်းနှင့် ဒရိုင်ဘာမာမက်၊ ထမင်းချက် မိနီ၊ မာလီ ဦးသာဘန်း။

ဂျစ်ကားလေးသည် မြေနီကုန်းမှ ဝိဇယကို ကွေ့သည်။ တော်လှန်ရေး ပန်းခြံဘက်မှ ဖြတ်သည်။ ဦးဝိစာရ ကိုယ်တော်ကြီးကို ပတ်သည်။ ထိုနောက် ကန်တော်မင် ပန်းခြံအေးမှ ကုန်းတက်ကို တက်သွားသည်။

ဂျစ်ကားသည် ဖွတ်ချက်ဖွတ်ချက် ဖြစ်လာ၏။ သည်ကတည်းက ဒီကားဆီပိတ်ပြီဟု သိလိုက်ပြီ။

ဘခက်သည် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသောဂျစ်ကားကို ကျော်တက်လိုက်သည်။ ကန်တော်မင် ပန်းခြံတွင် ရပ်လိုက်သည်။ ပြီး ဆိုင်ကယ်ပေါ်မှဆင်း၍ စီးကရက်ကို အေးအေးသက်သာ မီးညှိလိုက်ပါ၏။

သူ့တွက်ကိန်း မဆိုးလှ။

ဂျစ်ကားသည် ကုန်းတက်ကို တဟဲဟဲတက်လာပြီး ပန်းခြံတွင် ထိုးရပ်သွားပါသည်။

'အဲ့ဒါကြောင့် ဒီကားစုတ်ကို မစီးချင်ဘူးလို့ ပြောနေတာ သိလား'

သူမ အသံကလေးက ပျံ့လွင့်လာသည်။

အသံက ပုလင်းထဲကို ကျောက်စရစ်ခဲလေးတွေ ထည့်၍ လှုပ်ခတ်လိုက်သည့် အသံမျိုး။

www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်ဆိုးနေဟန် ရှိသည်။

စိတ်ဆိုးသည့် အသွင်သဏ္ဌာန်ကိုက လှသည်။ ဒီမိန်းကလေးသည် ပါးဖြူနားဖြူနှင့် အော်ဟစ် ငိုယိုနေလည်း လှဦးမည်။ ပလုတ်ပလောင်း စားသောက်နေလျှင်လည်း လှဦးမည်။ အဆုံးဆိုရလျှင် ဗိုက်နာ၍ နေဦး သူမမျက်နှာကလေးက ရှုံ့မဲ့မဲ့ကလေးနှင့် ချစ်စရာ ကောင်းနေပါဦးမည်။

ဤလားဒရိုင်ဘာသည် စက်ဖုံးကိုဖွင့်၏။ ဟိုနှိုက်သည်နှိုက်နှိုက်သည်။

'ဘာဖြစ်တာလဲ မာမက်'

'ဆီမလိုက်တာပါ အစ်မလေး၊ ဆီချူပေးလိုက်ရင်ကောင်းသွားမှာပါ'

'ကဲ...ဒါဖြင့်ရင်လဲ မြန်မြန်လုပ်'

ပပလင်းသည် ကားပေါ်မှ ဆင်းလိုက်သည်။

ပြီးတော့ သူ့ရှေ့မှဖြတ်၍ ပန်းခြံအတွင်းသို့ ဝင်သွား၏။

ဘာခက် မာမက်အနားသို့ ကပ်သွား၏၊

'ဘာဖြစ်လို့လဲ မိတ်ဆွေ'

'ဆီပိတ်တယ် ထင်တာပဲ အစ်ကို'

'ဖယ်စမ်း...ငါလုပ်ပေးမယ်၊ ငါအရင်တုန်းက အော်တိုကား ကုမ္ပဏီမှာ မက္ကင်းနစ် လုပ်ခဲ့ဖူးတယ်ကွ'

မာမက်သည် သူ့ကို မိုးပေါ်မှ ကျလာသည့် သိကြားမင်းကဲ့သို့ ကြည့်သည်။

'ကျေးဇူးပဲ အစ်ကို၊ မာမက်နော် ကားကောင်းကောင်းမောင်းတတ်တယ်၊ ကားတော့ မပြင်တတ်ဘူး'



'မင်း အတော်ညံ့သေးတာပဲ၊ ဒရိုင်ဘာဆိုတာ ဆီပျောက်မီးပျောက်ကလေးလောက်တော့ သိထားမှပေါ့ကွ'

ဘာခက်က ခပ်တည်တည် ဖိန်းလိုက်ရင်း ဟိုနှိုက်သည်နှိုက်ကလိပေးလိုက်သည်။

'ကဲ...တက်စမ်း၊ စတတ်တာ နှိပ်ကြည့်စမ်း'

ယခုတော့ ပပလင်း သူ့ကို မြင်မိပါပြီ။ ဂရုတစိုက်ကြည့်မိပါသည်။

နိုင်လွန်ဂျာကင် အပါးစားနှင့် ထွားထွားကျိုင်းကျိုင်းရှိလှသည့် လူတစ်ယောက် သူ့အရပ်ကြီးကလည်း မြင့်လိုက်တာ၊ တုတ်ခိုင်သည့်ပေါင်တွေက တက်ထရက်စ် ဘောင်းဘီထဲမှ ထင်းနေသည်ကပဲ...သည်လူ ဘယ်ဆိုးလို့လဲ။

မာမက်သည် ကားပေါ်တက်၍ စက်နှိုး၏။ ဝှီး...ဝှီးမြည်သံမှအပ စက်ကနိုးမလာ။

ပပလင်း စိတ်ကုန်သွားသည်။

ငိုမဲ့မဲ့ ဖြစ်သွားသည်။

ဟုတ်တာပေါ့...အိမ်ကပါလာတဲ့ ငွေနှစ်ဆယ်ကလဲ သူငယ်ချင်း ခင်ဝေသွင်က အရေးပေါ် အသုံးလိုသည်ဆို၍ဆွဲသွားသည်။ အခုတော့ သူမတွင် ငါးပြားစေ့ တစ်စေ့မှမရှိတော့။

ပပလင်း ငိုချင်သည်။

ပန်းခြံအဝင်ဝတွင်ရပ်ရင်း မာမက်နှင့် သူ့ကိုစောင့်ကြည့်နေမိသည်။ သည်စဉ်မှာပင် မာစီဒီးတစ်စင်း လျှောခနဲဝင်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ အထဲတွင်တော့ ကေတွေကော့လန်နေသည့် လူသုံးယောက်။

မာစီဒီးသည် ပပလင်းနှင့် ခြေလှမ်းသုံးဆယ်လောက်တွင် ရပ်သွားပါသည်။ စကားသံအချို့ ပျံ့လွင့်လာသည်။

'အမိ....စားလေဟေ့၊ ပျံတာမကော့နေတာပဲ'

'အေးကွာ....မိုးပေါ်ကကျလာတဲ့ နတ်သမီးလေးကျနေတာပဲ'

အမျိုးသမီးလေးကတင်းနေပေမယ့် တင်းအေ့ချလောက်ပဲတဲ့၊ ကဲ....ဒစ်ကီသွားဖန်ကွာ'

'ကြည့်လဲလုပ်ပဟေ့....ထဘီက အစိမ်းကွ'

'ဟ....ထဘီအစိမ်းပေမယ့် အဲ....အဲ....သွားကွာ....ဒစ်ကီ'

ဘခက်သည် ဂျစ်ကားကို ကုန်းနှိုက်နေသည်။

'ကဲ....နှိုးစမ်းပါဦး၊ ဒီတစ်ခါတော့ ရပါပြီ'

မာမက် စတတ်တာကို နှိပ်ပြန်သည်။

'မနိုးဘူး အစ်ကို'

ဘယ်နိုးလိမ့်မလဲ။

ဘခက်က ကွိုင်ကြိုးကို ဖြုတ်ထုတ်လိုက်တာကိုး။

'ကဲ....အစ်ကိုကုလားရေ့၊ မင်းဂျစ်ကားတော့ တစ်ဆက်လုံးနိုးတော့မှာ မဟုတ်ဘူး'

'မြတ်စွာဘုရား....'

ကုလားက ဘုရားတသည်။

'ဟုတ်တယ်၊ ကွိုင်ကျွမ်းသွားပြီ'

ဘခက်သည် ပပလင်းကို အာရုံစိုက်လိုက်သည်။



အလို....

ဟိုငနဲ့က ဘယ်လိုပါလိမ့်။

သူက ပပလင်းရှေ့တွင် ရပ်ရင်း ဆယ်နှစ်လောက်ထောင်ကျရာမှ လွတ်လာသည့် လင်လို ကောင်မလေးကို စကားပြောနေ၏။ ဟိုကလဲ မျက်စိမျက်နှာ ပျက်နေပြီ။

မဖြစ်ချေဘူး။

သွားဦးမှ....

ညီမလေး ဂျစ်စုတ်ကို ခေါက်ထားလိုက်စမ်းပါကွာ၊ အစ်ကိုတို့က မာစီဒီးနဲ့ အိမ်အရောက် လိုက်ပို့ပေးမှာပေါ့၊ အစ်ကိုတို့နဲ့ ဘွဲ့ရင် ကြည့်ပါတယ်'

ဘခက် မျက်စိနောက်သွား၏။

ခေါင်းလောင်းဘောင်းဘီနှင့် ထည်ညီဆင်အကျီကို ကျပ်ကျပ် သပ်သပ် ဝတ်ထားသော ငနဲ့ကိုလည်း ကြည့်လိုက်သည်။

'ထွီ....'

ရှီလိုက်တာ'

'ဘာ....ခေါင်းလောင်း ဘောင်းဘီလဲ'

ခေါင်းလောင်းဆိုတာ မြန်မာလူမျိုးတွေ အထွတ်အမြတ်ထားသည့် ဘာသာရေးပစ္စည်းတစ်ခု။ ဒါကိုခြေထောက်ချပစ်လိုက်ကြတဲ့ ဟာသာပြန်ငနဲတွေကို ဘခက် ချပစ်ချင်တယ်။ ဘလ်ဘော့တွန်ဆိုတာနဲ့ ခေါင်းလောင်းဘီ ဖြစ်ရရောလား။ သွားစမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ....ရှင်တို့လိုက်ပို့ဖို့လဲ မလိုဘူး၊ ပပကို စကားပြောဖို့လဲ မလိုဘူး၊ ပပမှာ ခြေထောက်ပါတယ် နားလည်လား'

အနားကို ကပ်သွားမိတယ်ဆိုရင်ပဲ ပပလင်းအသံကို ဘခက် ကြားရသည်။

ဘယ်ဆိုးလို့လဲ....

သူလဲ.... အနီးသားပဲ။

'ဟုတ်တယ် ကိုယ့်လူ၊ သူ့ဟာသူ အေးအေးဆေးဆေး နေပါစေလား'

ပပလင်းက ဘခက်ကို မျက်လုံးလေး ကလယ်ကလယ်နှင့် ကြည့်သော်လည်း ဟိုငနဲက စားမာန်ခုတ်သည့် အကြည့်နှင့် ဘုကြည့်ကြည့်၏။

'မဆိုင်ရင် ဘေးဆိုင်နေပါလား မိတ်ဆွေ'

အံမယ်....

ရုပ်ရှင်ထဲက ဒါရိုက်တာ သင်ထားတဲ့ လူမိုက်တွေစကားလား အောက်မေ့ရသည်။ ပြီးတော့ ကားတံခါး ပွင့်လာပြီး နှစ်ယောက်တိတိ ဆင်းလာပြန်၏ သူတို့ဝတ်ဆင်ထားတာတွေက ဆင်တူရိုးမှားတွေချည့်။

ဧကန္တ အထက်တန်းစား လမ်းသရဲတွေပဲ ဖြစ်ရမည်။ မာစီဒီးလောက် စီးနိုင်သည် ဆိုကာဘည်းက နည်းတဲ့ သတ္တဝါတွေမှ မဟုတ်ဘဲ။

သူတို့လက်ထဲတွင်လည်း ချိန်းကြိုး သေးသေးကလေးတွေ၊ သံလက်စွပ်ကွင်းတွေ ပေါက်ဆိန် ပေါက်စကလေး



တွေ ပါလာ၏။ ဒါတွေလောက်သော့ ကလေးကစားစရာ လောက်ပဲ ဘခက်ထင်သည်။ ကရာတေးပညာကို သင်ကတည်းက မဟုတ်မတရားတာကို မခံပါဟု ဘခက် ပဋိညာဉ်ပြုထားသည်။ သည်ကောင်တွေကို ဘခက်မလုပ်ချင်။

သို့ပေမယ့် စန္ဒရားဘခက် အမည်ခံထားပြီးမှ ဒီလိုပွဲမျိုး မနွှဲရလျှင် သူလက်ဖျက်လိမ့်မည်။

ပေါက်ဆိန်သမားသည် မိုက်မိုက်ကန်းကန်း ဝင်လာ၏။ ချိန်းကြိုးဆရာက တဝှီးဝှီး ယမ်းရင်း အနားသို့ကပ်လာသည်။ သံလက်သီးစုပ် ပုဂ္ဂိုလ်ကလေးက ညာဖြောင့်လက်သီးကို သူ့ထံသို့ ပစ်သွင်းလိုက်၏။

ဒါလောက်ကလေးနဲ့ ပညာစမ်းရင် ခံသွားရမှာပေါ့။

ဘခက်၏ ခြေထောက်တွေ လက်တွေ တစ်တောင်တွေက သူ့ဟာနှင့်သူ အကွက်ကျကျ လှုပ်ရှားသွားသည်။ လှုပ်ရှားမှုတိုင်းကလည်း ကျည်ဆန်လိုမြန်ဆန်၏။ မကြာပါ။ သိပ်မကြာလိုက်ပါ။ သူတို့သုံးယောက်၏ ပါးစပ်မှ အင်းခနဲ အဲ့ခနဲ အွတ်ခနဲ ကြားလိုက်ရပြီ မြက်ခင်းပြင်တွင် တစ်ဒင်မှောက်သွားကြသည်ကို ပပလင်း မြင်လိုက်ရပါသည်။

မြင်လို့သာ ယုံလိုက်ရပေမယ့် ပပလင်း မယုံချင် ရင်ကခုန်နေတုန်း။ အသက်ရှူမှားနေတုန်း။ သည်တော့ ဖြူးဖြူးရွှေရင်က နှိမ့်ချည်မြင့်ချည်နှင့်။

သူကဲတော့ ငှက်ပျော်သီး အခွံနွှာစားရသလို ဘခက် ခဲခဲ ပင်ပင်ပန်းပန်း ရှိပုံမရ။ သူ....သူ....

သူ....ဘယ်သူပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် နှစ်လိုဖွယ်ပြုံးရင်း သူမအနားသို့ ခပ်အေးအေး လျှောက်သွားသလို ရန်ကုန်ပရိသတ်ကလည်း အထူးအဆန်းဆိုရင် ဝိုင်းကြည့်လေ့ရှိသာမို့ အုံလာ၏။ ပြုံးလာ၏။ ပပလင်း ရှက်လိုက်တာကွယ်။ 'ညီမလေးက ဘယ်ပြန်မှာလဲ'

'ပပ....ပပ အင်းလျားမြိုင်ကို ပြန်ရမှာပါ၊ ကားကလဲ ပျက်နေပြီ'

'အစ်ကို့ကို ယုံကြည်တယ်ဆိုရင် မော်တော်ဆိုင်ကယ်နဲ့ လိုက်ပို့မယ်လေ၊ မလိုက်ရဲရင်လဲ နေခဲ့ပေါ့ ဟုတ်လား'

ဘခက်သည် သူမကို ကျောပေး၍ မော်တော်ဆိုင်ကယ်ဆီသို့ လျှောက်လာသည်။

ပပလင်းသည် ဝိုင်းလာသော လူအုပ်ကို ကြိုကန်း ပန်းကန်မှောက်ကြည့်ရင်း ဘခက်နောက်သို့ ခပ်သွက်သွက် ပြေးလိုက်သွားမိ၏။

'အစ်ကို....နေပါဦး၊ ပပ လိုက်ရဲပါတယ်'

ဒီလိုပဲ ဖြစ်ရမှာပေါ့။

ဘခက်တို့က သိလိုက်တာမှ သိပ်သိပါသည်။

'ကဲ...လာ၊ နောက်ကတက်'

'အင်း....အင်း....အစ်ကို'

ဟွန်းဒါကို ဘခက်က ခွလိုက်သည်။ ပပလင်းက တင်ပလ္လင်ထိုင်သည်။ သည်တော့ တင်တွေကာ ဝင့်သွားသည်။ အေးကူလူတွေက အလကားကြည့်ရတိုင်း ပပလင်းကို ကြည့်နေသည်။ ရှက်လိုက်တာဟယ်.... ပပရှက်လိုက်တာ....



'ကဲ.... အစ်ကို မြန်မြန်စက်နှိုးပါတော့၊ ပပ ရှက်လှပြီ'

ဘခက်စက်နှိုး၏။

တစ်ချက်တည်းနှင့် နိုးသွားသည်။ လီဗာကို တစ်ဖုန်းဖုန်း မြည်အောင် သုံးလေးချက် ယှည့်လိုက်ပြီး ဆောင့်ထွက်ခဲ့၏။

'အို့.... အမေ့'

ပပလင်းက ယောင်ရမ်း၍ သူ့ခါးကို ဖက်တွယ်လိုက်မိ၏။ ဟွန်းဒါသည် တဖုန်းဖုန်း အော်မြည်ရင်း ပန်းခြံအတွင်းမှ ပြေးထွက်သွား၏။ ဒရိုင်ဘာမာမက်သည် မော်တော်ဆိုင်ကယ်နောက်တွင် ကြောင်ကြောင်ကလေး ထိုင်ရက် ပါသွားသော ပပလင်းကို ကြည့်ရင်း မျက်လုံးပြူး မျက်ဆန်ပြူး ကျန်ခဲ့ပါသည်။

သို့သော် ဟွန်းဒါသည် ကျွဲကာကောက်ကာ ယိုင်ကာကာနှင့် တရိပ်ရိပ် ပြေးနေသည်။ လေသရမ်းသည် ပပလင်း၏ မဟူရာ ဆံပင်တွေကို ဖျပ်ဖျပ်လူးအောင် ဖွာပစ်နေသလို ပရင်တွင် လှုပ်ခတ်နေ၏၊ လှိုက်မောနေ၏။

သူ ဘယ်သူလဲ ဒုက္ခရောက်မည့်ဆဲဆဲတွင် မိုးပေါ်ကကျလာသလို သူရောက်လာသည်၊ ပပကိုကယ်သည်၊ ဆိုင်ကယ်နှင့် တင်ခေါ်လာသည်။

သူ့ကိုယ်လုံးကိုယ်ထည်ကြီးက ထွားပေမယ့် သူ့မျက်နှာက ငယ်သည်။ ခန့်တည်သည်။

'အစ်ကို့ကို ပပ သိပ်ကျေးဇူးတင်တာပဲ'

'ဟင်.... ဘာပြောတယ်'

'ဩြော်.... ကျေးဇူးတင်တယ်လို့ ပြောတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ဆိုင်ကယ်သံနဲ့ လေတိုးသံနဲ့ဆိုတော့ မကြားဘူး ကျယ်ကျယ်ပြော'

သူသည် နောက်ကို လှည့်၍ပြောရင်း ဆိုင်ကယ်ကို စောင်း၍ အဝိုင်းကြီးကို ပတ်လိုက်သည်။ ဘုရား.... ဘုရား.... ပပရင်တွေပန်းတွေတုန်သွားသည်၊ သူ့ခါးကိုလဲတင်းတင်း ကျပ်ကျပ် ဖက်တွယ်လိုက်မိသည်။ ဆိုင်ကယ်သည်လည်း ကွေ့ကွေ့ ကောက်ကောက် ဖြစ်သွား၏။

'ဘယ်လိုဖြစ်တာလဲ၊ ငြိမ်ငြိမ်ကလေးအလိုက်သင့်ထိုင်လိုက်မှပေါ့၊ ဒါလေးတီးမဟုတ်ဘူး နှစ်ဘီး'

ပပလင်း၊ မျက်နှာလေးမှာ ပန်းသွေးဖြာသွားသည်။ နှုတ်ခမ်းကလေးကလဲ စူသွားမိသည်။ ပြီးတော့ လိုသည်ထက်ပို ကျယ်အောင် ပြောလိုက်မိ၏။

'အစ်ကိုက တအားစောင့်ကွေ့တာကိုး၊ ဒီမှာ လူများ လိမ့်ကျတော့မယ် သိလား'

'ဆောရီး....ညီမရေ့....ဆောရီး'

ဘခက်သည် ဟွန်ဒါ၏ အရှိန်ကိုလျှော့လိုက်ပြီး ကန်တော်ကြီးဘေးမှ အေးအေးဆေးဆေး ပတ်ခဲ့၏။ ထဘီစိမ်းစိမ်းလေးနှင့် ကတိမ်းကပါးအရွယ် နှငယ်တဲ့ အပျိုမလေးကို ဆိုင်ကယ်နောက်ကတင်၍ စီးရသည့်အရသာကား သကြားထက် ချိုသည်။ လက်ဖက်ထက် ကြိုက်သေးသည်။

'အစ်ကို့နာမည် ဘယ်သူလဲ'

'ဘခက် စန္ဒရား ဘခက်'



'ဟွန့်.... ဘခက်တဲ့ နာမည်ကြီးကလဲ ရင့်လိုက်တာ တကတည်းမှပဲ၊ ဒါနဲ့ အစ်ကိုက စန္ဒရား သိပ်တော်မှာပေါ့နော်၊ ပပတို့အိမ်မှာ စတိန်းဝေး တစ်လုံးရှိတယ်၊ ပပကို သင်ပေးပါလား'

'အစ်ကို စန္ဒရားဆိုလို့ ဒိုရေ မီ ဖာ တောင် မတီးတတ်ဘူး'

'ဒါဖြင့် အစ်ကိုက ဘာလို့ စန္ဒရား ဘခက်လို့ နာမည်ခံထားရတာလဲဟင်'

ဘခက်သည် ဟွန်ဒါကို ကန်တော်ကြီးစောင်းရှိ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်သို့ ကွေ့ဝင်ရင်းရပ်လိုက်သည်။

'ဟဲင်.... အစ်ကို၊ ဒါကဘယ်လို....'

'ဩော်.... မမက စကားပြောချင်တယ်မို့လား၊ ကျွန်တော်မျိုးက ရှေ့ကဆိုတော့ လေသံနဲ့ မနည်းကြားအောင် နားထောင်နေရတယ်၊ ကဲ.... ပြော....၊ ကြိုက်တာပြော အားမနာနဲ့'

သည်တော့ ပပလင်း ခိုးခိုးခစ်ခစ် ရယ်မိသည်၊

'ညီမနာမည်က မမ မဟုတ်ပါဘူး ပပပါ၊ ပပလင်းတဲ့၊ အနို့ အစ်ကို့နာမည်က စန္ဒရားဘခက်ကနေ ဘာပြုလို့ ကျွန်တော်မျိုး ဖြစ်သွားရတာလဲ'

သည်တစ်ခါ ရယ်ရသူက ဘခက်ပင်။

ဒီကောင်မလေး ဘယ်ဆိုးလို့လဲ၊ ဟာသဝါသလဲပါသားပဲ။

'အဲဒါတော့ အစ်ကိုလဲ မလျှောက်တတ်ဘူး'

www.burmeseclassic.com



နှစ်ဦးသား ရယ်ပစ်ကြသည်။

ဘခက်က ကန်စပ်သို့ လျှောဆင်းနေသော သစ်မြစ်တုံးကြီးပေါ်တွင်ထိုင်ရင်း စီးကရက်ကို မီးညှိလိုက်သည်။

'အစ်ကို့ကို ပပလင်း သိပ်ကို ကျေးဇူးတင်ပါတယ်၊ အစ်ကိုတကယ်လို့သာ အစ်ကိုနဲ့မတွေ့ရင် ပပတော့ဒုက္ခပဲ၊ ကားကလဲပျက်၊ အိတ်ထဲမှာလဲ ပိုက်ဆံတစ်ပြားမှ မပါ၊ ဒီကြားထဲမှာ ဘယ်ကလမ်းသရဲတွေလဲ မသိဘူး၊ ပပကို လာရိနေကြတာ၊ အစ်ကိုရောက်လာပေလို့တာပေါ့'

သူ့နောက်မှ ပပလင်း၏ အသံလွင်လွင်ကလေးကို ကြားရသည်။ သူ့ရှေ့တွင် ရေပြင်စိမ်းမြမြက လှနေသည်။ သာယာလိုက်ပါဘိ။

'နော် အစ်ကို....ဟုတ်တယ်မို့လား ဟင်'

'အင်း.... ဒါတွေဟာ အစ်ကို့အတွက် အသေးအဖွဲ ကိစ္စကလေးတွေပါ ပပလင်း၊ အစ်ကို့ဘဝမှာ ဒီထက်ကြီးကျယ်တဲ့ ဖြစ်ရပ်တွေ ကြုံခဲ့ဖူးပါတယ်လေ၊ ဒါတွေဟာ အစ်ကို့အတွက် မဆန်းတော့ပါဘူး'

ဘခက်က နောက်သို့ လှည့်မကြည့်ဘဲ ဆိုသည်။

ကိုယ်သင်းနံ့လေး ပျံ့လာသည်။ ကညာနံ့လေး လွင့်လာသည်။ သူ့ဆီသို့ ပပလင်းရောက်လာပြီး ခဲကလေးတစ်လုံးကို ကောက်၍ ကန်ထဲသို့အဓိပ္ပာယ်မရှိ ပစ်ချလိုက်ရင်း သစ်မြစ်ပေါ်သို့ ပပလင်း ထိုင်လိုက်ပါသည်။

'အစ်ကို့အတွက်ဆန်းပေမယ့်....ပပအတွက်တော့ ဆန်းတယ်'



ဒါနဲ့ အစ်ကိုဘာလုပ်သလဲ၊ ဘယ်မှာနေသလဲဆိုတာ ပပမေးခွင့် ရှိပါသလား'

သူမအသံက ရင်းနှီးဟန်တွေ ရောစွက်နေသည်။ ယုံကြည်ကိုးစားမှုတွေ ယှက်သွယ်လို့နေသည်။

'အစ်ကို့မှာ အလုပ်အကိုင်ရယ်လို့ အတည်တကျ မရှိလှပါဘူး ပပ၊ ကြုံရာဆိုသလိုပေါ့၊ နောက်ပြီးတော့ အစ်ကိုဟာ လူကောင်းတစ်ယောက်လဲ မဟုတ်ဘူး'

'ဟင်....'

'ဟုတ်တယ် ပပ၊ လူကောင်းတစ်ယောက် မဟုတ်သလို လူဆိုးတစ်ယောက်လဲ မဟုတ်ပါဘူး၊ အစ်ကိုဟာ လူကောင်းတွေအတွက် မဆိုးသလို လူဆိုးတွေအတွက်လဲ မကောင်းဘူး'

ပပလင်း သူ့စကားကို သဘောကျသွားမိသည်။ ခပ်စောစောကပဲ သူ့အစွမ်းအစကို ပပ မြင်ခဲ့ရသည်။

'ဒါပေမယ့် ပပ အစ်ကို့ကို မြင်မြင်ချင်း အစ်ကိုလိုခင်မိပါတယ်'

'ကောင်းတာပေါ့....'

'ပြီးတော့ အစ်ကို့ကျေးဇူးကိုလဲ ပပ ဘယ်တော့မှမမေ့ပါဘူး၊ ပပအိမ်ကို လိုက်ခဲ့ဖို့လဲ ဖိတ်ခေါ်ပါတယ်၊ ပပ အစ်ကို့ကို မာမီနဲ့ မိတ်ဆက်ပေးမယ်လေ၊ အဲ.... ဒယ်ဒီကတော့ နှလုံးရောဂါရှိလို့ အသိမိတ်ဆွေတွေတောင် အခွင့်မသာဘူး'

'ဟုတ်လား၊ ဒါနဲ့ ပပရဲ့ ဒယ်ဒီက ဘာလုပ်သလဲဟင်၊ ...ယ်လို့တော့ မထင်ပါနဲ့နော် ပပ'

www.burmeseclassic.com



ပပသည် ပါးကလေးချိုင့်ခွက်သည်အထိ ပြုံးလိုက်၏။

'မထင်ပါဘူး အစ်ကို၊ ဘာလို့ထင်ရမှာလဲ၊ စောစောကပဲ ပပ အစ်ကို့အလုပ်အကိုင် မေးခဲ့တာပါဟာ၊ ဒယ်ဒီက အရင်တုန်းကတော့ ဆပ်ပြာစက်တွေ၊ နိုင်လွန်စက်တွေပိုင်တယ်၊ အခုတော့ သူ အင်မတန်ဝါသနာပါတဲ့ ရှေးဟောင်းပစ္စည်း ရှာဖွေရေး လုပ်ငန်းတွေကိုပဲ သူ့တပည့်တပန်းတွေနဲ့ ဖောက်ချပြီး လုပ်နေတယ်အစ်ကို၊ ဒါပေမယ့် ဒယ်ဒီဟာ ကျန်းမာရေး အခြေအနေကြောင့် ကိုယ်တိုင်ကိုယ်ကျ မဖိစီးနိုင်ပါဘူး၊ အစစအရာရာ မာမီ့ကို တာဝန်ပေးပြီး ခိုင်းနေရတာပါ'

ပပလင်းစကားက စိတ်ဝင်စားစရာတွေချည့်ဖြစ်၏။

'ရှေးဟောင်းပစ္စည်းဆိုတာ ဘာတွေလဲဟင် ပပ'

'ဒါတွေ ပပ သိပ်စိတ်မဝင်စားပါဘူး အစ်ကို၊ နတ်ရုပ်တွေ၊ ပန်းကန်ခွက်တွေ၊ ဟင်္သာအလေးတွေတော့ ပပ မြင်ဖူးတာပဲ၊ အဲ့ဒီ ပစ္စည်းတွေကို ဘာလုပ်ဖို့ အပင်ပန်းခံပြီးရှာဖွေတူးဖော်နေမလဲ.... ဈေးထဲသွားဝယ်ရင် ဒီထက်ကောင်းတာတွေ အများကြီးရနိုင်ရက်သားနဲ့ ပိုက်ဆံတွေ အကုန်အကျခံပြီး ဟိုရှာ ဒီရှာနဲ့၊ ပပကတော့ ဒယ်ဒီတို့လုပ်နေတာနားကို မလည်တော့ဘူး သိလား'

ကလေးဆန်လိုက်တဲ့ ပပတစ်ယောက်ပါပဲကလား။

ရှေးဟောင်းပစ္စည်းတန်ဖိုးကို သူမ နားမလည်။

'ဒယ်ဒီဆိုရင် အဲ့ဒီပစ္စည်းတွေနဲ့ ပတ်သက်လာရင် အရူးအမူးပဲ အစ်ကို၊ ပပတို့တိုက်ကြီးရဲ့ အပေါ်ထပ်ဟာ ရှေး



ဟောင်းပြတိုက်ကြီးလို နတ်ရုပ်တွေ၊ ဘီလူးရုပ်တွေ၊ လက်ဖြတ် ခြေဖြတ် အရုပ်တွေနဲ့ စုံနေတာပဲ၊ ပပတော့ဘယ်တော့မှ တိုက်ကြီးအပေါ်ထပ်ကို မတက်ဘူး၊ မာမီကလွဲလို့ တိုက်ကြီးပေါ်ကို ဘယ်သူတက်တာမှ ဒယ်ဒီက မကြိုက်ဘူး သိလား'

ပပလင်းက သာလိကာမလေးလို ခေါင်းလေး စောင်းလိုက် မေးလေးမော့လိုက်နှင့် ပြောနေသည်။

'ဟုတ်လား၊ ပပပြောတာနဲ့ အစ်ကိုတောင် အဲ့ဒီ အရုပ်တွေကို စိတ်ဝင်စားလာပြီ၊ ဒါနဲ့ အစ်ကို ပပတို့ တိုက်ကြီးပေါ်ကို တက်မကြည့်ရဘူးလားဟင်'

'ရပါလိမ့်မယ် အားကြီး၊ မာမီကလွဲလို့ အပေါ်ထပ်ကို ဘယ်သူမှ တက်ခွင့်ရတာ မဟုတ်ဘူး၊ ပပတောင် တစ်ခေါက်နှစ်ခေါက်ပဲ ရောက်ဖူးတာ၊ အမယ်လေး ကြောက်စရာကောင်းလိုက်တာ အစ်ကိုရယ်၊ ရွှေလင်ပန်းနဲ့ ထည့်ထားတဲ့ ခေါင်းပြတ်ကြီးလဲရှိတယ် သိလား၊ ပြီးတော့ လင်ပန်းထဲမှာ သွေးတွေနဲ့'

'သွေးတွေ ဟုတ်လား၊ တကယ့်သွေးတွေလား'

'ဒါတော့ ပပ ဘယ်ပြောတတ်မလဲ၊ ကဲ.... အစ်ကို ပြန်ကြစို့၊ ပို့မဲ့ပို့ ကူးတို့ရောက်အောင်ပို့တော့၊ ပပမှာ ငါးပြားတစ်စိတောင် မရှိဘူး'

ဘခက် သစ်တုံးပေါ်မှ ထလိုက်ပါသည်။

ဒါလောက်သိရလျှင် တော်လောက်ပြီပေါ့။

'ကဲလာ.... သွားကြစို့ ပပ'

www.burmeseclassic.com

www.burmeseclassic.com



ပပလင်း ထသည်။

သို့ပေမယ့် မထချင်ချင်၊ ထချင်ချင်။

သူနဲ့ စကားပြောရတာကလေးက ရင်မှာ နွေးသလို ခံစားရသည်။

'ဪ.... ဒါနဲ့ အစ်ကို ပပမေးတာ မဖြေသေးဘူး နော်'

ပပလင်းက ကားစင့်သောတင်အစုံကို ဆိုင်ကယ်ထိုင်ခုံပေါ်သို့ ထိုးတင်လိုက်ရင်း ပြောသည်။

'ဘာလဲ ပပ၊ ပပ ဘာမေးထားလို့လဲ'

'ဟိုလေ အစ်ကို့နာမည် 'စန္ဒရားဘခက်' လို့ ဘာလို့ ခေါ်တာတာဆိုတာ ကိုပေါ့'

ဘခက် စက်နှိုးလိုက်၏။

အီးနှစ်အီးသည် ညင်သာစွာလိမ့်ရင်း ကန်တော်ကြီး စောင်းမှ ထွက်လာ၏။ ပပလင်း၏ လက်တစ်ဘက်က သူ့ ခါးကို အသာအယာ ကိုင်ထားသည်။

'ပပလင်း နာမည်ကရော ဘာပြုလို့ ပပလင်းလို့ခေါ် ရတာလဲ'

'ဒါတော့ ပပ ဘယ်သိပါ့မလဲ အစ်ကို၊ ဒါပေမယ့် ပပလင်း ရှေ့မှာ ဘာမှ မရှိဘူး'

တွေ့ရသည်က နာရီပိုင်းမျှ မပြည့်သေးသော်လည်း သူမ အသံက တရင်းတနှီးဖြစ်နေပြီ။ ဒါသည်ပင်လျှင် ဘခက်၏ ပါရမီလားတော့ မပြောတတ်။ သူ့ကို လိင်တူယောကျ်ား ကလေးတွေထက် လိင်မတူ မိန်းကလေးတွေကပို၍ ခင်မင်



ကြသည်။ ရင်းနှီးလွယ်သည်။ ဒဲသလို ခင်မင်ရင်းနှီးမှုနဲ့အောင် ပြောတတ် ဆိုတတ်သည်ကပင် ဘခက်သည် အစွမ်း ... တစ်ခုမျှား ဖြစ်နေမလား မသိနိုင်ပါ။

ကြည့်.... ပပလှင်း သူ့ကိုတွေ့တွေ့ခြင်း ချစ်သွားပြီ၊ ... ရယ်ပြုံးပြုံး ပြောနေပြီ၊ လိုက်လိုက်လှဲလှဲ ဆိုနေပြီ၊ ...င်း.... ဒီကောင်မလေးတော့ မကြာခင် ငိုရတော့မှာပဲ။ ... သို့ဖြင့် ဟွန်ဒါသည် အင်းလျားမြိုင်နှင့် နီးလာ၏။

'အစ်ကို.... ပပတို့ တိုက်ထဲအထိ လိုက်ခဲ့ရမယ်နော်၊ ပပ ...မီနဲ့ မိတ်ဆက်ပေးမလို့'

'ပပ မာမီနာမည်က ဘယ်သူလဲဟင်'

'ဒေါ်ခင်မျိုးလင်းတဲ့ အစ်ကို'

'နောက်မှပဲ အစ်ကိုလာလည်တော့မယ် ပပ၊ ဒီနေ့တော့ အစ်ကို့မှာ ကိစ္စလေးတွေရှိနေသေးလို့၊ အနုသောင်အတော် ...ကျနေပြီ၊ ပပလမ်းထိပ်ကပဲဆင်းတော့နော် ဟုတ်လား'

'ဟင်.... အစ်ကိုကလဲ'

ဘခက်သည် ဟွန်ဒါကို ရပ်လိုက်၏။

ပပလင်းက မကျေမနပ်ဖြင့် ဆင်းလိုက်သည်။

'ဒါပဲနော်၊ ပပဆီကို လာလည်ရမယ်၊ ဟိုဟာ ပပတို့ ...ကြီးပဲ'

...ပလင်း၏ လက်ညှိုးညွှန်ရာတွင် ရေမရှိသော်လည်း ...နား ထယ်ဝါသော တိုက်ကြီးကို လှမ်းမြင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပါပြီ ပပ၊ အဲ.... တစ်ခုတော့ မှာခဲ့ပါရစေ၊ နောက်များ အစ်ကိုနဲ့ ပပ ထပ်ပြီးများဆုံခဲ့လို့ရှိရင် အစ်ကိုကို သူစိမ်းတရံလို ဆက်ဆံပါ၊ ကဲ.... သွားပြီ'

ပပလင်း ပါးစပ်အဟောင်းသားဖြစ် ကျန်ရစ်သည်။

ဆိုင်ကယ်သံ တဖုန်းဖုန်းနှင့် မီးခိုးလုံးကြားတွင် ပျောက်ကွယ်သွားသော သူ့ကို အံ့အံ့သြသြကြည့်ရင်း နှုတ်ခမ်းလှုပ်ရုံကလေး ဆိုမိသေးသည်။

'အစ်ကို့နာမည် ဘခက်၊ 'စန္ဒရားဘခက်'တဲ့'

o o o

( သုံး )

လွန်ခဲ့သည့် နာရီပိုင်းအတောအတွင်းက သမီးအရင်းခေါက်ခေါက်ကို မော်တော်ဆိုင်ကယ်နှင့် တင်၍ ပို့ပေးခဲ့ရှိသည်။ အဲသည် သမီးအရင်းခေါက်ခေါက်၏ မအေအရင်းခေါက်ခေါက်က သူ့အခန်းသို့ ရောက်နေ၏။

ဒေါ်ခင်မျိုးလင်း။

ဟုတ်ပါသည်၊ ဒေါ်ခင်မျိုးလင်းသည် ဝင်းဖြူသော နီယွန် မီးရောင်အောက်တွင် ပျှင်းရိငြီးငွေ့စွာ ထိုင်နေပါသည်။

စန္ဒရားဘခက်က အခန်းတွင်းသို့ ဝင်ခဲ့၏။

'အင်း.... မမက ညသန်းခေါင်လောက်အထိ ထိုင်စောင့်ရလိမ့်မယ် ထင်နေတာ၊ တော်သေးတာပေါ့'

သူမက အရင်စ၍ ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်သည်။

'ဟုတ်တယ် မမလင်း၊ ကျွန်တော် ကိစ္စကလေး တစ်ခုရှိတာနဲ့ နည်းနည်း မိုးချုပ်သွားတယ်၊ ဩော်.... ဒါနဲ့ ချာလီက မမလင်းကို ဘာမှ ညှော်မခံဘူးလား၊ ဒီကောင် ညှော်သည်ကိုပစ်ပြီး ဘယ်သွားနေပါလိမ့်'

'ချာလီ့ကို မမလင်း အပြင်ခိုင်းလိုက်တယ်ကွယ်'

www.burmeseclassic.com



သည့်ကထည်းက ဒေါ်ခင်မျိုးလင်းသည် သူနှင့် နှစ်ကိုယ်ကြား ဆွေးနွေးစရာတွေ ရင်နှင့်တစ်လုံး ပါလာပြန်ပြီဟု ဘခက် သိလိုက်ပါသည်။ သူသည် နိုင်လွန်ဂျာကင်ကိုချွတ်၍ နံရံရှိချိတ်ကို မကြည့်ဘဲ ပစ်ချိတ်လိုက်ပြီး ရှပ်အင်္ကျီ ရင်ဘတ်ကြယ်သီး သုံးလုံးကို ဖွင့်ထုတ်လိုက်သည်။

ပြီး.... ဒေါ်ခင်မျိုးလင်းနှင့် လေးဆယ့်ငါးဒီဂရီ အနေအထားတွင်ရှိသော ကုလားထိုင်တွင် အေးအေးသက်သာ ထိုင်ချလိုက်သည်။ သူမ မျက်ဝန်းတွေက သူ့ကိုစိတ်ဝင်စားနေကြောင်း ဘခက် သိပါ၏။

သို့ပေမယ့် မသိသလို မမြင်သလို စီးကရက်ကို မီးညှိလိုက်ပါသည်။

'ဆိုပါ.... မမလင်း ကျွန်တော့်ဆီကို အကြောင်းမဲ့ ဆက်သက်တော့ လာမယ်မထင်ပါဘူး'

သူမသည် မျက်တောင်ကော့ကြီးတွေကို တဖျပ်ဖျပ်ခတ်လိုက်သည်။

ဒီလိုလဲ မ...ပါနဲ့ကွယ်၊ မင်းဆီကို ကိစ္စမရှိဘဲ မလာရတော့ဘူးလား'

'အာ.... ဒီသဘောမျိုးပြောတာ မဟုတ်ပါဘူး မမလင်း၊ ကျွန်တော်ဆိုလိုတာက ဒီအချိန်အထိ ကျွန်တော်ကိုထိုင်စောင့်နေတယ်ဆိုတော့ အရေးကြီးတဲ့ကိစ္စ...မလားလို့ပါ'

ဘခက်သည် ပြောပြောဆိုဆို ထလိုက်သည်။

'ခဏလေးနော် မမလင်း၊ စိုစိုပြည်ပြည်လေး ဖြစ်သွားအောင်'



ဘခက် နောက်ဖေးခန်းထဲသို့ ဝင်သွားသည်။

သူထွက်လာတော့ ပယင်းရောင်လဲ့လဲ့ ဖန်ခွက်တစ်လုံးတည်းတွင် ရေခဲတုံးကလေးတွေ လှုပ်ခတ်ရင်းပါလာသည်။

'ဘာလဲ'

ဘရမ်ဒီပါ။

'ဟိုတစ်နေ့က....မမလင်း ကျွန်တော့်ဆီကပြန်သွားတော့ ဘာများ ထူးထူးထွေထွေ ကြုံသေးသလဲ မမလင်း'

ဘခက်က ဘရမ်ဒီတစ်ကြိုက်စုပ်လိုက်ရင်း စမေးသည်။

'ကြုံတာတွေကတော့ အများကြီးပဲ၊ ဘယ်ကစပြောရမှန်းတောင် မမလင်း မသိတော့ဘူး'

'ကျွန်တော်အခန်းက မမလင်းပြန်သွားတော့ မမလင်းကားနောက်ကို နောက်ယောင်ခံလိုက်နေတဲ့ လူတစ်ယောက်ကို သတိမပြုမိဘူးလား'

'ပြုမိပါတယ်၊ သူတို့ မမလင်းကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြတာ အတော်ကြာပြီ ငါ့မောင်ရယ်၊ မမလင်း ဘယ်သွားသွား မမလင်းနောက်ကို သူတို့တစ်တွေဟာ အရိပ်လို ကပ်ပါနေကြပါတယ်၊ အခု မင်းဆီ လာတာတောင် မမလင်းရဲ့ကားကို မိတ်ဆွေတစ်ယောက် တိုက်ခန်းရှေ့မှာရပ်နောက်ဖေးလှေကား... အဲသလိုလာခဲ့ရတာ၊ မမလင်းတော့ ဒိပ်စိတ်ညစ်တာပဲကွာ'

ဘခက်သည် ဘရမ်ဒီကို တစ်ငုံမော့လိုက်သည်။

'သူတို့ဆိုတာက ဘယ်သူတွေလဲ ပပလင်း'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကို မမလင်း မသိပါဘူး၊ သူတို့ဟာ မမလင်း နောက်ကို ဘာဖြစ်လို့ လိုက်နေကြမှန်းလဲ မသိဘူး၊ ဒါကြောင့် မမလင်း ရန်ကုန်က ခရီးထွက်ဖို့ စီစဉ်ခဲ့တယ်၊ ထထမတော့ မီးရထားနဲ့ပါပဲ၊ မမလင်း တစ်ယောက်တည်း အထက်တန်းတွဲက အခန်းထဲမှာပေါ့၊ အဲ.... ပဲခူးမရောက်ခင်ဘဲ မမလင်း တစ်ယောက်တည်းသာ ပါလာတဲ့ အထက်တန်းတွဲက အခန်းထဲမှာ သတ္တဝါနှစ်ကောင် ရောက်လာတယ်'

'သတ္တဝါနှစ်ကောင် ဟုတ်လား'

'ဟုတ်တယ်....သိပ်ကြောက်စရာ ကောင်းတာပဲ၊ ဒီလိုကွယ်....ပဲခူးမရောက်ခင် မမလင်း မှေးခနဲ အိပ်ပျော်သွားတယ်၊ နိုးလဲလာရော အဲ....အဲ....ဒီသတ္တဝါ တစ်ကောင်က မမလင်းခြေရင်းမှာ ခွေလို့၊ တစ်ကောင်က အပေါက်ဝမှာ ပါးပျဉ်းထောင်လို့'

'မြွေတွေလား မမလင်း'

သူမ၏ မျက်နှာသည် ဖြူရော်နေလည်း။

'ဟုတ်တာပေါ့ ငါ့မောင်၊ မြွေတွေပေါ့၊ တစ်ကောင်က မြွေပွေး၊ တစ်ကောင်က မြွေဟောက်၊ ပါးပြင်း ကြီးထောင်ပြီး မမလင်းကို စိုက်ကြည့်နေတာများအသည်းနှလုံးတွေ ပြုတ်ကျသွားမလား ထင်ရတယ်'

'အဲဒီ သတ္တဝါတွေက အပ်ပါးကလပ်စ်ကို ဘယ်လိုလုပ်ရောက်လာကြတာလဲ၊ သူတို့မှာ လက်မှတ်ပါလို့လား'

ဒေါ်ခင်မျိုးလင်း အနည်းငယ် ပြုံးမိ၏။



တင်းကျပ်လွန်းနေသော သူမစိတ်ကို တစ်ပတ် တစ်ရစ် လျော့ပေးလိုက်နိုင်သည့် ဘဲခက်၏ ဟာသကလေးကိုလည်း နှစ်မြို့သွားမိသည်။

'လက်မှတ်တော့ ဘယ်ပါမလဲကွယ်၊ ရထား ခိုးစီး လာကြလား တူပါတယ်၊ အစကတော့ မမလင်း နည်းနည်းကလေးမှ မလှုပ်ရဲ၊ သူနှင့် ခြေရင်းမှာ ခွေနေတဲ့ ကိုယ်တော်ချောကလဲ ခေါင်းကလေးတောင် ထောင်မလာဘူး၊ မမလင်းဟာ ဘာလုပ်ရမလဲဆိုတာ ခေါင်းပူပူနှင့် တွေးလိုက်တယ်၊ အော်လို့ကလဲမဖြစ်၊ ခြေထောက်ကိုလဲ မလှုပ်ရဲ၊ အပေါက်ဝက ပါးပျဉ်းထောင်ရင်း ငမ်းနေတဲ့ ငနဲကိုလဲ အလစ်မပေးဝံ့'

သူမ အသံက ဝင်လာသည်။

'ဒါပေမယ့် ကံကောင်းချင်တော့ မမလင်း လက်ပွေ့အိတ်က လက်နားမှာ ရောက်နေတယ်၊ လှုပ်တယ် ဆိုရုံကလေး လက်ကို ရွှေ့ပြီး လက်ပွေ့အိတ်ကို ဖွင့်တယ်၊ အထဲက မမလင်း ဆောင်ထားလေ့ရှိတဲ့ ဒီသေနတ်ကလေးကို ဆွဲထုတ်လိုက်တယ်'

ဒေါ်ခင်မျိုးလင်းသည် သူမ၏ ဘေးတွင် ချထားသော လက်ပွေ့အိတ် အနက်ကြီးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်ပြီး ကနုကမာ ရိုးတပ် မိန်းမကိုင် ဒဿမနှစ်နှစ် ပစ္စတိုကလေးကို ထုတ်ယူလိုက်သည်။

'အဲဒီသေနတ်က မမ လိုင်စင်နဲ့ ကိုင်တဲ့ သေနတ်လေးအားတိုင်း အပစ်ကျင့်ထားလို့ လက်တော့ ဖြောင့်တယ်'

www.burmeseclassic.com



ဒေါ်ခင်မျိုးလင်းသည် သေနတ်ကလေးကို ကလေး ကစား သလို မောင်းကွင်းကို လက်ညှိုးသွင်း၍ နှစ်ပတ် သုံးပတ် လှည့်လိုက်ပြီး အိတ်ထဲသို့ ပြန်သွင်းလိုက်၏။

သူမ၏ အရည်အချင်းတွေ ပြနေသလားတော့ မသိ။

ဘခက်ကတော့ ပြုံးစိစိ ကြည့်လို့ နေမိသည်။ အင်း.... မဆိုးဘူး၊ ဒီအမျိုးသမီး သေနတ်ကိုင် ကျင်လည်သားပဲ။

'ကဲ....ဆက်ပါဦး မမလင်း'

'မမလင်းဟာ ရန်သူ နံပါတ်တစ်အဖြစ် အပေါ်ဝက မြွေဟောက်ကို သတ်မှတ်လိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက ပါးပျဉ်းထောင်ပြီး တလှုပ်လှုပ်နဲ့ ရောက်လာနိုင်တာကိုးကွ၊ အဲ....သူကလဲ မမလင်း လှုပ်လှုပ်ရှားရှား ဖြစ် လာတာကို သိသွားပုံပဲ၊ ခွိုးခနဲ အသံမြည်သွားတယ်၊ လျှာနှစ်ခွက တစ်လစ်တစ်လစ် ဖြစ်လာတယ်၊ မမလင်းလဲ သေနတ်မောင်းကို အသာကလေး လက်မနဲ့ဖိပြီး တင်လိုက် တယ်၊ ခြောက်....မမလင်းဟာ သေနတ်ပြောင်းထဲမှာ ကျည် တစ်တောင့်ကို သွင်းပြီး မောင်းချထားလေ့ ရှိတယ်ကွ၊ အဲ.... သူ.... လှုပ်လှုပ်ရှားရှား ဖြစ်လာရော တစ်ချက်တည်း ဆော် ထည့်လိုက်ပြီး မြွေထောက်ကို ထိုင်ခုံပေါ်ကို ဆတ်ခနဲ တင် လိုက်တယ်'

'ကိစ္စ ချောရောလား'

'ချောတာပေါ့....ပါးပျဉ်းအလယ်ကို ဖောက်သွားတာ ကိုး၊ မြွေဟောက်ကြီးဟာ တွန့်လိမ်ပြီး ဇက် ကျိုးကျသွား



တယ်၊ နောက်တော့ လှုပ်လှုပ်ရှားရှား ဖြစ်လာတဲ့မြွေပွေး ကို နှစ်ချက်တိတိ ပစ်ထည့်လိုက်တယ်၊ ကဲ....မှတ်ကရော'

'သေနတ်သံကို ကြားပြီး လူတွေ အုံမလာဘူးလား'

'မလာပါဘူးကွယ်....မမလင်းဖြစ်တဲ့အချိန်မှာ မီးရထား ဟာ တံတားတစ်ခုကို ဝုန်းဝုန်းဒိုင်းဒိုင်း မြည်အောင် ဖြတ် နေတဲ့အချိန်နဲ့ တိုက်ဆိုင်သွားတာကိုး၊ ပြီးတော့ ပွင့် တူးတူး ဆိုတာကလဲ ဗျောက်ဖောက်သယောက် မြည်တာ မဟုတ်လားကွယ့်၊ အဲ....ပွဲခူးလဲ မီးရထားဆိုက်ရော တား တစ်စင်းကို အမြန်ဆုံးငှားပြီး ရန်ကုန်ကို နောက်ကြောင်း ပြန်ပြေး လာရတော့တာပဲကွယ်'

'အင်း....မမလင်းအဖြစ်က ခင်မျိုးလင်းနဲ့ မြွေနှစ်ကောင် ဆိုပြီး စွန့်စားခန်း ဝတ္ထုတစ်ပုဒ်လောက်တောင် ရေးဖို့ ကောင်းနေပြီ၊ ဒီမြွေနှစ်ကောင်ကို ဘယ်သူက မမလင်း အခန်းထဲ ထည့်သွားတာလဲ၊ မမလင်းကို သူတို့က သေစေ ချင်နေလို့လား၊ သေစေချင်ရင်တစ်ခြားနည်းတွေ ရှိလျက် သားနဲ့ ဘာဖြစ်လို့ မြွေနဲ့မှတိုက်ရသလဲ၊ အဲဒါ စဉ်းစား စရာပဲ မမလင်းရေ့'

ဘခက်သည် စကားဆုံးသည်နှင့် နောက်ဖေးခန်းထဲ ဝင်သွားပြီး ပုလင်းကို လည်ပင်းမှ ဆွဲ ထွက် လာသည်။ အိုးဘာရမ်ဒီပေါ့။

'ဟုတ်တယ်....မင်းပြောသလို သူတို့တစ်တွေဟာ မမကို သေစေချင်နေကြသလားမှ မသိတာ၊ ပြီးတော့ မမ ဒီခရီး ကို သွားမယ့်ဟာကို သူတို့တစ်တွေက မလိုလားကြဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



မမထင်တယ် မောင်ဘခက်၊ အမယ်လေး....မင်းနာမည်ကလဲ ခေါ်ရတာ ခက်လိုက်တာနှယ်'

'မောင်မောင်ဆိုလဲ ရပါတယ် မမလင်း'

ဝင်းခနဲ လက်ခနဲ အရောင်တစ်ဖျပ်ဖျပ် လက်သွားသော မျက်လုံး ဝိုင်းဝိုင်းကြီးတွေကို ဘခက် မြင်လိုက်ရသည်။

မတတ်နိုင်ဘူးလေ၊ သူက မမဖြစ်ချင်မှတော့ ကိုယ်က မောင်မောင်ပေါ့၊ သူက အစမ်း ခေါ်ကြည့်လိုက်သည်။

'မမလင်း....'

'မောင်....မောင်မောင်....'

အလဲ့....အတိုင် အဖောက်ကတော့ အညီသားကလား။

'မမလင်း သွားမယ့်ခရီးမှာ အန္တရာယ်တွေ ရှိနေတယ်လို့ ယုံကြည်ထားတယ်ပေါ့'

'အင်းပေါ့....မောင် ဒါကြောင့်လဲ လက် အင်မတန်သွက်ပါတယ်ဆိုတဲ့ စန္ဒရားဘခက်ဆီကို အရောက် လာခဲ့ရတာပေါ့၊ ဒါပေမယ့် ကြောက်တော့ အကြောက်သား'

သူမ၏ ဝင်းလဲ့နေသောမျက်လုံးတွေကလည်း ကြောက်စရာ ပါကလား။

'ပြီးတော့ အဲဒီခရီးကို မသွားခင်မှာ မမလင်း အကြောင်းစုံကို သိသွားချင်သေးတယ်၊ မမလင်းကို ဘယ်သူက မြေနဲ့ တိုက်သလဲ၊ မမလင်းကို နောက်ယောင်ခံနေတာ ဘယ်သူတွေလဲ၊ သူတို့မှာ ဘာအကြံအစည်တွေ ရှိနေသလဲဆိုတာတွေကို မမလင်း မသိထိုက်ဘူးလား မောင်'



'သိပ်ကို သိထိုက်ပါတယ် မမလင်း'

'အေး....အဲဒါကြောင့် မမလင်း မောင့်ဆီကို လာတာ'

'ဪ....ကျွန်တော်က စုံစမ်းပေးရမယ် ဆိုပါတော့၊

'ဒါတော့ သည်းခံပါ မမလင်း၊ ကျွန်တော် စုံထောက်လဲ မဟုတ်ဘူး၊ ပြီးတော့ မြန်မာပြည်မှာ အလွတ်စုံထောက်ဆိုတာ ဝတ္ထုထဲမှာပဲ ရှိတယ်၊ ကျွန်တော်ဟာ ဝါသနာပါလို့ အပျော်တမ်းသတင်းထောက် လုပ်တာပဲ ရှိတယ်၊ အလွတ်စုံထောက် မဟုတ်ဘူး'

'ကွယ်....မင်းကလဲ မမကို အဲသလို မပြောပါနဲ့'

သူမအသံက လိုသည်ထက် ပို၍ နွဲ့နေသည်။

ပါးအို့ကလေး နှစ်ဘက်တောင် သမ်းလို့နေပကော။

'ဪ....ဒါဖြင့် ကျွန်တော်က ဘယ်လို ပြောရမှာလဲ၊ မမလင်းအတွက် အသက်ပင်သေသေ အရိုးကြေကြေ အရေခမ်းခမ်း အမှုတော် ထမ်းပေးရအောင်လဲ မမလင်းနဲ့ ကျွန်တော် သွေးမတော် သားမစပ်'

'ကြည့်....မောင်ပြောတာ သိပ် စိမ်းကားလွန်း မနေဘူးလား၊ မမကတော့ မောင့်ကို မြင်မြင်ချင်း သွေးတော်သားစပ်'

သူမ ပါးစပ်ပိတ်သွားသည်။

အရာထောင် အဓိပ္ပာယ် ကြွယ်ဝသော မျက် လုံး ကြီးတွေနှင့် ဘခက်ကို ကြည့်နေသည်။ ဘခက် သက်ပြင်း ချရတော့သည်။

'ကဲ....ဒါဖြင့် ကျွန်တော် ဘာလုပ်ရမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မမလင်းတို့ တိုက်မှာ လာနေရမယ်'

'ဘယ်လို...ဘယ်လို....'

'ဒီလိုလေကွယ်....မင်းက မမတို့ရဲ့ ဒရိုင်ဘာဆိုပါတော့'

'အင်း....အင်း....သဘောပေါက်ပါပြီ၊ နို့....လ စာ က ရော ဘယ်လောက် ပေးမှာလဲ'

သည်တော့ ဒေါ်ခင်မျိုးလင်းက သူ့ ကို ရိုမဝစွာ ကြည့်ရင်း ဆိုသည်။

'မင်း ကြိုက်သလောက် တောင်းပါ မောင်၊ မင်း တောင်းသမျှ မမလင်း ပေးပါ့မယ်၊ မင်းအတွက်ဆိုရင် မမလင်း ဘာမှ မတွန့်တိုပါဘူးကွာ'

အမယ်လေး....

'ကြက်သီး ထလိုက်တာ'

ချာလီဆိုတဲ့အကောင် ဘယ်ရောက်နေပါလိမ့်။

'မမလင်း ချာလီ့ကို ဘယ်ခိုင်းလိုက်သလဲ'

'ဟိုဟာလေကွယ်....နန်းမတော် မယ်နုရဲ့ထဘီကို အရှာ ခိုင်းလိုက်တယ်'

ဒီအကောင် အတော်နှင့် ရောက်လာတော့မယ် မထင်။ ဘခက်ရင်တွင် လှုပ်ခတ်သွားသည်။

'ဒါဖြင့် ကျွန်တော်က ဒရိုင်ဘာယောင်ဆောင်ပြီး မမ လင်းရဲ့နောက်ကို အရိပ်လို လိုက်နေတဲ့ သတ္တဝါတွေကို စုံစမ်း ပေးရမယ်ပေါ့၊ ကဲ....တစ်လ ဘယ်လောက် ပေး မှာလဲ'

'တစ်ထောင်....'



'ကောင်းပြီလေ....ဒါက ဟို ငွေငါးထောင်နဲ့ မဆိုင်ဘူး နော်'

'အဟော်....ကွယ် မောင့်ပါးစပ်က ငွေစကား သိပ်ပြော နေတာကိုး'

ဘခက်သည် ဟက်ခနဲ ရယ်မိသည်။

ငွေစကား မပြောလျှင် ဘာစကား ပြောရမလဲ၊ သမီး ရည်းစားမှ မဟုတ်ဘာ၊ မေတ္တာဘွဲ့တွေ ရွတ်နေလို့ အပိုပေါ့၊ ကဲပါလေ ပြေလည်တဲ့ အထိမ်းအမှတ်ကလေးတော့ လုပ်လိုက်ဦးမှ....။

'မမမှာ သမီးလေးတစ်ယောက် ရှိတယ်ကွယ်၊ မင်း ယုံသလား'

မဆီမဆိုင်....

လက်ရန်သားကို ဒေါ်ခင်မျိုးလင်းက မားနှင့်ချိုင်ပြီ။ ထိုစဉ်မှာပင်....'

ခြေသံက တဒိုင်းဒိုင်း ကြားရသည်။

ချာလီ ပြန်လာပြီ။

ဒေါ်ခင်မျိုးလင်းသည် အခန်းထဲသို့ ဝင်လာသော ချာ လီကို မကျေမနပ်ဖြင့် မေးလိုက်သည်။

မမ မှာလိုက်တာ ရခဲ့သလား ချာလီ'

'ရခဲ့တယ် မမရေ့....ရှာလိုက်ရတာ မမရယ်၊ အဲ....ဘ ကောင်းချင်တော့ ကြည့်မြင်တိုင် အဒေဟာင်းဈေးမှာ မယ်နု ဆိုတဲ့ ကောင်မလေး တစ်ယောက်နဲ့ သွားတွေ့တယ်၊ သူက

www.burmeseclassic.com

www.burmeseclassic.com



နန်းမတော် ရှာသူတဲ့၊ ဒါနဲ့ ကျွန်တော် ထဘီ အဟောင်း တစ်ထည် ဝယ်လာတယ်၊ တစ်ဆယ့် ငါးကျပ်တဲ့ မမရေ့

ချာလီသည် စက္ကူလိပ်ကလေးကို ဖြည်လိုက်၏။

ဟောင်နွမ်း စုတ်ပြတ်နေသော ထဘီတစ်ထည် ထွက်လာသည်။

ဒေါ်ခင်မျိုးလင်း နှာခေါင်း ရှုံ့သွား၏။ ဘခက်က ပြုံးနေသည်။

'ရော့....မမ၊ ရှစ်ဆယ့် ငါးကျပ်ပိုတယ်'

'ယူယူ....ကိုယ်တော်လေး ပိုတာ အကုန်ယူ၊ ပြီးတော့ အဲဒီ ထဘီကို မင်းရည်းစား သွားပေးလိုက်တော့'

ဒေါ်ခင်မျိုးလင်းသည် လက်ပွေ့အိတ်ကြီးကို ဆွဲ၍ ထသည်။ အခန်းဝသို့ ခပ်ဆောင့်ဆောင့် လျှောက်သွားသည်။

'ဩော်....မောင်မောင်ဘခက် မနက်ဖြန် ဆယ်နာရီမှာ တိုက်ကို လာခဲ့နော်....'

'စိတ်ချ....မမလင်း၊ မိုးရွာလို့ ရေကြီးနေတောင် လှေ တစ်စင်းငှားပြီး အရောက် လာခဲ့ပါမယ်'

ဒေါ်ခင်မျိုးလင်းက ပြုံးရင်း ထွက်သွား၏။

ချာလီက မျက်စိသူငယ်နှင့် ဘခက်ကို ကြည့်ရင်း မေးသည်။

'ကျွန်....ကျွန်တော် ပြန်လာတာ စောများနေသလား ဆရာ'



'အား....မစောပါဘူးကွာ၊ ခပ်စောစောကတည်းက ငါ မင်းကို မျှော်နေတာကွ၊ အခုမင်းတက်လာတာ အချိန် အတိပါပဲ'

'ကဲ....ချာလီ'

'ဆို....ဆရာ'

'ဒီအမျိုးသမီးနောက် ခပ်သွက်သွက် လိုက်စမ်းကွာ'

သူ့စကား ဆုံးသည်နှင့် ချာလီတစ်ယောက် လှစ်ခနဲ ပျောက်သွားပါသည်။

စန္ဒရားဘခက်သည် နန်းမတော်မယ်နု ထဘီကို စိတ်ပျက် လက်ပျက်ကြည့်ရင်း ကျန်ခဲ့ပါလေ၏။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## ( လေး )

"ကောလိယ"

ရောမတိုက်ကြီး တစ်လုံးပဲ ဖြစ်ပါသည်။

ခေတ်မမီပါ....သို့သော် အဆောင်ဆောင် အခန်းခန်းနှင့် ခမ်းနား ထည်ဝါလွန်းသည်။ အင်္ဂလိပ်ခေတ်က အရေးပိုင်တွေ၊ ဝန်ထောက်တွေ ဆောက်ခဲ့ဟန်တူ၏။ ပုံက ရဲတိုက်ဆန်နေသည်။

သို့တစေ....သည်ခေတ်အထိ ခိုင်ခိုင်ခန့်ခန့် တည်နေပုံကို ထောက်ရှုလျှင် အကျအန အချိန်ယူ၍ ဆောက်လုပ်ခဲ့ပုံရ၏။

ဤတိုက်ကြီးကို အစွမ်းကုန် ခေတ်မီအောင် ပြန်လည်မွမ်းမံ ထားပုံရ၏။ ဆေးတွေ သုတ်ထားသည်။ မှန်တံခါးအသစ်တွေ တပ်ထား၏။

တိုက်ကြီး၏ အရှေ့သို့လာသော် ပန်းဥယျာဉ်၊ မြောက်သို့လာသော် ရေကူးကန်၊ တောင်ဘက်မှာတော့ မော်တော်ကားရုံ၊ အနောက်ဘက်ကိုတော့ မမြင်ရ၍ မပြောတတ်၊ သို့သော်မူ အစေခံ တန်းလျားတစ်ခု ရှိနေမည်မှာ မလွဲ။



စန္ဒရားဘခက်သည် နှစ်ဆယ်ရာစုနှစ်အတွင်းမှ ဆယ့်ရှစ်ရာစု တိုက်ကြီးရှေ့သို့ ကိုးနာရီနှင့် စက္ကန့် ခြောက်ဆယ်အချိန် ရောက်သွားသည်။

အပေါက်ဝတွင် လူတစ်ယောက်နှင့် ခွေးနှစ်ကောင် ရပ်နေသည်။ လူသည် တုတ်ခိုင်၏။ ကျောက်ပေါက်မ ထူလဖျစ် မည်းညစ်နေသော အသား၊ ထွားကြိုင်းသော ကိုယ်ကိုယ်ထည်ကြောင့် ကြောက်ဖွယ်ပင် ကောင်းနေသေးသည်။

ခွေးသည် အထက်တန်းစားထဲက ဖြစ်၏။ အားပလက်စ်နှင့် နွားနို့သောက်ပြီး ကြီးထွားလာသည့် အယ်လ်စေးရှင်း ဖြစ်သည်။ သူတို့သည် လည်ပတ်တွေနှင့် ဖြစ်၏။ လည်ပတ်တွင်ရှိသော သံကြိုးနှစ်ချောင်းကို လူကကိုင်ထားသည်။ ဘခက်ကိုလည်း စားတော့မလို ကြည့်နေသည်။

'ဦးသာဘန်းဆိုတာ ခင်ဗျားလား'

'စန္ဒရားဘခက်ဆိုတာ မောင်ရင်လား'

မေးခွန်းနှစ်ခုကို ဘခက်က အရင်ဖြေလိုက်သည်။

'ကျွန်တော် စန္ဒရားဘခက်ပါ'

'ကျုပ် ဦးသာဘန်းပါ'

ဦးသာဘန်းသည် သူ့ကို ရှာဖွေရေး ခေါင်းဆောင် အသွင်မျိုးနှင့် ကြည့်နေသည်။

'ကျွန်တော် ဝင်ခွင့်ရှိပါသလား ဦးသာဘန်း'

'ဝင်ပါ....ဝင်ပါ.... မောင်ရင်လာမယ်ဆိုတာကို သူဌေးကြီးက ကျုပ်ကို ကြိုတင်ပြီး ပြောထားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် ခြံကြီးအတွင်းသို့ ဝင်ခဲ့၏။ ကောလိယဂေဟာ ကြီးထဲသို့ ခြေချမိသည်နှင့် စိမ့်ကြီး၊ မှိုင်ကြီး၊ ဂနိုင်ကြီး အတွင်းသို့ ဝင်ခဲ့ရသည့်နှယ် ခံစားလိုက်ရသည်။ တိုက်ကြီး၏ ပေါ်တီကိုအောက်သို့ ဘခက် ရောက်သွားသည်။ အရောင်အသွေးအတွက် အကျောလှသည့် ကျွန်းသား တံခါးချပ်ကြီးက သူ့ရှေ့တွင် ပိတ်နေသည်။

'နှိပ်ပါ'

ဖြူလွလွခလုတ်ကလေးအောက်တွင် နှိပ်ပါဟု မြန်မာလို ရေးထားသည်။

ဘခက် နှိပ်လိုက်သည်။

ကျွန်းသား တံခါးကြီးသည် ဘေးသို့လျှောတိုက်ရင်း ပွင့်သွား၏။ သူဝင်သွားသည်။ တံခါးကြီး ပြန်ပိတ်သွားသည်။ ဘခက်သည် ဟောလိဝုဒ်မှ ရုပ်ရှင်မင်းသမီးသစ်ယောက်၏ စံအိမ်ကြီးသို့ ရောက်သွားသည်ဟု စိတ်ဝယ်ထင်လိုက်မိသည်။

သူသည် မွေးပွကော်ဇောကြီး ခင်းထားသော ကြမ်းပြင်ကို ရှုံတွေ့ပေနေသော ဖိနပ်ဖြင့် နင်းရင်း လျှောက်သွား၏။ သူ့ရှေ့တွင် ခေတ်အမီဆုံး ဆက်တီဘေး၊ ပရိဘောဂတွေ။ ပန်းချီကားချပ်တွေရှိနေသည်။ အချိုးအဆစ် ကျလှသော ပန်းပုရုပ်တွေရှိနေသည်။ မီးလင်းဖိုကြီး တစ်ခုကိုလည်း မြင်ရသည်။



သို့ပေမင့် ကျယ်ဝန်းသော ဧည့်ခန်းသည် အေးမြနေ၏။ လေအေးပေးစက်တွေ တတ်ထားပုံပင်။ ပြီးတော့ မီးကိုမမြင်ရဘဲနှင့် တစ်ခန်းလုံး လင်းနေသည်။

ခေတ်မီပါ့။

ထည်ဝါပါ့။

ခမ်းနားပါ့။

ဘယ်မလဲ ဒေါ်ခင်မျိုးလင်း။

ဒေါ်ခင်မျိုးလင်းသည် နှိုင်လွန် ပက်လက်ကုလားထိုင်ကလေးတစ်ခုပေါ်တွင် သူ့ကိုကျောပေးရင်း ထိုင်နေသည်။

'ကျွန်တော် ရောက်လာပါပြီ ဒေါ်ခင်မျိုးလင်း'

'အင်း....မင်းအချိန်မှန်သားပဲ၊ ကဲ....ထိုင်လေကွယ်'

ဒေါ်ခင်မျိုးလင်းက သူ့ကို အဖက်မတန် ဂရုမထားသလို ပြောလိုက်ရင်း သူ့ဘေးမှ တယ်လီဖုန်းဖြူဖြူကလေးကို မရှိ ချက်များကို လှည့်လိုက်သည်။

'ဟဲလို....အစ်ကိုကြီး၊ မျိုးပါ၊ နောက်ထပ်ခန့်မယ့် ဒရိုင်ဘာအသစ် ရောက်လာပါပြီ၊ အစ်ကိုကြီး ကြည့်ဦးမလား ဟင်း မကြည့်တော့ဘူး ဟုတ်လား၊ တော်ကြာ အစ်ကိုကြီး စိတ်ကြိုက် မဖြစ်မှာစိုးလို့ မျိုးက ပြောနေတာပါ'....

တယ်လီဖုန်းပြောနေသော ဒေါ်ခင်မျိုးလင်းအသံကို ပျံ့ နေသည်။

အင်း....အပေါ်ထပ်နှင့် အောက်ထပ်တောင် ဖုန်းတွေဘာ တတ်ထားသည်ကပဲ ဒေါ်ခင်မျိုးလင်းသည် အပေါ်ထပ်

www.burmeseclassic.com



တွင် ရှိနေသော ဦးဝင်းထွဋ်ထံ တယ်လီဖုန်းဖြင့် အစီရင်ခံနေပုံရသည်။

'ဒါဖြင့် မျိုးခန့်လိုက်တော့မယ်နော် အစ်ကိုကြီး၊ အင်း....အင်း....သူ့ကိုတော့ မော်တော်ကားရုံမှာပဲ ထားရမှာပေါ့၊ ဟုတ်....ဟုတ်ကဲ့ အစ်ကိုကြီး'

ဒေါ်ခင်မျိုးလင်းသည် တယ်လီဖုန်းကိုချလိုက်၏။ ဘခက်ကိုလည်း ကြည့်လိုက်သည်။

'မင်းအစ်ကိုကြီးက ဒရိုင်ဘာအဖြစ်ခန့်ဖို့ သဘောတူတယ်တဲ့၊ ကဲ....ကားရုံအပေါ်ထပ်ကအခန်းမှာ နေပေတော့၊ ဟုတ်လား'

'ကောင်းပါပြီ ဒေါ်ခင်မျိုးလင်း'

ဘခက်က အောင့်သက်သက်နှင့် ပြန်ဖြေလိုက်၏။

'ဪ....ဒီအိမ်က အခေါ်အဝေါ်တွေကို မောင်ဘခက် မသိသေးဘူးထင်တယ်၊ ဒေါ်ခင်မျိုးလင်းလို့ မခေါ်ပါနဲ့၊ မမလို့ခေါ်ပါ၊ အဲ....မမရဲ့သမီး ပပလင်းကိုတော့ အစ်မလေးလို့ခေါ်ပြီး မမယောကျ်ား ဦးဝင်းထွဋ်ကိုတော့ အစ်ကိုကြီးလို့ ခေါ်နိုင်ပါတယ်'

အောင့်နေသော ဘခက်၏ရင်မှာ ရယ်ချင်သွားသည်။

မနေ့ကတော့ တစ်မျိုး သည်ကနေ့ကျပြန်တော့ တစ်ဖုံ။

'မမလဲ မခေါ်နိုင်ဘူး၊ အစ်မလေးလို့လဲ မခေါ်နိုင်ဘူး၊ ခင်ဗျာလို့လဲ မထူးနိုင်ဘူး၊ အဲ....ခင်ဗျားတို့ခန့်တဲ့ ဒရိုင်ဘာဆိုတဲ့ အလုပ်ကိုလဲ တစ်စက္ကန့်လေးမှ မလုပ်နိုင်ဘူး'



ဘခက်ပါးစပ်က သည်သို့သည်နှယ် ပြောမည်အလုပ်....

ဧည့်ခန်းဆီးနောက်ကွယ်မှ သူမထွက်လာသည်။ ပပပေါ့။ ပပလင်း ....

'ဟင်....'

သူ့ကိုမြင်တော့ ပပလင်း အံ့ဩစမ်းသာသွားဟန်တူသည်။ ဘခက်က သူစိမ်းတရံစာလို မသိမကျွမ်းဟန်ဖြင့်ကြည့်ပြီး မျက်နှာလွှဲလိုက်သည်။

'မာမီ....မာမီ....သူလေ....သူ'

'သူ နောက်ထပ်ခန့်မယ့် ဒရိုင်ဘာအသစ်ပေါ့ သမီး၊ သူ့နာမည်က မောင်ဘခက်တဲ့၊ အဲ....သမီး သွားစရာလာစရာရှိရင်လဲ သူ့ကိုပဲ ကားမောင်းခိုင်း၊ ကြားလား'

'ဟုတ်ကဲ့....မာ....မာမီ'

ပပလင်းသည် ဘခက်ကို တအံ့တဩကြည့်လို့နေပါသည်။ မယုံနိုင်သလို ကြည့်ရှုနေပါသည်။

သူ....သူ....အစ်ကို။

ဘာဖြစ်လို့ ဒရိုင်ဘာ လာလုပ်ရပါလိမ့်။

ပြီးတော့ သူမကိုလည်း မမြင်ဖူး မတွေ့ဖူးသော အကြည့်မျိုးနှင့် ကြည့်နေသည်။

'ကဲ....မောင်ဘခက် သွားတော့၊ လိုရင် ဘဲလ်နှိပ်လိုက်မယ် ကြားလား'

ဒေါ်ခင်မျိုးလင်းအသံက တာဝတိံသာမှ ဖြစ်၏။

'ဟုတ်ကဲ့ မမ'

ဘခက်အသံက အဝီစိမှဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ... ဒါဖါပဲလေ၊ ဘခက် ညှော်ခန်းဆောင်မှ ထွက်ခဲ့သည်။ ပပလင်း သူ့ကို မစေခဲ့နိုင်သလို ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

ဦးသာဘန်းသည် သူ့ကို တိုက်ကြီး၏ အပေါက်ဝမှ စောင့်ကြို့နေသည်။

'အလုပ်ရသလား'

'ဗျာ...'

'မင်းကို အလုပ်ခန့်လိုက်သလားလို့ မေးနေတာ'

'ဟုတ်ကဲ့....ဟုတ်ကဲ့....

'ကဲ....ဒါဖြင့်လဲ ကျုပ်နောက်လိုက်ခဲ့၊ မင်းနေရမယ့် အခန်းနဲ့ မောင်းရမယ့်ကားတွေ လိုက်ပြမယ်'

'ဟုတ်ကဲ့.... ဟုတ်ကဲ့'

ဘခက်သူ့နောက်မှ ခပ်ကုပ်ကုပ်လိုက်သွားသည်။ တိုက်ကြီး၏ တောင်ဘက်တွင် နှစ်ထပ်ဆောက်ထားသည့် မော်တော်ကားရုံရှိ၏။ အောက်ထပ်တွင် တိုယိုတာ ကော်ရိုလာတစ်စင်းနှင့် ဝီလီဂျစ်တစ်စင်း ထိုးထား၏။ အပေါ်ထပ်သို့တက်ရန် လှေကားတစ်ခုကိုလည်း တွေ့ရ၏။

တော်တော်ကြီးကျယ်တဲ့ ဒေါ်ခင်မျိုးလင်းပါတကား။

မော်တော်ကားရုံကိုက နှစ်ထပ်တိုက် သေးသေးကလေးလို ခမ်းနားထယ်ဝါနေသည်။

'အပေါ်ထပ်မှာ ခုတင်တွေ မွေ့ရာတွေရှိတယ်၊ အဲဒီမှာ နေပေတော့၊ အဲ.... စားဖို့သောက်ဖို့တော့ မိနီ လာပို့ပေးလိမ့်မယ် ကြားလား'



'ဟုတ်ကဲ့.... ဦးသာဘန်း'

'မောင်ရင်က ကျုပ်နာမည်ကို တင်ကြို့ပြီးသိနေပါလား'

ဘခက်က ဟက်ခနဲ ရယ်လိုက်သည်။

'မမက ဒီအိမ်မှာနေတဲ့ လူတွေရဲ့နာမည်ကို ပြောထားလို့ပါ'

'ဟော.... ခွေးတွေနာမည်ကော မပါဘူးလား'

'ဟင့်အင်း....'

'အေး.... မှတ်ထား၊ ရန်လုံနဲ့ယက္ခတဲ့ကွ၊ ဒီနှစ်ကောင်က ငါကလွဲလို့ ဘယ်သူမှကြောက်တာ မဟုတ်ဘူး၊ ကဲ.... သွားမယ်ကွာ'

ဦးသာဘန်း ထွက်သွားသည်နှင့် စန္ဒရား ဘခက်သည် မော်တော်ကားရုံ အပေါ်ထပ်သို့ တက်ခဲ့ပါသည်၊ အပေါ်ထပ်တွင်မူ ခမ်းခမ်းနားနား ပြင်ဆင်ထားသော အခန်းတစ်ခုကို တွေ့ရလေသည်။

ခုတင်တွေ မွေ့ရာတွေနှင့် သားနားလှသည်။

ခုတင်တွေ စားပွဲတွေနှင့် ဆယ်ဝါလှပါသည်။

ခက်သည့်က ဒေါ်ခင်မျိုးလင်း။

ဒေါ်ခင်မျိုးလင်းသည် ဘယ့်နှယ်ကြောင့် ဒါလောက် တောင် အပြောင်းအလဲ မြန်သွားရပါလိမ့်၊ သူမ၏ဆက်ဆံပုံက အထက်စီးမှုဖြစ်သည်။ ငွေရှင်ကြေးရှင်လေသံ ထွက်လာသည်။

ညို့မှောင်တွေ လွှန်ကဲနေသော မျက်လုံးဝိုင်းဝိုင်းကြီးများဖြင့် အသည်းယားစဖွယ် ကြည့်ခဲ့ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင် ဖြစ်စေကာမူ သူ၏အလုပ် လက်ခံမိပြီ။

စန္ဒရားဘခက် အမည်ခံထားပြီးမှ 'ချစ်သမျှကို' ပတ်ပျိုးတို့ပဲ တီးရ တီးရ၊ မိန်းဗောင်းပဲ တိုက်ရ တိုက်ရ။

ဤစဉ်မှာပင် အောက်ထပ်မှ လျှပ်စစ်ခေါင်းလောင်းသံကို ကြားပါသည်။ ဧည့်ခေါင်မျိုးလင်း ဖြစ်လေမည်။ ဘခက်သည် သွက်သွက်လက်လက် ဆင်းခဲ့သည်။

ဪ.... ပပလင်း။

ဟုတ်ပါသည်၊ သူမပင် ဖြစ်ပါသည်။

ပပလင်းသည် မနေ့ညက သူတို့ ကန်တော်မင် ပန်းခြံတွင် မမျှော်လင့် မထင်မှတ်ဘဲ တွေ့ဆုံခဲ့သည်။နောက်ပြီးတော့ သူမကို လူသရမ်းတစ်စု၏နှောင့်ယှက်မှုမှ အကာအကွယ်ပေးခဲ့သည်။မော်တော်ဆိုင်ကယ်နှင့်တင်၍'ကောလိယ'သို့ လိုက်ပို့ပေးခဲ့သည် မဟုတ်ပါလား။ သူနှင့် တွေ့ခဲ့ကြပုံက အံ့ဩဖွယ်ပင်ကောင်းလေတော့၊ သူနှင့် စကားလက်ဆုံကြခဲ့ပုံက အံ့ဩဖွယ်ပင် ကောင်းသေးတော့။

ယခုလည်းပဲ ပပလင်း အံ့ဩရပြန်ပါပြီ။

သူသည် ကောလိယအိမ်ကြီးသို့ ထပ်မံ ရောက်ရှိလာပြန်ပါသည်။

ပြီးတော့ ဒရိုင်ဘာတဲ့....

မယုံနိုင်စရာကြီး....

'အစ်ကို....'

ပပလင်းသည် အားရဝမ်းသာ ခေါ်မိသည်။

'အမိန့်ရှိပါ အစ်မလေး'



သူ့အဖြေကြောင့် ပပလင်း ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားသည်။

'အစ်ကို၊ ပပတို့တိုက်မှာ ဒရိုင်ဘာ လာလုပ်တာယ်ဟုတ်လား'

သူမအသံက မယုံကြည်နိုင်မှုကို အထိအလင်း ဖော်ပြနေသည်။

'ဟုတ်ပါတယ်၊ အစ်မလေး၊ ဒါကြောင့် ဟောဒီမော်တော်ကားရုံထဲ ရောက်နေတာပေါ့'

'ပပတော့ သိပ်အံ့ဩမိတာပဲ'

'ဘာအံ့ဩစရာရှိသလဲ၊ အစ်မလေး၊ မနေ့ကပဲ ပြောခဲ့သေး မဟုတ်လား၊ ကျွန်တော့်မှာ အလုပ်အကိုင် အတည်တကျ မရှိဘူးဆိုတာလေ၊ အဲ.... တိုက်တိုက်ဆိုင်ဆိုင်ပဲ အစ်မလေးရဲ့အမေက ကျွန်တော့်ကို ဒရိုင်ဘာအဖြစ် ငှားလိုက်လို့ ဒီရောက်လာတာပေါ့'

ပပလင်း ရယ်ချင်သွားပါသည်။

မနေ့ကတွေ့တော့ သူ့ကိုယ်သူ'အစ်ကို'တဲ့၊ 'ပပ'တဲ့ ယခုတော့ 'အစ်မလေး'တဲ့ 'ကျွန်တော်'တဲ့၊ ပြီးတော့ မနေ့ကပဲ ပြောခဲ့သေးသည်။ 'အစ်ကိုနဲ့ ပပ ထပ်မျှား ဆုံခဲ့လို့ရှိရင် အစ်ကို့ကို သူစိမ်းတစ်ရံဆံလို ဆက်ဆံပါ'တဲ့။

ဟုတ်ပါသည်။

သူ့အမူအရာက သူစိမ်းဆန်နေသည်။

'ကဲ.... ဒါဖြင့်ရင်လဲ ဒရိုင်ဘာ အသစ်စက်စက်ကို ခိုင်းရဦးမယ်၊ အစ်ကို 'ကော်ရီလာ'ကို မောင်းမှုသလား'

www.burmeseclassic.com

www.burmeseclassic.com



ပပလင်းက ခပ်ပြုံးပြုံး ဆိုလိုက်သည်။
ဘခက်က ခပ်ပြုံးပြုံး ခေါင်းညိတ်လိုက်သည်။

'အဲသလိုဆိုရင် ဗိုလ်ချုပ်ဈေးကို မောင်း'

ပပလင်းသည် ကလေးဆန်ဆန်ပြောရင်း 'ကော်ရိုလာ' ကားဝါကလေး၏ နောက်ခန်းကိုဖွင့်၍ ထိုင်လိုက်ပါသည်။

'ဗိုလ်ချုပ်ဈေးကို ဟုတ်လား'

'ဟုတ်တယ်လေ၊ မာမီက 'ကလိုရှိကွင်းဆေး' အဝယ်ခိုင်းလိုက်လို့'

သူမက မျက်တောင်ကော့ကြီးတွေကို ဖျပ်ဖျပ်လူးအောင်ခတ်ရင်း သူ့ကို ပြုံးကြည့်နေသည်။

'ဩော်.... ကလေးဆန်လိုက်တဲ့ ပပနယ်။
မလွယ်ပါကလား။

ကားဝါကလေးသည် ကောလိယ ဂေဟာကြီးထဲမှ ထွက်ခွာသွားသည်။ ဒေါ်ခင်မျိုးလင်းသည် ခြံထဲမှ ထွက်သွားသော ကားကလေးကို ပေါ်တီကိုအောက်မှ ကြည့်ရင်း ရှိမ်နေပါသည်။

စန္ဒရားဘခက်သည် 'ကော်ရိုလာ'ကို မောင်း၍ 'ကလိုရှိကွင်း' ဝယ်ရန် ထွက်ခဲ့ရပါပြီ။

'အစ်ကို'

'ဆိုပါ အစ်မလေး'

'ဘာ.... အစ်မလေးလဲ၊ ပပဟာ ပပပဲပေါ့'



'မဟုတ်ဘူးလေ....အစ်မလေးရဲ့ မာမီက ဒီအိမ်က လူတွေကို ဘယ်လို ခေါ်ရမယ်ဆိုတာ စောစောကပဲ သင်ပေးလိုက်လို့ပါ'

ပပလင်း နှုတ်ခမ်းကလေး မဲ့သွားသည်ကို နောက်ကြည့်မှန်ထဲမှ မြင်လိုက်ရသည်။

'မာမီတို့က သိပ်ကြီးကျယ်တာပဲ၊ ကဲလေ....မာမီ့ရှေ့မှာတော့ သူကြိုက်သလို ခေါ်လိုက်ပေါ့၊ ဒါပေမယ့် အခုတော့ ပပလို့ပဲ ခေါ်ရမယ်'

'ဟုတ်ကဲ့ပါ....အစ်မလေး'

'ကြည့်ကွယ်....အစ်ကိုကလဲ၊ ဘာအစ်မလေးလဲ'

ဘခက် ပြုံးမိသွားသည်။

သို့သော် သူ့အပြုံးက ကြာရှည်မခံလှ။

ဂျစ်ကားတစ်စင်းကို နောက်ကြည့် မှန်ကလေးထဲတွင် မြင်လိုက်ရသည်။ ဂျစ်ကားလေးသည် သူတို့၏ ကိုရိုလာနောက်သို့ ထက်ချပ်မကွာ လိုက်ပါလို့ နေပါပကော။

'မာမီကတော့ ပပနဲ့အစ်ကို သိနေကြတာကို မသိဘူး အစ်ကို'

'ဟုတ်မှာပေါ့....ပပ၊ အစကတော့ ပပနဲ့ ဒေါ်ခင်မျိုးလင်းတို့ သားအမိ တော်မှန်း အခုမှ ဒိုက်တိုက်ဆိုင်ဆိုင် လာဆုံရတာ'

ဘခက်သည် မုသာဝါဒကို နည်းနည်းကလေး ဖွဲ၍ သုံးလိုက်သည်။

မုသားမပါ လက်ာမချောတဲ့။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကြောင့် အံ့သြတယ်လို့ ပြောမလို့'

'ဒါပေါ့ ပပ....မိုးပေါ်က အပ်တစ်စင်းနဲ့ လူ့ပြည်က အပ်တစ်စင်းတောင် ဆုံနိုင်သေးတယ်လို့ ဆိုကြသေးတယ် ဟုတ်လား၊ ရန်ကုန်ဆိုတာ ကျဉ်းကျဉ်းကလေးပဲဟာ'

ဘခက်သည် နောက်က ဂျစ်ကားကို ကြည့်ရင်း ကန့်လန့်ကြီးစောင်းမှ လမ်းငါးဆုံကို ကွေ့လိုက်သည်။

ဂျစ်ကားကလေးသည် ကပ်ပါလာ၏။ လမ်းရှင်းပေမယ့် ကားကြောင့်များ ကျော်မတက်ပါလိမ့်။ ဘခက်သည် အမြန်နှုန်းကို သိသိသာသာ လျှော့လိုက်သည်။

နောက်က ကားကလည်း အရှိန် လျှော့ သွား သည်။

သူသည် ကားစက်ရှိန်ကို မြှင့်လိုက်ပြန်သည်။

မီးပွိုင့်တွင် အဝါပြနေ၏။

ဘခက်သည် မီးဝါကို ဖြတ်လိုက်သည်။ လမ်း၏ ဟိုမှာဘက်သို့ သူ့ကားအရောက်တွင် မီးနီသွားသည်။

ဂျစ်ကားသည် မီးနီကိုအတင်းဖြတ်လိုက်လာပါသည်။

ဩော်....ဘယ်လိုပါလိမ့်။

ဘခက်ကိုတော့ စမ်းကြပြီ ထင်တယ်၊

'ဩော်....ဒါနဲ့ ပပ၊ မနေ့က ပန်းခြံဝမှာတွေ့တဲ့ ဒရိုင်ဘာက ဘယ်ရောက်သွားသလဲ'

'ဘွတ်သွားပြီ အစ်ကို'

'ဟင်....'

'ဟုတ်တယ်....မာမီက စိတ်တိုင်း မကျဘူးဆိုပြီး သုံးလခပေးပြီး ထုတ်ပစ်လိုက်တာ'



'ဘယ်တုန်းကလဲ'

'ဒီနေ့ မနက်ပဲ အစ်ကို၊ အစ်ကို ရောက်မလာခင် ကလေးကပဲ'

ဒေါ်ခင်မျိုးလင်းသည် ဒရိုင်ဘာ မာမက်ကို တမင်အလုပ် ထုတ်ပစ်လိုက်ပြီး သူ့ကို လျှို့ဝှက် သက်တော်စောင့် ဒရိုင်ဘာ အယောင်ဆောင် ခန့်ခဲ့ကြောင်း စန္ဒရားဘခက် သဘောပေါက်ပါသည်။

ဤကိစ္စကို ဦးဝင်းထွဋ် သိပါ့မလား။

ကားကလေးသည် ဗိုလ်ချုပ်ဈေးရှေ့သို့ရောက်လာသည်။ သူတို့နောက်မှ လိုက်ပါလာသော ဂျစ်ကားသည်လည်း ခပ်လှမ်းလှမ်းတွင် ရပ်သွားကြောင်း မြင်လိုက်ရသည်။

ကားပေါ်တွင်မူ နေကာ မျက်မှန်နက်ကြီးများ တပ်ထားသော လူနှစ်ယောက်ကို မသဲမကွဲ မြင်ရပါလေသည်။

ပပလင်းသည် ဇီးကွက် မျက်မှန်ဝိုင်းကြီးကို ထုတ်၍ တပ်လိုက်၏။ လူတစ်သိုက်က သူမကို ကြည့်နေသည်။

ကြည့်မှာပေါ့....

လှတာကိုး....

ပပလင်းသည် ကားပေါ်မှ ကြကြရွရွကလေး ဆင်းလိုက်သည်။

'ဟဲ....အစ်ကို၊ ပပ ဝယ်စရာလေးတွေ ဝင်ဝယ်လိုက်ဦးမယ်၊ ခဏစောင့်နော်၊ သိပ်မကြာပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခမ်းနားလှန်းသော တင်တွေကို လှုပ်၍ မိန်းမလှဈေးထဲသို့ ဝင်သွားသည်။ မျက်လုံးတွေ တစ်ဒါ ဇင်လောက် သူမကိုယ်မှာ ကပ်ပါသွားသည်။ သည်မျက်လုံးတွေမှာသာ အပုဇွေတန်းတွေပါလျှင် ဒီကောင်မလေး ပြာဖြစ်လောက်ပြီ။

အင်း....ဆုံမှ ဆိုတာတ် မလေကွယ်။

သူ့အရွယ်ကလေးက နုနုငယ်ငယ် ချစ်စဖွယ်၊ ကိုယ့်ဘဝက ကြမ်းတမ်းတယ်၊ ခက်ထရော်တယ်။ ပြီးတော့ အဆင့်အတန်းချင်းက....

မိုးနှင့်မြေ....

ရေနှင့်မီး....

ဆီးစေ့နှင့် မြင့်မိုရ်တောင်...

ဘာဆိုင်လို့လဲ....ဘာဆိုင်လို့လဲ....ကိုယ်နှင့် ဆိုင်တာက နောက်ကလိုက်လာတဲ့ ဂျစ်ကားပေါ်က သတ္တဝါတွေ မဟုတ်လား။

သူတို့တစ်တွေသည် စီးကရက်ကို ဟန်မပျက်သောက်ရင်း ကိုရှီလာကို စောင့်ကြည့်နေကြသည်ကို ဘခက် မြင်ရသည်။

ဘခက်သည် ကားအတွင်းမှ ဖျပ်ခနဲ ဆင်းခဲ့ရင်း ဈေးအတွင်းသို့ ဝင်ခဲ့၏။ ပြီးတော့ ဆိုင်တစ်ဆိုင်မှ တစ်မတ်တန် ဖအော်တိုဖုံးကို လှည့်လိုက်သည်။

'ဟဲလို....ချာလီပါ ခင်ဗျာ'

တစ်ဖက်မှ တပည့်ကျော် ချာလီ၏ ခေါ်သံကို ကြားလိုက်ရသည်။



'ချာလီ....ငါပါ၊ ဘခက်....'

'ဟုတ်ကဲ့....အမိန့်ရှိပါ ဆရာ'

'ချာလီရေ....ဗိုလ်ချုပ်ဈေးရှေ့မှာ နံပါတ် စ, လုံး သုံးထိုးကိုးရှစ်၊ ဝီလီဂျစ်တစ်စင်း ရပ်ထားတယ်၊ ကားပေါ်မှာ ငနဲနှစ်ကောင် ပါတယ်၊ မင်း ဒီကို ဟွန်ဒါနဲ့ ငါးမိနစ်အတွင်း ရောက်နိုင်မလား'

'လေးမိနစ်အတွင်း ရောက်နိုင်ပါတယ် ဆရာ'

'အေး....အဲဒီ ကားအကြောင်း ငါသိချင်တယ်၊ ဆိုင်တယ်နဲ့ နောက်ယောင်ခံလိုက်စမ်း'

တစ်ဘက်မှ ချာလီ၏ ဖုန်းချလိုက်သံ ကြားရ၏။

ယခုလောက်ဆိုလျှင် ချာလီတစ်ယောက် သူ့အခန်းမှ ထွက်ခုန်း ပြေးဆင်းနေလောက်ပြီ။

စန္ဒရားဘခက်သည် နီလိုက်၊ ဝါလိုက်၊ ပြာလိုက်၊ စိမ်းလိုက်နှင့် ဒုက္ခကို ဖြတ်သန်း သွားလာနေကြသော မိန်းမလှတောကို ပွတ်ကာ သီကာ ဖြတ်သန်းရင်း ပပလင်းကို ရှာပါသည်။

မတွေ့ပါ။

သည်တော့ ကားရှိရာသို့ ပြန်ခဲ့၏။

ကော်ရိုလာကားဘေးတွင် အနက်နှင့် အနီကို ထဘီအင်္ကျီ ချုပ်၍ ဝတ်ထားသော အိုမီဂါမကလေး တစ်ယောက် ရပ်နေသည်။

'အစ်ကို....အယ်နီ့ကို စီးကဲရက် တစ်လိပ်လောက် တိုက်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



အလို....

ဒီဟာမကလေးက ဘယ်လိုပါလိမ့်။

နာမည်က အယ်နီတဲ့။

'မတိုက်နိုင်ပါဘူး ကလေးမရယ်၊ ကိုယ်က ဒရိုင်ဘာဖွတ်မှုပါ'

သူက ကားထဲသို့ ဝင်ထိုင်ရင်းဆိုသည်။

သည်တော့ ကောင်မလေး ပါးစပ်က ဟွန့်ခနဲမြည်သွားသည်။ မျက်စောင်းတစ်ချက် ထိုးသွားသည်။ ပြီးတော့ကားနားမှ ရှောင်သွားသည်။ မျက်နှာကတော့ မကြည်။

ဖပလင်းသည် ပြုံးပြုံးကြည်ကြည်ကလေး လျှောက်လာပါသည်။ လက်ထဲမှာလည်း အထုပ်တွေအိတ်တွေနှင့် ဘာတွေ ဝယ်လာသည် မသိ။

'ပေး....ပေး....'

ဘခက်က ကမန်းကတန်း ပြေးယူသည်။

'စောင့်ရတာ ပျင်းလှပြီလား၊ ရော့....အစ်ကို့အတွက်'

သူ့လက်ထဲသို့ ပေါလ်မောစီးကရက် တစ်ဘူးရောက်လာသည်။

'ကျေးဇူးပဲ ပပ'

ဘခက်သည် စီးကရက်ကို မီးညှိရင်း ဂျစ်ကားကို ကြည့်လိုက်သည်။ ကားကလေးသည် မောင်းထွက်သွား၏။ မလှမ်းမကမ်းမှ ဟွန်ဒါဆိုင်ကယ် အနီကလေးတစ်စင်း မောင်းထွက်သွားသည်။



ချာလီသည် ငနဲနှစ်ကောင်၏ ဇာတိချက်ကြွေသို့တိုင် လိုက်ခဲ့တော့မည်ကို ဘခက် သိလိုက်ပါပြီ။

ဘယ်ကိုသွားဦးမလဲ ပပ'

တစ်ခုခု စားရအောင်လား အစ်ကို၊ အေးအေးဆေးဆေးရှိတဲ့ဆိုင်ကို မောင်းပါလား'

'မြေပဒေသာ သွားမလား'

'ကောင်းသားပဲ အစ်ကို'

ကော်ရိုလာ ကားလှလှကလေးသည် မိန်းမလှကလေးကို သယ်ဆောင်ရင်း လေးဘီးစလုံးလည်၍ ဗိုလ်ချုပ်ဈေးမှထွက်ခွာလာပါ၏။

ဘခက် စဉ်းစားနေမိပါသည်။

ဒေါ်ခင်မျိုးလင်းသည် လမ်းလေးဆယ်ရှိ သူ၏တိုက်ခန်းသို့ လာခဲ့စဉ်တုန်းကလည်း သူမနောက်တွင် အရိပ်လိုနောက်ယောင်ခံ လိုက်ပါလာသူတွေရှိ၏။

ယခုလည်း ကောလိယသို့ ရောက်လို့မှ ဖင်မနွေးခင်သူ့ကို နောက်ယောင်ခံလိုက်နေကြသည်။

သူတို့တစ်တွေသည် ကောလိယကို နေ့ညမပြတ် စောင့်ကြည့် လေ့လာနေရအောင် ကောလိယ အိမ်ကြီးနှင့်ဒေါ်ခင်မျိုးလင်းတို့ မိသားစုသည် မည်သည့်ပြဿနာများနှင့် ငြိစွန်းနေရလေသနည်း။

ဒီပဟေဠိကို အဖြေညှိရန် မြန်မာ့အသံသို့ သွားရတော့မည်လား။

www.burmeseclassic.com



သူတို့၏ ကားကလေးသည် ကျောက်တိုင်ကို ဖြတ်၍ တိရစ္ဆာန်ရုံဘေးသို့ ရောက်လာသည့်တိုင်အောင် နောက်က ဂျစ်ကား၏ အရိပ်အယောင်ကိုမှ မမြင်ရတော့ပါ။

'မာမီနဲ့ အစ်ကိုက ဘယ်တုန်းက သိကြတာလဲ အစ်ကို'

ပပလင်း၏ မေးခွန်းကို သူ မျှော်လင့်မထားပါ။

ဒေါ်ခင်မျိုးလင်းသည် မည်သူနှင့်ပတ်သက်၍ သူ့ထံသို့ ရောက်ရှိလာသည်ကိုလည်း စပ်စပ်စုစု မမေးခဲ့မိပါ။

'အစ်ကို့ မိတ်ဆွေ တစ်ယောက်နဲ့ ပတ်သက်ပြီးဆိုပါတော့ ပပ၊ အစ်ကိုက အလုပ်လက်မဲ့ဆိုတော့ ဘာအလုပ်ရရ လုပ်မယ်လို့ သူ့ကို ပြောထားဖူးတယ်'

'ဒါပေမယ့် အစ်ကိုရယ် ဒရိုင်ဘာဆိုတော့ သိမ်ငယ်လှပါတယ်'

'အလုပ်ဟူစ ဂုဏ်ရှိစွတဲ့ ပပရဲ့'

သူက ပြုံးပြုံးပင် ဆိုလိုက်သည်။

'အစ်ကို့ပုံက ဒရိုင်ဘာပုံမှ မပေါက်တာ'

'ဒရိုင်ဘာပုံဟုတ်လား ပပ၊ ဒရိုင်ဘာပုံက ဘယ်လိုနေလို့လဲ၊ အသားမည်းမည်း သွားကျဲကျဲနဲ့လား၊ ဒါမှမဟုတ် ခြေထောက်သုံးချောင်း ပါလို့လား'

သည်တော့ ပပလင်း ရယ်မိသည်။

'ခြေထောက် နှစ်ချောင်းတည်းနဲ့လဲ ကလပ်ချ်ရယ်၊ လီဘာရယ်၊ ဘရိတ်ရယ် နင်းလို့ရသားပဲဟာ'

ဘခက်က နောက်ကြည့်မှန်ကလေးမှ တစ်ဆင့် သူမကို သို့လိုက်သည်။ ဘခက် မျက်လုံးပြူးသွား၏။



အထိတ်တလန့် ဖြစ်သွား၏။

ပပလင်း မှီထားသော ကားကူရှင်ပေါ်တွင် ငါးပြားစေ့ အရွယ် ပင့်ကူနက်ကလေးတစ်ကောင် တက်လာသည်။ သတ္တဝါကလေး၏ အမွေးပွပွ ခြေထောက်ရှရှကလေးများက မသတီစရာ ကောင်းလှသလို မျက်လုံးဝါနှစ်လုံးကပကာတိ ပြူးကျယ်ဝိုင်းစက်နေပါသည်။

ပင့်ကူနက်ကလေးသည် ပပလင်း ပခုံးပေါ်သို့ လှမ်းတက်လိုက်သည်။

'မလှုပ်နဲ့ ပပလင်း နည်းနည်းကလေးမှ မလှုပ်လိုက်နဲ့'

သူ့ အသံက စိုးရိမ်တကြီး နိုင်လှ၏။

ပပလင်းသည် တွန့်ခနဲဖြစ်သွားသည်။ ပခုံးပေါ်တွင်လည်း ရှစိရှစိ ခံစားလိုက်ရပါသည်။

ပပလင်းနှလုံးသားတွေ ပြုတ်ကြွေမတတ် ဖြစ်သွားသည်။ အကျောတွေအချဉ်တွေ ဆိုင်းသွားသည့်နှယ် ခံစားလိုက်ရသည်။

'ခေါင်းကို ငြိမ်ငြိမ်ကလေးထား၊ စကားမပြောနဲ့၊ လှုပ်လိုက်သာနဲ့ ကိုက်လိမ့်မယ်'

ဘခက်သည် ခပ်တိုးတိုး သတိပေးရင်း ကားကိုညင်သာစွာ ထိုးရပ်လိုက်သည်။

ပင့်ကူနက်ကလေးသည် ပခုံးပေါ်မှတစ်ဆင့် ကျော့ရှင်းသော လည်တိုင်နုနု ဆီသို့ရောက်သွားသည်။

သူမ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်နေသည်။

နှုတ်ခမ်းတွေ ဖြူရော်၍ တဆတ်ဆတ် တုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံးတွင် လွင့်စဉ်သွားအောင် အော်ဟစ်လိုက်ချင်လာသည်။

ကုတ်ပါသည်။ ပခုံးသားမှသည် လည်တိုင်နှုန့်သို့ ရောက်လာသော ကြောက်စရာ ပင့်ကူနက်ကလေး၏ ခြေထောက်တွေလက်တွေက နှသားကို တရွရွဖြစ်စေသည်။

ပပလင်းသည် နည်းနည်းကလေးမှ မလှုပ်ဝံ့ပါ။

မျက်ဝန်းအိမ်ကို စောင့်ငဲ့ကြည့်ရင်းက အသက်မရှူရဲအောင် ဖြစ်နေရှာသည်။

စန္ဒရားဘခက် ဘာလုပ်မလဲ။

ဘခက် ဘာမှမလုပ်သေးပါ။

အချိန်မတိုင်မီ သွားလုပ်မိပါက အဆိပ်သွားနှင့် ဆိုးကိုက်လိုက်လျှင် မခက်ပါလား၊ ဒီပင့်ကူနက်မျိုး၏ ပြင်းထန်လွန်းသော အဆိပ်စွမ်းအင်ကို စန္ဒရားဘခက် သိပါသည်။

ပင့်ကူနက် ကလေးသည် ပပလင်း၏ လည်တိုင်ကျော့မှ တစ်ဆင့် အောက်သို့ဆင်းလာသည်။

ပပလင်း သေမတတ် ကြောက်နေပြီ။

အသက်ထွက်မတတ် ခံစားနေရပါပြီ။

'အစ်ကိုရယ် ကယ်ပါဦး'လို့ သူမမျက်လုံးတွေက စကားပြောနေပါသည်။ နဖူးတွင် ချွေးဥကလေးများပင် စို့လာပြီ။

ဇောချွေး....။ သေငယ်ဇောကြောင့် ထွက်လာသည့် ဇောချွေး။



စန္ဒရားဘခက်ကတော့ အေးအေးဆေးဆေးပင် စောင့်ကြည့်နေပါသည်။

ပင့်ကူနက်ကလေးသည် ပပလင်း၏ ထွားမို့ ပြည့်တင်းသော ရင်မြွာဆိုင်၏ အလယ်တည့်တည့်ကို ရောက်လာ၏။

ပပလင်းသည် ပင့်ကူနက်ကလေးကို မျက်လုံးတွေ ဖွေ့ကြည့်ရင်း ဟစ်အော်လိုက်ရန် ပါးစပ်ဟလိုက်သည်။

သည်အခြေအနေရောက်သည်အထိ စန္ဒရားဘခက် စောင့်ခဲ့ရလေသည် မဟုတ်ပါလား။

သူသည် ပပလင်း၏ ရင်မြွာနှစ်ခုအလယ်မှ ပင့်ကူနက်ကလေးကို ဆတ်ခနဲ ရိုက်ချလိုက်ပါသည်။

'အမယ်လေး....'

ပပလင်း၏အသံက ရင်ထဲ နှလုံးထဲမှ ထွက်ပေါ်လာ၏။

ဘခက်သည် အောက်သို့ကျသွားသော ပင့်ကူနက်ကလေးကို ဖိနပ်နှင့် အားရပါးရ ရိုက်ချလိုက်၏။

'အဲဒါကြောင့် အစ်ကို့ကို စန္ဒရားဘခက်လို့ ခေါ်ကြတာ ထင်ပါရဲ့ ပပရယ်'

ဟုတ်ပါတယ်၊ သွက်လက်သော သူ့လက်ကြောင့် ပပအသက်ကို ကယ်လိုက်နိုင်ပါပြီ၊ သူသည် သက်ပြင်းတစ်လုံးနှင့်အတူ ခပ်အေးအေးဆိုလိုက်ရင်း စီးကရက် တစ်လိပ်ကို မီးညှိရှိုက်ဖွာနေပါသည်။

ပပလင်းသည် ရုပ်သေးစဉ်အထက်မှ ကြိုးပြတ်ကျလာသော တစ်ပင်တိုင် မင်းသမီးလေးလို မလှုပ်မယှက် ငြိမ်သက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကိုမှိတ်ထားသလို ချွေးစေးတွေပြန်နေပါသည်။

'ဒီပင့်ကူနက်မျိုးဟာ အင်မတန် အဆိပ်ပြင်းတာ ပပ၊ ထိမိ ကိုက်မိတာနဲ့ မိနစ်မကူးဘူး၊ ရှားလဲရှားတယ်၊ ကချင်ပြည်နယ်က 'မချမ်းဘော' အထက် တောနက်ထဲမှာ တစ်ခါတွေ့ဖူးတယ်၊ သူ့ကို 'ပဒုမ်'လို့ ခေါ်ကြတယ်၊ အင်း.... ဒီသတ္တဝါကို ဘယ်သူကများ အစ်ကိုတို့ကားပေါ် ကိုလာတင်ထားပါလိမ့်မယ်'

'တော်ပါတော့ အစ်ကိုရယ်.... ပပ ရင်တုန်လွန်းလို့'

သူမအသံက တုန်ယင်နေဆဲပင်။

သို့ပေမယ့် စန္ဒရားဘခက် ဆက်၍ ပြောရပါသည်။

'ဗိုလ်ချုပ်ဈေးရှေ့မှာ ပပရဲ့ ပစ္စည်းတွေကို ကားနောက်ခန်းထဲကို ထည့်ပေးတုန်းက ဟောဒီ ဒူးယားစီးကရက်ဘူးခွံ ကလေး တင်ထားတာတွေ့တော့ အစ်ကို့စိတ်မှာ တစ်မျိုးဖြစ်မိသား'

သူသည် ပပလင်းမှီထားသော ကားနောက်ခန်း ကူရှင်ပေါ်မှ ဒူးယားစီးကရက်ဘူးခွံ ကလေးကိုယူပြရင်း ဆိုသည်။

'ပပတို့ 'ကောလိယ' က ထွက်လာတော့ ဒီစီးကရက်ဘူးခွံကို မတွေ့မိပါဘူး'

'ဟုတ်တာပေါ့ ပပ ဗိုလ်ချုပ်ဈေးရှေ့မှာတုန်းက အစ်ကို့မိတ်ဆွေတစ်ယောက်ကို တယ်လီဖုန်းဆက်မိသေးတယ်၊ အဲဒီအချိန်မှာ တစ်ဦးဦးက ဒီစီးကရက်ဘူးကလေးကို လာတင်ထားတာ ဖြစ်မှာပေါ့'



ဘသည် သူ့ကားဘေးတွင် ရပ်နေသော အယ်နီဆိုသည့်အနီနှင့် အနက်မကလေးကို သတိရလာသည်။

သည်ကောင်မလေးတော့ မဖြစ်နိုင်။

သို့ကလိုဆိုလျှင်....ဂျစ်ကားနှင့် ကပ်ပါလာသော သူမသိသေးသည့် သတ္တဝါ၏ လက်ချက်ဆိုလျှင်ကော။

သိပ်ကို....ဖြစ်နိုင်ပါသည့်။

ကော်ရိုလာ ကားကလေးသည်မြေပဒေသာကျွန်းဝတွင် ဆောင်တင်နေ၏။

ဘခက်က စားသောက်ဆိုင်သို့ ရောက်ခဲ့သည့်တိုင်အောင် ဆက်မောင်းခဲ့သည်။

'ဒါလောက်လဲ ကြောက်မနေပါနဲ့ ပပ....လာ တစ်ခုခု စားရင်း စကားပြောကြရအောင်'

သူတို့နှစ်ယောက် ကားအောက်သို့ ဆင်းခဲ့ကြသည်။

မြေပဒေသာ၏ ချောင်ကျသော စားပွဲတစ်လုံးတွင် ထိုင်မိကြရင်း ဘခက်က စားသောက်ဖွယ်အချို့ကို မှာလိုက်ပါသည်။

ပပလင်း စားချင်စိတ်မရှိတော့ပါ။

'ဘယ်သူတွေက အဲဒီ ပင့်ကူနက်ကို...ပပတို့ ကားပေါ်ကို လာတင်ထားရတာလဲ အစ်ကိုရယ်'

'ဒါကိုတော့ အစ်ကို မသိတာ အမှန်ပဲ ပပ.... အဲ... တစ်ခုတော့ ရှိတယ်....အဲဒီ 'ပဒုမ်' ပင့်ကူနက်ဟာ ကချင်ပြည်နယ်မချမ်းဘောကနေရန်ကုန်ကို လေယာဉ်ပျံစီးပြီးလာမှာတော့ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'တော်စမ်းပါ အစ်ကိုရယ်၊ အရေးထဲ နောက်မနေစမ်းပါနဲ့၊ ဒီမှာဖြင့် အသက်ကိုဘယ်လိုရှူရမှန်း မသိတော့ဘူး၊ သူကတော့ အေးအေးဆေးဆေး ရှုပ်ရှင်ကြည့်နေသလား အောက်မေ့ရတယ်'

ခက်ရယ်မိသည်။

သူ့လက်ကြီးက သိပ်မြန်တာပဲ၊ တစ်စက္ကန့်များ နောက်ကျရင် ပပသေပြီ သိလား'

'ဒါကြောင့် အစ်ကို့ကို စန္ဒရားမတီးတတ်ဘဲနဲ့ စန္ဒရားဘခက်လို့ ခေါ်ကြတယ်ထင်ပါရဲ့ ပပ'

'ကျေးဇူးဆယ်ကုဋေပါပဲ အစ်ကို'

'များပါတယ် ပပ၊ နည်းနည်းလျှော့ဦး'

'ဘယ်လောက် လျှော့ရမှာလဲ'

'ဩော်…ကျေးဇူး ထောင့်ငါးရာလောက်ဆိုရင် တော်ပါပြီ'

ပပရင်တွင် သိမ့်သွားသည်။ ငြိမ့်သွားသည်။ အသည်းနှလုံးတွေ လှုပ်ခတ်သွားရပါသည်။

'တစ်ထောင့်ငါးရာတဲ့'

တစ်ထောင့်ငါးရာဆိုတာ ကိလေသာလို့ ပပ ကြားဖူးထားသည်။ ကိလေသာဆိုတာ ဘာလဲ….

အချစ်လား….အမုန်းလား….

အပူလား….အအေးလား….

အဲဒါတွေကိုတော့ ပပလင်း မခံစားဖူးသေး။

သူ့စကား ကြားရတော့ ရင်ထဲတွင် နွေးသွားသည်။



ခပ်စောစောက သက်စွန့်ဆံဖျား ကြုံတွေ့ခဲ့ရသော အဖြစ်ထိုပင် မေ့ချင်သလို ဖြစ်သွားရသည်။

သို့ပေမင့်လို့ ပပလင်း မေ့လို့ မရနိုင်ပါ။

'အဲဒီ ပဒုမ်ဆိုတဲ့ ပင့်ကူနက်ကလေးဟာ ပပလင်းတို့ ထားပေါ်ကို ဘယ်လို ရောက်နေတာလဲဟင်'

သည်အဖြေကို ဘခက်လည်း သိချင်နေပါသည်။

'ဒါကိုတော့ အစ်ကိုမသိတာ အမှန်ပဲ ပပ၊ တစ်ခုတော့ ရှိတယ်၊ ဒီပင့်ကူနက်ကလေးကို တစ်ယောက်ယောက်က ရည်ရွယ်ချက်တစ်ခုနဲ့ ကားထဲကို လာထည့်ထားတာတော့ သေချာတယ်'

'ရည်ရွယ်ချက်တစ်ခု….အမယ်လေး အစ်ကိုရယ်၊ ပပ ကြက်သီးထလိုက်တာ'

ဟုတ်ပါသည်….အဆိပ်ပြင်းသောပင့်ကူနက်ကို မော်တော်ကား နောက်ခန်းတွင် လာထည့်ထားသော ရည်ရွယ်ချက်မှာ သူမကို သေစေလို၍ ဖြစ်ပါသည်။

လူတစ်စုသည် ဒေါ်ခင်မျိုးလင်းတို့ သားအမိကို သေစေလိုကြ၏။ သေပုံသေနည်းကလည်း အ ဆိပ် ပြင်း သော သတ္တဝါ၏ လက်ချက်ဖြင့် သေစေလိုဟန် ရှိသည်။

မီးရထားပေါ်တွင် ဒေါ်ခင်မျိုးလင်းကို မြွေနှင့် တိုက်ခဲ့သည်။

ယနေ့တစ်ဖန် ပပလင်းကို ပင့်ကူနက်ဖြင့်တိုက်ခဲ့ပြန်သည်။

'သိပ်လဲကြောက်မနေပါနဲ့ ပပရယ်၊ အစ်ကို တစ်ယောက်လုံး ရှိနေပြီပဲ'

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ကို ပပ ဘယ်လို ကျေးဇူးတင်မှန်း မသိဘူး၊ အစ်ကိုဟာ ပပရဲ့ အသက်သခင် ကျေးဇူးရှင်....'

'တော်တော့ ပပ၊ အစ်ကိုဟာ ကျေးဇူးတင်ခံချင်တဲ့ လူမျိုး မဟုတ်ဘူး၊ အဲ....တစ်ခုတော့ရှိတယ်၊ ပပဟာ ပပ မသိသေးတဲ့ အရှုပ်အထွေး တစ်ခုမှာ ပါဝင် ပတ်သက်နေပြီဆိုတာပဲ'

'စိတ်ညစ်လိုက်တာ အစ်ကိုရယ်၊ ပပ ဘာဆို ဘာမှ မသိဘူး၊ ဘယ်အရှုပ်အထွေးမှုလဲ မပါခဲ့ဖူးဘူး'

ပပလင်းယေ မျက်နှာငယ်ကလေးနှင့် ဆိုရှာသည်။

'ကဲ....ပပ စားလိုက်ကြဦးစို့ရဲ့'

ပြောသာ ပြောလိုက်ရသည်။

'သူ့ကိုယ်၌က ရင်ထဲမှာ အလုံးအခဲ ဖြစ်နေ၏။

'ကောလိယ သို့ သည်ကနေ့ပင် ရောက်သည်။ သူ့ကို ပညာစမ်းကြပြီ၊ ဘခက်သည် ဆိတ်သားတစ်ဖဲ့နှင့် လိမ္မော်ရည် တစ်ကျိုက်ကို စုပ်လိုက်၏။

'ပပ....'

'ရှင်....အစ်ကို'

'ပပ မာမီဟာ လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်းက ခရီးတစ်ခုကို သွားခဲ့တယ် မဟုတ်လား'

'အင်းလေ....မိတ္ထီလာကို သွားတာ လမ်းတစ်ဝက်က ပြန်လာတယ်'

'ဘာပြုလို့ လမ်းတစ်ဝက်က ပြန်လာတာလဲ ပပ'



'နေမကောင်းဘူးဆိုပြီး ပြန်ရောက်လာတာပဲ အစ်ကို၊ ပလဲ မိတ္ထီလာကို နွေရာသီ ကျောင်းပိတ်ရက်မှာ လိုက်လို့ စိစဉ်ထားပြီးသားပါ၊ မာမီက အရင်သွားနှင့်ထာ'

'မိတ္ထီလာမှာ ဘယ်သူတွေ ရှိလို့လဲပပ....ဟင်'

သူက စိတ်ဝင်စားစွာ မေးလိုက်မိသည်။

'အဲဒီမှာ ဒက်ဒီရဲ့ ရှေးဟောင်းပစ္စည်းတွေ ရှာဖွေတဲ့ ငန်းတွေ ရှိတယ်တဲ့၊ မုန်တိုင်းဆည်ကြီးရဲ့ နံဘေးမှာ....'

'ပပရဲ့ ဒက်ဒီလဲ သူကိုယ်တိုင် မသွားဘဲ ဘာဖြစ်လို့ ယရဲ့ မာမီကို လွှတ်ရတာလဲ ဟင်'

'ဒက်ဒီက နှလုံးရောဂါသည် မဟုတ်လား အစ်ကိုရယ်၊ ဒါကြောင့် ဒက်ဒီ လုပ်ငန်းတွေကို မာမီကဲ ဦးစီးပြီး ဆောင်ရွက်ရတာပေါ့'

ပပလင်းသည် သူ့ကို ယုံစားသွားဟန် ရှိသည်။ သူတို့ သားစု၏ အတွင်းရေးများကိုလည်း တစ်စွန်းတစ်စ ပြောသွားသည်။

ဦးဝင်းထွတ်သည် ယခင်က ဆပ်ပြာစက်တွေ၊ နိုင်လွန်စက်တွေပိုင်သော သူဌေးတစ်ယောက် ဖြစ်သည်။ လူချမ်းသာအနွယ်မှ ဆင်းသက်လာသည်။

သို့သော်....စက်ရုံ အလုပ်ရုံတွေကို သူ စိတ်မဝင်စားသူသည် စက်ရုံ အလုပ်ရုံများကို မန်နေဂျာနှင့် လွှဲအပ်ပြီး သူ ဝါသနာပါလှသော ရှေးဟောင်း ယဉ်ကျေးမှုပစ္စည်း ရှာဖွေရေး လုပ်ငန်းကို ဇောက်ချ၍ လုပ်ဆောင်သည်။

www.burmeseclassic.com



တကောင်း၊ ကြံညှပ်၊ အင်းဝ၊ ပင်းယ၊ ပုဂံ၊ တောင်တွင်းကြီးနှင့် လယ်တွင်းကိုးခရိုင် နယ်မြေများကို တပည့်ထပန်းများနှင့် သွားရောက် လှည့်လည် နေထိုင်ပြီး သူ့ဝါသနာပါသော လုပ်ငန်းကို ဆောင်ရွက်သည်။

'ဒက်ဒီဟာ ပင်ပန်းထားတဲ့ဒဏ်နဲ့ ငှက်ဖျားရောဂါပါ အလူးအလဲ ခံခဲ့ရတယ်အစ်ကို၊ နောက်ပြီးတော့ တကောင်းဘက်မှာ သူတို့တည်းခိုတဲ့ အိမ်ကြီးနဲ့ ရှာဖွေ တွေ့ရှိထားတဲ့ ပစ္စည်းတွေ မီးလောင် ခံလိုက်ရတယ်၊ အဲဒီကတည်းက နှလုံးရောဂါ ခွဲကပ်လာတာ'

ဘခက်သည် ပပလင်းစကားကို စိတ်ဝင်စားစွာ နားထောင်နေမိပါ၏။

'ဒက်ဒီဟာ တကောင်းဘက်က ပြန်ရောက်ကတည်းက လူတွေကို အတွေ့မခံတော့ဘူး အစ်ကို၊ အဲဒီကစပြီး ပပတို့ ကောလိယတိုက်ကြီးရဲ့ အပေါ်ထပ်ဟာ ဒက်ဒီရဲ့ သီးသန့်ကမ္ဘာလေးလို ဖြစ်လာတယ်၊ အောက်ထပ်ကိုတောင် သိပ်မဆင်းတော့ဘူး၊ လိုတာရှိရင် တယ်လီဖုန်းနဲ့ပဲ ပြောတယ်၊ ပြီးတော့ တိုက်ကြီးပေါ်ကို ဘယ်သူမှ မတက်ရဘူးလို့ အမိန့်ထုတ်ထားတယ်၊ မာမီတောင် သိပ် အရေးကြီးတဲ့ ကိစ္စရှိမှ အပေါ်ထပ်ကို တက်တယ်'

'အဲဒီလို ဖြစ်တာ…ဘယ်လောက်ကြာပြီလဲ ပပ'

'ခြောက်လလောက်ရှိပြီ အစ်ကို'

'ဒါဖြင့်…စောစောက ပပပြောခဲ့တဲ့ မိတ္တီလာက မိုင်းကို ဘယ်သူက ဦးစီးပြီး လုပ်နေသလဲ ပပ'



'ဦးမင်းခေါင်တဲ့…သူဟာ ရှေးဟောင်းပစ္စည်း ရှာဖွေရေးသုတေသီတစ်ယောက်ပဲ၊ ဒက်ဒီနဲ့ တွဲလုပ်နေတာ ကြာပြီ'

ဦးမင်းခေါင်တဲ့။

သူ့အတွက် နာမည်အသစ်တစ်လုံး ရလိုက်ခြင်းပင်။

သို့တစေ…ဒေါ်ခင်မျိုးလင်းသည် ဦးမင်းခေါင်ဦးဆောင် တူးဖော်နေပါသည်ဆိုသော ဦးဝင်းထွတ်၏ 'မိုင်း' အကြောင်းကို သူ့အား တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟ၍မပြောသေးပါ။

'အင်း…အင်မတန် စိတ်ဝင်စားဖို့ ကောင်းပါတယ် ပပ၊ ဆက်ပါဦး'

'ဦးမင်းခေါင်တို့ တူးနေတဲ့ဂူဟာ 'ရွှေစင်နတ်ဘုရားမရဲ့ဂူတဲ့'

ဘခက်က တအံ့တသြ မေးဖြစ်သည်။ သည်အမည်ကို မကြားစဖူး၊ ပြဒါးလွင်းဂူ၊ ပင်းဗယလှိုင်ဂူတို့ကိုတော့ ကြားဖူးသည်။

'ဟုတ်တယ် အစ်ကို၊ ဒီဂူကို တွေ့တာ မကြာသေးဘူး၊ မိတ္တီလာခရိုင်ထဲက မုန်တိုင်ဆည်ကြီးရဲ့ နံဘေးမှာ'

'အဲဒီဂူကို…ရွှေစင်နတ်ဘုရားမရဲ့ဂူလို့ ဘာဖြစ်လို့ ခေါ်တာ ပပ'

'ပပ…သိတာကတော့ ဂူအနားမှာ ရွှေစင်နတ်ဘုရားမရဲ့ ကျောက်စာကျွန်းရှိနေလို့တဲ့။ ပြီးတော့…အဲဒီဂူကြီးကို တူးဖော်လိုက်ရင် အင်္ဂလိပ်ပြည်က ဖာရိုဘုရင် 'တူတာက်ခမန်'ရဲ့ သင်္ချိုင်းဂူ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလို ခမ်းနားကြီးကျယ်ပြီး တန်ဖိုးရှိတဲ့ ရတနာတွေတောင် ရှိနိုင်သတဲ့….အစ်ကို'

သူမက တအံ့တသြ ဆိုသည်။

ဖာရိုဘုရင်တွတ်တက်ခမန်၏ သင်္ချိုင်းဂူကြီးကို တူးဖော်ကြရာတွင် ကျိန်စာဆိုးကြောင့် ထိခိုက်ဖျက်စီးကြသည်ကို ဘခက် ကြားဖူးသည်။

ယခုလည်း ရွှေစင်နတ်ဘုရားမ၏ဂူနှင့် ဆက်သွယ်ပတ်သက်နေသော ပပလင်းတို့ သားအမိမှာ အဆိပ်ရှိသော သတ္တဝါဆိုးတွေ ကြုံတွေ့၍ နေကြပါသည်။

စိတ်ဝင်စားစရာတော့ အကောင်းသားကလား။

'ခြော်….ပပကို တစ်ခု ကြိုတင် မှာထားရဦးမယ်၊ ခပ်စောစောက ပင့်ကူနက်အကြောင်းကို ဘယ်သူ့မှ မပြောသေးနဲ့ဦးနော်'

'ဘာဖြစ်လို့လဲ အစ်ကို….ဟင်'

'အကြောင်းရှိလို့ပေါ့ ပပ၊ နောက်တော့ အစ်ကို ပြောပြပါမယ်လေ၊ ခဏလေး ဒီကစောင့်၊ အစ်ကို တယ်လီဖုန်းဆက်စရာကလေးတစ်ခု ကျန်နေလို့'

ပပလင်းသည် သူ့ကို အားငယ်စွာ ကြည့်နေသည်။ ခပ်စောစောက တွေ့ကြုံခဲ့ရသော ရင်ဖိုစရာ အရေး အခင်းကြောင့် စိုးရွံ့နေဟန်ရှိသည်။

'မကြောက်ပါနဲ့ ပပ၊ အစ်ကို ရှိနေမှတော့ ယင်ဖိုတောင် မသမ်းစေရပါဘူး'



ပပလင်းသည် သူမမျက်နှာကို လာနားသော ယင်တစ်ကောင်ကို လက်နှင့် ခါရမ်းလိုက်ရင်း ပြုံးပြုံးကလေး ကျန်ရစ်သည်။

စန္ဒရားဘခက်သည် မြေပဒေသာဆိုင်ရှိ တယ်လီဖုန်းမှ တစ်ဆင့် သူ့ အခန်းသို့ ဆက်လိုက်သည်။ တပည့်ကျော် ချာလီ၏အသံကို ကြားရသည်။

'ချာလီ….ငါ ဘခက်ပါ၊ မင်း ပြန်ရောက်တာ ကြာပြီလား'

'ငါးစက္ကန့်လောက်ပဲ ရှိပါသေးတယ် ဆရာ'

'ဟိုကောင်တွေကို ခြေခံမိသလား'

'ဆောရီးပဲဆရာ၊ ဒီအကောင် ကျွန်တော့်ကို မျက်ခြည်ပြတ်သွားတယ်၊ ကျွန်တော်လိုက်လာမှန်းသိလို့ ကားကိုဘားသောက်ဆိုင် တစ်ဆိုင်ရှေ့မှာရပ်ပြီး ဆိုင်နောက်ဖေးပေါက်က လစ်ပြေးသွားတာ'

'ဟော…. ဒါဖြင့် ဂျစ်ကားကရော'

'ကားက တစ်နာရီ ငါးဆယ်ရလို့ လိုက်မောင်းပေးတဲ့ အငှားကားသက်သက်ပါ၊ ဒါကိုတော့ ကျွန်တော်အတိအကျ ပြောရဲပါတယ်၊ ဒါပေမယ့် ဆရာမပူပါနဲ့ လစ်ပြေးသွားတဲ့ ကောင်ကို ကျွန်တော် သိထားပါပြီ။ ဒီကောင်ဟာ ငွေရရင် ဘာမဆိုအကုန်လုပ်တဲ့ လမ်းမတော်က ငနဲတစ်ယောက်ပါ၊ ဒီကောင့်နာမည်က ဇိုးမောင်မောင်တဲ့'

'ငါ…. သူ့ကို ဘယ်မှာတွေ့နိုင်မလဲ'

'အရက်ဆိုင်ပေါ့ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'အေး အေး.... ဒါလောက်သိရရင် တော်ပါပြီကွာ'

ဘခက် တယ်လီဖုန်းချလိုက်သည်။

ပပလင်းသည် သူ့ကို စိတ်ရှည်လက်ရှည် စောင့်နေသည်။ ဘခက်သည် စားပွဲပေါ်မှ ခရမ်းချဉ်သီးဆော့စ်တစ်ပုလင်းကို ယူ၍ သူ့လက်မောင်းကို ခပ်ပါးပါးသုတ်လိုက်သည်။

'ဘာလုပ်တာလဲ အစ်ကို'

'ယားလို့ပါ၊ ဪ.... ဒါနဲ့ ပပမှာ ခေါင်းစီးပဝါ ပါသလား'

'အင်း....'

'လာ.... သွားစို့'

သူတို့နှစ်ယောက် 'ကောလိယ' ဂေဟာကြီးသို့ ပြန်ခဲ့ကြသည်။ ဘခက်၏ဘယ်ဘက်လက်သည်။ ပပလင်း၏ ပဝါဖြင့် လည်ပင်းတွင် ရစ်သိုင်းထားသည်။ လက်မောင်းတစ်လျှောက်လုံးသည် နီရဲနေသည်။

တိုက်ကြီး၏ပေါ်တီကိုအောက်သို့ ရောက်သည်နှင့် ဦးသာဘန်းက ကားနောက်ခန်းတံခါးကို ပြေးဖွင့်ပေးသည်။

'မင်း.... မင်းလက်က ဘာဖြစ်တာလဲ'

ဦးသာဘန်းက လည်ပင်းတွင် ပဝါနှင့်သိုင်းထားသော သူ၏လက်ကို ကြည့်ရင်းမေးသည်။

ဘခက်က မဖြေ။

တိုက်ကြီးထဲမှ ဒေါ်ခင်မျိုးလင်း ထွက်လာသည်။

'လက်ဘာဖြစ်လို့လဲ မောင်ဘခက်'



'ကားထဲက ဟာကောင်ကိုက်လိုက်မှန်းမသိဘူးမမ၊ တစ်စ်နဲ့ သိပ်ကိုက်တာပဲ၊ ကိစ္စမရှိပါဘူး တော်ရုံတန်ရုံ အဆိပ်လောက်တော့ ကျွန်တော်က ပီးပါတယ်၊ ခဏနေရင် ပျောက်သွားမှာပါ'

ဘခက်သည် ကော်ရီလာကို ကားရှိဘက်သို့မောင်းခဲ့သည်။

ဒေါ်ခင်မျိုးလင်း၊ ပပလင်းနှင့် ဦးသာဘန်းတို့သည် သူ့ကိုကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

( ငါး )

သူမသည် ဆယ်ကျော်သက်အရွယ် မြီးကောင်ပေါက်မ ကလေးလို လှ၍ နေပါသည်။

ဝတ်ထားသည်က ဘလောက်စ်လည်ဟိုက်။

နုညက်သန့်စင်သော လက်မောင်း ကစ်ကစ်ကလေးမှာ ဆင်စွယ်နှစ်လို ဖွေးဖွေးဖြူနေသည်။ ဟုတ်ပါသည်၊ ဒေါ်ခင် မျိုးလင်းပဲ ဖြစ်ပါသည်။

'မင်းလက်မောင်း သက်သာရဲ့လားဟင်'

သူမက မော်တော်ကားရှံ့ကိုမှီ၍ တင်တစ်ဘက်နှဲ ရပ်ရင်း မေးသည်။

'သက်သာပါတယ် မမလင်း၊ ပရွက်ဆိတ်ကိုက်သလောက် ပါပဲ၊ ဒါပေမယ့် ပရွက်ဆိတ်မဟုတ်တာအမှန်ပဲ မမလင်း ရေ'

'ဟင်.... ဒါဖြင့် ဘာကောင်ကိုက်လိုက်တာလဲ'

'ကချင်ပြည်နယ် 'မျှေမ်းဘော' ဒေသ တောနက်ထဲက 'ပဒုမ်'ဆိုတဲ့ ပင့်ကူနက်ပေါ့၊ အဲဒီသတ္တဝါကို ဇိုးမောင်မောင် ဆိုတဲ့ ငနဲက ကျွန်တော်တို့ကားပေါ်ကို လာတင်သွားတာ'

ဒေါ်ခင်မျိုးလင်း တအံ့တသြဖြစ်သွားသည်။



မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားသည်။

ဘခက်က နှံနက်ခင်းက အဖြစ်အပျက်ကို မှသားဝါဒ အနည်းအကျဉ်းသုံး၍ ပြောလိုက်သည်။

'ဟင်....'

'ဟုတ်တယ် မမလင်း၊ မမလင်းကို မြွေတွေနဲ့တိုက်သလို ကျွန်တော့်ကိုလဲ ပင့်ကူနက်နဲ့ လုပ်ကြံခဲ့တယ်၊ စန္ဒရားဘခက် ဟာ အဆိပ်ပြီးတဲ့ကောင်မို့ တော်သေးတာပေါ့'

'ဇိုးမောင်မောင်ဆိုတာ ဘယ်သူလဲမောင်'

'သူဟာ ငွေရရင် ဘာမဆိုလုပ်တဲ့ အထက်တန်းစား အရက်ဂျိုးတစ်ယောက်ဆိုတာကလွဲပြီး ကျွန်တော် ဘာမှ မသိရသေးပါဘူး။

ဒါကြောင့် ဒီနေ့ညနေ ကျွန်တော့်ကို အပြင်သွားဖို့ ခွင့်ပြုပါ၊ ကျွန်တော် ဒီငနဲကို မြေလှန်ရှာချင်တယ်၊ပြီးတော့ မမလင်းတို့ ဂျစ်ကားကိုလဲ ကျွန်တော့်ကို သုံးခွင့်ပြုပါနော်'

သူမ တွေဝေသွားသည်။

ငေးမောသွားသည်။

ပြီးတော့ သက်ပြင်းလေးလေးချသည်။

'အင်း.... အခုတော့ သူတို့တစ်တွေဟာ မမလင်းကိုသာ မက မင်းနဲ့ ပပလင်းကိုတောင် ရန်ရှာလာကြပြီကို ၊ ကံကြီး လို့ ပါလား၊ မောင်ရယ် မတော်တဆ အဲဒီပင့်ကူနက်ဟာ သမီးကလေးကို ကိုက်လိုက်မှဖြင့် မခက်ပါလား၊ အဲလေ.... မောင့်ကို မမလင်း ယုံပါတယ်၊ အားလဲကိုးပါတယ်၊ ဒီ သဲလွန်စကို မပျောက်အောင် လိုက်ဖို့က အရေးကြီးတယ်

www.burmeseclassic.com



ထောက်လား၊ သွားသွား ဂျစ်ကားကိုယူသွား မမလင်း ကော်ရှီလာကို ကိုယ်တိုင်မောင်းသွားမယ်'

ဘခက် အားနာသွားသည်။

'မမလင်း သွားစရာရှိရင် ကျွန်တော် မောင်းပေးမယ်လေ'

'အို....ကိစ္စမရှိပါဘူးကွယ်၊ မမလင်း မိတ်ဆွေ တစ်ယောက်ဆီကို သွားလည်ရုံ သက်သက်ပါ၊ ဪ....ဒါနဲ့ ခါကိစ္စကို အစ်ကိုကြီး မသိပါစေနဲ့ကွယ်၊ တော်တော်ကြာ အစိုးရိမ်လွန်ပြီး သူ့ရောဂါ တိုးနေမှာ စိုးလို့ပါ'

ဘခက် ခေါင်းညိတ်လိုက်ပါသည်။

'စိတ်ချပါ မမလင်း'

'သတိလဲ ထားဦးနော်၊ မမလင်းတို့မှာ မမြင်ရတဲ့ အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေတယ်'

ဒေါ်ခင်မျိုးလင်းအသံက စိုးရိမ်ယောက နွယ်နေသည်။

သူမသည် ကော်ရှီလာကို ကိုယ်တိုင်မောင်း၍ ထွက်သွားပါသည်။

မကြာမီ စန္ဒရားဘခက်သည် ဂျစ်တစ်စင်းဖြင့် ကောလိယဂေဟာမှ ထွက်ခွာခဲ့ပါသည်။

စင်စစ်....

ဇိုးမောင်မောင်လို လူစားမျိုးကို သိပ်ပြီး ခက်ခက်ခဲခဲ ရှာစရာ မလိုပါ။ သူ ကျင်လည် ကျက်စားရာ အရက်ဆိုင် သုံးလေးဆိုင်လောက် ရှာလိုက် ဖွေလိုက်လျှင် ကေန် မုချ တွေ့မည် ဖြစ်ပါသည်။



စန္ဒရားဘခက်သည် ကောလိယ အိမ်ကြီးမှထွက်ခဲ့သည်။

သည်ကနေ့ ဖြစ်ခဲ့ရသော ပင့်ကူနက်ကိစ္စမှာ မခံချင်စရာ ကောင်းလှပါသည်။

ဇိုးမောင်မောင်သည် သူတို့၏ ကော်ရှီလာ ကားကလေး ခဲ့ကို ဂျစ်ကားတစ်စီး ငှား၍ နောက်ယောင်ခံ လိုက်သည်။ ဗိုလ်ချုပ်ဈေးမှ အထွက်တွင် ဇိုးမောင်မောင်၏ ကားမှာ သူတို့ကားနောက်ကို နောက်ယောင်ခံ လိုက်ခြင်း မရှိတော့ ရုံမျှမက ချာလီ့ကို မျက်ခြည် ဖြတ်ပြေးခဲ့သည်။

နောက်တော့ အဆိပ်ပြင်းသော ပင့်ကူနက်သည် သူတို့ ကားအတွင်းသို့ အလိုအလျောက် ရောက်ရှိနေသည်။

ဇိုးမောင်မောင်သည် ငွေရလျှင် ဘနဖူး သိုက်တူးမည့်သူ တစ်ဦးဖြစ်သည်။

သို့ကလိုဆိုလျှင် ဇိုးမောင်မောင်ကို မည်သူက ငွေပေး၍ ပင့်ကူနက်ကို ကားပေါ်သို့ အတင်ခိုင်းရသနည်း။

မိမိအသက်ကို သေစေလို၍လော။

သို့တည်းမဟုတ် ပပလင်း၏ ဇီဝိန်ကို ခြွေချင်၍လော။

စန္ဒရားဘခက် မဖြေနိုင်သေးပါ။

ဘခက်သည် လမ်းလေးဆယ်ရှိ သူ၏ တိုက်ခန်းသို့ ရောက်ရှိသွားသည်နှင့် တပည့်ကျော် ချာလီကို အဆင်သင့်ပင် တွေ့ရသည်။

ချာလီက မနက်ခင်း အဖြစ်အပျက်ကို ပြန်၍ အစီရင်ခံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အေး…ငါလဲ ဒီကိစ္စကို တိတိကျကျ စုံစမ်းချင်လို့ ဒေါ်ခင်မျိုးလင်းကို ခွင့်တောင်းပြီး ထွက်လာခဲ့တာပဲ ချာလီ၊ ဒါပေမယ့် ဒီငနဲ ဘယ်မှာနေသလဲဆိုတာ မသိတာက ခက်နေတယ်'

'ဟုတ်တယ်….ဆရာ၊ ဗိုးမောင်မောင်ဟာ နေရာ အတိအကျ မရှိဘူး၊ ကြုံသလို အခန်းငှားနေသတဲ့'

'ဒီမှာ ချာလီ….ဒီကောင့်ကို အရက်ဆိုင်တွေမှာ လိုက်ကြည့်လိုက်ရင် တွေ့မှာပါ၊ ဒီလိုလုပ်ကွာ၊ မင်းနဲ့ငါ လူခွဲပြီး ရှာလိုက်ရအောင်၊ အခုအချိန်မှာ ဒီကောင် ငွေပေါနေမှာသေချာတယ်၊ မင်းက ဝင်းဝင်းဘားတို့၊ တာဂါဘားတို့၊ အီကောနောမစ်ဘားတို့ သွား၊ ငါက ဟိုက်စွမ်တို့၊ နမ်စင်းတို့ သွားမယ် ဟုတ်လား'

ယင်းသို့ဖြင့်….

ယင်းသို့ဖြင့်….

ဆရာ တပည့်နှစ်ယောက် ဗိုးမောင်မောင်ကို ဟိုက်စွမ်မှာလည်း မတွေ့၊ နန်စင်းမှာလည်း မမြင်၊ အော်းလျှားယိုပ်ဟိုတယ်တွင်လည်း ဝေလာဝေး၊ သည်အကောင် ဘယ်ပျောက် နေရပါလိမ့်။

နောက်ဆုံးတွင် နှင်းဥယျာဉ် ပျော်ပွဲစားရုံသို့ ဘခက်ရောက်သွားသည်။ စားပွဲထိုးကလေးကို ငွေငါးကျပ်ပေး၍ မေးလိုက်သည်နှင့် ဗိုးမောင်မောင် အကြောင်းကို ကြားလိုက်ရတော့သည်။



'ဗိုးမောင်မောင် ဒီကပြန်သွားတာ မကြာသေးဘူး ဆရာ၊ တစ်နာရီလောက်ပဲ ရှိဦးမယ်'

ဘခက် ထခုန်မတတ် ဝမ်းသာသွားသည်။

'ဟေး….ငါ သူနဲ့ အရေးတကြီး ကိစ္စရှိလို့ ဒီမှာ ချိန်းထားတာကွ၊ ဒုက္ခပါပဲကွာ၊ ဒါနဲ့ မင်း သူနေတဲ့ အခန်းကို သိသလား'

စားပွဲထိုးကလေးက ဘခ့ကို အခန်းနံပါတ်တစ်ခု ရေးမှတ်ပြသည်။

စန္ဒရားဘခက်သည် ဂျစ်ကိုမောင်း၍ နှင်းဥယျာဉ်မှ ထွက်ခဲ့၏။ ဗိုးမောင်မောင်နေထိုင်ရာ ဆယ့်သုံးလမ်းရှိ တိုက်အိုကြီးရှေ့သို့ ရောက်ခဲ့သည်။

သည်တော့ ညရှစ်နာရီ။

ဘခက်သည် မှောင်မိုက်သော လှေကားထစ်များကိုနင်း၍ တိုက်အိုကြီး၏ အပေါ်ထပ်သို့ တက်ခဲ့သည်။ သူ့ အခန်းသည် တွန်းလိုက်သည်နှင့် ပွင့်ဟသွားသည်။

ဘခက်သည် ခန္ဓာကိုယ်ရှိ အကြောအမျှင်များကို လျှော့၍ တိုက်ခိုက်သတ်ပုတ်ရန် အဆင်သင့် အနေအထားဖြင့် ဝင်သွားသည်။

စားပွဲတစ်လုံး

အရက်ပုလင်း တစ်ဝက်

ပြာအတောင့်လိုက် လောင်ကျွမ်းဆဲရှိသော စီးကရက်တို ဒါတွေကလွဲ၍ မည်သည့် သက်ရှိသတ္တဝါမှ မတွေ့ရပါ။ သူသည် ခြေကို ဖွနင်းရင်း ခန်းဆီး အထူကြီး ချထား

www.burmeseclassic.com

www.burmeseclassic.com



သော အိပ်ခန်းဝသို့ ရောက်သွားသည်။ အတွင်းသို့ ကြည့်လိုက်သည်။

ဇိုးမောင်မောင်သည် ခုတင်ပေါ်တွင် မှောက်လျက်ကြီး အိပ်ပျော်နေသည်။ အတွင်းခံ ဘောင်းဘီကလေးကလွဲ၍ သူ့ကိုယ်ပေါ်တွင် ဗလာနတ္ထိ။

ကျောကြီး အမူးလွန်နေပြီထင့်။

သူ မှားသွားပါပြီ။

ဇိုးမောင်မောင် မူးနေခြင်းမဟုတ်၊ သေနေခြင်း ဖြစ်ပါသည်။

သို့တစေ ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ပဲ ရှိသေးသည်။

စန္ဒရားဘခက်သည် နီညိုရောင်သမ်းနေသော ဇိုးမောင်မောင်၏ လည်ကုပ်ကို ဂရုစိုက်၍ ကြည့်သည်။သွေးကလေးစို့နေသည်။

သည်စဉ်မှာပင် ခေါင်းအုံးအောက်မှမည်းမည်းသတ္တဝါလေးက ရွစိရွစိနှင့် ထွက်လာသည်။ မျက်လုံး ပြူးပြူးကလေးတွေဟာ ဝါထိန်နေသည်။

'ပဒုမ်'

ဟုတ်ပါသည်။

အဆိပ်ပြင်းသော ပင့်ကူနက်ကလေးပင်။

စန္ဒရားဘခက်သည် ခုတင်ဘေးမှ ကြေပန်းအိုးကလေးကိုယူ၍ ပဒုမ်ကို ဇာတ်သိမ်းပစ်လိုက်သည်။



ဇိုးမောင်မောင်သည် ပဒုမ်၏လက်ချက်ဖြင့် ဇာတ်သိမ်းခဲ့ပြီ။ သူ့ထက်အရင် လက်ဦးသွားပါပကော။

သည်ပင့်ကူနက်ကလေးကို မနက်ကတစ်ခါသတ်ခဲ့ရပြီးယခု ဒုတိယပိ သတ်ရပြန်ပြီ။

စန္ဒရားဘခက်သည် ဇိုးမောင်မောင်၏ ခန္ဓာကိုယ်ကြီးအား ပက်လက်လှန်လိုက်သည်။ သူ့နှုတ်ခမ်းတွင် နှုတ်ခမ်းနီဆေးတွေ စွန်းထင်နေသည်။

ဟုတ်ပါသည်။ ကညာနံ့သည် ဇိုးမောင်မောင်အခန်းတွင် မွှေးလှိုင့်နေဆဲ၊ နံနေဆဲ။

အိပ်ရာခင်းတွေကလည်း တွန့်လို့ကြေလို့ ဖရိုဖရဲ။

ဘခက် အခန်းထဲက ထွက်ခဲ့၏။

စားပွဲပေါ်ရှိ သောက်လက်စ အရက်ဖန်ခွက်ကို ဂရုစိုက်၍ ကြည့်လိုက်ပါသည်။

ဖန်ခွက်၏နှုတ်ခမ်းတွင် နှုတ်ခမ်းနီတွေ စွန်းထင်လို့နေ၏။ သည်အတိုင်းဆိုလျှင် ဇိုးမောင်မောင်သည် လွန်ခဲ့သည့် မိနစ်ပိုင်းအတွင်းက မိန်းမတစ်ယောက်နှင့်အတူ အရက်သောက်သည်။

ပြီးတော့....

ဘခက်သည် အိပ်ခန်းအတွင်း ဒုတိယပိ ပြန်ဝင်ခဲ့သည်။ ခုတင်ဘေးတွင် လက်ခနဲ မြင်လိုက်ရသည်။

ကျောက်စိမ်း ကြယ်သီးကလေး တစ်လုံးပင်။

အသည်းပုံ ကျောက်စိမ်း ကြယ်သီးကလေး။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျောက်စိမ်း ကြယ်သီးကလေးကိုကောက်၍ အခန်းထဲမှ ခပ်သွက်သွက် ထွက်ခဲ့သည်။

ထိမိကိုင်မိသော ခြေရာလက်ရာများကို လက်ကိုင်ပဝါဖြင့် မှတ်တိုက်ဖျောက်ပစ်ခဲ့ပြီး သူ့အခန်းမှ ဆင်းခဲ့ပါသည်။

မမြင်ရသော ရန်သူသည် ဇိုးမောင်မောင်ကို ခြေရာခံမိသည်နှင့် ဖျောက်ဖျက်ပစ်လိုက်သည်။

မိန်းမတစ်ယောက်ကို အသုံးချ၍ ဖျောက်ဖျက်ပစ်လိုက်၏။ လျှင်ပါပေ့၊ မြန်ပါပေ့။

စန္ဒရားဘခက်သည် ကောလိယအိမ်ကြီးသို့ပြန်လည်ရောက်ရှိလာပါသည်။ ဦးသာဘန်းသည် လက်ဆွဲဗော် ရန်လုံနှင့် ယက္ခခွေးကြီး နှစ်ကောင်နှင့်အတူ ခြံဝတွင်စောင့်ရင်း သူ့ကို တံခါးဖွင့်ပေးသည်။

'ဘယ်လိုလဲ၊ မိုးချုပ်လှချည်လား'

'မိုးချုပ်ဆို ကျွန်တော့်လက်က ပင့်ကူနက် ကိုက်လိုက်တဲ့ဒဏ်ရာက မသက်သာလို့ ဆေးကလေး ဝါးကလေး သွားထိုးနေရလို့ပါ ဦးသာဘန်း'

'ပင့်ကူနက်....ပင့်တူနက်....ဟုတ်လား'

'ဟုတ်တယ်....ခင်ဗျား တွေ့ဖူးသလား'

'အား....ကြံကြံဖန်ဖန်ကွာ'

ဘခက်သည် ဂျစ်ကိုမောင်း၍ ကားရုံထဲသို့ သွင်းလိုက်သည်။

ကောင်ရီလာ ကားဝါကလေး၏ဘေးတွင် ယှဉ်တွဲ၍ရပ်ရင်း ဧည့်ခန်းကျောချရာ အပေါ်ထပ်သို့ တက်ခဲ့ပါသည်။



သူသည် အသည်းပုံ ကျောက်စိမ်း ကြယ်သီးလေးကိုထုတ်၍ မီးရောင်တွင် ထောင်ကြည့်လိုက်သည်။ ကရင်ဆိုဒ္ဒါရောင် တလက်လက် ထွက်လာသည်။

သည်ကြယ်သီးကလေးသည် ဇိုးမောင်မောင်ကို လူ့လောကကြီးမှ အပြီးတိုင်မောင်းထုတ်ခဲ့သော မိန်းမသား ထစ်ယောက်၏ နှလုံးသားပင် မဟုတ်ပါလား။

ဝ ဝ ဝ

ခြောက်

ညသည် ပကတိ ရှုညို့နေပါသည်။

ကားသံလူသံတွေက တိတ်ဆိတ်ငြိမ်သက် နေကြပေမယ့် ညပိုးမွှားတွေ၏ အသံ၊ ပုဇဉ်းရင်ကွဲတို့၏ အသံတို့ဖြင့် 'ရှုညို့နေပါ၏။

ပြီးတော့ မှောင်နေသည်။

ဤသည်မှာ ညသန်းကောင်။

ဘခက်သည် မဟာပထဝီ မြေကြီးကို ကျောပေးရင်း အဇဋ္ဌာ ကောင်းကင်ပြင်ကြီးကို မျက်နှာမူထား၏။ သို့ပေမင့် မြေကြီးကို မထိ။ ကောင်းကင်ကိုမမြင်။

www.burmeseclassic.com

www.burmeseclassic.com



အဲ_ သပ်ရှင်းရှင်း ဆိုရလျှင် ခုတင်ပေါ်တွင် ပက်လက်အိပ်နေသည်ပေါ့၊ သို့ပေမင့် မပျော်ပါ။ အိပ်၍မပျော်ပါ။ စဉ်းစားစရာတွေ အရာအထောင်က သူ၏ အိပ်ချင်စိတ်ကို မောင်းထုတ်ပစ်နေပါသည်။

ပစ္စက္ခ ကာလမတိုင်မီက ဖြစ်ပျက် ကြုံတွေ့ခဲ့ရသော အကြောင်းအရာတွေကို ဆက်စပ်တွေးတောကြည့်နေမိပါ၏။ ဒေါ်ခင်မျိုးလင်း သူ့ထံရောက်လာသည်ကအစ ကြုံခဲ့ရသော ဖြစ်ရပ်အတွေတွေကို ရေရေလည်လည် ပြန်လည်သုံးသပ်နေမိခဲ့၏။

အစိကကတော့ ဗိုးမောင်မောင်ကို မည်သူက ဖြောင်သွားသနည်း။ ဗိုးမောင်မောင်သည် ဒေါ်ခင်မျိုးလင်းတို့နှင့် မည်ကဲ့သို့ ပတ်သက် ယှက်နွယ်၍ နေရသနည်း။

သို့တစေ....

အဖြေကို တိတိပပသုံးသပ်၍မရ။

တိကျသေချာသည်ကတော့ သူသည် ဒေါ်ခင်မျိုးလင်း ဦးဝင်းထွတ်တို့၏ ရွှေစင်နတ်ဘုရားမ အရုပ်တော်ပုံတွင် လုံးလုံးလျားလျား ပါဝင်ပတ်သက်နေပြီ ဖြစ်ကြောင်းပင်။

'ရွှေစင်နတ်ဘုရားမတဲ့'

ဘယ်လောက်လှသလဲတော့ သူ မသိပါ။

ပြီးတော့....ပပလင်းပြောခဲ့သည်။ ဘီလူးရုပ်တွေ နတ်ရုပ်တွေ ရွှေလင်ပန်းနှင့် ထည့်ထားသော ခေါင်းပြတ်ကြီး။



သည်စဉ်မှာပင် ခြေသံလိုလိုကို စတင်ကြားရသည်။ အသံက စက္ကူပါးပါးကို လေပြည်တိုးသည့် အသံလို ဖြစ်သွားသည်။ သို့ပေမင့် လေပြည်တိုးသည့် အသံမဟုတ်။

ဘခက်သည် သူ့တစ်ကိုယ်လုံး တုတ်တုတ်မျှမလှုပ်မိအောင် ငြိမ်နေလိုက်၏။ သူ့မျက်စိတွေလည်း မှေးထားလိုက်သည်။ သို့ပေမယ့် မြင်ရသည်။ သူ့ခေါင်းရင်းတွင် ငါးဝပ်မီးတိုင်ကလေးရှိ၏။ အလင်းရောင်ဖျော့ဖျော့သည် အမှောင်ရင့်ရင့်တွင် ဝင်းပနေသည်။

သည်စဉ်မှာပင် သူ့ခြေရင်းမှ မှန်ပြတင်းပေါက်တွင် မည်းခနဲ မြင်လိုက်ရ၏။ ဘခက် တုတ်တုတ်မှမလှုပ်။ မပွင့်တပွင့် ဖွင့်ထားသော မျက်ခွံကြားမှနေ၍ အာရုံစိုက်ပြီး ကြည့်သည်။ အသက်ကိုလည်း အဝင်အထွက်မှန်အောင် ခပ်မြင်းမြင်း ရှူနေသည်။

မှန်သားပြင်မှ အရိပ်သည် မည်းရာမှ တဖြည်းဖြည်းပီပြင်လာ၏။

'အား....'

စူးစူးဝါးဝါး လန့်၍ အော်မိမတတ် ဖြစ်သွား၏။

ဘခြားသူသာဆိုလျှင် လိပ်ပြာစဉ်သွားမတတ် လန့်အော်မိပါလိမ့်မည်။

ခေါင်းကြီးတစ်လုံး။

မျက်နှာကြီးတစ်ခု၊

မျက်လုံးတစ်စုံသည် ဘခက်ကို ကြည့်နေ၏။ ခေါင်းကြီးသည် ဆံပင်တစ်မျှင်မှ မရှိသည့် အရေခွံကြီး သက်သက်

www.burmeseclassic.com

www.burmeseclassic.com



သဲသာ ဖြစ်သည်။ မျက်နှာကြီးသည် ပုံပန်းပျက်လျက် ရှုံ့တွ တွန့်လိမ်နေသော်လည်း မျက်လုံး အစုံကမူ ပကတိ ဝင်း ပြောင်နေသည်။

သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညှင်း ထသွားသည်။

ဘာလို့ ထရမှာလဲ။

ရင်ခွဲရုံထဲတွင် ဒီထက် ပုံပျက်ပန်းပျက် အလောင်း ကောင်တွေတောင် မှုခင်းသတင်းထောက်လုပ်ရင်း တွေ့ခဲ့ သေးတာပဲ။

ဘခက်သည် အိပ်ရာပေါ်မှ ဝုန်းခနဲ ခုန်ထလိုက်ပြီး ပြတင်းပေါက်ဆီသို့ ပြေးခဲ့၏။ ခေါင်းကြီးသည် ရိပ်ခနဲ ပျောက်သွားသည်။ သူက ကမန်းကတန်း ဖွင့်၍ ကြည့် လိုက်သည်။ ကားရုံဘေးမှ ကော်ရစ်ဒါတစ်လျှောက် ရိပ် ခနဲ မည်းခနဲ ပြေးသွားသည်ကို တွေ့လိုက်ရ၏။

သူသည် ပြတင်းပေါက်မှ ဖျပ်ခနဲ ကျော်ထွက်လိုက်ပြီး ကော်ရစ်ဒါတစ်လျှောက် ပြေးခဲ့သည်။ ကော်ရစ်ဒါအဆုံး တွင် ကြောင်လိမ်လှေကားငယ်တစ်ခုကို တွေ့ရ၏။ ကားရုံ အပေါ်ထပ်သို့ ဘေးမှတက်နိုင်သည့် လှေကားငယ် တစ်ခု ပင်။

ဘခက်သည် လှေကားထိပ်တွင် ရပ်ရင်း ဝန်းကျင်ကို ကြည့်လိုက်သည်။

အမှောင်ထုမှတစ်ပါး မည်သူ့ကိုမျှ မတွေ့ရ။

ကျေနပ်နိုင်ရိုးလားကွယ်။



ဒါလောက်နဲ့ ဘခက်ကို လာဇမ်းလို့တော့ ဘယ်ကျေ နပ်နိုင်ပါ့မလဲ။

သူသည် ကြောင်လိမ်လှေခါးမှ တစ်ဆင့် အောက်သို့ ခပ်သွက်သွက် ဆင်းခဲ့၏။ သူ အောက်သို့ အရောက်တွင် တိုက်ကြီး၏ နောက်ဖေး၌ မည်းခနဲ လှုပ်သွားသည်ကို မြင် လိုက်သလိုပင်။

သို့ပေမယ့် မသေချာ။ တိုက်နောက်ဖေးတွင် မှုန်မှိုင်း သိပေသော မီးလုံးကလေးတစ်လုံးသာ ရှိသည်မို့ အလင်း အား နည်းလှ၏။

ဦးသာဘန်းများလား။

ဘခက်သည် တိုက်နောက်ဖေးသို့ ခြေသံလုံလုံ နင်းရင်း ရောက်ရှိသွားသည်။

သည်မှာလည်း ကြောင်လိမ်လှေကားငယ်တစ်ခုကို တွေ့ ပြန်သည်။ အပေါ်ထပ်သို့ တက်သည့် လှေကားပဲ ဖြစ် သည်။

ဘခက်သည် လှေကားခြေရင်းတွင် ရပ်ရင်း ခေတ္တ စဉ်း စားလိုက်၏။ ခပ်စောစောက မည်းမည်းသဏ္ဌာန်ကြီးသည် ဤလှေကားရင်းတွင် ပျောက်သွားခဲ့သည် မဟုတ်ပါလား။

သူသည် အေးစက်သော သံလှေကားများကို တစ်ထစ် ချင်း နင်းတက်ခဲ့ပါ၏။ တာဝတိံသာသို့ တက်နေရသည့် အလား မြင့်မားလှပါသည်။ လှေကားအဆုံးတွင်တော့ မှုန် ဝါးသော အလင်းရောင်တန်းကလေး ထိုးထွက်နေသည့် တံခါးချပ်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တံခါးချပ်ကို အသာကိုင်လိုက်သည်။

သူ့လက်တွေ တုန်ရင်နေပါသည်။

ဖွင့်သင့်....မဖွင့်သင့်။

'အား....'

အသံနက်ကြီးနှင့်အတူ သူ့တစ်ကိုယ်လုံး ကိုင်လှုပ်သလို ခါသွား၏။

တိုက်နောက်ဖေးရှိ ညောင်ပင်ကြီးပေါ်မှ ညဉ့်ငှက်တစ်ကောင် လန့်ဖျပ် အော်မြည်ရင်း ထပျံသွားသည်။

ဘခက် ရယ်ချင်သွား၏။

တုန်သွားသော သူ့ခန္ဓာကိုယ်ကိုလည်း ကျိန်ဆဲမိသည်။

သူသည် တံခါးကို အသာ တွန်းဖွင့်လိုက်ပြီး ခေါင်းထိုး ကြည့်လိုက်သည်။

မှုန်မွှားသော မီးရောင်မှအပ အထွေအထူးမရှိ။

'ကဲ....ဝင်တယ်ကွာ'

'ဘာဖြစ်သေးသလဲ'

ဘာမှ မဖြစ်ပါ။

သူသည် ကျဉ်းမြောင်းသော အခန်းကလေး တစ်ခုထဲသို့ ရောက်သွား၏။

ရှေ့တွင် တံခါးတစ်ချပ် တွေ့ရသည်။ တွန်းလိုက်သည်။ ပွင့်သွားသည်။ ဝင်လိုက်သည်။

'မြတ်စွာဘုရား....'

သည်တစ်ခါတော့ ဘခက် အသေအချာ လန့်သွားမိပါ၏။



အပေါက်ဝတွင် သူ့ကို ငင်းပုတ်ကြီးနှင့်ထုမည့် ဘီလူးကြီးကို မြင်လိုက်ရ၏။ သို့ပေမယ့် မထုပါ။ သူသည့် ဘီလူးကြီး၏ဒူးကို ကိုင်ကြည့်သည်။ မာ၏။ သစ်သားရုပ်ကြီးပေပဲ။ ဘယ်လှုပ်ပါ့မလဲ။

သူသည် ရှေ့တူရူသို့ ကြည့်လိုက်သည်။ မှိုးတိုးမတ်တတ် ရပ်နေသော အရုပ်တွေကို မှုန်မွှားသော အလင်းရောင်အောက်တွင် မပီမသ မြင်ရသည်။ မီးရောင်သည် ဖျော့စစ်မီး မဟုတ်....ဖယောင်းတိုင်မီး ဖြစ်ပုံရသည်။

နတ်ရုပ်တွေ။

မနုဿီဟတွေ။

နဂါးကြီးတွေ။

ကိန္နရီ ကိန္နရာတွေနှင့် ရှေးဟောင်းပြတိုက်ကြီး တစ်ခု အလား ထင်မှတ်ရ၏။

အလိုလေး....ဟိုဟာကြီးက၊ ဘာကြီးပါလိမ့်။

သူ့ခေါင်းပေါ်တွင် ဝါဆိုဖယောင်းတိုင်ကြီး တောက်လောင်နေသည်။

သူ့ကို ရွှေလင်ပန်းနှင့် ထည့်ထားသည်။

ဘခက်သည် ခေါင်းပြတ်ကြီးထံသို့ ချဉ်းကပ်ခဲ့၏။

သည့်စဉ်မှာပင် အခန်းတစ်ခု ပွင့်သံ ကြားရသည်။ ကျိုးကျိုးကျွီကျွီ မြည်သွားသည်။

သူသည် အရုပ်ကြီးတစ်ခု၏ဘေးတွင် ရပ်၍ ငြိမ်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်နှင့်လူက ရောသွား၏။ မည်းမည်းသဏ္ဍာန် တစ်ခု လျှောထလာပြီး အခန်းတစ်ခုထဲသို့ ဝင်သွားသည်။ ဓာတ်ခါး ပြန်ပိတ်သွားသည်။

'ထောက်' ခနဲ မီးဖွင့်သံနှင့်အတူ မှန်ပြတင်းမှ လျှပ်စစ်မီးရောင်တွေ ထိုးထွက်လာ၏။ ဘခက်သည် ငါးမိနစ်ခန့် အရုပ်ကြီးနှင့် ရော၍ ရပ်စောင့်နေမိသည်။

ထို့နောက် မီးရောင်တွေ ထိုးထွက်နေသော ပြတင်းပေါက်အနားသို့ ကုန်းကုန်းကွကွ ချဉ်းကပ်ခဲ့သည်။ သူသည် ပြတင်းပေါက်ဘေးတွင် ကျောမှီရင်း ကပ်လိုက်၏။ ပြီး.... ခန္ဓာကိုယ်ကို အငြင်သာဆုံး ရွှေ့လျားရင်း အခန်းတွင်းကို ကြည့်လိုက်သည်။ ခန်းဆီးသည် အနည်းငယ် လှစ်ဟနေသည်။ ခန်းဆီးအကြားမှနေ၍ လူတစ်ယောက်ကို မြင်ရ၏။ သူသည် ပြောင်လက် တောက်ပသော မဟော်ဂနီရောင် စားပွဲကြီးတွင် ဘခက်ကို ကျောပေးရင်း ထိုင်နေပါသည်။

နောက်ကမြင်ရသည့် သူ့အသွင်က ခန့်ညား ထယ်ဝါလှသည်။ ညဝတ်အင်္ကျီရှုံ့ထည်ကြီးကို ဝတ်ထားပေမယ့်သေသပ်ကျနစွာဖြီးထားသော ဆံပင်များနှင့် ဖြူဝင်းသော လည်ကုပ်ကို တွေ့ရသည်။

သူသည် စားပွဲပေါ်ရှိ ပန္နည်းအချို့ကို ကိုင်ကြည့်လိုက် ရွှေမှုစာရွက်တွင်ရေးလိုက်နှင့် သူ့အလုပ်ကို စိတ်ဝင်စားစွာ လုပ်ကိုင်နေသည်။

ဦးဝင်းယွတ်။



ဟုတ်သည်။ ဦးဝင်းထွတ်ပဲဖြစ်ရမည်။ ဘခက်သည် ယခင်က ဦးဝင်းထွတ်ကို လုံးဝမမြင်ဖူးခဲ့ပါ။

သူသည် ဦးဝင်းထွတ်ကို စိတ်ဝင်စားစွာစောင့်ကြည့်နေမိပါသည်။ ဦးဝင်းထွတ်သည် သူ၏ဘေးရှိ ဗီရိုကြီးတစ်ခုကို ဖွင့်လိုက်၏။ ပြီး တစ်ခြမ်းပဲ့နေသော လူအရိုးခေါင်းတစ်ခုကို ထုတ်ယူလိုက်ပြီး သူ့ရှေ့တွင်ချသည်။

ဤစဉ်မှာပင် သူ၏ ခန့်ညားချောမောသော ရုပ်ရည်ကို ဘခက် မြင်လိုက်ရခြင်းပင်။ ဦးဝင်းထွတ်၏ မျက်နှာသည် သူထင်မှတ်ထားသည်ထက် ပို၍ နုငယ်သည် အရွယ်တင်သည်ဟု ဆိုရလေမလား။

ဦးဝင်းထွတ်သည် ညသန်းခေါင်အချိန်တွင် မည်သည့်အတွက် မအိပ်နိုင်သေးဘဲ သူ့လုပ်ငန်းကို လျှို့ဝှက်စွာဆောင်ရွက်နေသနည်း။ ခပ်စောစောက မော်တော်ကားရှိ အပေါ်ထပ် ပြတင်းပေါက်တွင် မြင်ခဲ့ရသော ကြောက်စရာမျက်နှာကြီးနှင့် သူသည် မည်သူနည်း။

ဘခက် မျက်စိမမှား....

ပြတ်ပြတ်သားသား မြင်လိုက်ပါလျက်နှင့် ယခုတော့ မတွေ့ဖြစ်နေသည်။

သည်အိမ်ကြီးတွင် ကြောက်စရာမျက်နှာနှင့် ဦးပြည်ပြောင်ပြောင် လူတစ်ယောက် ရှိနေသလော။

ဘခက်သည် ဦးဝင်းထွတ်၏ လှုပ်ရှားမှုများကို ပြတင်းပေါက် ခန်းဆီးအကြားမှ တစေ့တစောင်း စောင့်ကြည့်နေမိသည်။ အကယ်၍ တိုက်ကြီး၏အပေါ်ထပ်ရှိ လျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းပြတိုက်ကြီးထဲတွင် သူရောက်ရှိနေသည်ကိုဦးဝင်းထွတ် သိသွားပါက မလိုလားအပ်သော အကျိုးဆက်တွေ ဖြစ်လာနိုင်မည်။ ဒါကို ဘခက်သိပါသည်။

ဘခက်သည် ပြတင်းပေါက်ဘေးမှ ခွာလိုက်၏။ သည်စဉ်မှာပင် သူ၏လှုပ်ရှားမှုများကို တစ်နေရာက စောင့်ကြည့်နေသလို စိတ်မှာ ခံစားလိုက်ရသည်။

သူ့ပတ်ပတ်လည်တွင် ရှေးဟောင်းရုပ်တုကြီးတွေ ဝန်းရံနေသည်။ သို့ပေမယ့် နည်းနည်းကလေးမှမလှုပ်။ တောင့်တောင့် မတ်မတ် မည်းမည်းကြီးတွေသာဖြစ်၏။ သည် သက်မဲ့ ရုပ်တုကြီးကတော့ သူ့ကိုမြင်ကြဟန်မတူ။

သူသည် ခေါင်းပြတ်ကြီး ထည့်ထားသော ရွှေလင်ပန်း ကြီးသို့ ရောက်လာသည်။

ဤတွင် မျက်လုံးအစုံကို မြင်လိုက်ရခြင်းပါပေ။

ဝင်းပြောင်သော မျက်လုံးတစ်စုံသည် အမှောင်တွင်းမှ သူ့ကို စောင့်ကြည့်နေသည်။ သို့ပေမယ့် ကိုယ်လုံးကိုယ်ထည်က အမှောင်နှင့် ရောထွေး ပျောက်ကွယ်နေသည်။

ဘခက်သည် ရှေးဟောင်းသေတ္တာကြီး တစ်လုံးပေါ်မှ မျက်လုံးအစုံကို ပြန်၍ ရဲရဲဝံ့ဝံ့ကြည့်လိုက်သည်။

မှန်ပါသည်။ ကြောင်နက်ကြီးတစ်ကောင်ပဲ ဖြစ်ပါ၏။

ကြောင်နက်ကြီးသည် သေတ္တာကြီးပေါ်တွင် ငုတ်တုတ် ထိုင်ရင်း သူ့ကို မုန်းတီးစက်ဆုပ်စွာ ကြည့်နေပါသည်။ သူ၏ နီးကြောင်စိုးဝှက် လှုပ်ရှားမှုမှန်သမျှကို ကြောင်နက်ကြီး သိလေဟန်ရှိသည်။



ဘခက်သည် ငြိမ်သက်စွာ ရပ်နေ၏။ ပြီး ညာလက်ကို သေမသာ ရွှေ့လျားလိုက်သည်။ သူ့လက်က ကိုင်၍ရသော တုတ်ပစ္စည်းတစ်ခုကို ဆုပ်ကိုင်မိ၏။

'အား....'

စူးရှကျယ်လောင်သော ဝမ်းခေါင်းသံကြီး နှင့် အတူ ကြောင်နက်ကြီးက သူ့ကိုခုန်အုပ်လိုက်သည်။

ဘခက်သည် ကိုယ်ကိုဘေးသို့ တစ်ပတ်လှည့်၍ ရှောင်လိုက်ရင်း သူ့လက်ထဲမှ ပစ္စည်းနှင့် ကြောင်နက်ကြီးကို တအားရိုက်ချလိုက်သည်။

တိုက်ကြီး၏အပေါ် ထပ်ဘစ်ခုလုံး ကမ္ဘာပျက်မတတ်ဆူညံသွားသည်။ ကြောင်နက်ကြီးသည် စူးစူးဝါးဝါး အော်မြည်ရင်း ပျောက်ကွယ်သွားသလို ဘခက်ခန္ဓာကိုယ်က လင်ပန်းကြီးကို တိုက်မိသည်။

ခေါင်းပြတ်ကြီး ထည့်ထားသော ရွှေလင်ပန်းကြီးမှာ ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားသည်။ သစ်သား ခေါင်းပြတ်ကြီးသည် ဘခက်၏ခြေရင်းသို့ လိမ့်လာသည်။ ခေါင်းပြတ်ကြီး၏ ယယ်ထိပ်တည့်တည့်တွင် စိုက်ထူထွန်းညှိထားသော ဖယောင်းတိုင်မီးမှာ ခြာခြာလည်ရင်း ငြိမ်းသွားသည်။

တစ်ခန်းလုံး မှောင်သွားသည်။

မည်းသွားသည်။

တိတ်ဆိတ်သွားသည်။

အမှောင်ထဲမှ ရုပ်တုကြီးတွေ ရွေ့လျားလာပြီး သူ့ကို ဝိုင်းအားလေပြီဟု ဘခက်စိတ်တွင် ထင်မှတ်လာ၏။ သူ့

www.burmeseclassic.com

www.burmeseclassic.com



ကော်တိုင်ထုံး ဖျဉ်းခနဲဖြစ်သွား၏။ ငယ်စဉ်ကတည်းက အရိုးစွဲထားသော ကြက်သီးမွေးညှင်းတွေ ထလာသည်။

သူသည် ကြောင်လိမ်လှေကားရှိရာသို့ ပြေးခဲ့သည်။ လှေကားထိပ်အရောက်တွင် အောက်မှ ခွေးကြီးတွေ မာန်ဖီသံကို ကြားရသည်။

ရန်လုံ၊ ယက္ခနှင့် ဦးသာဘန်းတို့ပင်။

ယင်းကာလမှာပင် သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လာသော ခြေသံကို အမှောင်ထဲမှ ကြားရသည်။

သူ့မျက်နှာတွင် ချွေးချေးတွေ ပြန်လာသည်။

သူရပ်တည်နေရသော အခြေအနေဆိုးကိုလည်း ရုတ်ချည်းသဘောပေါက်လာမိသည်။ ရှေ့တိုးလျှင် တံပိုး၊ နောက်ဆုတ်လျှင် လှည်းတုတ်။

ဘခက်သည် တိုက်ကြီး၏ နံရံအစွန်းတွင် ခြေတစ်ဖဝါးစာ ထွက်နေသော အစွန်းကလေးသို့ ကုတ်ကုတ်ကပ်ကပ် ကျော်၍ ကူးလိုက်သည်။ ထိုမှသည် တရွေ့ရွေ့ နေရာရွှေ့ရင်း သံလှေကားနှင့် ဝေးရာနေရာသို့ တွယ်ကပ် ရောက်ရှိသွားသည်။

သူ့ခန္ဓာကိုယ်မှာ နံရံနှင့် တစ်သားတည်းလို ကပ်နေသည်။ နည်းနည်းကလေး စောင်းလိုက် တိမ်းလိုက်သည်နှင့် မြေပြင်သို့ ပိုးလိုးပက်လက် ကျသွားမည်၊ အရိုးတွေ အသားတွေ တခြားစီ ဖြစ်သွားမည်။

'အောက်က ဘယ်သူလဲဟေ့'

လှေကားထက်မှ အသံကြားရပါသည်။ ဦးဝင်းထွတ်ပဲ ဖြစ်မည်။



'ကျွန်တော် သာဘန်းပါ ဆရာကြီး'

'အေး....ရန်လုံနဲ့ ယက္ခကို လွှတ်ထားစမ်း'

'ဟုတ်ကဲ့....ဆရာကြီး'

လူသံတွေပျောက်သွားသည်။

သို့သော် ခွေးကြီးတွေ၏ မာန်ဖီသံက ကြားရသည်။

ဘခက်သည် တိုက်အစွန်းတွင် တွယ်ကပ်နေပါသည်။ ကြာတော့ ခြေထောက်တွေ တောင့်လာ၏။ တွယ်မိတွယ်ရာ တွယ်ထားသော လက်နှစ်ဘက်မှ အကြောအချဉ်တွေက ကိုက်ခဲလာသည်။

သူသည် ခြေထောက်ကို တစ်လက်မဆီရွှေ့ရင်း ပြတင်းပေါက်တစ်ခုရှေ့သို့ နေရာရွှေ့သွားသည်။ အတွင်းမှပိတ်ထားသဖြင့် ရင်မောသွားရပြန်၏။

ရန်လုံနှင့် ယက္ခသည် ကြောင်လိမ်လှေကားကို မသက်ာဟန်ဖြင့် ရစ်သီရစ်သီ လုပ်နေကြသည်။ အမှောင်ထဲမှ သူ့ကို မြင်ဟန်မတူသော်ပငြ်း ခေါင်းကြီးတွေမော့၍ ကြည့်နေကြသည်ကို ဝိုးတဝါး လှမ်းမြင်ရသည်။

ဘခက် ကျောထဲတွင် စိမ့်သွားမိ၏။

တစ်ညလုံး သည်ပုံစံဖြင့် နေရမည်ဆိုလျှင်ကတော့ အသေအချာပင်။

သူသည် ခြေထောက်ကိုရွှေ့ရင်း အခြားပြတင်းပေါက်တစ်ခုသို့ ရောက်ခဲ့ပြန်သည်။

သည်တစ်ခါတော့ ထခုန်မတတ် ဝမ်းသာသွားသည်။

သို့သော်လည်း ထမခုန်ရဲပါ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချက်ထိုးမထားသော ပြတင်းတံခါးကို အသာတွန်းဖွင့်ရင်း အတွင်းသို့ ဖြတ်ခနဲ ကျော်ဝင်လိုက်သည်။

တိုက်ကြီးထဲသို့ ဒုတိယမ္ပိ ခြေချမိခြင်းပင်။

အတွင်း၌ အောက်သို့ဆင်းသော လှေကားထစ်များကို တွေ့ရ၏။

ဆင်းရုံပေါ့....

ဘယ်တတ်နိုင်တော့မလဲ။

ဘခက် ဆင်းခဲ့သည်။

လှေကားအဆုံးတွင် တံခါးတစ်ချပ် တွေ့ရသည်။

တံခါးကို အသာတွန်းဖွင့်လိုက်သည်နှင့် လျှောက်သွားစင်္ကြံတစ်ခုက သူ့ရှေ့တွင် ပေါ်လာသည်။

စင်္ကြံဘေးတွင်လည်း မျက်နှာချင်းဆိုင် အခန်းတွေရှိနေသည်။ စင်္ကြံအဆုံးတွင် ဧည့်ခန်းရှိမည်ဟု သူက တွက်ဆလိုက်ပြီး ခြေသံလုံလုံနင်းရင်း လျှောက်လာခဲ့၏။

စင်္ကြံမဆုံးမီ ရှေ့တူရူရှိ ဧည့်ခန်းအတွင်းမှ မီးတွေထိန်လင်းလာသည်။ ဘခက်သည် အခန်းတစ်ခု၏ တံခါးဝတွင် ကျောကပ်လိုက်သည်။ စင်္ကြံအတွင်းသို့ လျှောက်လာသော အသံကိုလည်း ကြားရ၏။

ခြေသံသည် သူနှင့်တဖြည်းဖြည်းနီးလာပြီး ရပ်သွားသည်။

ကျွီခနဲ တံခါးဖွင့်သံကြားရပြီး အတွင်းသို့ဝင်သွား၏။

အဘယ်သူနည်း။

ဘခက် မပြောတတ်ပါ။



သူသည် မှီထားသောတံခါးကို အသာအယာတွန်းကြည့်ရာ မမျှော်လင့်ဘဲပွင့်သွား၏။ ပြာလဲ့လဲ့မီးရောင်ကလေးသည် တံခါးကြားမှ တိုးထွက်လာသည်။

ဘခက်သည် အခန်းတွင်းသို့ လှစ်ခနဲဖွင့်ဝင်လိုက်သည်။

‘ဟော....’

တွေ့ကြပါပြီ မျက်နှာချင်းဆိုင်။

ပပလင်းသည် သူ့ကို ကြောင်ကြည့်နေ၏။

အသံကုန်အော်ဟစ်လိုက်ဖို့ သူမပါးစပ်တွေကို အားယူထားသည်နှင့် ဘခက်က သူမကိုပွေ့၍ ပါးစပ်ကိုပိတ်ပစ်လိုက်သည်။

ပပလင်း ရင်တွေအေးခနဲဖြစ်သွားမိ၏။

သူ့ရင်ခွင်ထဲမှ ရှုန်းဖို့ကန်ဖို့ကိုယည်း မေ့သွားမိပါသည်။

သူသည် ပါးစပ်ကို လက်ဝါးနှင့် ပိတ်ထားရင်း ပပလင်းကို အံ့သနားခံသလို ကြည့်နေသည်။ သူ့မျက်လုံးတွေ တောင်းပန်စကားတွေ ပြောနေသည်။

သူ....အစ်ကို....

ကိုဘခက်....

အပေါ်ထပ်က အသံတွေကြားရကတည်းက ပပလင်းနိုးနေနှင့်ပါပြီ၊ ပြီးတော့ ခွေးသံတွေ၊ လူသံတွေ။

နောက်တော့ တစ်ကိုယ်လုံး ဆိတ်ဆိတ်ငြိမ်ငြိမ်ဖြစ်သွား ပပလင်း ထလိုက်သည်။

ခုတင်ပေါ်တွင် ထိုင်လိုက်သည်။

www.burmeseclassic.com

သူမ၏အခန်းရှေ့မှ ခြေသံရှရှကိုကြားရတော့ ခြေကို ဖော့ရင်း တံခါးဝသို့ လျှောက်လာခဲ့သည်။

အခုတော့ သူ....အစ်ကို။

ညကြီးသန်းကောင် သူ့အခန်းထဲသို့ ဝင်လာသည်။ ပပလင်း အသည်းတွေ အေးသွားရပါသည်။ သူမတစ်ကိုယ်လုံးသည် သူ့ရင်ခွင်ထဲတွင် နစ်နေ၏။

'မအော်လိုက်နဲ့နော် ပပ၊ အစ်ကို ပပကို ဘာမှမလုပ်ပါဘူး'

ဘခက်သည် သူမ၏နားစတွင် ကပ်၍ တိုးညင်းစွာပြောလိုက်သည်။ နွေးထွေးသော သူ၏အာငွေ့က ပါးပြင်ပေါ်သို့ သက်ရောက်လာ၏။ ပပလင်း သတိရလာပြီး ခေါင်းကို အသာညိတ်၍ သူ့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

သည်တော့ ကပိုကရို လျှော့တိလျှော့ရဲရှိနေသော ညဝတ်အင်္ကျီကို ကဗျာကသီ လက်နှင့် ကာမိပါသည်။

'အစ်ကို့ကို ခွင့်လွှတ်ပါ ပပ၊ အစ်ကို ဒုက္ခတွေလာလို့ပါ'

'ဟင်....ဘာဒုက္ခလဲ၊ ပပအခန်းကို ဘာလို့ဝင်လာတာလဲ'

'ပြောပါ့မယ် ပပ၊ ဒါပေမယ့် ပပအခန်းကို အစ်ကို တမင်သက်သက်လာတာ မဟုတ်ဘူး၊ ဒီအခန်းဟာ ပပအခန်းဆိုတာလဲ အစ်ကိုမသိဘူး'

သူတို့အသံတွေက လေသံမျှသာ....



တိတ်တခိုးပြောသည့် သမီးရည်းစားပမာလို ရှိုးရှိုးရှွတ်ရှွတ်ကလေးသာ ဖြစ်ပါသည်။

'ဒါဖြင့် ဘာလို့ဝင်လာတာလဲ၊ ပပရှက်တယ်'

ပပလင်းသည် ခုတင်စောင်းတွင် လက်ကလေးပိုက်လို့ ထိုင်သည်။

'အို....အစ်ကို'

'အစ်ကို့ကို ပပအခန်းမှာ ခဏလေးနေခွင့်ပေးပါ'

ပပလင်း သူ့စကားတွေကို နားမလည်နိုင်ပါ။

ညကြီးသန်းခေါင် အပျိုစင်ကလေး၏ အိပ်ခန်းအတွင်းသို့ ဧည့်သည်ရောက်လာသော သူ့ကိုလည်း မကျေနပ်မိပါ။

'အော်မှာပဲ၊ အစ်ကိုမဟုတ်တာလုပ်ရင် အော်မှာပဲ၊ အခုတောင် အော်ချင်နေပြီ'

ဘခက် မျက်လုံးပြူးသွားသည်။

'အမယ်လေး....မအော်လိုက်ပါနဲ့ မမရယ်၊ ကျုပ်တော့ ထောင်ကျတော့မှာပဲ'

သူ့အသွင်က ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

သည်တော့လည်း ပပလင်း မအော်ရက်ပါ၊

'ဒါဖြင့် အချိန်မတော်ကြီးမှာ....'

'ဟုတ်ဘယ်....အစ်ကို ပပပြောတဲ့ နတ်ရှင်တွေ၊ ဘိုးသူနှင်တွေကို အပေါ်ထပ်တက်ကြည့်တာ'

'ဘယ်ကတက်တာလဲ'

'နောက်ဖေး လှေကားက'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်....'

'ဟုတ်ပါတယ်၊ ပပ ဒက်ဒီနဲ့တွေလို့ ပြေးမိပြေးရာဆို ပြေးရင်း ဒီရောက်လာတာ၊ အပြင်မှာလဲ ခွေးကြီးတွေနဲ့ ဦး သာအုန်းခြံကို လှည့်နေတယ်'

သူတို့အသံက လေသံမျှသာဖြစ်သည်။

သို့တစေ ညက တိတ်ဆိတ်လွန်းနေ၏။ ရှိုးရှိုးရှစ်ရှစ် အသံတွေက ပျံ့လွင့်နေသည်။

ဤသည်မှာပဲ ဒေါ်ခင်မျိုးလင်း၏ ချောင်းဟန့်သံကို ကြားလိုက်ရ၏။ ပပလင်းတစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွား သည်။ ဘခက်သည် အခန်းအပြင်ဘက်သို့ ပြေးထွက်ရန်ဟန် ပြင်လိုက်သည်။

ပပလင်းက သူ့ကို ကမန်းကတန်း ထဆွဲရတော့သည်။

'မာမီနိုးနေတယ်၊ မထွက်နဲ့ဦး'

သူမအသံက ခိုးရိမ်တကြီး။

ပြီးတော့ ဘခက်ကို အတင်းဆွဲ၍ မတ်တတ်ဗီရိုကြီးဆီသို့ ခေါ်သွားသည်။ ဤစဉ်မှာပင် တံခါးဖွင့်သံ၊ ခြေလှမ်းလှမ်း သံကြားရ၏။

ပပလင်း ရင်တွေတုန်သွားသည်။ နှလုံးတွေခုန်သွား သည်။

'မာမီလာပြီ၊ ဒီထဲမှာဝင်နေ'

သူမသည် ဗီရိုကြီးကိုဖွင့်၍ ဘခက်ကို ထိုးထည့်လိုက်၏။ ဗီရို၏တစ်ခြမ်းမှာ ဆင့်များရှိပြီး ထဘီတွေ အခေါက်လိုက် ထည့်ထားသည်။



အဲ....တစ်ဝက်ကသော့ ပပလင်း၏ ညဝတ်အင်္ကျီတွေ ကြားထဲမှာ ဘခက်ဝင်ရပ်လိုက်သည်နှင့် ဗီရိုတံခါး ပိတ်သွား သည်။

ထွီနံ့လိုက်တာ....

ကညာသန့်သင်းသင်း အပျိုနံ့ပျံ့ပျံ့။

'ပပလင်း နိုးနေသလား'

ဒေါ်ခင်မျိုးလင်း၏အသံကိုကြားရသည်။ ဘခက်အသက် ရှူရဲတော့။

'ဟုတ်တယ် မာမီ၊ အပေါ်ထပ်က အသံတွေကြားရလို့ ပပ နိုးနေတယ်'

ဘခက်သည် အလင်းရောင်တန်းကလေး ထိုးဝင်နေသော ဗီရိုတံခါးကြားမှ အပြင်သို့မဝံ့မရဲကြည့်သည်။ မြင်ရသည်။

ပပလင်းသည် ခုတင်ပေါ်တွင်ထိုင်နေသည်။

ဒေါ်ခင်မျိုးလင်းသည် အခန်းတွင်းသို့ ဝင်လာသည်။

အမယ်....သူကလည်း ညဝတ်အင်္ကျီနဲ့ပဲ။

ဘခက်သည် သန်းကောင်ယံ အလှပြိုင်ပွဲကိုကြည့်ရဘိသကဲ့ သို့ ရှိနေ၏။ အမေလည်းလှသည်။ သမီးလည်း ချောသည်။ ပြောစရာ တစ်ခုပဲရှိ၏။

ဒေါ်ခင်မျိုးလင်းက အသက်ကြီး၏။

'မာမီလဲ အပေါ်ထပ်က ဆူညံညံ အသံတွေကြားလို့ ထွက်ကြည့်တာ၊ မဲ့ကျော်ပါကွယ်၊ ဒီကြောင် ကြွက်လိုက်ရင်း ဒယ်အိုးကြီးကို တိုက်မိသွားတာပါ'

'ဟုတ်လား....ပပဖြင့် လန့်သွားတာပဲ'

www.burmeseclassic.com



ဒေါ်ခင်မျိုးလင်း၏ မျက်လုံးသည် အခန်းတစ်ခုလုံးပျံ့နှံ့သွား၏။ ဗီရိုဆီသို့ရောက်လာသည်။ ခုတင်အောက်သို့ လှည့်သွားသည်။

'ပပအခန်းထဲကစကားပြောသံ ကြားသလားလို့'

မပပလင်းက ဣန္ဒြေမပျက် ပြန်ပြောလိုက်ရ၏။

'မောင်....မာမီကလဲ၊ ပပအိပ်မပျော်တာနဲ့ ကောမစ် ဖတ်နေတာပါ၊ မာမီကြားတာ စာရွက်လှန်သံပါ'

'ဩော်....အေး....အေး....အိပ်တော့.... အိပ်တော့....'

ပပလင်း ခုတင်ပေါ်သို့တက်သည်။ တစ်စောင်းကလေးကွေးရင်းလှဲသည်။

ဒေါ်ခင်မျိုးလင်းသည် ပပလင်း ခုတင်အောက်သို့ တစ်စေ့တစ်စောင်း ငုံ့ကြည့်ပြီး ထွက်သွားသည်။ အခုမှ ဘခက်သက်ပြင်းချနိုင်ပါတော့သည်။

ပပလင်း ရင်ထဲတွင်တော့ တထိတ်ထိတ် ခုန်နေတုန်း။ မာမီကို ကြောက်တာထက် သူ့ရှေ့တွင် အိပ်ရသည်ကို ပို၍စိုးရိမ်ပါသည်။ ရှက်ပါသည်။ သူ တော်တော့်ကို ဒုက္ခပေးသည်။

မတော်တဆ မာမီများတွေ့သွားရင် အခက်ပဲ၊ ဘယ်လောက်များ အရှက်ကွဲလိုက်မလဲ။

ဟင်း....သူ့ကျောပြင်ကို တစ်အားထုပစ်လိုက်ချင်အောင် ပပ စိတ်ဆိုးပါသည်။ တွေ့ရသည်မှာ မကြာတတ်သေးပေမယ့် ပပအခန်းထဲကို ပိုင်စိုးပိုင်နင်းဝင်လာပြီး ကဲပိုကရိုသူမကို ဖက်သည်။ ပါးစပ်ကိုပိတ်သည်။

အခုကော ဘယ့်နှယ်လုပ်ကြမတုန်းကွယ်။



တစ်ညလုံး....သည်ပုံစံအတိုင်း နေလို့ကတော့ မဖြစ်ရေးချဖြစ်ပါ။

စိတ်ညစ်လိုက်တာ။

ထိုစဉ်မှာပင်....

သူသည် ဗီရိုတံခါးကို အသာဟ၍ ထွက်လာသည်။ ပပလင်းသည် ခုတင်ပေါ်မှ ဆတ်ခနဲထလိုက်မိ၏။ သူသည် ပပလင်းထံသို့ ကျေးဇူးကုဋေတင်သော အပြုံးနှင့် လျှောက်လာ၏။

ပပလင်း ရင်မောသွား၏။ သူ့ကို ဒါလောက် အလိုလိုက်မိသည်ကိုပင် နားမလည်နိုင်အောင် ဖြစ်ရသည်။

'ကဲ....ဘယ်နှယ်လုပ်ကြမလဲ၊ ကျွန်မတော့ ရှင့်ကိုဒီအက်ပြီး မကူညီနိုင်တော့ဘူး'

ပပလင်း အသံမထွက်ပါ။

သို့ပေမယ့် သူမမျက်လုံးတွေက စကားပြောနေသည်။ ဘခက်ကလည်း အဓိပ္ပာယ်ပေါက်ပါ၏။ သို့မို့ကြောင့် ရင်မောနေသော ပပလင်းကို သနားသွားမိသည်။

ဘခက်သည် ပပလင်းကို ခေါင်းညိတ်ပြရင်း အခန်းဝသို့ လျှောက်သွားသည်။ ပြီး....တံခါးကို ညင်သာစွာ တွန်းဖွင့်ရင်း လစ်ခနဲ ထွက်ခွာသွားပါသည်။

ပပလင်း ရင်တဖိုဖိုဖြင့် ကျန်ရစ်ခဲ့၏။

တံခါးကို ထပိတ်သည်။

မပိတ်ခင် ခေါင်းပြူ၍ ကြည့်မိသေး၏။ ဤသည်မှာ စိုးရိမ်စိတ်ပဲဖြစ်မည် ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပလင်းသည် ခုံတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိ၏။ ရင်တထိတ်ထိတ် နားတစွင့်စွင့် စောင့်စားနေမိသည်။

မကြာခင် ရန်လုံနှင့် ယက္ခ၏ စူးစူးဝါးဝါး ဟောင်သံတွေ ကြားရသည်။

'ဘုရား....ဘုရား'

အစ်ကိုတစ်ယောက်တော့ ဒုက္ခပါပါကလား။

ဝ ဝ ဝ

ခုနစ်

နေခြည်ဖျော့ဖျော့သည် ပြတင်းတံခါးမှ တိုးဝင်လာသည်။ နံနက်သည် လှနေ၏။ ညက အရှုပ်ဆုံးသည်။ တစ်ညလုံး စိတ်သောကပွေ့စရာနှင့် ရေရေလည်လည် ကြုံကြိုက်ခဲ့ရပါသည်။

ညသန်းကောင်တွင် ဦးပြည်းပြောင်ပြောင်နှင့် ကြောက်မက်ဖွယ်ရာ မျက်နှာကြီးတစ်ခုက သူ့ကို ခိုးကြောင်ခိုးဝှက် စောင့်ကြည့်နေသည်မှုစ၏။

နောက်တော့ ဦးဝင်းထွတ်၏ လျှို့ဝှက် ရှေးဟောင်းပြ တိုက်ကြီးထဲသို့ ရောက်သွားသည်။



ကြောင်နက်ကြီး မဲကျော်။

မာန်ဖီနေသော ရန်လုံနှင့် ယက္ခခွေးကြီးနှစ်ကောင်။

သန်းခေါင်ယံက ရင်မောဖွယ်ရာ ကပိုကရို သားအမိ။

နောက်ဆုံးတွင်....တိုက်ကြီး၏နောက်ဖေးမှပြတင်းပေါက်ကိုဖွင့်၍ အပြင်သို့ ရောက်ခဲ့သည်။ ထိုစဉ်တွင် တိုက်ကြီး၏ ရှေ့တွင် ကင်းလှည့်နေသော ရန်လုံနှင့် ယက္ခသည် သူ့အနံ့ကို ဘယ်လိုဘယ်လို ရသွားသည်မသိ။ တိုက်နောက်ဖေးကို မာန်ဖီရင်း ပြေးလာကြသည်။

သူသည် မီတာတစ်ရာပြေးပွဲဝင်သလို မော်တော်ကားရှိ နောက်မှ ကြောင်လိမ်လှေကားသို့ သေပြေးရှင်ပြေး ပြေးခဲ့ရသည်။ နည်းနည်းကလေးမျှား နောက်ကျလျှင် သူ့အသားတွေ အတုံးလိုက် အတစ်လိုက် ပဲ့ကျန်ခဲ့မည်လား မသိတော့။

ဘခက်သည် နှဖူးပေါ်လက်မတင်ဘဲ ညကအဖြစ်အပျက်ကို ပြန်လည် စဉ်းစားနေမိသည်။

မမျှော်လင့်ဘဲ ဦးဝင်းထွတ်၏ ရှေးဟောင်းပြတိုက်ကို တွေ့ရသည်။

လှသော၊ ချောသော၊ ရင်တွင်မောရသော ပပလင်းတို့ သားအမိကို တွေ့ခဲ့ရသည်။ သို့ပေမယ့် သူ့ကို လာခြောက်လှန့်ခြောက်ခြောင်းခဲ့သော ကြောက်စရာ မျက်နှာပိုင်ရှင်မှာ ပျောက်နေ၏။

ဒါကို ဘခက် မကျေနပ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကျနိုင်ပါ။

အောက်ထပ်မှ လျှပ်စစ်ခေါင်းလောင်းသံ မြည်လာ၏။ ဘခက်သည် အောက်သို့ ကမန်းကတန်းဆင်းပြီး ကားရုံ တံခါးကို ဖွင့်လိုက်သည်။

ဦးသာဘန်းသည် တံခါးဝတွင် တောင့်တောင့်ကြီးရပ် ရင်း စောင့်နေသည်။

'ဆို....ဦးသာဘန်း'

'ဆရာကြီးက မောင့်ကို နာရီဝက်အတွင်း တွေ့ချင်သတဲ့'

ဘခက်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

'ဘာကိစ္စလဲ ဦးသာဘန်း'

'အမယ်...မောင်ရင်က ကြီးကျယ်လှချည်လား၊ မောင် ရင့် ကိစ္စရှိမှတွေ့ရတော့မှာလား'

'အား....ဦးသာဘန်းကလဲဗျာ၊ ခင်ဗျားများ တင်ကြိုသိ မလားလို့ မေးမိတာပါ၊ ကောင်းပြီလေ၊ နာရီဝက်အတွင်း ကျွန်တော် သွားတွေ့ပါ့မယ်၊ ဟုတ်လား'

'အေး....ဒါနဲ့ ညက မင်း တစ်ညလုံး မအိပ်ဘူးနဲ့တူတယ်'

'ဘာဖြစ်လို့လဲ'

'မင်းကြည့်ရတာ အိပ်ရေးပျက်ထားပုံ ပေါက်နေလို့ပါ ကွာ'

ဘခက် ရယ်လိုက်သည်။

'ဟုတ်တာပေါ့ ဦးသာဘန်း၊ ခင်ဗျားရဲ့ ရန်လုံ့နဲ့ ယက္က တစ်ညလုံး ဆူညံနေတာကိုး၊ ဒါနဲ့ ခင်ဗျားကော ည က အိပ်ရရဲ့လား'



ဦးသာဘန်းသည် သူ့မေးခွန်းကို ဖြေလိုဟန်မတူ။ ဖြေဖို့ လိုအပ်သည်ဟုလည်း အလေးထားချင်ပုံမရ။ သူ့ကိုကျော ခိုင်းထွက်သွားသည်။

တိုက်ကြီးထဲသို့ သူရောက်သွားချိန်တွင် ဒေါ်ခင်မျိုးလင်း သည် ဧည့်ခန်းထဲတွင် ခပ်တည်တည်ထိုင်နေသည်။

'မင်းကို အစ်ကိုကြီးက စကားပြောချင်သတဲ့၊ ဟောဟို စာကြည့်ခန်းထဲမှာ ရှိတယ်၊ ဝင်သွားပေတော့'

'ဟုတ်ကဲ့....မမ'

ခေါင်းညိတ်လိုက်သော်လည်း ညကကိစ္စကြောင့် ဦးဝင်း ထွတ်နှင့် တွေ့ရန်ဝန်လေးနေပါသည်။ ဦးဝင်းထွတ် ဘာ ပြောမလဲ'

ဘခက်သည် ခန်းဆီးအနက်ကြီး ကာထားသော မှန် တံခါးကြီးကို တွန်းဖွင့်၍ ဝင်လိုက်သည်။ အတွင်းမှာမှောင် နေ၏။ သို့တစေ ထိုင်နေသော လူတစ်ယောက်ကိုတော့ ဝိုး တဝါး မြင်ရလေသည်။

'ဘခက်ဆိုတာ မင်းလား၊ ကျုပ် ဦးဝင်းထွတ်'

'ဟုတ်ကဲ့....ကျွန်တော် ဘခက်ပါ'

'ထိုင်ပါ'

ဦးဝင်းထွတ်သည် မီးခလုတ်ကို ဖွင့်လိုက်သည်။ အလင်း ရောင် ဖျော့ဖျော့သည် ဘခက်၏မျက်နှာကို ဆလိုက်ထိုးလိုက် သလို လင်းလာ၏။

သူ့မျက်လုံးတွေ ဝါးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မှောင်ရိပ်တွင်ထိုင်နေသော ဦးဝင်းထွတ်မှာ ပို၍ တဲတဲကျဖြစ်သွားသည်။

သို့ပေမင့် ဦးဝင်းထွတ်ကို ဘခက် မှတ်မိပါသည်။

ညကပင် တွေ့ခဲ့ရသေးသည်ကပဲ....

'မင်း ယောကျ်ားကောင်းတစ်ယောက်လား'

ဦးဝင်းထွတ်၏ မေးခွန်းကို သူ ဘယ်လိုနည်းနှင့်မျှ မျှော်လင့်မထားခဲ့ပါချေ။

သို့သော် ချက်ချင်းပင် ဖြေလိုက်၏။

'ယောကျ်ားတော့ ယောကျ်ားပါပဲ၊ ဒါပေမယ့် သိပ်ကောင်းတယ်လို့တော့ မဆိုနိုင်ပါဘူး ခင်ဗျား'

သူ့အဖြေကို ဦးဝင်းထွတ် သဘောတွေ့သွားဟန်ရှိသည်။

'အင်း.... ဒါလောက်ဆိုရင် မဆိုးပါဘူး၊ လောကမှာ သိပ်ကောင်းတဲ့ ယောကျ်ားဆိုတာ အရှားသားကလား၊ ဒါနဲ့ မင်း ထူးထူးဆန်းဆန်း ဘာဝါသနာပါသလဲ ဘခက်'

ဟော.... ခက်နေပါပကော။

ဘယ့်နှယ်.... ဘယ့်နှယ် မေးနေပြန်ပါလိမ့်။

'ကျွန်တော့် ဝါသနာကတော့ သူများမမြင်စေချင်တာ၊ မသိစေချင်တာ၊ ဖုံးထားတာ၊ ကွယ်ထားတာတွေကို ကြည့်လို မြင်လို စူးစမ်းလိုတဲ့ ဝါသနာပါပဲ ဦးဝင်းထွတ်'

ဦးဝင်းထွတ် ပြုံးသွားပါသည်။ ဘာကြောင့်ရယ်လို့တော့ တိတိပပ မသိရပါ။

'အင်း.... မင်းနဲ့ ဦးနဲ့ကတော့ ဝါသနာချင်း အတော်တူတယ်ကွယ်၊ ဦးဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ယဉ်ကျေးမှု



အမွေအနှစ်ဖြစ်တဲ့ ရှေးဟောင်း ပစ္စည်းတွေကို ရှာဖွေနေဆောင်းနေတယ်၊ ဒါလဲ ဦးရဲ့ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး တိုင်းပြည်အတွက်ပါ၊ အဲ.... ဦးရဲ့ ကိုယ်ပိုင်ငွေကြေးနဲ့ ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းတွေကို ရှာဖွေမယ်၊ ဒီပစ္စည်းတွေရဲ့ သမိုင်းကို တတ်နိုင်သမျှ ပြုစုမယ်၊ တိုင်းပြည်ကို တင်ပြမယ်၊ ဦးရဲ့ရည်ရွယ်ချက်ကတော့ ဒါပဲ မောင်ဘခက်၊ အခု ဦး သမိုင်းနဲ့ပတ်သက်တဲ့ စာအုပ်တစ်အုပ်ကို ရေးနေတယ်'

ဘခက် အံ့ဩနေပါသည်။

သူလို ဒရိုင်ဘာတစ်ယောက်ကို အလေးအနက်ထား၍ စကားပြောနေသော ဦးဝင်းထွတ်၏ ရည်ရွယ်ချက်ကိုလည်း နားမလည်နိုင်အောင် ဖြစ်နေရသည်။

'တစ်နည်းအားဖြင့်ပြောရရင် ဦးတတ်နိုင်တဲ့ဘက်က တိုင်းပြည်တာဝန်ကို ကျေပွန်အောင် တစ်တပ်တစ်အား ဆောင်ရွက်နေတယ်လို့ ပြောနိုင်တယ် ဆိုပါတော့ကွာ ဒီမြေမှာနေး ဒီရေကိုသောက်နေမှတော့ ဒီတိုင်းပြည်အတွက် အကျိုးမပြုသင့်ဘူးလား'

ဘခက်သည် ဦးဝင်းထွတ်ကို လေးစားသွားမိ၏။

'ပြုသင့်ပါတယ်ဦး၊ ဒါပေမယ့်....'

ဦးဝင်းထွတ်သည် ဘခက်ကို အဓိပ္ပာယ်ပါပါကြည့်လိုက်သည်။

'ဆိုပါဦးလေ'

'ကျွန်တော်ဟာ ဒရိုင်ဘာတစ်ယောက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



သူ့တောင် ရည်ညွှန်းချက်ကို ဦးဝင်းထွတ် နားလည်လိုက်ပါသည်။

'ဒါကို ဦး မငြင်းလိုပါဘူး၊ မင်းဟာ ဒရိုင်ဘာ တစ်ယောက် ဆိုတာထက် မြူကြေးမုံသတင်းစာက အယ်ဒီတာမင်းမှူးခင်းသတင်းထောက် တစ်ယောက်ဆိုတာကို ဦးက ပိုပြီး အလေးအနက်ထားပါတယ်၊ စန္ဒရားမတီးတတ်ဘဲနဲ့ စန္ဒရားဘူခက်လို့ ကျော်ကြားနေတဲ့ မင်းရဲ့ဂိုဏ်းသကို ပိုပြီးနှစ်သက်ပါတယ်'

'ကဲ... ဘာခက်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါ ဦးဝင်းထွတ်'

'အခု ဦးရဲ့ တပည့်တွေ တူးဖော်နေတဲ့ ရှေးဟောင်းပစ္စည်းသိုက်တစ်ခုဟာ မျှော်လင့်တာထက်ပိုပြီး အကျိုးသက်ရောက်နိုင်စရာ အလားအလာတွေ တွေ့နေရတယ်၊ အဲ... ဦးကလဲ နှလုံးရောဂါသည်ဆိုတော့ ကိုယ်တိုင်ကိုယ်ကျ ဦးစီးဦးဆောင် မလုပ်နိုင်ဘူး၊ ဦးရဲ့ ဇနီးမျိုးကိုပဲ တာဝန်ပေးပြီး လုပ်ဆောင်ရမှာပဲ၊ မင်းတာဝန်ကတော့ မျိုးကို တတ်နိုင်သလောက် အကူအညီပေးပြီး စောင့်ရှောက်ဖို့ပါပဲ'

လေးစားစရာကောင်းသော ဦးဝင်းထွတ်၏ စကားကို ကြားမိတော့ အားနာလာသည်။ ဦးဝင်းထွတ်၏ဇနီး ဒေါ်ခင်မျိုးလင်း၏ မူတူတူ၊ ချွဲတဲတဲ အသည်းယားစရာကောင်းလှသည့် စကားတွေကို ကြားယောင်ရင်း ဦးဝင်းထွတ်ကို အားနာလာမိ၏။



ပြီးတော့ ဦးဝင်းထွတ်သည် သူ့အကြောင်းကို လိုသည်ထက် ပို၍သိနေ၏။ ဒေါ်ခင်မျိုးလင်း၏ လှုပ်ရှားမှု မှန်သမျှကို အရိပ်ပမာလိုနောက်ယောင်ခံနေသူတွေသည် ဦးဝင်းထွတ်၏ တပည့်တပန်းများ မဖြစ်နိုင်သလော။

ဤသို့ဆိုလျှင် ဒေါ်ခင်မျိုးလင်း၏ အသက်ကို မြွေတွေနှင့် လုပ်ကြံခဲ့သည့် လူတစ်စုက မည်သူတွေနည်း။ ပပလင်းကို ပင့်ကူနက်ဖြင့် သေကြောင်းကြံခဲ့သူတွေမှာ မည်သူနည်း။ ဗဟေဋ္ဌိတွေသည် ဘာခက်ဦးနှောက်ထဲတွင် ဆော့ကစားနေ၏။ မည်သို့ပင်ဆိုစေ ဦးဝင်းထွတ်၏ စေတနာကိုတော့ ဘာခက်လေးစားမိသည်။

'ကောင်းပါပြီ ဦးဝင်းထွတ်၊ ကျွန်တော့် တာဝန်ကို ကျေပွန်ပါစေ့မယ်'

သူ ကတိပေးလိုက်မိပါသည်။

သည့်နောက်တွင်မူပြောစရာစကား မရှိတော့သည့်အလား ထိတ်ဆိတ် ငြိမ်သက်သွားသည်။

ရင့်ဖွစ် ဦးဝင်းထွတ်နှင့်သူ ပထမဆုံးအကြိမ်စကားပြောဖူးခြင်းပင်။ သို့သော် သူ့ရှပ်သွင်က မပီမသဖြစ်နေသည်။ ဦးဝင်းထွတ်သည် အလင်းရောင်ကို မည်သည့်အတွက်ကြောက်နေရှာသနည်း။

ကြည့်... စာကြည့်ခန်းတစ်ခုလုံး ခန်းဆီး အထူကြီးတွေနှင့် ကာထားသည်။

'ကျွန်တော့်ကို ပြောစရာဆိုစရာ မရှိတော့ဘူးဆိုရင်သွားခွင့်ပြုပါခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် တိတ်ဆိတ်မှုကို သည်းမခံနိုင်တော့ သည့် အသွား ခွင့်ပန်လိုက်သည်။

'ကောင်းပြီလေ၊ အဲ.... တစ်ခုတော့ မင်းကို ကြိုတင်ပြီး မှာလိုက်မယ်'

'အမိန့်ရှိပါဦး'

'လူတစ်ယောက်ရဲ့ အရေးအကြီးဆုံးနဲ့ တန်ဖိုးအရှိဆုံး အရာဟာ ကတိသစ္စာပဲကွ'

ဘခက်တစ်ကိုယ်လုံး ဖျဉ်းခနဲ ဖြစ်သွားသည်။

ခန့်ညားတည်ငြိမ်သော ဦးဝင်းထွတ်၏ အသံသည် သူ့နှလုံးသားသို့တိုင် ရိုက်ခတ်သွားသည်နှယ် ခံစားလိုက်ရသည်။

'ကဲ.... သွားတော့ ဒါပဲ'

ဘခက်သည် စာကြည့်ခန်းထဲမှ ထွက်ခဲ့ပါသည်။ ဒေါ်မျိုးလင်းကို မတွေ့ရတော့။

သူသည် တိုက်ကြီးထဲမှ ထွက်လာခဲ့သည်။

တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။ သို့တစေ.... ပန်းရနံ့က လေပြည်တောတွင် မင်းမူနေကြ၏။ တစ်ခြံလုံး မွှေးနေသည်၊ ကြိုင်နေသည်၊ သင်းနေသည်။

လင်းနေသည့် နေခြည်က မရင့်ရော်လှသေး၊ အရောင်အသွေးစုံသည့် ပန်းစုံတောသည် အပွင့်ချင်း ပြိုင်နေကြ၏၊ အလှချင်းဆိုင်နေကြ၏။

ဘခက်သည် ပန်းစုံတောကိုဖြတ်၍ လျှောက်လာသည်။ ထုပိန်းစိမ်းညို့နေသည့် မြစံပယ်ရုံကြီးဆီသို့ ရောက်လာသည်တွင် ရေစက်ရေမွှားကလေးများ ပျံ့လွင့်လာသည်။ စံပယ်ရုံ၏ ယိုမှာဘက်တွင် လှုပ်ရှားနေသော အသွင်ကိုလည်း ရိုးတိုးရိပ်တိပ် မြင်ရ၏။



ဦးသာဘန်းထင်ရဲ့။

ဘခက်သည် စံပယ်ရုံဘေးသို့ ရောက်သွားသည်။ မိုးကြီးသည်းထန်စွာ ရွာလိုက်သလို သူ့ကိုယ်ပေါ်သို့ ရေစက်ရေမွှားတွေ ကျလာသည်။ သူက တစ်ကိုယ်လုံး ရွှဲရွှဲနစ်သွားသလို ဦးသာဘန်းကိုလည်း ဒေါပွသွားသည်။

'ဘယ်လိုယုပ်လိုက်တာလဲ ဦးသာဘန်း၊ လူတစ်ယောက်လုံးကိုတောင် မမြင်တော့ဘူးလား'

သူက ဒေါပွပွနှင့်ပြောရင်း စံပယ်ရုံနောက်သို့ ရောက်သွား၏။

'ဟယ်.... အစ်ကို'

လျှာကလေးတစ်လစ်နှင့် ပပလင်းကို တွေ့ရသည်။ သူမ လက်ထဲတွင် ရေပိုက်တစ်ခုကို ကိုင်ထားသည်။ ပပလင်းသည် တစ်ကိုယ်လုံးရွှဲစိုနေသော ဘခက်ကို အားနာသလိုကြည့်နေသည်။

'ဘာလဲ သကြြန်ကျလို့ ရေပက်တာလား'

ဘခက်က ခပ်ပြုံးပြုံးမေးသည်။

'ဆော.... ဆောရီးအစ်ကို၊ ပပ အစ်ကိုလာတာမမြင်မိလို့ပါ'

ပပလင်းက ဝင်းဝင်းပပပြုံးရင်း တောင်းပန်ရှာသည်။

'ကိစ္စမရှိပါဘူးပပရယ်၊ တောင်းပန်ရမယ့်လူက အစ်ကိုပါ'

'ဟင်....'

www.burmeseclassic.com

www.burmeseclassic.com



'ရုတ်တယ်လေ၊ မနေ့ညက ပပအခန်းကို အရမ်း ဝင်လာ စီတာ အစ်ကို တောင်းပန်ပါတယ်'

ပပလင်း ရှက်သွားသည်။

'တွန်း.... အစ်ကိုကလဲ ဘာတွေလျှောက်ပြောနေမှန်းလဲ မသိဘူး၊ သူများဖြင့် ညတုန်းက စိတ်ညစ်လိုက်ရတာ'

'ပပကို ကျေးဇူးတင်ပါတယ်၊ တကယ်လို့များ ညကသာ ပပ အော်လိုက်ရင် အစ်ကိုတော့ အချုပ်ထဲ ရောက်နေမလား မှ'

'ဟင်း.... ဒီကလဲ အော်ချင်နေတာ သိလား'

သူမ၏ မျက်စောင်းလှလှကလေးက သူ့ထံသို့ လွင့်ပျံ့ လာသည်။

သိပ်ချစ်စရာကောင်းသွားသည်။

'ဒါဖြင့် ဘာလို့မအော်တာလဲ'

'အော်လိုက်ရင် သူများနဲ့အစ်ကို့ကို တွေသွားမှာပေါ့'

သူမအသံက တိုးတဝါး ရှက်တ၍။

'တွေသွားတော့'

'သွား.... အစ်ကိုရယ်၊ မပြောနဲ့တော့ ပပရှက်လာပြီ'

'ဘာဖြစ်လို့ ရှက်ရတာလဲ'

'ကြည့် ပြောပြန်ပြီ၊ သူများစိတ်ဆိုးပစ်လိုက်မှာ သိလား'

ပြောပြောဆိုဆို နှုတ်ခမ်းစူသည်၊ ခြေဆောင့်သည်၊ သူ့ကို စကျော့ပေးလို့ ရပ်သည်။

'ဘာ...၊ ဘာ.... ဘာပြောတယ်'



သူမသည် ကပျာကယာပြန်လှည့်လာသည်၊ ရန်တွေ့သလို ဆိုသည်။

'စိတ်ကောက်တဲ့လူက အဲဒီလိုခေါ်ရတယ်'

'ဟွန့်.... မခေါ်နဲ့၊ စိတ်မကောက်တော့ဘူး'

သူမ၏မျက်လုံးကြီးတွေက ရွှန်းဝင့်လို့လာသည်၊ မျက်တောင် ကော့ကြီးတွေက လှုပ်ခတ်လို့လာသည်၊ စန္ဒရားသံ ခက် အသည်းအေးသွားသည်။

'ဒါကဘာယ်လိုဖြစ်နေကြတာလဲ'

ဒေါ်ခင်မျိုးလင်း၏အသံကို ကြားလိုက်ရသည်။

သူမသည် ပန်းရုံအကွယ်မှ ထွက်လာသည်၊ ခါးထောက် ရင်း မေးသည်။

'ဒီလိုပါ မေမေ၊ ကျွန်တော်က ဟောဒီဘက်က လျှောက်အလာမှာ ဒီက အစ်မလေးက ပန်းပင်တွေ ရေဖျန်းရင်း ကျွန်တော့်တစ်ကိုယ်လုံး ရွှဲရွှဲစိုကုန်တော့တာပါပဲ'

သူက ကပျာကယာပြောရသည်။

'ဟုတ်.... ဟုတ်ပါတယ် မာမီ'

'ကိုယ်နဲ့မဆိုင်တဲ့အလုပ်တွေကို ဝင်လုပ်တာ မာမီမကြိုက်ဘူး ပပ၊ ဦးသာဘန်း လုပ်လိမ့်မယ်၊ ကဲ.... သွားတော့'

'ဟွန့်....မာမီကလဲ ကျောင်းအားတဲ့အချိန်မှာ ပပ ပန်းပင် တွေကို ပကိုယ်တိုင် ပြုစုချင်တာပေါ့လို့'

ပပလင်းသည် ရေပိုက်ကိုလွှတ်ချရင်း ခြေကိုဆောင့်၍ ထွက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါသာကြည့်တော့ မောင်ဘခက်၊ သူ့ကိုယ်သူ အခုထိ ကလေးသာသာ အောက်မေ့နေသေးတာ'

သူမ၏မျက်နှာအသွင်အပြင်မှာ ချက်ချင်းကြီးကို ပြောင်းသွားသည်။

တင်းနေသော အကြောတွေ လျော့၍ ပျော့ပျောင်းလာသည်၊ ကြည်ရွှင်လာသည်။

'မင်းကို အစ်ကိုကြီးက ဘာတွေပြောလိုက်သလဲ'

'စုံလို့ပါပဲ မမ'

သူက ရှိရှိသေသေပင် သံတော်ဦးတင်လိုက်သည်။

သူမကပြုံးသည်။

'ကဲ.... အဲဒီလိုဆိုရင် မမတို့ အပြင်သွားရအောင်'

'ကောင်းပါပြီ၊ ကျွန်တော် အဝတ်လဲပြီးရင်း ကားထုတ်ခဲ့ပါ့မယ်'

'ကွယ်.... လဲမနေပါနဲ့တော့၊ ဒီအတိုင်းလဲ ကြည့်ကောင်းသားပဲ'

'သကြံန်တွင်းမှမဟုတ်တာ မမရယ်'

'ကဲ.... ကဲ.... မင်းသဘော'

ဘခက်သည် ခပ်သွက်သွက် အဝတ်လဲ၍ ကားထုတ်ခဲ့သည်။

'ဘယ်ကိုမောင်းရမလဲ မမ'

'မင်း ချမ်းနေတယ်ဆိုရင် ဟိုဟာရတဲ့နေရာကိုသွားကွယ်'

ဘခက် နားရှုပ်သွားသည်။

'ဘယ်ဟာလဲ မမလင်း'



'အပျိုမဟုတ်တဲ့ ဘုရမ်ဒီလေ၊ သောက်ရင်း စားရင်း အစ်ကိုကြီးက မင်းကို ဘာတွေ အမိန့်တော်ချမှတ်လိုက်တယ် ဆိုတာ မမလင်းကို ပြောပြဦးပေါ့ကွယ်'

သူတို့နှစ်ယောက် လူသူရှင်း၍ သီးသန့်ကျသော ပျော်စားရုံ တစ်ခုသို့ ရောက်ခဲ့ကြသည်။

စားရင်း သောက်ရင်း စကားစမြည် ပြောကြသည်။ ဦးမောင်မောင်အကြောင်းကို ဘခက်က ပြောပြလိုက်သည် နှင့်....

ဒေါ်ခင်မျိုးလင်း၏မျက်နှာ ဖြူဖတ်ဖြူလျော် ဖြစ်သွားပါသည်။

'ရင်တုန်စရာ ကောင်းလိုက်တာ မောင်ရယ်၊ ဘယ်လို တွေ ဖြစ်ကုန်ကြတယ်ဆိုတာ မမလင်း မစဉ်းစားတတ်တော့ ဘူး၊ အဲဒီရွှေစင် နတ်ဘုရားမဂူကိုစတွေ့ကတည်းက ဒီကနေ့ ထိ စိတ်ချမ်းသာစရာ တစ်စက်ကလေးမှ မရှိခဲ့ဘူး၊ အစ် ကိုကြီးဟာ ဘာဖြစ်လို့များ ဒီဂူကို တူးချင်ပါလိမ့်'

'ဒါကတော့ ဝါသနာကိုး၊ ဒါပေမယ့် ကျွန်တော် က မမလင်းတို့ဆီက အခကြေးတွေယူပြီးမှပဲ၊ အဲဒီတော့ ကျွန်တော့်တာဝန်ကို ကျေပွန်ပါရစေ့မယ်၊ ကဲ....ဘယ် တော့လောက် ရွှေစင် နတ်ဘုရားမရဲ့ဂူကို သွားကြမလဲ'

'ဒီအပတ် အတွင်းမှာပဲ ဖြစ်ပါလိမ့်မယ်ကွယ်'

သူတို့နှစ်ယောက် ဆိတ်ငြိမ်စွာ စားသောက်ကြသည်။ သို့တစေ....ကြည်ကြည်နူးနူး ချမ်းချမ်းမြေ့မြေ့ မရှိ

www.burmeseclassic.com

www.burmeseclassic.com



'ဪ…ဒါနဲ့ မမလင်းကို မေးရဦးမယ်၊ မမလင်းတို့ ကောလိယဂေဟာမှာ သရဲရှိသလား'

'ကြဲကြဲဖန်ဖန်ကွယ်….ဘယ်က သရဲရှိရမှာလဲ'

ဒေါ်ခင်မျိုးလင်း ပြုံးသွားသည်။ မျက်လုံးပြူးသွားသည်။

အစကမူ…ညက တွေ့ခဲ့ရသော ကြောက်မက်ဖွယ် မျက်နှာကြီး အကြောင်းကို သူမအား ပြောပြမည်ဟု စိတ်ကူးထားသော်လည်း ဘခက် မပြောရက်တော့။

သူမကို အလိုလို သနားသွားရသည်။

'အလကား ပြောတာပါ မမလင်း၊ မမလင်းက သရဲကြောက်တတ်တယ် ထင်တယ်'

'အင်း….အင်း….သိပ်ကြောက်တာပေါ့၊ ကြောက်တတ်တဲ့သူကိုတော့ ဖြမချောက်ပါနဲ့ မောင်ရယ်'

စန္ဒရားဘခက် ပြုံးမိပါသည်။

ပြီးတော့ စားပွဲပေါ်တွင် တင်ထားသော သတင်းစာကိုလည်း အမှတ်မထင် လှန်မိသည်။

"၁၃ လမ်းနေ မောင်မောင်ခေါ် ဇီးမောင်မောင်သည် အဆိပ်ပြင်းသော သတ္တဝါတစ်ကောင်၏ အကိုက်ခံရမှုကြောင့် သူ၏ အခန်းတွင် သေဆုံးနေခြင်း"

စန္ဒရားဘခက် အပြုံးသည် တစ်မုဟုတ်ခြင်း ကွယ်ပျောက် သွားရပါလေတော့သည်။

၀ ၀ ၀

( ရှစ် )

ယင်းသို့ဖြင့်….

'ကောလိယအိမ်ကြီးသို့ သူ ရောက်ရှိခဲ့ရသည်။

'ကောလိယသည် သူ့အတွက် ရှုပ်ထွေးလှသော ပဟေဠိ တစ်ပုဒ်ပမာ ဖြစ်နေရပါသည်။

အလှချင်းပြိုင်၍ နေကြသော ပပလင်းတို့ သားအမိ။ သည် သားအမိ နှစ်ယောက်စလုံး ကျိန်စာသင့်နေသလို အဆိပ်ပြင်းသော သတ္တဝါတွေနှင့် လုပ်ကြံခံခဲ့ရသည်။

ပြီးတော့ ကောလိယတွင် ကျောချမိသည့် ညမှာပင် သူ့ကို မကောင်းဆိုးဝါး မျက်နှာကြီးက ညကြီး သန်းခေါင် လာရောက် ချောင်းမြောင်းသည်။

ထို့နောက် ထူးဆန်း အံ့သြဖွယ်ရာ ရှေးဟောင်း တိုက်ကြီးနှင့် လူ့လောကနှင့် အဆက်အသွယ် ပြတ်နေပါသည် ဆိုသော ဦးဝင်းထွတ်၊ ကြေးလင်ပန်းထဲတွင် ထည့်ထားသော သစ်သား ခေါင်းပြတ်ကြီး၊ ကြောင်နက်ကြီး မကျော်'။

အားလုံး….အားလုံးသည် သူ့အတွက် ပဟေဠိ တစ်ပုဒ် ဖြစ်နေပါပကောလား။

www.burmeseclassic.com



ညည်အထဲတွင် စန္ဒရားဘခက် စိတ်အဝင်စားဆုံး ကဗျော ဦးဝင်းထွတ်၏ ညာလက်ရုံးဖြစ်သူ ဦးမင်းခေါင် ဦးစီး ဦးဆောင်ပြု၍ တူးဖော်နေပါသည် ဆိုသော မုန်တိုင်မှ ရွှေ ဝင် နတ်ဘုရားမ၏ ဂူပင် ဖြစ်ပါသည်။

ဒေါ်ခင်မျိုးလင်းသည် ဦးဝင်းထွတ်၏ ညွှန်ကြားချက် အရ ရွှေဝင်နတ်ဘုရား၏ဂူသို့ အသွားတွင် မြွေဆိုးတွေနှင့် တွေ့ကြုံခဲ့ရပြီး အကြောက် အလန့် ပြန်ပြေးလာခဲ့သည်။

ယခုတစ်ဖန် ပပလင်းကို အဆိုပ်ပြင်းသော ပင့်ကူနက် ၏ရန်မှ လက်မတင်ကလေး ကာကွယ်လိုက်ရသည်။ ဇိုးမောင် မောင်သည် အဆိပ်ပြင်းသော သတ္တဝါ လက်ချက်နှင့်အသက် ထွက်သွားသည်။ ဘယ်လို ဟာတွေလဲကွယ်။

မလွယ်ပါတကား။

'မလွယ်ခြင်းကို စန္ဒရားဘခက် သဘော ကျပါသည်။ ခက်ခက်ခဲခဲ အလုပ်မျိုးကို သူရွေး၍ လုပ်ချင်သည်။ သူ့ နာမည်ကိုက ဘခက် မဟုတ်ပါလား။

မည်သို့ပင် ဆိုစေ....

'ကောလိယသို့ ရောက်ခဲ့လို့မှ နှစ်ရက် တစ်မွန်းတည့် မပြည့်ခင် ပြဿနာတွေ တစ်ပုံတခေါင်းကြီး တွေ့ခဲ့ရသည်။

စန္ဒရားဘခက်သည် စံမြန်း ကျောချရာ မော်တော်ကား ရုံအပေါ် ထပ်မှ ဆင်းခဲ့ပါသည်။ အောက်ထပ်တွင် ဂျစ်ကား တစ်စီးသာ ရှိနေပါသည်။ ကော်ရိုလာကားကို မနက် စော စောကမှင် ဒေါ်ခင်မျိုးလွင်း ကိုယ်တိုင် မောင်းထွက်သွား ခဲ့သည်။



အခါတိုင်း သူ လိုက်မောင်းပေးနေကျ ဖြစ်ပေမင့် သည် ကနေ့တော့ သူ့ကို ထားရစ်ခဲ့သည်။

သည်စဉ်မှာပင် ဦးသာဘန်းကို အမှတ်မထင် တွေ့လိုက် ရခြင်းပင်။ ဦးသာဘန်းသည် ဝင်းခြံဘေးရှိ ရွှက်လှ ပန်းခြံ ကို ကွယ်၍ တစ်စုံတစ်ယောက်နှင့် စကားပြောနေသည်။ စကားပြောသည် ဆိုရာ၌ အေးအေးဆေးဆေး မဟုတ်၊ သူ့ အမူအရာ ကြီးကန်းတောင်းမှောက် ထိပ်ထိပ် မျှာမျှာ နိုင်လှန်းသည်။

ဘခက်သည် စံပယ်ရုံကိုကွယ်၍ ဦးသာဘန်းကို စောင့် ကြည့်နေမိသည်။ ခြံဝင်း၏ တစ်ခြားတစ်ဘက်မှ လူကိုတော့ ဘခက် မမြင်ရပါ။ ပုဏ္ဏရိပ်ပင်များက ကွယ်နေသည်။ သို့သော် ပုဏ္ဏရိပ်ပင်ကြားမှ လက်တစ်ဖက် ထွက်လာသည် ကို ဘခက် တွေ့လိုက်သည်။ ဦးသာဘန်းသည် ထိုလက်ထဲမှ စာလိပ်လို စက္ကူခေါက်ကလေး တစ်ခုကို လှမ်းယူပြီး ခပ် သွက်သွက် လျှောက်လာပါသည်။ ဘယ်လိုဟာတွေပါလိမ့်။

'ဗျို့....ဦးသာဘန်း'

ဘခက်အသံကြောင့် ဦးသာဘန်း ခြေလှမ်းတွေ တုံ့ရပ် သွား၏။ သူ့ကိုလည်း စားတော့ ဝါးတော့မလို ကြည့်နေ သည်။

'ဘာလဲဗျ....သမီးရည်းစားစာလား၊ ခင်ဗျားကလဲဗျာ ကြီးကောင်ကြီးမား ဒီအရွယ်ကြီး ရောက်နေမှ စာပေး စာယူ လုပ်နေရသေးသလားဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ...ငါ...မောင့်ရင့်အလုပ် မဟုတ်ပါဘူး'

ဦးသာဘန်းသည် မျက်တောင့်နီကြီးနှင့် ကြည့်ရင်းအထစ်ထစ် အငေါ့ငေါ့ ပြန်ပြော၏။

'အား...ဟုတ်တာပေါ့၊ ဒါနဲ့ ခင်ဗျားအလုပ်က မာလီလား၊ စာပေးစာယူလုပ်ငန်းလား'

ဒီတစ်ခါတော့ ဦးသာဘန်း ဆတ်ဆတ်ခါသွားသည်။ ထန်းသီးလောက်နီး ပါးရှိသော လက်သီးကြီးနှစ်လုံးကို ဆုပ်ရင်းသူ့ ထံသို့တစ်လှမ်းချင်း ဝင်လာသည်။ ဘခက်က ပြုံးရင်း ရပ်ကြည့်နေ၏။ ဝှီးခနဲ အသံနှင့်အတူ လက်သီးကြီးတစ်လုံးက သူ့နားထင်သို့ ပြေးဝင်လာသည်။ ဘခက်က ခေါင်းကို အဆာကလေးငုံ့ပေးလိုက်သည်တွင် ဦးသာဘန်း၏ ကျွဲပေါက်နီးပါး ခန္ဓာကိုယ်ကြီးမှာ သူ့အရှိန်နှင့်သူ တစ်ပတ်လည်သွားသည်။

လာပြန်ပြီ ဘယ်လက်သီး။ ဝှီးခနဲလွတ်သွားပြန်၏။ ဘခက် ပြုံးနေသည်။ ဦးသာဘန်းက မဲ့နေသည်။

'အို...ဦးသာဘန်း၊ ဘာလုပ်နေတာလဲ'

ရုတ်တရက်ရောက်ရှိလာသော ပပလင်းအသံကြောင့်သူတို့ နှစ်ဦးစလုံး ပါးစပ်အဟောင်းသားနှင့် အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

'အဟော...ဒီလိုပါ အစ်မလေး၊ ဟောဒီ ဦးသာဘန်းက လက်ဝှေ့သင်ချင်တယ်ဆိုလို့ သင်ပေးနေတာပါ'

ဘခက်က သွက်သွက်လက်လက် ပြောလိုက်သည်။



ပပလင်းသည် လက်သီးဆုပ်ကြီးကိုမြှောက်၍ ကိုးရို့ကားယားဖြစ်နေသော ဦးသာဘန်းကို ကြည့်ပြီး တခစ်ခစ်ရယ်သည်။

'အမယ်လေး ဦးသာဘန်းရယ်၊ ဒီအရွယ်ကြီးကျမှကလေးကလား ကြံကြံဖန်ဖန်'

'ကျုပ်...ကျုပ်...လက်ဝှေ့သင်တာ...မ...မ...'

'ကဲ...ကဲ...ဦးသာဘန်းသွားတော့၊ နောက်တော့ ဆက်သင်ပေးပါ့မယ် ဟုတ်လား'

ဦးသာဘန်းက အထစ်ထစ်အငေါ့ငေါ့ ပြန်လည်ဖြေရှင်းနေစဉ် ဘခက်က ဖြတ်၍ပြောလိုက်သည်။ ဦးသာဘန်းသည် သူ့ကို မကျေမနပ်ကြည့်ရင်း ထွက်ခွာသွား၏။

'ဆရာကြီး ရှိသလား အစ်မလေး'

'တော်ပါ...ဘာအစ်မလေးလဲ၊ လူကို အစ်မလေးလို့ ခေါ်ပါနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ'

'ဩော်...ပပရဲ့မာမီက အစ်မလေးလို့ ခေါ်ရမယ်လို့ အမိန့်ချထားတယ် မဟုတ်လား'

ပပလင်း၏ မျက်စောင်းရိပ်ရိပ်ကလေးက သူ့ကိုယ်ပေါ်သို့ ထိုးကျလာသည်။ နှုတ်ခမ်းဖူးဖူးကလေးကလည်း စူသွားသည်။ ချစ်စရာပိုကောင်းသွားသည်။

'ဟင့်အင်း...ပပကို အစ်မလေးလို့ မခေါ်နဲ့သိလား၊ နောက်တစ်ခါခေါ်ရင် မျက်စောင်းကြီးနဲ့ ထိုးပစ်လိုက်မှာ'

ဩော်...ကလေးဆန်လိုက်တဲ့ ပပရယ်။

မင်းအရွယ်က မငယ်လှဘူးကွယ့်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ထရယ်၊ မကြိုက်ရင်လဲ မခေါ်ရှုံပေါ့၊ ဒါပေမယ့် ထ ဆာမီရှေ့မှာတော့ အစ်မလေးလို့ပဲ ခေါ်ပါရစေ၊ မတော် ကြာ ကျွန်တော်မျိုး အလုပ်ပြုတ်နေပါဦးမယ်'

'ကြည့်....လာပြန်ပြီ၊ ဘာကျွန်တော်မျိုးလဲ၊ အစ်ကိုနော်၊ အစ်ကို'

ဘခက်ရင်တွင် လှုပ်ခတ်သွားသည်။

အို....ဘယ်လိုပါလိမ့်၊ ဒါလောက်ကလေး နွဲ့တာမူတာ ခယာတာ၊ တာတာဒနဲ့လှုပ်ခတ်ရမယ်ဆိုရင် ခက်ရောပေါ့'

'အစ်ကိုမေးတာ ဖြေဦးမှပေါ့၊ ပပရဲ့ ဒက်ဒီ ရှိသလား လို့'

'ရှိတာပေါ့ အစ်ကို၊ ဒက်ဒီဟာ ဘယ်ကိုမှ သွားတတ်တာ မှ မဟုတ်တာ အပေါ်ထပ်မှာ ရှိတာပေါ့'

'အစ်ကို ပပ ဒက်ဒီနဲ့တွေ့ချင်တယ် ပပ၊ တွေ့လို့ရပါ့ မလား'

'ဒါတော့ ပပလဲ အတိအကျ မပြောတတ်ဘူး အစ်ကို၊ အစ်ကိုလိုက်ခဲ့လေ၊ ပပ အပေါ်ထပ်ကို ဖုန်းနဲ့မေးကြည့်ပေး မယ်'

'အင်း....ကောင်းသားပဲ ပပ'

ဘခက်က နောက်ကလိုက်သည်။

ရှေ့သွားနောက်လိုက် ညီမညီမသိတတ်ပေမင့် သိမ့်ရှိုက်သိမ့် ရှိုက် တုန်ခါနေသော ပပလင်း၏နောက်ပိုင်းအလှက ဘခက် ကို ဖမ်းစားထားသည်။



သိမ့်ရှိုက်နွဲ့ရှိုက်နေသော ခါးက မယိမ်းလွန်း မခါလွန်းသည့် ပက်အလှဲနှင့် ခြေအလှမ်းက ကုဋေတစ်သန်းနှင့် ပြားကိုး ဆယ်လောက် တန်ပေမည်။

'လာလေ အစ်ကိုရဲ့၊ ဘာလို့ နောက်ချန်နေရတာလဲ'

သူမက သမင်လည်ပြန်လှည့်ရင်း ဆိုသည်။

'လှလို့'

'ဘာ....ဘာ'

'ဪ....ပန်းကလေးတွေက လှလို့'

'သွား....ဘာမှန်းလဲ မသိဘူး'

ပပလင်းက သူမထံမှ ခက်ခက်ခဲခဲခွာသွားသော ဘခက် ၏ မျက်လုံးတွေကို ကြောက်သွားသည်။ ရင်တွေဖိုသွား၏။ တိုက်ကြီးထဲသို့ ရောက်သွားသည်နှင့် ပပလင်းသည် တယ်လီ ဖုန်းကိုမ၍ ဒိုင်ခွက်ကို လှည့်လိုက်သည်။

'ဒက်ဒီ....ပပပါ၊ ကိစ္စအထူးအထွေ မရှိပါဘူး၊ မာမီ ဘား၊ မာမီ အပြင်သွားတယ် ဒက်ဒီ၊ ဟင့်အင်း....တစ် ယောက်တည်း ကော်ရှိုလာနဲ့ သွားတာ၊ ဟုတ်တယ်၊ ဒက်ဒီ ကျန်ခဲ့တယ်၊ ဪ....ဒက်ဒီ တွေ့ချင်လို့ ဟုတ်လား၊ ဟုတ် တဲ့ ဒက်ဒီ၊ ပပ ခေါ်ခဲ့ပေးပါ့မယ်၊ အပေါ်ထပ်ကို လွှတ် လိုက်ရမလား၊ ဟုတ်....ဟုတ်ကဲ့ ဒက်ဒီ'

ပပလင်းသည် တယ်လီဖုန်းကို ချလိုက်ပြီး ဘခက်ကို ပြုံး နှင့်စွာ ကြည့်လိုက်ပါသည်။

'အတော်ပဲ အစ်ကိုရေ့၊ ဒက်ဒီက အစ်ကို့ကို စကား ပြောချင်လို့ အပေါ်ထပ်ကိုတက်ခဲ့ဖို့ အခေါ်ခိုင်းတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...အစ်ကို သွားတွေ့လိုက်ဦးမယ်'

ပပလင်း ခေါင်းညိတ်သည်။

'ဪ...အစ်ကို၊ ဟိုလေ...အစ်ကိုနဲ့ ဒက်ဒီတွေ့ပြီးရင် ပပကို ဗိုလ်ချုပ်ဈေးကို လိုက်ပို့ပါ'

ပပလင်းစကား မဆုံးလိုက်ရပါချေ။

ဦးသာဘန်းသည် ခန်းဆီးကြားမှ လှစ်ခနဲ ထွက်လာ၏။ ဒီလူကြီး ဘယ်အချိန်ကတည်းက အခန်းဆီးနောက်ကွယ်သို့ ရောက်နေသည်ကို ဘခက်မသိပါ။

ဘခက်သည် ပြောင်လက်ဘောက်ပနေသော ကျွန်းသားလှေကားကြီးကိုတစ်ထစ်ချင်း နင်းတက်ခဲ့သည်။ ဦးသာဘန်းသည် သူ့ကို အံ့ဩသလိုကြည့်ရင်း လက်ထဲတွင် ကိုင်လာသော ကြက်မွေးတစ်ချောင်းနှင့် ဖုံသုပ်နေသည်။

ပပလင်း ဦးသာဘန်းကို မျက်စောင်းထိုးရင်း အတွင်းခန်းသို့ လျှောက်သွားပါသည်။

ကျွန်းလှေကားကြီး၏ ထိပ်တွင် တူထဲသော တံခါးကြီးတစ်ခုကို တွေ့ရသည်။ သူသည် တံခါးကို တွန်းဖွင့်လိုက်၏။

နွေခင်းကြောင်တောင် အမှောင်ထုက သူ့ကို ဆီးကြိုနေပါသည်။ ဘခက်သည် မွှေတူရှူရှိ လူသွားစင်္ကြံ ကျဉ်းကျဉ်းကလေးမှတစ်ဆင့် လျှောက်ခဲ့၏။

မှန်တရီ ဝိုးတဝါး အလင်းရောင်အောက်တွင် သော့ကြီးတွေ ခတ်ထားသော အခန်းတွေ၊ အခဆောင်တွေကို မြင်ရသည်။ စင်္ကြံ ဆုံးသွားသည်နှင့် သူ့ကို စောင့်ကြိုနေသော အရိပ်မည်းမည်းကြီးကို တွေ့ရ၏။



'လာ...မောင်ဘခက်၊ ကျုပ်နောက် လိုက်ခဲ့'

ဦးဝင်းထွတ်၏ အသံ ဩဩကြီးက ထွက်ပေါ်လာသည်။ သို့သော်လည်း ဖျော့တော့လှသော အလင်းရောင်ကြောင့် သူ၏ မျက်နှာကို ထိတိပပ မမြင်ရပါချေ။

ဦးဝင်းထွတ်သည် ညာတ် အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားပုံ ရသည်။ သူ့တစ်ကိုယ်လုံး ဖားဖား လျှားလျှား ရှည်ရှည်မားမားကြီး ဖြစ်နေသည်။

သူသည် ဘခက်ကို ဦးဆောင်ရင်း ရှေ့မှ ကဒေါက်ဒေါက် လျှောက်သွားပါသည်။

အကွေ့ အကောက်၊ အဆောင်ဆောင် အခန်းခန်းကို ဖြတ်သန်းခဲ့ပြီးနောက် ရောမ သော့ခလောက်ကြီး ခတ်ထားသော တံခါးကြီးရှေ့သို့ ရောက်ခဲ့သည်။ ဦးဝင်းထွတ်သည် သော့ကြီးကို ဖွင့်လိုက်၏။

ဘခက်သည် ရာစုနှစ်ပေါင်းများစွာ ကြာလွန်ခဲ့ပြီး ဖြစ်သော အတိတ်ကမ္ဘာတစ်ခုကို ရောက်သွားသည့်နှယ် ခံစားလိုက်ရသည်။

'ဒါ...ဦး နှစ်ပေါင်းများစွာ ရှာဖွေ စုဆောင်းလာတဲ့ ခေတ်အဆက်ဆက်က ရှေးဟောင်း အမွေအနှစ်တွေပေါ့ မောင်ဘခက်၊ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုဟာ အဲ့ဒီလူမျိုးရဲ့ ခေတ် အဆက်ဆက်က ကျန်ရစ်ခဲ့တဲ့ အသုံး အဆောင် ပစ္စည်းကရိယာ၊ ဘာသာ၊ စာပေ၊ အနုပညာ ယဉ်ကျေးမှု ပစ္စည်းတွေကို ကြည့်ပြီး ဘယ်လောက် အဆင့်အတန်း မြင့်မားတယ်ဆိုတာ ပြောလို့ရတယ် မောင်ဘခက်'

www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် ဦးဝင်းထွတ်နောက်မှ လိုက်ပါလာရင်း ထူးဆန်း အံ့ဩဖွယ်ကောင်းသော ရုပ်ထုများ၊ အနုပညာ လက်ရာများ၊ လက်နက်ကရိယာ အသုံးအဆောင်၊ အိုးခွက် ပန်းကန်များကို တအံ့တဩ ငေးမော ကြည့်ရှုနေမိသည်။

ဦးဝင်းထွတ်သည် ခေတ်အဆက်ဆက်က ပစ္စည်းများကို သူ့ခေတ်နှင့်သူ သီးခြား သတ်မှတ်ထားပြီး စိတ်ဝင်စားဖွယ် ခင်းကျင်း ပြသထားသည်။ တကောင်းခေတ်၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ပင်းယ အစရှိသည်ဖြင့် သူ့ကဏ္ဍနှင့်သူ ခွဲခြားထားသည်။

ဘခက်သည် ဦးဝင်းထွတ်၏ ရှေးဟောင်း ပြတိုက်ကြီးထဲသို့ ညကြီးသန်းကောင်း ခိုးကြောင် ခိုးဝှက် ဝင်ခဲ့ဖူးသည်။ သို့သော်လည်း မှောင်ရိပ်ထဲတွင်မို့ ဤမျှ တိတိပပ စုံစုံလင်လင် မမြင်ခဲ့ရ။ အရုပ် မည်းမည်းကြီး တွေကိုသာ မသဲမကွဲ တွေ့ခဲ့ရသည်။

'ဟောဒါ...ပုဂံခေတ် ဗုဒ္ဓဘာသာ မထွန်းကားမီ အရည်းကြီးတွေကို ကိုးကွယ်တုန်းက ရုပ်တုတွေပေါ့၊ ရေငုပ်၊ မီးလုံး၊ တုန်းခုံ၊ ဇယ်ခတ်ဆိုတဲ့ အရည်းကြီးတွေရဲ့ ကျင့်စဉ်ကို သရုပ်ဖော်ထားတဲ့ အရုပ်တွေပေါ့၊ အဲ....တောင်သူကြီးမင်း လက်ထက်လောက်က ဆိုပါတော့'

ဦးဝင်းထွတ်သည် ဆံကေသာ လက်လေးသစ် မုတ်ဆိတ်မွေး ပရပျစ်နှင့် စုန်ပျံ ကျော်လွှားနေသော ရုပ်ပုံများကို ညွှန်ပြရင်း ဆိုသည်။



တစ်နေရာအရောက်တွင် မှေးမှိန်စပြုနေသော ပန်းချီကားချပ်ကြီး တစ်ချပ်ကို တွေ့ရသည်။ ပန်းချီ ကားချပ်ထဲတွင် နုငယ်လှပသော ရွှေရင်သိမ်းသစ် ချစ်စဖွယ် လုံမပျိုလေးတစ်ဦးကို ထမ်းစင်နှင့်တင်၍ ဝဖီး ပြုံးရွှင်နေသော ဆံရှည် အရည်းကြီး ရှေ့မှောက်၌ ကပ်လှူနေပုံကို တွေ့ရသည်။

'ဒီပန်းချီကားချပ်က ပုဂံမြို့ဟောင်းက ရှေးဟောင်း …န်ဆောင်းတစ်ခုထဲက မပီမသ ဖြစ်နေတဲ့ပုံကို ပြန်ပြီး ရေးဆွဲထားတာ'

ထိုနောက်တွင်မှ ပေထုပ်များ၊ ကျောက်စာချပ်များနှင့် ပုဂံခေတ် ဗုဒ္ဓဘာသာ ထွန်းကားလာပုံများကို တစ်ဆင့်ပြီးတစ်ဆင့် ဦးဝင်းထွတ်က ရှင်းပြသွားသည်။

ဘခက်သည် ဦးဝင်းထွတ် ရှင်းလင်း ပြောပြသွားသော ခေတ်အဆက်ဆက်မှ ရှေးဟောင်း ပစ္စည်းများ၏ ရာဇဝင် နောက်ခံသမိုင်းကို မပျင်းမရိ နားထောင် နေမိပါသည်။

'ဒါတွေကတော့ ကိုလိုနီခေတ် ကျွန်သဘောက် ဘဝတုန်းက အရင်းရှင်တွေ၊ မြေရှင်တွေက လယ်သမား အလုပ်သမား၊ မျိုးချစ်တွေကို နှိပ်စက်တဲ့ ကရိယာတွေပေါ့'

ဘခက်သည် တွဲလောင်းချိတ်ထားသော သံကြိုးကွင်းကြီးများ၊ လက်ထိတ်၊ ထိပ်တုံး၊ သံပူ၊ ဖိစက်၊ ညှပ်စက် အစရှိသည်များကို ကြက်သီးထစဖွယ် မြင်တွေ့နေရသည်။

ထို့ပြင် မြေရှင်ချစ်ကီးများက လယ်သမားများအပေါ် မတရား ဖိနှိပ် ချုပ်ချယ် ရေးဆွဲထားသော စာချုပ် စာ

www.burmeseclassic.com

www.burmeseclassic.com



တမ်းများ၊ မှတ်တမ်းမျှခးကိုလည်း သူ့ကို စိတ်ရှည်လက်ရှည် ရှင်းလင်း ပြောပြသေးသည်။

'ဒါကြောင့် တိုင်းပြည်တစ်ပြည်မှာ လွတ်လပ်ရေးဆိုတာ အင်မတန် မွန်မြတ်ပြီး အဓိကကျတဲ့ အမျိုးသား တာဝန်ကြီးပဲ ဖြစ်တယ်၊ ဒီလွတ်လပ်ရေးကြီး မဆုံးပါးရအောင် တိုင်းရင်းသားအားလုံး တာဝစဉ် စည်းလုံး ညီညွတ်ဖို့ အရေးကြီးတယ် မောင်ဘခက်၊ ဆရာစံ အရေးပေါ်တုန်းက...

အမျိုးသားရေးအတွက် အသက် စတေးသွားရှာသော လယ်သမား သူရဲကောင်းများကို ရင်သဲမှကျိတ်၍ လေးစား ချီးကျူးရင်း ဇာတိမာန် တက်ကြွလာရသည်။

'ဒီ....သစ်သား ခေါင်းပြတ်ကြီးကရော'

ဘခက်သည် ပြောင်လက် တောက်ပနေသော လင်ပန်းကြီးထဲတွင် ထည့်ထားသည့် သစ်သား ခေါင်းပြတ်ကြီးကို ညွှန်ပြရင်း မေးလိုက်မိသည်။

ခေါင်းပြတ်ကြီး၏ မျက်နှာမှာ အစိမ်းပုပ်ရောင်ဖြစ်၏။ မျက်နှာတစ်ခုလုံး ကြောက်မက်ဖွယ်ရာ တွန့်လိမ် ရှုံ့တွနေသလို ပြောင်လက်နေသော ဦးခေါင်းထက်တွင် ဆံပင်တစ်မျှင်မျှ မရှိဘဲ ဦးပြည်း ပြောင်ပြောင် ဖြစ်နေပါသည်။

ဘခက် အံ့ဩသွားသည်။

ညဉ့်သန်းခေါင်တွင် သူ့ကို လာရောက် ခြောင်းမြောင်းသော မျက်နှာကြီးမှာ လင်ပန်းထဲမှ ခေါင်းပြတ်ကြီးနှင့် တစ်ထေရာတည်း တူနေသည်။

'အဲဒါ တိုင်းတားကိုယ်တော်ကြီးရဲ့ ကျွန်ယုံကြီး ငထင်ကျော်ရဲ့ခေါင်းပေါ့'

ဘခက် နှားရှုပ်သွားသည်။

တိုင်းတားကိုယ်တော်ကြီးကိုလည်း သူမသိ။ ငထင်ကျော် အကြောင်းကိုလည်း သူမကြားဖူး။

'အရှက်ဆိုးလိုက်တာ ဦးရယ်၊ ဒီလောက် ပုံပျက်ပန်းပျက် နှင်းပုရှုပ်မျက်နှာမျိုးကို ဒီတစ်ခါပဲ ကျွန်တော် မြင်ဖူးသေးတယ်'

'ဟုတ်တာပေါ့၊ သူ့မျက်နှာက မီးတိုက်ခံထားရရှာတာပဲကွယ်'

ဦးဝင်းထွတ်အသံက ကြေကွဲဆွေးမြည့်နေဟန် ရှိသည်။

'ဒီလောက်ဆိုရင် အတော်စုံစုံစေ့စေ့ ရှိသွားပြီမဟုတ်လား၊ ကဲ....လာ ဦးနဲ့ နည်းနည်းပါးပါး စကားပြောကြအောင်'

ဦးဝင်းထွတ်သည် သူ့အား အခန်းတစ်ခုသဲသို့ ခေါ်သွားသည်။ ပြတင်းပေါက်များမှာ ခန်းဆီးအနက်များနှင့် ကာရံထားသည်။ အလင်းရောင်မှာ တစ်ယောက်နှင့် တစ်ယောက် မြင်သာရုံလောက်သာရှိသည်။

'ထိုင်....မောင်ဘခက်'

ဘခက်သည် ဦးဝင်းထွတ်ရှေ့မှ ရှေးဟောင်းကုလားထိုင်ကြီးပေါ်တွင် ဝင်ထိုင်လိုက်ပါသည်။

'မင်းကိုမျိုးက ဘာတွေတင်ကြိုပြီး အသိပေးထားတာတွေ ရှိသလဲ'

www.burmeseclassic.com

www.burmeseclassic.com

ဦးဝင်းထွတ်က စ၍မေးသည်။

'အထွေအထူးတော့ မရှိလှပါဘူး ဦး၊ အဲ...ဦးရဲ့ ရွှေဟောင်းပစ္စည်းသိုက် တစ်ခု အကြောင်းလောက်ပါပဲ'

'မျိုးကို မီးရထားပေါ်မှာ မြေတွေနဲ့တိုက်တာကောမပဘူးလား'

'ဟုတ်ကဲ့....ပါ....ပါတယ်ခင်ဗျာ'

'အေး....မျိုး မင်းဆီကို ရောက်လာတာဟာလဲ ဦးကပဲ လမ်းညွှန်လိုက်တာပဲကွယ့်'

'ခင်ဗျာ....'

ဘခက် အံ့ဩသွားသည်ကို ဦးဝင်းထွတ်က သိရှိဟန်တူပါသည်။

'ဒီလိုလေ....မြကြေးမှုံ သတင်းစာက မှုခင်းအယ်ဒီတာ ဦးအံ့ကျော်ဟာ ဦးနဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကွယ့်၊ အဲ...ဦးဇနီးမျိုးကို အန္တရာယ်ပေးဖို့ ကြံစည်တဲ့ကိစ္စကို သိလာတဲ့နောက်ပိုင်းမှာ ဦးတို့မှာ အားကိုးလာရမယ့် သွက်လက်ဖျတ်လတ်ပြီး သတ္တိရှိတဲ့ လူတစ်ယောက် လိုလာပြီဆိုတာ စဉ်းစားမိလိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦးဟာ ရောဂါသည် မဟုတ်လား'

'ဟုတ်ကဲ့....ဦးမှာ နှလုံးရောဂါရှိတယ်ဆိုတာ မမပြောပြဖူးပါတယ်'

'အေး....အဲဒီတော့ မျိုးကို လိုက်ပါစောင့်ရှောက်ဖို့ လိုတာပေါ့၊ ဦးတို့မှာက သမီးလေးကလွဲလို့ မားမားမတ်မတ် ရပ်တည်ပေးမယ့် ဆွေမျိုးရင်းချာကလဲ မရှိလေတော့ အဲ—



ဦးအံ့ကျော်ကတစ်ဆင့် မင်းအကြောင်းကို သိခဲ့ရပြီး အကူအညီ တောင်းရတော့တာပါပဲကွာ'

ဦးဝင်းထွတ်၏စကားသံသည် သူ့အား အမှန်တကယ် ယုံကြည်စိတ်ချအားကိုးဟန် အပြည့်အဝ ရှိနေပါသည်။

'တစ်ခုတော့ရှိပါတယ် ဦး၊ အခု ဦးတို့က ကျွန်တော့်ကိုယုံကြည်စိတ်ချ အားကိုးပြီး မက်လောက်စရာ အခကြေးငွေ ပေးခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဦးတို့ပေးအပ်တဲ့ တာဝန်ကို အကြောင်းကြောင်းတွေကြောင့် မကျေပွန်ခဲ့ရင်ရော'

သူ့မေးခွန်းကို ဦးဝင်းထွတ်က မဆိုင်းမတွ အဖြေပေးလိုက်ပါသည်။

'ဦး မင်းကိုယုံပါတယ် မောင်ဘခက်၊ မယုံတာကတော့'

ဦးဝင်းထွတ် စကားပြတ်သွားသည်။ တွေဝေငေး မောသော အကြည့်ဖြင့် အခန်းထောင့်ကိုကြည့်ရင်း ဆက်ပြောသည်။

'အဲ....မင်းဟာ ဘယ်လောက် သွက်လက်ဖျတ်လတ်တယ်၊ ထက်မြက်ရင်းသဘောထား တည်ငြိမ် ရိုးသားတယ်ဆိုတာ ဦး အကဲခတ်မိပါပြီ မောင်ဘခက်၊ ကဲလေ....ဒါတွေထားပါတော့'

ဦးဝင်းထွတ်သည် စားပွဲအံဆွဲကိုဆွဲထုတ်လိုက်ပြီး မြေပုံစာရွက်ကြီးတစ်ခုကို ဆွဲထုတ်လိုက်၏။ ထို့နောက် ဘခက်၏ရှေ့တွင် ဖြန့်ချလိုက်သည်။ စန္ဒရားဘခက်သည် သူ့ရှေ့တွင်ရှိနေသော မြစ်တွေချောင်းတွေ၊ တောင်တွေ၊ ကားလမ်း မီး

www.burmeseclassic.com

www.burmeseclassic.com



ရထားလမ်းတွေနှင့် ရုပ်ပွပွေလီနေသော မြေပုံချပ်ကြီးကို စိတ်ဝင်စားစွာ ကြည့်လိုက်ပါသည်။

'ဟောဒါ မိတ္ထီလာရေးယာ ဂရစ်ကွက် အမှတ် (....)ပဲ မောင်ဘခက်၊ အဲ....မြင်းခြံခရိုင်ဆိုပါတော့၊ ဟောဒါက မုပ္ပါးတောင်၊ ဒါက ကျောက်ပန်းတောင်းမြို့၊ ဒီဟာက ကြက်မောက်တောင်ဆည်ကြီး၊ ဟောဒီနေရာကမုန့်တိုင်ဆည်'

ဦးဝင်းထွတ်သည် မြေပုံကို ခဲတံချွန်ကလေးဖြင့် ထောက်ရင်း သူ့ကို ပြောဆိုနေသည်။

'ဒါကတော့ မိတ္ထီလာမြို့နဲ့ တီလာကန်တော်ကြီးပဲ၊ အဲဒီ မိတ္ထီလာကန်တော်ရိုးမှာ အုပြာတ်သာဒ်နဲ့ နတ်ရုပ်တစ်ခုရှိတယ်'

ဘခက်သည် ဦးဝင်းထွတ်၏ ပြောပြချက်များကို စိတ်ဝင်စားစွာ ငံ့လင့်နေမိပါသည်။

'မိတ္ထီလာကန်တော်ကြီးဟာ ဟိုးနှစ်ပေါင်းများစွာက ဒီထက်အဆပေါင်းများစွာ ကျယ်ပြန့်တဲ့ ပင်လယ်သေလို ရေပြင်ကျယ်ကြီးတစ်ခု ဖြစ်တယ်လို့ ဦး ယုံကြည်ထားတယ် မောင်ဘခက်၊ မိတ္ထီလာမှာ အလောင်းစည်သူမင်း ဖောင်တော်ဆိုက်တဲ့ ဖောင်တော်ဦးစေတီဆိုတာ အခုထိ ရှိနေတယ်၊ အဲ....ရာဇဝင်အရ ဆိုပါတော့ကွာ'

ဦးဝင်းထွတ်သည် ပြောလက်စ [illegible]ားကို ခေတ္တနားလိုက်ပြီး သူ၏ ဆေးပြင်းလိပ်ကြီးကို မီးညှိ၍ ရှိုက်ဖွာနေသည်။ ဘခက် မစောင့်နိုင်တော့ပါချေ။



'အခု ဦးပြောတဲ့စကားတွေနဲ့ ကျွန်တော် သွားရမယ့် ိုးဟာ ဘယ်လိုများ ပတ်သက်ပါသလဲ ဦး....ဦးဝင်းထွတ်'

'ပတ်သက်ပါပြီလား မောင်ဘခက်၊ သိပ်ပတ်သက်တာ ါကွ၊ မုန့်တိုင်ဆည်ကြီးကို စပြီးတူးတော့ မမျှော်လင့်ဘဲ ုရိုးစုတွေ ရွှေးဟောင်း ပစ္စည်းတွေနဲ့အတူ မီးသွေးခဲ အပိုင်းအစတွေကို တွေ့ခဲ့ရတယ်၊ အဲ....တွေ့တဲ့နေရာကတော့ ုရုးငယ်ကမ်းပါးဆိုတဲ့ ကျောက်ဆောင်ကြီးရဲ့ဘေးမှာ ုပါတော့၊ ဦးဟာ အဲဒီအချိန်ကတည်းက မုန့်တိုင်ဆည် ုးရဲ့ မိဖုရားငယ်ကမ်းပါးကို စိတ်ဝင်စားခဲ့တာကလား၊ ဒါနဲ့ တွေ့ရတဲ့မီးသွေးခဲတွေကို နယူးဇီလန်က ဦးရဲ့မိတ် ု ပညာတော်သင် ဦးခင်မောင်သန်းဆီကို ပို့ပြီး ဓာတ် ကြည့်စေတယ်'

ဦးဝင်းထွတ်သည် သူ၏ စားပွဲအံဆွဲထဲမှ မှတ်တမ်းအချို့ ဆွဲထုတ်လိုက်ပါသည်။

'အဲ့ဒီ မိဖုရားငယ် ကမ်းပါးကတွေ့ရတဲ့ လူအရိုးစုတွေနဲ့ းသွေးတွေကို ဓာတ်ခွဲကြည့်တဲ့အခါမှာ ကာဘွန်ဓာတ်ပါ အစိတ်အပိုင်းကို ခွဲခြားလို့ရလာတယ်၊ အဲဒါတွေကိုဓာတ် ကြည့်လိုက်တော့ ဟိုးနှစ်ပေါင်း ကိုးရာကျော်လောက် နှော်ရထာလက်ထက်က ရုပ်ကြွင်းတွေလို့ မှန်းဆလို ာတယ်ကွယ့်'

'ဘာကြောင့် အဲဒီလိုအတိအကျပြောနိုင်တာလဲ ဦးရယ်' ဘခက်သည် ပြန်၍မေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'အသေအချာကို ပြောနိုင်တာပေါ့ မောင်ဘခက်၊ ခေတ်သစ်သိပ္ပံရဲ့ စွမ်းပကားဟာ ရှေးနှစ်ပရိစ္ဆေဒက ကွယ်လွန်သွားတဲ့ အီဂျစ်ပြည်က မန်မီလူသေ ဆေးစိမ်ရုပ်အလောင်းတွေကိုတောင် မသေမီက ဘာရောဂါရှိခဲ့တယ်၊ ဘယ်လိုရောဂါနဲ့ သေရတယ်ဆိုတာကိုတောင် အတိအကျ ပြောနိုင်သေးတာပဲကွ၊ ပြီးတော့ ဦးရဲ့မိတ်ဆွေ ဦးခင်မောင်သန်း ပညာတော်သင်သွားတဲ့ ဌာနကလဲ နယူးဇီလန်နိုင်ငံက ခေတ်မီညူကလီယာသိပ္ပံသုတေသန ဗိမာန်ဆိုတော့ အခုလို အတိအကျ ပြောနိုင် ဆိုနိုင်တာပေါ့ကွ'

ဦးဝင်းထွတ်၏ အမူအသွင်မှာ အလွန်အမင်း စိတ်မချတတ်ကြနေဟန်ရှိသည်။

'ဒါကြောင့်မို့ ဟိုး ရှေးနှစ်ပေါင်းများစွာက မိတ္ထီလာကန်တော်ကြီးဟာ အခုကုန်းခေါင်ခေါင်ဖြစ်နေတဲ့ မုန်တိုင်နဲ့ တစ်ဆက်တည်း ရေပြင်ကျယ်ကြီးဖြစ်နေမယ်လို့ ဦး ယူဆလိုက်မိတယ်၊ အဲဒီတော့ အခု ဦးရဲ့တပည့်တွေ တူးဖော်နေတဲ့ ရှေးဟောင်းရတနာသိုက်ဟာ အနော်ရထာမင်းရဲ့ မိဖုရားငယ်တစ်ပါးကို မြှုပ်နှံပြီး ရွှေစင်ရုပ်တု ပြုလုပ်ထားခဲ့တဲ့နေရာ မဖြစ်နိုင်ဘူးလား'

'ဦးဆိုလိုတာက မိတ္ထီလာ ကန်ဘောင်ရိုးက စာဆိုသြော်ခေါ်တဲ့ ဝန်မင်းဘိုးရာဇာ သိမှတ်ခဲ့တဲ့ အနော်ရထာမင်းရဲ့ မိဖုရားငယ်ရဲ့ ရွှေစင်ရုပ်တုကို ဆိုလိုတာလား ခင်ဗျာ'



ဘခက်က ချောက်တီးချောက်ချက် ကျောင်းတုန်းကသင်ခဲ့ရသည့် ရာဇဝင် တစ်ထွာတစ်ညိုလောက်ကို သတိရ၍ မေးဖြစ်သည်။ ဦးဝင်းထွတ်က ပြုံးနေ၏။

'ဒါတော့ ဦးလဲ ဘယ်အတိအကျ ပြောနိုင်ဦးမလဲကွယ်၊ အဲဒီ ရှေးဟောင်း ရတနာသိုက်ကို အပြီးသတ် တူးဖော်ပြီးရင်တော့ သိရင်လဲ သိလာမှာပေါ့ကွာ၊ မင်းသွားရမယ့်နေရာက ဟောဒီနေရာပဲ'

ဦးဝင်းထွတ်သည် မြေပုံကိုခဲတံဖြင့်ဝိုင်းလိုက်၏။ ပြီးတော့ ဆက်ပြောသည်။

'အဲဒီ မိဖုရားငယ်ကမ်းပါးမှာ ဦးရဲ့ တပည့်ရင်းဖြစ်တဲ့ ...င်းခေါင်တို့လူစု ရှိနေတယ်၊ အခု ဦးရဲ့ဇနီးမျိုးနဲ့ မင်းတို့သွားတဲ့နေရာဟာ မိဖုရားငယ်ကမ်းပါပဲ'

ဘခက် ခေါင်းညိတ်လိုက်ပါသည်။

'ကောင်းပါပြီ ဦးဝင်းထွတ်၊ ကျွန်တော် ဦးရဲ့ဇနီးကို အဲဒီ ...ရားငယ်ကမ်းပါးအထိ ရောက်အောင် ဘေးမသီရန်မခ...အောင့်ရှောက် ခေါ်သွားပေးပါ့မယ်၊ နို့.... ဦးရဲ့သမီး ပခ...င်းက ဒီခရီးကို အတူလိုက်လာဦးမယ်ဆိုတော့ သူ့အတွက် ...န္တရာယ်မရှိနိုင်ပေဘူးလား ဦးရယ်'

သူ့မေးခွန်းကြောင့် ဦးဝင်းထွတ် ထွေဝေသွားပါသည်။

'အင်း....သမီးကလဲ အညာကိုမရောက်ဘူးတော့ သိပ်လိုက်...င်တာကလဲ တစ်ကြောင်းပေါ့လေ၊ ပြီးတော့ သောသား...ါသ၊ မောဟာရုမက်တွေ ထူပြောလှတဲ့ လောကကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုလဲ သမီးကို ဝစေ့တစောင်း လေ့လာစေချင်လို့ ဆိုပါတော့ကွာ၊ ကဲ.... မင်းဘာမေးစရာရှိသေးသလဲ'

အဆုံးတွင် ဦးဝင်းထွတ်အသံက ပြတ်သားလာသည်။

'မရှိတော့ပါဘူး ခင်ဗျာ'

'ဒါဖြင့် မင်းသွားနိုင်ပြီ'

စန္ဒရားဘခက်သည် ဦးဝင်းထွတ်၏ ရှေးဟောင်းပြတိုက်ကြီးပေါ်မှ ဆင်းခဲ့ပါသည်။

အောက်ထပ်တွင် ပပလင်းကို မတွေ့ရ။

သူသည် စိမ်းမြန်းကျောချရာ မော်တော်ကားရုံအပေါ်ထပ်သို့ ထွက်ခဲ့ပါသည်။ ကားရုံထဲတွင်မူ ဝီလီဂျစ် တစ်စင်းသာ ရှိနေသည်။ ဒေါ်ခင်မျိုးလင်းတစ်ယောက် ယခုအချိန်အထိ ပြန်မရောက်လာသေး။

ဘခက်သည် ဒေါ်ခင်မျိုးလင်းအတွက် အနည်းငယ် စိုးရိမ်လာမိသည်။ ခရီးထွက်မည့် ဆဲဆဲတွင် တစ်ဦးတည်း စိတ်လွတ်ကိုယ်လွတ် ထင်တိုင်းသွားလာမှုကို သူ သတိပေးခဲ့သော်လည်း ဒေါ်ခင်မျိုးလင်းက မလိုက်နာခဲ့ပါ။

ဘခက်သည် လက်မှနာရီကို ကြည့်လိုက်သည်။ ညနေခြောက်နာရီထိုးရန် စက္ကန့်ပိုင်း လောက်သာ လိုတော့၏။ သည်ကနေ့ ညဦးပိုင်းတွင် ဝာပည့်ကျော် ချာလီနှင့် နယူးဟိုက်စမ် ပျော်ပွဲစားရုံတွင် ညစာစားသောက်ရင်း ရှေ့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို တိုင်ပင် ဆွေးနွေးရန် အချိန်းအချက်ပြုထားခဲ့သည် မဟုတ်လား။



စန္ဒရားဘခက်သည် ဂျင်းဂျာကက်အပါးစားကို ကောက်၍ စွပ်လိုက်ရင်း ကားရုံထက်မှဆင်းခဲ့၏။ ပပလင်းသည်စောစောပိုင်းက သူ့ကို ဈေးသို့လိုက်ပို့ပေးလန် ပြောဆိုခဲ့သော်လည်း ဦးဝင်းထွတ်နှင့် ကြာမြင့်စွာ စကားပြောနေသောကြောင့် စိတ်ပျက်သွားဟန်ရှိ၏။

'ဟေး.... အစ်ကို'

တိုက်ကြီး၏ ရှေ့သို့အရောက်တွင် သူမ၏ အသံသဲ့သဲ့ကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်။

ဘခက်သည် အသံလာရာဘက်ဆီသို့ ဆက်လျှောက်ခဲ့၏။ ရေကူးကန်ဘေးတွင် ပပလင်းကို တွေ့ရသည်။

ရေရယ်၊ နေရယ်၊ ဝါမြှေတဲ့ အသားရယ် ရောနေသော ပပလင်းသည် ကန်ဘေးတွင် ရပ်နေသည်။

လှပါပေ့....မရွှေချော၊

ချောပါပေ့....ရွှေစင်အိ။

'အစ်ကို ဘယ်သွားမလို့လဲဟင်၊ ပပကို ဈေးလိုက်ပို့မယ်ဆို၊ ပပဖြင့် အစ်ကိုဆင်းမလာနိုင်တာနဲ့ စိတ်ကိုပျက်လို့၊ ဘာတွေများ ဒါလောက်ကြာအောင် စကားပြောနေကြတာလဲ'

'အလုပ်ကိစ္စတွေဆိုပါတော့ ပပ၊ ဒါနဲ့ ပပ မိတ္ထီလာကို လိုက်ခဲ့မလို့ဆို ဟုတ်လား'

'အင်းလေ၊ ဒါတောင် ဒယ်ဒီ့ကို မနည်းပြောလို့ လိုက်ရတာ သိလား၊ မာမီကတော့ ပပကို သိပ်ခေါ်ချင်နေတာ၊ ပပ အညာမြေကို ရောက်ဖူးသေးတာနဲ့ အတော်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပပလင်း အမူအသွင်က ကြည်ရွှင်လို့နေပါသည်။

'ကဲ.... အစ်ကို၊ ပပ အဝတ်အစား လဲလိုက်ဦးမယ်နော်။ ခဏလေး'

'ပပက ဘယ်ကိုလိုက်မလို့လဲ'

'ဈေးကိုလေ၊ အစ်ကိုပဲ လိုက်ပို့မယ်ဆို'

'ဒီအချိန် ဗိုလ်ချုပ်ဈေးပိတ်ပြီပေါ့'

'လေဟာပြင်သွားမှာပေါ့'

'ကားမှမရှိတာ၊ ဂျစ်ကားက ဆီလိုက်မမှန်ဘူး ပပရဲ့'

ပပလင်း နှုတ်ခမ်းစူသွားသည်။

'ဘာလဲ.... အစ်ကိုက ပပကိုလိုက်မပို့ချင်လို့ မဟုတ်လား'

ဪ.... ခက်ပါဘိ ပပရယ်၊ မင်းကလေးနဲ့သာဆိုရင် ဝေရက်တောင်ထိပ်ပဲ သွားရ သွားရ။

'အစ်ကို့တပည့် ချာလီနဲ့ ချိန်းထားလို့ပါ ပပရယ်၊ နောက်တော့ လိုက်ပို့ပေးပါ့မယ်'

'ဟင့်အင်း.... ဟင့်အင်း.... ချာလီနဲ့ နောက်မှတွေ့။ အခု ပပကို လေဟာပြင်လိုက်ပို့ပေး။ ဂျစ်ကားမကောင်းရင်အငှားကားနဲ့သွားမယ်။

ဇွတ်တရွတ်မကလေးပါလား။

စန္ဒရားဘခက် ပြုံးလိုက်သည်။

'ကောင်းပါပြီ အစ်မလေးရယ်။ ကျွန်တော်မျိုးက အစ်မလေးတို့ အခိုင်းအစေပဲ ပို့ဆိုပို့ရမှာပေါ့'

'အစ်ကိုနော် ပပကို အဲသလိုမပြောနဲ့ မကြိုက်ဘူးသိလား'



ဘခက်က ပြန်မပြော၊ ရေကူးကန်ဘေးသို့ သွားရင်း အောက်ကို ငုံ့ကြည့်နေသက်၊

'ငါးရံ့ခေါင်းတို'

ပပလင်း ကြက်သီးထသွားသည်၊ တွန့်ခနဲဖြစ်သွားသည်။

'ကြုံကြုံဖန်ဖန် ဒီကန်ထဲမှာ ဘာငါးမှမရှိဘူး'

'သိပ်ရှိဟာပေါ့၊ အစ်ကို မနေ့ကတောင် တွေ့သေးတယ်၊ အစ်ကို့ လက်ကောက်ဝတ်လောက် တုတ်တယ်၊ ဟော.... ဟော.... ဟိုမှာ.... ဟိုမှာ....'

ပပလင်းသည် မျက်လုံးပြူးမျက်ဆံပြူးနှင့် သူ့နားဘေးသို့ ရောက်လာပါသည်။

'ဘယ်မလဲ.... ဘယ်မလဲ'

'ရေအောက်ငုပ်သွားပြီ၊ ကြည့်ချင်ရင်....'

ဘခက်သည် ပပလင်းကျောကို ဆတ်ခနဲ တွန်းချလိုက်၏။

'အမေ့....'

ပပလင်းတစ်ယောက် ကြွေကားယားနှင့် ရေကူးကန်ထဲသို့ ကျသွားသည်။

ဘခက် ခြံထဲမှ သွက်သွက်လက်လက် ထွက်ခဲ့ပါလေပြီ။

၁ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com



## ကိုး

သူသည် ဖြည်းဖြည်းသက်သာပင် လျှောက်လာခဲ့ပါသည်။ ကားတစ်စီးတလေနှင့် လူအချို့သည် သူ့ဘေးမှ ဖြတ်တက်သွားကြသည်။ လူအချို့နှင့် ကားတစ်စီး တလေသည် ရှေ့တူရူမှလာပြီး သူ့ကို ကျော်ခိုင်းသွားကြသည်။ မကြာခင် လူပြတ်သော ကန်တော်ကြီးစောင်းသို့ ရောက်လာသည်။

ဘခက် စိတ်ဝင်စားသည်ကတော့ ညနေခင်းရဲ့ အလှအပသာပဲ ဖြစ်ပါသည်။

သို့သော်လည်း ညနေခင်းအလှအပကို ဖျက်လိုဖျက်ဆီးလုပ်လိုသော လူတစ်စုကို မကြာခင် တွေ့ရပါတော့သည်။

ဘီးပေါက်နေသော ကားတစ်စီး။

မလုပ်တတ် မကိုင်တတ်နှင့် ကားဘေးတွင် ရပ်နေသော မိန်းမချောလေး တစ်ယောက်နှင့်....

မလှမ်းမကမ်းမှ လစ်လျှင်လစ်သလို၊ ချောင်လျှင်ချောင်သလို ဆွဲတတ်သော ဆေးသမားလိုလို၊ အရက်သမားလိုလို ကြမ်းပိုးရုပ်ပေါက်နေသည့် ကုလားကပြား သုံးယောက်ပင် ဖြစ်ပါသည်။

လူကလည်း ပြတ်ပါဘိသနဲ့။

မချောကလေးသည် နေကာမျက်မှန် ရောမကြီးကို တပ်ထား၏။ လက်ပွေ့အိတ် အကြီးကြီးကို လွယ်ထားသည်။ ဝတ်ထားသည် အဝတ်အစားတွေကလည်း အပ်နှင့်ချုပ်ထားသည်ပင် မထင်ရ၊ တစ်ကိုယ်လုံး ကော်ပါးပါးသုတ်၍ ကပ်ထားသည့်နှယ် အရှိုက်အဟိုက်၊ အလုံးအဝန်း အကားအစွင့်တွေက ထင်းနေသည်။ အဲ.... လက်ကျတော့ ဆင်သုံးကောင်လောက် ဝင်လောက်အောင် ပွထားပြန်ပါရော။ ရေဆင်.... ရေဆင်....။

အပွနှင့်အကျပ်ကို ဝတ်ထားသော မိန်းမချောကလေးသည် ကားဘေးကို ခတ်လိုက်၏။ ပြားချပ်နေသော ရှေ့ဘီးကို စိတ်ပျက်လက်ပျက်ကြည့်ရင်း အငှားကားကလေး ဘာကလေး လာလိုလာငြား လည်တဆန့်ဆန့် ဖြစ်နေသည်ကို အဝေးကပင် မြင်နိုင်ပါသည်။

လူရမ်းကားသုံးယောက် အကြိုက်ပင်၊ လက်ပွေ့အိတ်ကို ဆွဲရမလား၊ ထွက်သွားတော့မှ ကားမှန် ခွဲမလား၊ သုံးဖြုတ်မလားဟု ဘခက် တွေးမိသည်။

ဘခက်သည် မချောလေးဘေးသို့ အေးအေးဆေးဆေး ထွက်သွားသည်။ ပြီးတော့ သူမကို ကမ္ဘာ့ဒွန်းရုပ်တစ်ခုလို ကြည့်ရင်း စသံပေသံနှင့် ပြောလိုက်၏။

"အဘယ်.... ငါ့ညီမ၊ ဘာဖြစ်ပါသလဲ၊ နှမလေး ဘာအနေနဲ့ အကူအညီတောင်းချင်လို့ ရပ်စောင့်နေပါသလား"

www.burmeseclassic.com

www.burmeseclassic.com



မချောကလေးက သူ့မေးခွန်းကြောင့် လန့်ဖြန့်သွားဟန်ရှိ၏။ နောက်ကိုလည်း တစ်လှမ်းဆုတ်လိုက်သည်။ ပြီးတော့ သူ့ကိုလည်း ပြူးတူးပြဲတဲ ဇီးကွက်မျက်မှန်ထဲမှ ကြည့်နေနေသည်။

'မကြောက်နှင့်နုမငယ်၊ နုမငယ်ကားဘီးကို လဲပေးမယ့်သူ ရောက်လာပါပြီ'

ဘခက်သည် ဇာတ်မင်းသားလေသံနှင့် ထပ်မံဆိုလိုက်၏။ ဟုတ်ပါသည်။ တစ်ခါတစ်ရံ စိတ်ရှူးပေါက်လျှင် သည်လိုပဲ ကြောင်ချင်သည်။ အထူးသဖြင့် ခေတ်ရွှေက ကိုယ့်ကိုကိုယ် မိုင်တစ်ရာလောက် ပြေးနေသည်ထင်သည့် အဆက်လွှာမှ မိန်းမပျိုကလေးတွေ ပြူးတူးပြဲတဲ ဒုက္ခရောက်နေချိန်ဆိုဆိုပါတော့။

မလုပ်တတ်မကိုင်တတ် ဇိမ်းဆတ်ဆက် မကလေးတွေလေ။

'ရှင်.... ရှင် ကြောင်လှချည့်လား၊ မာလာသူဇာတင်တင်ကို ဘာအောက်မေ့လို့လဲ'

သည်တစ်ခါ ကြောင်သွားသူမှာ ဘခက်ဖြစ်ပါသည်။

'မာလာ....သူဇာ....တင်တင်'

ဘခက်သည် ကားထဲသို့ကြည့်၏၊ မတွေ့။

ဘေးသို့ကြည့်သည်၊ မမြင်။

ဘယ်မှာလဲ မာလာရယ်၊ သူဇာရယ်၊ တင်တင်ရယ်။

'ဟုတ်ဘယ်၊ မာလာသူဇာတင်တင်ဆိုတာ ကျွန်မပဲ၊ လာမစမ်းနဲ့နော် ကရာတေးတတ်တယ်'

အလိုလေး။



အေးအေးဆေးဆေးသွားပါတော့မည် မမရယ်၊ သည်ကတော့ စေတနာနဲ့ ကူညီမလို့ရယ်ပါ။

'ကောင်းလှပါပြီ မာလာသူဇာတင်တင်၊ မကြာခင်မှာအဲဟို လူရမ်းကား သုံးယောက်က မာလာသူဇာတင်တင်ရဲ့ လက်ပွေ့အိတ်ကို ဆွဲပြေးကြပါလိမ့်မယ်၊ အထဲမှာ ငွေဘယ်လောက်ပါသလဲ ကုန်ပြီသာမှတ်လေတော့ နုမငယ်'

ဘခက်သည် သူမကို ကျောခိုင်းလိုက်၏။ မချောလေးမျက်လုံးပြူး ကျန်ရစ်သည်။တစ်လှမ်းစ....နှစ်လှမ်းစ ရောက်သည်တွင် အသံကြားရသည်။

'အစ်....အစ်ကို'

'ဗျို့....'

'မနောက်ပါနဲ့ အစ်ကိုရယ်....ညီမကို ကူညီပါဦး'

မိန်းမချောကလေးသည် သူ၏ ခန့်ညားသော ရုပ်သွင်၊ သပ်ရပ်သော အဝတ်အစားကိုကြည့်ရင်း မဝံ့မရဲ အကူအညီတောင်းဟန် ရှိသည်။ သည်တစ်ခါတော့ သူမကို ဘခက်ကယ်ပဲ သနားသွားသည်။

'စပယ်ရာဝှီး ပါသလေား'

'ရှင်....'

'ဩော်....ကားဘီးအပိုပါသလားလို့'

'အင်း....အင်းပါကယ်....အစ်ကိုလဲ တတ်သလား'

'အေး... ဂျက်....ကော ပါသလား'

'ဂျက်....ဘာဂျက်လဲ၊ ဂျက်လေယာဉ်ပျံလား'

'ကားဘီး မတဲ့ဟာလေ'

www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး....ဒီထဲမှာတော့ အစုံပါတယ်'

မချောကလေးက ကားနောက်ခန်းကို လက်ညှိုးထိုးပြ သည်။ ဘခက်သည် ကားနောက်မြီးမှ တံခါးကို ဖွင့်လိုက် ၏။ အတွင်းတွင် အပိုဘီးနှင့် ပစ္စည်း ကရိယာတွေ ရှိနေ သည်။ မချောကလေးက သူ့ဘေးတွင် ရပ်လာ၏။

'အစ်ကို....ကူညီတာ ကျေးဇူး တင်နေပါပဲ ရှင်' တဲ့။

ဘခက်က ပြုံးရင်း ခေါင်းငုံ့၍ ကားဘီးကိုလက်နှစ်ဖက် နှင့် မလိုက်၏။ 'ဒုတ်' ခနဲ အသံနှင့်အတူ သူ့ခေါင်းပေါ်သို့ စကြဝဠာတံတိုင်းကြီး ပြိုကျလာသလို ခံစားလိုက်ရသည်။ မျက်လုံးတွေပြူးရင်း မာလာ သူဇာတင်တင်ကို မော့ကြည့် လိုက်၏။

ကောင်မလေးက ပြုံးလို့။

သူ့ဒူးတွေ ကွေးညွှတ်သွား၏။

ခံလိုက်ပေဦး ဘခက်ရေ....ခံလိုက်ပေဦးတော့။

သူ့တစ်ကိုယ်လုံး အမှောင်ကမ္ဘာထဲသို့ ဦးစိုက်ကျမ်းပြီး ကျသွားပါတော့သည်။

မာလာသူဇာ တင်တင်သည် ဘခက်နောက်တွင် ရာဘာ စုပ် သံတုတ်ကို ကိုင်ရင်း ရပ်နေသော လူရမ်းကားကို ပြုံး ပြလိုက်ပြီး ခပ်သွက်သွက် အမိန့်ပေးလိုက်သည်။

'ဂျော်နီနဲ့ တော်မီ သူ့ကို နောက်ခန်းထဲ မ,ထည့်__'

'အန်ထော်နီက ကားဘီးကိုလဲ ခပ်သွက်သွက်လုပ်စမ်း နင်တို့ဟာ မိန်းကလေး တစ်ယောက်လောက်မှ ဖြတ်ထိုး ဉာဏ် မရှိဘူး'



လူရမ်းကား သုံးယောက်မှာ စက်ရုပ်တွေလို လှုပ်ရှား သွားကြ၏။

မကြာမီ ကားနက်ကြီးက မောင်းထွက်သွားသည်။

ဘခက်သည် ကားနောက်ခန်းထဲတွင် အေးဆေးငြိမ်သက်- စွာ ပါသွားပါလေသည်။ သူ့ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုတလေလောက်မျှ လှုပ်ရှားနိုင်ခြင်း မရှိတော့ပါ။ ခန္ဓာ- ကိုယ် အကြောအမျှင်တွေကို လိုသလို လှုပ်ရှား ခိုင်းစေနိုင် သော အသိဉာဏ်သည်ပင်လျှင် သူ့ဦးနှောက်ထဲမှ လွင့်ထွက်- နေပါသည်။

ဘခက် မေ့နေသည်။

မာလာသူဇာတင်တင်နှင့် တော်မီသည် ဘခက်ကို ညှပ်၍ ထိုင်ထား၏။

ဘခက်၏ခေါင်းက မာလာသူဇာတင်တင်၏ ပခုံးအိအိ ကလေးပေါ်တွင် မှီလို့....သူ့ခန္ဓာကိုယ် တစ်ဝက် တစ်ခြမ်း ကလည်း သူမ ရင်ခွင်ထဲတွင် ဝင်နေသည်။

မေ့နေသော ဘခက်က ပဇာမျှ မဖြစ်။

သူမကတော့ အနေရခက်သလို ရှိန်းရှိန်းဖိန်းဖိန်း ဖြစ် ချင် ဖြစ်လေမည်။ ယမနေ့သားနှင့် ထိထားတဲ့ မိန်းမရုပ် ကလေးမှ မဟုတ်လေတာကပဲ။

'မာလာက သိပ်တော်တာပဲကွာ၊ ကိုယ်တို့ချည့်ဆိုရင် ဒီလို အခြေအနေမျိုးဖြစ်လာဖို့ အတော်ခက်ဦးမှာ'

'အင်း....ဒါကြောင့်လဲ မာလာကို ဆရာကြီးက'

ရှေ့ခန်းမှ ဂျော်နီက နောက်ခန်းကို လှမ်းပြောသည်။

www.burmeseclassic.com



'မင်းတို့က တော်တော့ဂဲကွ'

မာလာသည် ချီးမွမ်းခံလိုဟန် မတူ။

သူမအနေဖြင့် ထမင်းစား ရေသောက်သလို လွယ်ကူလှသော လုပ်ငန်းတစ်ခုလို သဘောထားဟန်ရှိသည်။

'ဒီလိုလဲ မပြောပါနဲ့လေ၊ ကိုယ်တို့မပါရင် မလွယ်ဘူး'

အန်ဒေါ်နီက မခံချည့်မခံသာ ဝင်ပြော၏။

'အမယ်လေး....မင်းတို့မပါရင် သာတောင် လွယ်သေးတယ်၊ ဒီလိုငနဲမျိုးဟော့ မာလာက ပက်ကျိလို ကပ်ပါလာအောင်တောင် လုပ်နိုင်သေးတယ်'

'အခုလဲ ကပ်ပါလာတာပဲ မှတ်လား မာလာ၊ ဒါနဲ့ ဒီလိုစိတ်ကူးမျိုး မာလာ ဘယ်လိုရတာလဲ'

ဘခက်၏ နံဘေးမှ ကိုယ်တော်ချော တော်မီက ဝင်ထောက်သည်။

'ဘာမျှား ခက်လို့လဲ တော်မီ၊ ဒီလိုငနဲမျိုးက ကိုယ့်ကိုယ်ကို သိပ် အထင်ကြီးတတ်တာကလားကွ၊ ဒါကြောင့် သူ့ကို ကျော်တက်ခိုင်း၊ ကားဘီးလေရှော့ပြီး အသာ ရပ်စောင့် နေလိုက်ရုံပေါ့၊ ပြီးတော့ ကိုယ်ကလဲ အပျံစားမဟုတ်လားကွ၊ အဲ့....မင်းတို့က မလှမ်းမကမ်းက ရစ်သီရစ်သီလုပ်နေတော့ ဦးပြီး အဆင်ပြေသွားတာပေါ့'

မာလာသူဇာကင်တင်၏ ကျေနပ်နှစ်သိမ့်စွာ ရယ်သံကလေးက ထွက်ပေါ်လာသည်။



ဇဲ....သည့်ပြင်မှာပင် သူ၏ သတိသမ္ပဇဉ်က လှုပ်နိုးလာ၏။ အသိစိတ်က နိုးကြွလာ၏။ သို့ပေမယ့် ခေါင်းထဲတွင် ဒိုးဖျံ ဆယ်စင်း ဖြတ်သန်းသွားသလို ခံစားနေရသည်။

ပထမဦးဆုံး သတိပြုမိသည်က သူ့ခန္ဓာကိုယ်သည် ငြိမ်သက်စွာ ရွေ့လျားနေ၏။ ဒုတိယမှ သိရှိလိုက်သည်မှာ သူသည် မနုဿလူသားနှစ်ဦး၏ အလယ်တွင် ရောက်ရှိနေခြင်း၏။

ဩော်....မာလာသူဇာတင်တင်....

ဘခက် အသိဉာဏ်တွင် သူ့ကို ယဉ်ယဉ်ကလေးနှင့် နိုင်ယူခဲ့သော မချောကလေးကို သတိရလာ၏။ သူ့ခန္ဓာကိုယ်တွင် ထိတွေ့နေသော ခန္ဓာကိုယ်နှစ်ခု၏ ဖေါ်တပ်အာရုံသည်း အသွေးအသားက သိလိုနေသည်။

ဇွတ္တိယနှင့် ပုရိသ အဖိုနှင့်အမသည် သူ့ကို ညှပ်ထားသည်။ ဘခက်သည် သူ၏ကိုယ်ခန္ဓာကို နည်းနည်း ကလေး မလှုပ်ရှားမိအောင် ချုပ်တည်းထားပါသည်။ သည်ကတာ အောင် စကားပြောသံကို ကြားရ၏။

'အင်....ဆရာကြီးကတော့ ဒီငနဲကို အခုလို မြန်မြန် ထက်က် ခေါ်လာနိုင်တဲ့အတွက် အံ့သြနေမလား မသိဘူး'

'အို....ဒါက မင်းအပူမဟုတ်ပါဘူး၊ ဂျော်နီရာ၊ တို့တာဝန်ကျဖို့ အဓိကမဟုတ်လား၊ ကဲ....အန်ဒေါ်နီ၊ ကားကို ပိုမြန်လို့ မရတော့ဘူးလား'

'ဒါ လီဗာအဆုံးနင်းထားတာပဲ မာလာ'

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ စကားသံတွေ တိတ်ဆိတ်သွားသည်၊ ထို့ အတူ လူသံကားသံတွေက ဆိတ်ငြိမ်နေသည်။ ကေန္တ မြို့ပြင်သို့ ရောက်လာပြီထင့်။

ဘခက်သည် သူ၏ ဦးနှောင့်ကို အရပ်အနားမရှိ အလုပ် ပေးထား၏။ စင်စစ် မာလာသူဇာတင်တင်ကို သူအထင်သေး ခဲ့မိသည်။

သူ့ကိုယ်သူလည်း အထင်ကြီးခဲ့မိသည်။ ဒါသည် ပထမ အမှား။ ဒုတိယအမှားက ကုလားကပြား သုံးယောက်ကို မထေမဲ့မြင် ပြုခဲ့ခြင်းပင်။

ယခုတော့ သူတို့က ကိုယ့်ကို သယ်ဆောင်သွားပြီ။

သူတို့အထဲတွင် ဆရာကြီးဆိုသူကို ကိုဘခက် စိတ်အဝင် စားဆုံးပင်။

မာလာသူဇာတင်တင်နှင့် ကုလားကပြားသုံးဦးမှာ ဆရာ ကြီး၏ လက်ပါးစေများသာ။ ဒီအထဲမှာ မာလာသူဇာတင် တင်က ခေါင်းဆောင်ဖြစ်ပုံရ၏။ လုပ်ရဲကိုင်ရဲ သတ္တိရှိသော မာလာသူဇာတင်တင်ကိုလည်း စိတ်ထဲကကြိတ်၍ ချီးကျူးမိ သည်။

ဒါက အရေးမကြီး။

အရေးကြီးသည်က သူ့ကို မည်သည့်ရည်ရွယ်ချက်နှင့် မ,လာရလေသနည်း။

'ဒီကောင် အခုထိ သတိမရသေးဘူး'

'အေးလေကွာ၊ နာရီဝက်အထိတော့ ငါအာမခံပါ တယ်။ ဂျော်နီတို့က ရိုက်တဲ့နေရာမှာ နာရီဝက်လား၊ တစ် နာရီလား၊ နှစ်နာရီလား၊ ဒါမှမဟုတ် တစ်သက်လုံးမေ့ သွားအောင်ပဲ ရိုက်ရမလား၊ အဲ့သလောက်အထိ လက်ဆ မှန်တယ်'

ကုလားနှစ်ကောင် အသံအဆုံးတွင် သူမအသံက ထွက် ပေါ်လာပြန်သည်။

'တော်ကြစမ်း၊ အာလူးပေးမနေကြနဲ့'

အသံတွေတိတ်သွား၏။

ဒီအထိ သူမဩဇာက စူးရှသည်။

ကားသည် ကျင်းတွေ၊ ချိုင့်တွေ၊ ခလုတ်ကန်သင်းတွေ ကို ဖြတ်ကျော်နင်းရင်း ရပ်သွားသည်။ ဘခက် နှာခေါင်း ထဲသို့ နွံနံ့ရေနံ့တွေ ရလာ၏။

'ကဲ....သူ့ကို အထဲသယ်ခဲ့'

ကားတံခါး ဖွင့်သံနှင့်အတူ ဘခက် ခန္ဓာကိုယ်ကြီးမှာ ထား ကြမ်းပြင်ပေါ်သို့ ခေါင်းစိုက်ကျသွား၏။

သည်စဉ်ခိုက်တွင် ဘခက်၏ မျက်လုံး ကစက္ကန့်ပိုင်းလောက် ပွင့်သွားပါ၏။

တိုက်ပျက်ကြီးတစ်လုံးနှင့် ချောင်းရိုးတစ်ခု။

ဟုတ်ပါသည်၊ မြေးရိုပ်ချောင်းဘေးရှိ လူမနေသည့် တိုက် ကြီးပေပဲ။

နောက်တော့ သူ့ကိုယ်ကြီးကို ရှေ့တစ်ယောက် နောက် တစ်ယောက် မ,ချီခံရသည်။ သူ့လက်နှစ်ဖက်က တွဲလောင်း ကျနေ၏။ သူ့လည်ပင်းက လိမ်ခေါက်နေသည်။ သူ့ခေါင်း နှင့် ကြက်ဥတစ်လုံးလို ဖူးယောင်နေသည်။

www.burmeseclassic.com



'ခဏရပ်ပါဦး မိတ်ဆွေ'

ပိုးလိုးပက်လက် ပျော့ခွေနေသော ဘခက်ထံမှ စကားသံကြောင့် ဂျော်နီနှင့် တော်မီမှာ ကြောင်သွား၏။ စက္ကန့်၏ လေးပုံတစ်ပုံလောက် တွေဝေသွား၏။

ဘခက်၊၊ မြေနှင့်လက်မှာ စပရင်လို ဆန့်ထွက်သွားသလို သူ့ခန္ဓာကိုယ်က လေထဲတွင် ဝဲနေဖြစ်သွား၏။

တော်မီ၏အရိုက်ကို မြေပနောင့်နှင့် ဆောင့်ကန်လိုက်ပြီး တစ်ပြိုင်တည်းမှာပင် သူ့ချိုင်းနှစ်ဘက်ကို မ,ထားသော ဂျော်နီ၏မေးစိကို လက်ပြန်သယ်ထည့်လိုက်ခြင်းပင်။

ထို့အတူ ဘခက်သည် ကြောင်တစ်ကောင်လို လေးဘက်ထောက်ရင်း ကျသွားသည်။ တော်မီနှင့် ဂျော်နီမှာ ဘခက်၏ မမျှော်လင့်သော တိုက်ကွက်ကြောင့် ပိုးလိုးပက်လက်လန်သွား၏။

စီခနဲညံခနဲ အသံကြောင့် တိုက်ပွဲကြိုအဝတွင် ရောက်နှင့်နေပြီဖြစ်သော မာလာသူဇာတင်တင်နှင့် အန်ထော်နီမှာ ထိတ်လန့်တကြား နောက်သို့ လှည့်ကြည့်လိုက်သည်။

ဘခက်သည် ကုန်းထလာသော တော်မီ၏ မေးဖျားသို့ခြေဖျား ပစ်သွင်းလိုက်သလို သူ့နောက်မှ ရုတ်တရက် တိုက်ခိုက်လာသော ဂျော်နီကို ညာဘက်လက်ပြန် ခုတ်ထည့်လိုက်သည် ဆိုလျှင်ပင်....

အချိန်စောစောနှင့် ပွဲသိမ်းရမလို ဖြစ်သွား၏။

ဒါကို ပွဲကြည့်ပရိသတ်အနေနှင့် မကျေနပ်နိုင်ပါ။

ဟုတ်ပါသည်။



တော်မီနှင့် ဂျော်နီသည် နွံထဲသဲထဲတွင် အလူးအလဲဖြစ်နေ၏။ ပြန်ထဖို့ ခက်ခက်ခဲခဲကြိုးပမ်းနေကြ၏။ မာလာသူဇာတင်တင်သည် ဘခက်ကို ခပ်ပြုံးပြုံးကြည့်ရင်း ဆိုသည်။

'ကဲ....အန်ထော်နီ၊ မင်းအလှည့်'

သူမ၏ စကားအဆုံးတွင် အန်ထော်နီက ဘောင်းဘီအိတ်ထဲ နှိုက်လိုက်၏။ သူ့လက်ထဲတွင် မောင်းပြန်ဓားတစ်လက်ပါလာသည်။ အန်ထော်နီသည် ရှေ့ကို တစ်လှမ်းချင်းတိုးရင်း မောင်းပြန်ဓားကို နှိပ်လိုက်၏။ ဖြောင်းခနဲ အသံနှင့်အတူ တဖျပ်ဖျပ် လက်နေသော ဓားသွားတစ်ခု ပေါ်လာသည်။

'မင်းလည်ချောင်းသွေးကို ဖောက်ထုတ်ပစ်မယ် နားလည်လား'

'ဒါဖြင့်ရင်လဲ ဝင်ခဲ့လေကွာ၊ ရော့....'

ဘခက်က သူ့အမေးကို မော့ပေးလိုက်သည်။

ဝှီးခနဲ အသံနှင့်အတူ အန်ထော်နီ၏ဓားသွားက သူ့မေးစေ့အောက်မှ ဖြတ်သွားသည်။ ဘခက်ကနောက်မဆုတ် ကိုယ်ကိုလှန်၍ သူ့ဘေးသို့ ရှိုင်ဆင်းလာသော အန်ထော်နီ၏ နံစပ်ကို ဒူးတစ်လုံး ပစ်သွင်းလိုက်သည်။

အန်ထော်နီသည် ဓာတ်လိုက်သလို ဆတ်ခနဲတုန်သွားရင်း မျက်လုံးကြီးနှစ်လုံး ပြူးထွက်လာသည်။ ပြီး ဒူးထောက်ကျသွားသည်။

ဂျော်နီသည် ဘခက်ကို နောက်မှခုန်အုပ်လိုက်သည်။ အမြန် နှစ်ယောက်သား မြေပြင်ပေါ်သို့ ပစ်ကျသွားသည်။

www.burmeseclassic.com



ဘခက်ပြန်ထလာ၏။ ဂျော်နီကား မြေပြင်မှ ရာပေါ်တွင် တစ်မှေးစက်ရင်း ကျန်ခဲ့သည်။

ဘခက်၏ နောက်ပြန်တွက်လိုက်သော တံတောင်ချက်က သူ့ရင်ဝကို ထိသွားခြင်းပင်၊ ဤသည်မှာ စန္ဒရားဘခက်၏ သွက်လက်သော တိုက်ကွက်များပင်။

အခုတော့ သုံးကောင်ကို တစ်က နိုင်သွားပြီ၊

သို့သော်လည်း 'ကွင်း' ကိုမေ့ထားလို့ မဖြစ်။

သည်အုပ်စုထဲတွင် မာလာသူဇာတင်တင်က ဘုရင်မ မဟုတ်လား။

ဘခက်သည် သူတို့သုံးယောက် အလယ်တွင်ရပ်ရင်း သူမကို ကြည့်လိုက်သည်။

မာလာသူဇာတင်တင်၏ ညာဘက်လက်ထဲတွင် ကန့်ကဓား ရှိုးတပ် မိန်းမကိုင် မစ္စတို ပေါက်စကလေး တစ်လက်ကို မြင်ရ၏။

ပြောင်းဝမှ သေးငယ်သော်လည်း ထိုပြောင်းဝမှ ထွက်လာမည့် ကျည်ဖူး၏ တွန်းကန်အားက သူ၏ အသည်းထွေ နှလုံးတွေကို ဖောက်ထွက်သွားနိုင်စွမ်း ရှိကြောင်း ဘခက် သိရှိပါသည်။

'တော်လောက်ပါပြီ ကိုဘခက်ရယ်၊ ရှင် ဘယ်လောက်ပဲ အသတ်အပုတ် ကျွမ်းကျင်ပေမယ့် ကျည်ဆန်လောက်တော့ မြန်မှာ မဟုတ်ဘူးရှင့်'

သူမက ခပ်ပြုံးပြုံး ပြောလိုက်သည်။

သူက ပြုံးတော့ ဘခက်က ရယ်လိုက်၏။



ဟက်ခနဲ ရယ်လိုက်၏။

'ဒါပေါ့ နှမလေးရယ်၊ မောင်ကြီးဟာ ကျည်ဆန်လောက်တော့ ဘယ်မြန်နိုင်ပါ့မလဲ၊ ကဲဆို....မောင်ကြီးကို မည်သည့် ထိုစ္စ နဲ့ဒီကို ခေါ်လာပါသလဲ နှမလေး'

ဘခက်က စိန့်အောင်မင်းလေသံနှင့် မေးလိုက်၏။

သည်တစ်ခါတော့ သူမမျက်နှာတွင် တကယ့်ကို အံ့ဩသွားဟန် ရှိသည်။ သေမင်းနှင့် လက်တစ်လုံးခြား ကစား နေသည့်အချိန်တွင် သူ့အမူအရာက ဇာတ်မင်းသားဟန် ပေါက်နေ၏။

ကြည့်....လက်နှစ်ဖက်ကို ခါးမှာထောက်လို့ အေးအေး ဆေးဆေးကလေး ရပ်လို့၊ မချောလေး မျက်လုံးကြီး တွေက ရွှန်းရွှန်းလက်သွားသည်။ သူ့ကိုများ ချစ်သွား သလားတော့ မသိနိုင်။

'ဟေ့....မလုပ်နဲ့၊ သူ့ကို အထဲခေါ်ခဲ့'

သည်စဉ်မှာပင်....မာလာသူဇာတင်တင်က ကျားသစ် မလေးလို လှမ်းဟောက်လိုက်၏။ ဘခက်နောက်သို့ လှမ်း ကြည့်လိုက်သည်။ သူ့ခေါင်းကို သစ်သားချောင်းကြီးနှင့် ရိုက်ခဲ့ဟန် ပြင်နေသော အန်ထော်နီကို တွေ့ရသည်။

တော်မီနှင့် ဂျော်နီသည် ရှုံရင်း မဲ့ရင်း ထလာသည်။ သူတို့ မျက်လုံးတွေက မီးဝင်းဝင်း တောက် နေ သည်။

ဘခက်သည် လူ သုံးယောက် ခြံရံရင်း တိုက်အို တိုက် ပျက်ကြီးထဲသို့ ဝင်ခဲ့သည်။ အတွင်း၌ သံကုလားတစ်ခု တွေ့ရသည်။

www.burmeseclassic.com



'အပေါ်ကို တက်စမ်း၊ ရီးတီးယားတားတော့ မလှုပ်နဲ့နော်၊ အူပွင့်သွားမယ်'

'ကောင်းလှပါပြီ နှမတော်'

ဘခက် တက်သွားသည်။

တက်တော့ အပေါ်ထပ်သို့ ရောက်သွားသည်။

ရောက်သွားတော့ သူ တစ်ခါဖူးမျှ မတွေ့ဆုံဖူးသေးသော ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရ၏။ သူ့လက်ထဲတွင် ပွင့်ဘာတီအိတ် အင်ဖီး ခြောက်လုံးပြူးကြီးတစ်လက် ကိုင်ထား၏။

သူသည် စားပွဲတစ်လုံးနောက်တွင် သက်တောင့်သက်သာ ထိုင်ရင်း ဘခက်ကို မပြုံးမရယ် ကြိုဆိုနေ၏။

'မင်း....မောင်ရင်ဟာ ကျုပ် ထင်ထားတာထက်ပိုပြီး လက်စွမ်း ထက်နေတာကိုး၊ ကျုပ် ကောင်မလေးသာ မပါရင်တော့ အခက်ပဲ၊ ကျုပ် အပေါ်ထပ်ကနေ အားလုံး မြင်ရတယ်၊ သူက စတင်၍ ဘခက်ကို ပြောပြသည်။

'ဒါပေါ့... ဒါပေါ့....ခင်ဗျား ကောင်မလေးသာ ကျုပ်ရည်းစားဆိုရင် အနမ်း တစ်ချလောက်တော့ ဆုချ....'

'ဟိတ်....တော်စမ်း'

ပုဂ္ဂိုလ်ကြီးက အော်လိုက်သည်။ စားပွဲကို ဝုန်းခနဲ ထုလိုက်သည်။

ပုဂ္ဂိုလ်လေးတွေက သူ့ကို ဝိုင်းအုံလာသည်။

လက်သီးတွေ၊ ခြေထောက်တွေ၊ လက်ဝါးစောင်းတွေက သူ့ခန္ဓာကိုယ် အနှံ့အပြားသို့ ကျရောက်လာသည်။



သတ္တိပြောင်ကြပါစေ။

သေနတ်နဲ့ ချိန်ပြီး ထိုးရဲ၊ ခိုက်ရဲ၊ ကန်ရဲကြသူတွေ ပါကလား။

ဘခက်သည် ဒူးထောက်လျက် ကျသွားသည်၊ သူ့နှုတ်ခမ်း ဟက်တက် ကွဲသွား၏။ သွေးရဲသွား၏။

မာလာသူဇာတင်တင်သည် သူ့ကို ကြည့်နေသည်၊ သူမ မျက်နှာပေါ်တွင် ကြင်နာမှုတွေ စွန်းထင်းနေသည်။

'အခုလို....အဓိပ္ပာယ်မရှိ ဝိုင်းနှိပ်စက်ကြမယ့်အစား ဘာကြောင့် ကျုပ်ကို ဒီလို လုပ်ရသလဲဆိုတာ သိပါရစေလား မိတ်ဆွေကြီး၊ ပြီးတော့မှ သတ်ပစ်ပစ်ပေါ့ဗျာ၊ ဟုတ်လား'

ဘခက်က မျက်နှာတွင် ဝဲကျလာသော ဆံပင်တွေကို ခါထုတ်ရင်း ဒူးထောက်လျက် အနေအထားမှ မေးလိုက်သည်။

'ကောင်းပြီလေ....သိရတာပေါ့၊ ကဲ....ဒီကောင့်ကို ကြိုးနဲ့ တုတ်လိုက်စမ်း'

ဘခက်သည် လူစင်စစ်မှ သတ်ခါနီးဝက် တစ်ကောင် ဖြစ်သွား၏။

သူ့လက်တွေကို ကြိုးနှင့် အတုတ်ခံလိုက်ရ၏။

သူသည် ကြမ်းပြင်ပေါ်တွင် ဟစောင်း လဲနေသည်။ ဒီတော့မှ ပုဂ္ဂိုလ်ကြီးလက်မှ သေနတ်သည် စားပွဲပေါ် ရောက်သွားသည်၊ ပြီးတော့ တစ်ခွန်းချင်းပြော၏၊

www.burmeseclassic.com

www.burmeseclassic.com



'အေး….မင်း ကြားချင်တာ ပြောရတာပေါ့ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီစကားတွေဟာ မင်း….နောက်ဆုံးကြားသွားရမယ့် စကားတွေ ဖြစ်နေတာကိုး၊ မင်းနဲ့ ငါနဲ့ဟာ ဘယ်တုန်းကမှ ရန်ညှိုး ရန်စ မရှိခဲ့ပါဘူး၊ ဒါပေမယ့် ငါဟာ တန်ရာ တန်ကြေး ရမယ်ဆိုရင် အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တတ်တဲ့ ဝါသနာရှိနေတော့ အခုလို မင်းကို ဒီခေါ်လာ ခဲ့ရတာပဲ စန္ဒရားဘခက်'

ပုဂ္ဂိုလ်ကြီးက သူ၏ ဝိသေသကိုပင် သိရှိနေပါလေသည်။

'ဆိုပါဦးလေ'

'ငါ့ကို လူတစ်ယောက်က ခိုင်းခဲ့တယ်ကွ'

'ဘာခိုင်းတာလဲ….အသတ်ခိုင်းတာလား'

ဘခက်က မေးလိုက်၏။

သူက ဟက်ခနဲ ခြောက်သွေ့စွာ ရယ်သည်။

'မဟုတ်ပါဘူးကွာ….ဒေါ်ခင်မျိုးလင်းနဲ့ မပတ်သက်နိုင်ရုံတင်ကလေး ရယ်ပါ'

'ဩော်….ဒေါ်ခင်မျိုးလင်း'

'ဟုတ်တယ်လေ….ဒေါ်ခင်မျိုးလင်းက ခရီးတစ်ခု သွားမယ်၊ မင်းက အဲဒီခရီးကို သက်တော်စောင့်အဖြစ် လိုက်မယ်၊ ဒါကို မလိုလားသူ တစ်ယောက်က ဟန့်တားပေးဖို့ ငါနဲ့ကောင်မလေးကို ခိုင်းတယ်၊ ဒီအတွက် တန်ရာတန်ကြေးကို ငါက ရတယ်၊ ဒါလောက်ပါပဲ'

'ခင်ဗျားကို ဘယ်သူက ခိုင်းတာလဲ'

ဘခက်က ဒေါသတကြီး အော်လိုက်၏။



ပုဂ္ဂိုလ်ကြီးက ဖြေတော်မမူ၊ ခေါင်းကြီးကို ညင်သာစွာ ရမ်းခါလိုက်သည်။

'ပြောခွင့်မရှိလို့ ဝမ်းနည်းပါတယ် စန္ဒရားဘခက်၊ ဒီကလျှောက် မင်းလက်တွေ သွက်နိုင်ခွင့်မရှိပါဘူး၊ ကဲ….သူ့ကို ကြည့်ပြီး စီစဉ်လိုက်ကြပါကွာ'

ပုဂ္ဂိုလ်ကြီးက သူ့လူသုံးယောက်ကို တစ်ဆက်တည်းပြောလိုက်သည်။

ဘခက်သည် မာလာသူဇာတင်တင်ကို မော့ကြည့်ဖြစ်၏။

သူမက မျက်နှာလွှဲထားသည်။

ဂျော်နီ၊ တော်မီနှင့် အန်ထော်နီတို့သည် ဘခက်ကို ခွေးသကောင် ငင်းတဆွဲသလို တွန်းထိုး ဆွဲထုတ်လိုက်ကြသည်။

သူ့အတွက် နောက်ဆုံးကာလသို့ ရောက်ခဲ့ပြီလား။

သည်မေးခွန်းကို စန္ဒရားဘခက် မဖြေနိုင်ပါချေ။

သို့တစေ လူဟူသည် သေခြင်းတရားကို မရှောင်လွှဲနိုင်မှန်း သိလျက်နှင့် သေရမှာ ကြောက်ကြ၏။ လူသားတစ်ဦးဖြစ်သော စန္ဒရားဘခက်လည်း ကြောက်ပါသည်။ စိုးရိမ်ပါသည်။ ထိတ်လန့်ပါသည်။ မသေသင့်ဘဲ မသေချင်၊ သို့သော်သူ့အခြေအနေက သေမင်းနှင့် လက်တစ်ကမ်း။

ကုလားသုံးယောက်သည် သူ့ကို တွန်းထိုးရင်း အောက်ဘယ်သို့ဆင်းသော လှေကားဆီသို့ ဆွဲခေါ်သွားသည်။

'ဒီမယ်….မာလာသူဇာတင်တင်'

ဘခက်သည် သူတို့လက်မှဆောင့်ရုန်းရင်း ခေါ်လိုက်၏။

'ရှင်….'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အမှတ်မထင်ပြန်ထူးလိုက်သည်။

ဘခက်နှင့် သူမ တစ်ဒင်္ဂအကြည့်ချင်း ဆုံဖြစ်ကြ၏။

'မင်းကိုချစ်တယ်'

အားလုံး ပါးစပ်ဟောင်းလောင်း တသွားကြ၏။

ပုဂ္ဂိုလ်ကြီး၏ မျက်နှာမှာ ရဲခနဲဖြစ်သွားသည်။ ထွားကျိုင်းသော ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်အောင် သူ့ဘေးသို့ စွေ့ခနဲရောက်လာ၏။

'အို....အစ်ကိုကြီး၊ နေစမ်းပါ၊ ဒီကောင်ကို မှတ်လောက်သားလောက်အောင် မာလာ ဆုံးမစမ်းပါရစေ'

မာလာသူဇာတင်တင်သည် ပုဂ္ဂိုလ်ကြီး၏လက်မောင်းကို ဆွဲဖယ်ရင်း စန္ဒရားဘခက်၏ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရိုက်လိုက်သည်။ ဘခက် ယိုင်သွား၏။ မျက်လုံးတွေပြာသွား၏။

ထိုစဉ်ခိုက်မှာပင်....

ပုဂ္ဂိုလ်ကြီးသည် စန္ဒရားဘခက်၏ ငယ်ထိပ်ကို သေနတ်ဒင်နှင့် ဆောင့်ချလိုက်သည်။

စန္ဒရားသံတော့ ထွက်မလာပါ။

ဒုတ်ခနဲ အသံနှင့်အတူ သူ့မျက်လုံးထဲတွင် ကြယ်တွေလတွေ အလျားလိုက်အနံလိုက် ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားသည်ကိုသာ။

o o o



ဘခက်သည် လွန်ခဲ့သည့် မိနစ်ပေါင်းများစွာက အသံကုန် အော်ဟစ်အကူအညီ တောင်းခဲ့၏။ လက်တွေပွန်းပဲ့ကျိုးထွက်မတတ် ရုန်းကန်ခဲ့သေးသည်။

မရပါ။

နည်းနည်းကလေးမှ မရပါ။

မရတော့တဲ့အတူတူ မရုန်းတော့ဘူးပေါ့၊ မအော်တော့ဘူးပေါ့။

အဲသည်တော့ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းပဲ သေတော့မည်။ ရရှိသည့် အချိန်ပိုင်းကလေးကို စိတ်ဆင်းရဲခြင်း ကြီးစွာနှင့် ဖြုန်းတည်းပစ်မည့်အစား စိတ်ချမ်းချမ်းသာသာကလေး နေသွားချင်နေသည်။

ဘခက်သည် တပည့်ကျော် ချာလီ သီဆိုလေ့ရှိသော စတီးယို တေးတစ်ပုဒ်ကို သတိရလာ၏။ ပီသကြည်မြသော ဂစ်တာသံဆို ကြားယောင်လာ၏။

သူသည် တေးသွားကို လေချွန်လိုက်သည်။ ပြီး ခပ်တိုးတိုး ညည်းလိုက်သည်။

သေမင်းနှင့် လက်တစ်ကမ်း.... အသည်းပန်းကလှုပ်........လှုပ်ခါ ရင်မှာလှိုင်းထ.... အရှိုင်းမကလေးရဲ့....မူယာ။

(လုသူဇာ.......ကြင်နာသော....... အသည်း.......မင်းရင်ထဲမှာ....မရှိလေသော....အခါ)

(ညအခါမှာ....ရေမှာလှိုင်း........လှိုင်းတွေက——ထန်....ရေဆန်လေဆန်လှိုင်း....... တွေ့ကလန်)

www.burmeseclassic.com

www.burmeseclassic.com



'အလဲ...ကိုဘခက်က ဘယ်ဆိုးလို့လဲ၊ အသံကောင်းသားပဲ၊ အဆိုတော်လုပ်စားဖို့ကောင်းတယ်'

တင်တင်....

မာလာ၊ သူဇာတင်တင်....

သူမ၏ အသံလွင်လွင်ကလေးကို စန္ဒရားဘခက် မှတ်မိပါချေသည်။

'ရှင် သေရတော့မယ့်ဆဲဆဲမှာတောင် သီချင်းဆိုနိုင်သေးတယ်နော်'

'အြော်...ဒါဖြင့် မောင်တော်က အော်ပြီး ငိုချင်းချနေလို့ ဘယ်သူက လာကယ်မလဲ နှမတော်'

ကြည့်....

သူ့စကားက အခုထက်ထိ မျက်စိနောက်စရာ ကောင်းနေသေးတုံး။

ရှင့်ကိုတော့ မာလာ သိပ်အံ့ဩမိတာပဲ'

'ဒါကြောင့် ကွမ်းတစ်ယာနဲ့ ရေတစ်မှုတ် လာတိုက်တာလား နှမကော်'

'ဟင့်အင်း....မာလာ ရှင့်ကို ကယ်မလို့'

'ကျေးဇူးကြီးလှပါပေ့ နှမတော်၊ရေနစ်လို့ သေတော့မယ့် ဆဲဆဲမှာ လာကယ်တဲ့ နှမတော်ရဲ့ ကျေးဇူးကို မောင်တော့်တစ်သက် ဘယ်တော့မှ မေ့မှာ မဟုတ်တော့ဘူး'

ဘခက်သည် ဝိုးတဝါးလရောင်အောက်ဟွင် ရပ်နေသော မာလာသူဇာတင်တင်ကို လှည့်၍ကြည့်ရင်း လှိုက်လှိုက်လှဲလှဲ ဆိုမိပါသည်။



စင်စစ်....

'မင်းကိုချစ်တယ်ဆိုသော သူ့စကားလေး တစ်လုံးက ...လာသူဇာတင်တင်၏ရင်ကို ပဲ့တင်ထပ်စေခဲ့ပါသည်။

မာလာသူဇာတင်တင်သည် စန္ဒရားဘခက်၏ အပြောအဆို ...အရာနှင့် သွက်လက်ဖျတ်လတ်သော လှုပ်ရှားမှုကလေး ...တွေ့ သေမင်းနှင့် လက်တစ်လုံးခြား ကစားနေရသည့်အချိန် ...ာလမှာပင်' ရွှင်လန်းမြူးထူးနေသော သူ၏ အပြောအဆို ...လေးတွေကို မဆုကဲတည်းက နှစ်သက်မိပါသည်။

ဘခက်နှင့်ပတ်သက်လို့ လှုပ်ခတ်လာရသော အသည်း ...လုံး၏ ဆန္ဒကို ဦးနှောက်က အရှုံးပေးလိုက်ရသည်။

သူမသည် ဘခက်ထံသို့ ခက်ခက်ခဲခဲ ပြန်လည်ရောက်ရှိလာ ...ခြင်းဖြစ်ပါသည်။

'လ....ကိုဘခက်'

'မာလာ....မာလာသူဇာတင်တင်'

သူမက လှိုက်လှိုက်လှဲလှဲခေါ်သလို သူကလည်း လေးလေး ...ားစားပြန်ထူးပါသည်။

'မာလာ ရှင့်ကို အသက်စွန့်ပြီး လာကယ်ရတာ၊ ဒီကိစ္စကို ...ာ အစ်ကိုကြီးသိသွားရင် မာလာ အသက်ရှင်နေဖို့ မလွယ် ...တော့ဘူး'

'အဲဒီတော့....'

အဲဒီတော့ ရှင့်ကိုချည်ထားတဲ့ကြိုးတွေ မာလာဖြေပေး ...ယ်၊ ဒါပေမယ့် ရှင့်ဆီက ကတိတစ်ခုတော့ ရမှဖြစ်မှာ ...ည်'

www.burmeseclassic.com

www.burmeseclassic.com



'ကတိဆိုတာ ပေးရတာ လွယ်သလောက် စောင့်ထိန်းရတာ ခက်လှပါတယ် မာလာသူဇာတင်တင်၊ ကိုယ်ဟာ လွယ်လွယ်နဲ့ ကတိမပေးတတ်သလို ကတိကိုလဲ အသက်နဲ့လဲပြီး စောင့်ထိန်းတတ်ပါတယ်၊ ကဲဆို.... ကို ဘာကတိပေးရမှာလဲ'

မာလာသူဇာတင်တင်တည် သူ့စကားကို လေးစားသွားမိသည်။

'ရှင် မာလာ့နောက်ကို မလိုက်ဘူးဆိုတာ ကတိပေးရမှာပေါ့၊ ရှင့်ကို ချည်ထားတဲ့ကြိုးတွေ ဖြတ်ပေးခဲ့ပြီး နာရီဝက်တိတိ ဟောဒီ ငမိုးရိပ်ချောင်းစပ်မှာ ထိုင်နေရမယ်၊ ဘယ့်နှယ်လဲ'

'ကောင်းပါပြီ မာလာ၊ ဒါပေမယ့် နာရီဝက် ကျော်သွားရင်တော့ မာလာသူဇာတင်တင်နဲ့ အပေါင်းအသင်းတစ်စုကို မြေလှန်ပြီး ရှာချင်ရှာရလိမ့်မယ်'

'အငယ်လေးဟယ်၊ သူက အောက်ကလဲ နေသေးတယ် ကြောက်ပြီလားလို့လဲ မေးသေးတယ်၊ ကဲ.... ကဲ.... ရှင်းသဘော၊ တော်တော့် ကိုလာတဲ့လူကြီး'

သူမအသံက မြူးကြွလို့နေပါသည်။

နှလုံးသား၏ အညှာသည် လေသရမ်းထဲမှ နှင်းဆီပန်းလိုလွှပ်ခတ်သွားပါသည်။

အဲ့သည်တော့ သူ့အောက်ပိုင်းတွင် ရေတစ်ပိုင်း နစ်နေပြီး မာလာသူဇာတင်တင်သည် သူ့လက်ကိုချည်နှောင်ထားသော ကြိုးကို ဓားနှင့်ဖြတ်လိုက်ပြီး ဓားကို သူ့ထံသို့ လက်ကမ်းလိုက်သည်။



'ရှင့်ကတိတည်ပါစေ ကိုဘခက်'

မာလာသူဇာတင်တင်က သူ့နှဖူးကလေးကို ညင်သာစွာ တုန်းမွှေးလိုက်သေး၏၊ ဘခက်ရင်တွင် အေးသွားပါသည်။

'ကောင်းလှပါပြီ နှမတော်'

သည့်နောက်တွင် မာလာသူဇာတင်တင် ထွက်ခွာသွားပါသည်။

ဘခက်သည် သူ၏ခြေထောက်တွင် ချည်နှောင်ထားသောကြိုးကို ဖြတ်လိုက်ပါသည်၊

ယခုတော့ အနှောင်အဖွဲ့မှလွတ်ပြီ။

သေမင်းကို ငယ်ထိပ်ပုတ်၍ နှုတ်ဆက်နိုင်လေပြီ။

'ငါမသေဘူး၊ ရေကူးဘတ်တယ်' လို့ ဆိုနိုင်ပါပြီ။

သို့သော်လည်းပဲ ပေးထားသည့်ကတိကိုတော့ စောင့်ထိန်းပါလိမ့်ဦးမည်၊ စန္ဒရားဘခက်သည် ညောင်းညာ ကိုက်ခဲနေသော အကြောအချဉ်တွေကို ဆန့်ထုတ်လိုက်ရင်း အသက်အောင် ကြိမ်းဝါးလိုက်မိ၏။

'သေချင်းဆိုးမကလေး၊ ဒီတစ်ခါတွေ့ရင်တော့မစားသာ ဘူးသာ မှတ်ပေတော့'

ပြီးတော့ သူ့လက်ထဲမှ ဝင်းလက် တောက်ပြောင်နေသာ 'အသည်းပုံသဏ္ဌာန်' ကျောက်စိမ်း ကြယ်သီးကလေး ထရောင်တွင် ထောင်ကြည့်လိုက်သည်။

သည်ကြယ်သီးကလေးကို မာလာသူဇာတင်တင်၏ အင်္ကျီမှ ဖြုတ်ယူလိုက်ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေ မာလာသူဇာတင်တင်ကတော့ ဘခက်၏ သွက်လက်မှုကို နည်းနည်းကလေးမှ မသိလိုက်ပါချေ။

ဘခက်....

စန္ဒရားဘခက်....

သွက်လိုက်တဲ့လက်နှယ်....

၁ ၄ ၀

## တစ်ဆယ့်တစ်

'ချာလီ'

'ချာလီ'

'လာပြီ ဆရာရေ့'

ချာလီသည် အင်မတန် နားပါးသည်။ ဘယ်လောက်ပဲ အိပ်မောကျနေစေဦး သူ့နာမည်ကို သုံးခွန်းမခေါ်ရ၊ နှစ်ခွန်း ခေါ်၍ တံခါးကို ခေါက်လိုက်သည်နှင့် ချာလီသည် သွက်လက် ဖျတ်လတ်စွာ ပြေးလာပြီး အခန်းတံခါး ဖွင့်ပေးလိုက်သည်။

သည်တော့ နံနက်တစ်နာရီ။



ချာလီသည် တစ်ကိုယ်လုံး ရွှံ့တွေရေတွေနှင့် စုတ်ပြတ်သတ်သော သူ့ဆရာကိုကြည့်ရင်း အမောတကော မေးဖြစ်၏။

'ဆ.... ဆရာ ဘယ်အိုင်မှာလူးလာတာလဲ'

'အိုင်လူးရအောင် မင်းကငါ့ကို ကျွဲအောက်မေ့လို့လား'

ဘခက် ကျွဲမြီးတိုသွားသည်။

'ဒါပေမယ့် ဆရာ့တစ်ကိုယ်လုံး ရွှံ့တွေသဲတွေနဲ့ ကျွဲနဲ့ ဘာထူးလို့တုံး'

'တော်စမ်းကွာ၊ ငါ နားရင်း တီးမိလိမ့်မယ်၊ ကဲ... ရေနွေးအိုးဘယ်စမ်း'

ဘခက်သည် ရေချိုးခန်းဆီသို့ တစ်နာရီ မိုင်ခြောက်ဆယ်နှုန်းလောက် ခြေလှမ်းများဖြင့် ရောက်ရှိသွားသည်။ တစ်ကိုယ်လုံးရှိ အဝတ်အစားများကို သောက်မြင်ကပ်ကပ်နှင့် ချွတ်ပစ်လိုက်ပြီး ရေပန်းကိုဖွင့်၍ တစ်ဝကြီး ချိုးပစ်လိုက်သည်။

သူသည် လွန်ခဲ့သည့် နာရီပိုင်းအတွင်းက မိုးရိပ်ချောင်းအားတွင် မာလာသူဇာတင်တင်ကို ကျိန်ဆဲရင်း နာရီဝက်ခန့် ရပ်စောင့်နေခဲ့ရပါသည်။ သူ့ အသက်သခင်မလေး မာလာသူဇာတင်တင်ကို နာရီဝက်တိတိ မိုးရိပ်ချောင်းအားမှ မခွာပါဟု ကတိပေးခဲ့ရလေသည် မဟုတ်လား။

မင်းမှာသစ္စာ၊

လူမှာကတိ။

ကတိသစ္စာတည်သောအခါ နွယ်မြက်သစ်ပင် ဆေးဘက်ဝင် မဟုတ်လား။

www.burmeseclassic.com



သည့်နောက်တွင် မောင်းလာသော ဂျန်တင်ကားတစ်စီးကို ရှိန်းဦးတင် တောင်းပန်၍စီးရင်း မြို့ထဲ ရောက်ခဲ့ရသည်။ သူ့အခန်းသို့ ရောက်ခဲ့ရသည်။

ချာလီသည် ရေချိုးခန်းထဲမှ ထွက်လာသော သူ့ဆရာကို ပြုံးစေ့စေ့ ကြည့်နေပါသည်။ သူ့ဆရာသည် တစ်ခါတစ်ရံ သည်လိုခံလာရတတ်သည့် ပွဲမျိုးရှိကြောင်း ချာလီသိပြီး ဖြစ်သည်။

'ငါ့လခွီး....ပြုံးစေ့စေ့ လုပ်နေတာလား၊ ခေါင်းကဘုကို ရေနွေးနဲ့ အုပ်ပေးစမ်းပါဦး'

ဘခက်သည် ချာလီ့လက်မှ ဘရမ်ဒီဖန်ခွက်ကိုယူ၍ တစ်ကြိုက်နှင့် အပြတ်ရှင်းလိုက်ပြီး ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

'အား....ကြက်ဥတစ်လုံးလောက် ရှိတယ် ဆရာရေ့၊ ဆရာ့ကို ဘယ်သူ နှာသွားသလဲ'

'မာလာ....သူဇာ....တင်တင်'

ဘခက်သည် သူမ၏မျက်နှာကို ပြန်လည် မြင်ယောင်လာသည်။

'ဒီကောင်မလေး သုံးယောက်လောက်မှ ဆရာက မနိုင်ဘူးလား'

ဘခက် မဖြေအားပါချေ။

ရေရေလည်လည် ပြန်လည် စဉ်းစား နေမိသည်ကတော့ မာလာသူဇာတင်တင်နှင့် အပေါင်းအသင်းတစ်စုပင်။



သူတို့ တစ်တွေသည် သူ့ကို ဒေါ်ခင်မျိုးလင်းနှင့် ပတ်သက်နေသည့်အတွက် အော်တိုမစ်ဟတ် ရေနှစ်သတ်ရန် ကြံစည်ခဲ့ကြလေသည်။

သို့ကလိုဆိုလျှင် ဒေါ်ခင်မျိုးလင်းနှင့် ပပလင်းကို မြွေတွေ ပင့်ကူတွေနှင့် လုပ်ကြံခဲ့ကြသည့် လူသိုက်သည် မာလာသူဇာတင်တင်တို့ပင် မဖြစ်နိုင်သလော။

သိပ်ကို ဖြစ်နိုင်ပါသည်။

အရေးကြီးသည်မှာ မာလာသူဇာတင်တင်ကို ပြန်လည်ဆုံတွေ့ရန်ပဲ ဖြစ်ပါသည်။

သို့ပေမယ့် သူ့အတွက် အချိန်မရှိတော့။

မနက်ခုနစ်နာရီတွင် သူတို့တစ်တွေ ခရီးထွက်ဖို့ စီစဉ်ပြီးလေပြီ မဟုတ်လား။ ယခုလောက်အထိ သူ ပျောက်နေသည်ကိုပင် ဒေါ်ခင်မျိုးလင်းတို့က ကျေနပ်ကြပါ့မလား မသိတော့။

'ကဲ....ချာလီ၊ ငါ့ကို မော်တော်ဆိုင်ကယ်နဲ့ အင်းလျားလမ်းကို လိုက်ပို့စမ်းကွာ'

ဘခက်သည် အဝတ်အစားလဲ၍ ချာလီနှင့်အတူ ထွက်ခဲ့၏။ ဒေါ်ခင်မျိုးလင်းတို့၏ တိုက်ကြီးနှင့် မနီးမဝေးတွင် ဆိုင်ကယ်ကို ရပ်စေပြီး မှောင်ရိပ်ကို ခို၍ လျှောက်ခဲ့ပါသည်။

ဘခက်သည် ခြံဘေးတွင်ရပ်၍ ခေတ္တ အကဲခတ်လိုက်ပါသည်။

www.burmeseclassic.com



ရန်လုံ ယက္ခနှင့် ဦးသာဘန်းတို့၏ အရိပ်အရောင်မျှပင် မမြင်ရ။ သူသည် ဝင်းခြံဘေးတွင် ပေါက်နေသော ခရေပင်အောက်မှတစ်ဆင့် တိုက်ကြီးထဲသို့ ကျော်၍ ဝင်လိုက်သည်။

တစ်ခြံလုံး ငြိမ်လို့....ဆိတ်လို့။

သစ်ရွက်၊ သစ်ခက်ကလေးတွေကအစ တုတ်တုတ်မျှ မလှုပ်။

သို့ပေမယ့် မီးပေါ်က လကလေးက သာနေသည်။

မီးအောက်က ကမ္ဘာကြီးမှာ လင်းနေသည်။ ဘခက်သည် ပပလင်းအခန်းသို့ ကြည့်လိုက်၏။ မီးရောင် ပြာလဲ့လဲ့ကလေး လင်းနေသည်။

သည်ကောင်မလေး ဘာအိပ်မက်တွေ မက်နေသလဲတော့ မသိတတ်။

ဩော်....မမလင်းအခန်းကတော့ မှောင်လို့ မည်းလို့။

ဘခက်သည် သူ စံမြန်းရာ မော်တော်ကား ရုံဘက်သို့ လျှောက်ခဲ့သည်။ ရော....သူ့အခန်းက မီးလင်းနေပကော လား၊ ပြီးတော့ ကာထားသည့် ပြတင်းပေါက် ခန်းဆီး အကြားမှ လှုပ်ခနဲ မြင်လိုက်ရသည်။

'ဟ....လူ....လူ'

ဘယ်သူများ အချိန်မတော် သူ့အခန်းထဲ ရောက်နေပါလိမ့်။



စန္ဒရားဘခက်သည် သူ့အခန်းဘေးရှိ ကြောင်လိမ် လှေကားသို့ စွေ့ခနဲ ရောက်ရှိသွားသည်။ သူ့ကလက် ဖျပ်လတ် လိုက်သည့် သူ့လှုပ်ရှားမှုတွေက ဩချစရာ ကောင်းသေး သည်။

သူသည် အခန်းဘေးရှိ ကော်ရစ်ဒါပေါ်သို့ ရောက် သွား၏။ ဖွင့်ထားသော ပြတင်းပေါက်မှ မျက်စိတစ်ဖက် ထွက်၍ ကြည့်လိုက်သည်။

အမယ်....မင်း....။

အခုမှ ဘခက် သက်ပြင်းချရပါတော့သည်။

သို့သော်လည်း သက်ပြင်းပူသာ ဖြစ်ပါသည်။

သူမသည် ခုတင်ပေါ်တွင် အိပ်ရင်း ဝတ္ထုစာအုပ်ကို ဖတ်နေ၏၊ စာအုပ်နှင့်မျက်နှာ ကွယ်ထားသောကြောင့် သူ့ကို မြင်ပုံမရ။ မြင်လိုက် တွေ့လိုက်လျှင် ဘယ်လောက်များ ရှက်သွားလိမ့်မလဲ။

မဟုတ်သေးဘူး....မဟုတ်သေးဘူး။

ဘယ်နှယ့်ကြောင့် ယောက်ျားပျိုကလေး ခုတင်ပေါ်မှာ အိပ်ချင်ရပါလိမ့်။

ဘခက်သည် ပြတင်းပေါက်က ကျော်ချလိုက်သည်။ သူ့ခန္ဓာကိုယ်သည် လိပ်ပြာကလေးတစ်ပွင့်လို အခန်းထဲသို့ ကျသွား၏။

'မမ....လင်း'

သူ့ကိုမြင်တော့ ဒေါ်ခင်မျိုးလင်း မျက်နှာမှာ ဖြူရော် သွားသည်။

www.burmeseclassic.com



**အမယ်လေး**....လန့်လိုက်တာဟယ်၊ အသံကလေး ဟ **ကလေး** ပေးလာရောပေါ့....ခြေသံမကြားနဲ့ ဘယ်က ဝင် **လာတာလဲ**'

သူက ကလူးကလဲထရင်း အလန့်တကြားဆိုသည်။ ရင် တွေ ဖိုနေဟန် ရှိသည်။ နှိမ့်ချည် မြင့်ချည်နှင့် အမော တကော အသက်ရှူနေရှာသည်။

'မမလင်း ဘာလုပ်နေတာလဲ'

ဘခက်က ခပ်တည်တည် မေးလိုက်ပါသည်။

'မောင်ကကော....ဒီအချိန်အထိ ဘယ်ကို သဝေထိုးနေ တာလဲ၊ မနက်အစောကြီး ခရီးထွက်ရမယ်ဆိုတာ သိရက် သားနဲ့ကွယ်၊ မမလင်း မင်းကို စိတ်မချလို့ စောင့်နေတာ သိလား'

'ကျွန်တော် ကလေးမှမဟုတ်တာပဲ မမလင်းရာ၊ အချိန် တန်လို့ အိမ်ပြန်ရောက်ရင် ပြီးသာပဲ မဟုတ်လား'

သည်တော့ သူ့မျက်နှာက ညှိုမှိုင်းသွားသည်။

'အဲသလို စိမ်းစိမ်းကား မပြောစမ်းပါနဲ့ကွာ၊ ဒီမှာဖြင့် မင်း ပြန်မလာနိုင်တာနဲ့ အိပ်လို့တောင် မပျော်ဘူး'

သူမအသံက လိုသည်ထက် ပို၍ နွဲ့နေသည်။

မျက်တောင် ကော့ကြီးတွေကလည်း မွေးစင်းနေသည်။

'ကျွန်တော် ပြန်ရောက်တော့ကော မမလင်း အိပ်ပျော် အောင် သိချင်းဆို သိပ်နိုင်တာမှ မဟုတ်ဘဲ၊ ကဲ....မမလင်း ပြန်တော့နော်၊ မသင့်တော်လို့ပါ၊ ပြီးတော့ မမလင်း ကိုယ်လဲ မမလင်း ပြန်ကြည့်ဦး'



ဟုတ်ပါသည်။

'ကွယ်....ဒါများအဆန်းလုပ်လို့'

ဘခက် ကြက်သီးထသွားပါသည်။

အခန်းထဲမှ ထွက်ပြေးချင်သွားမိသည်။

သူမသည် ခုတင်ပေါ်မှထလာ၏။ ဘခက်ရှိရာသို့တစ်လှမ်း ချင်း လျှောက်လာသည်။

'ဟင်....မောင့်နှုတ်ခမ်းမှာလဲ ဖူးယောင်လို့ပါလား၊ ဘာ ဖြစ်လာတာလဲ'

သူမ၏ လက်နှစ်ဖက်က ဘခက်၏ ပခုံးသို့ မပြောမဆိုကျ ရောက်လာ၏။

စန္ဒရားဘခက် သွက်လက်ပါသည်။

သူသည် ဒေါ်ခင်မျိုးလင်း၏ လက်နှစ်ဖက်ကြားထဲသို့ သူ့လက်နှစ်ဘက်ကို အသာထိုးလိုက်ရင်း ဆတ်ခနဲရိုက်ထုတ် လိုက်၏။

'အမယ်လေး....နာလိုက်တာ၊ ကျွတ်....ကျွတ်'

သူ့ပခုံးကိုကိုင်ထားသော ဒေါ်ခင်မျိုးလင်း၏ လက်မှာ ဘေးသို့ ဖြောင်းခနဲလွင့်ထွက်သွားသလို သူမသည် အသည်း နိုက်အောင် နာကြင်သွားဟန်ဖြင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွား သည်။

'ဆောရီး....မမလင်း၊ ဆောရီး၊ ကျွန်တော်က ကရာတေး သမားဆိုတော့ ကျွန်တော့် ပခုံးကို လာကိုင်ရင် အကျင့်ပါ ပြီး အဲသလို ရိုက်ထုတ်တတ်နေလို့ပါနော်'

ဘခက်က ပျာပျာသလဲ တောင်းပန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ သူတို့ကို မှန်ပြတင်းကြားမှ စောင့်ကြည့်နေသော မျက်နှာကြီးကို မြင်လိုက်ရခြင်းပင်။

ကြောက်မက်ဖွယ်ရာ မျက်နှာကြီးသည် သူတို့နှစ်ဦးကို မျက်လုံးပြူးကြီးနှင့် စောင့်ကြည့်နေသည်။ ဘခက်တစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားရ၏။ ဘခက်သည် ရှုတ်နေသော ကြောက်စရာမျက်နှာကြီးကို မသိသလို မမြင်သလို မျက်နှာလွှဲလိုက်သည်။

ဘယ်အချိန်ကတည်းက သူတို့နှစ်ယောက်ကိုချောင်းကြည့်နေသလဲဆိုတာကိုတော့ ဘခက် မပြောတတ်ပါချေ။

မင်းမကောင်းဘူးကွယ်၊ သိပ်နာသွားပြီ'

သူမသည် ပြတင်းပေါက်ကို ကျောပေးထားရင်း ရှုံ့ရှုံ့မဲ့မဲ့ဆိုသည်။

'ဒါဖြင့်ရင်လဲ တေဇောဘန်းလေးဘာလေး ပြန်လိမ်းလိုက်ပါလား မမလင်း၊ ကဲ....သွားတော့နော်၊ ခရီးလဲထွက်ရဦးမယ် မဟုတ်လား'

ဘခက်က အသံမတုန်အောင် သတိထား၍ ပြောသည်။ ဒေါ်ခင်မျိုးလင်း၏ နှုတ်ခမ်းမှာ မသိမသာမဲ့သွား၏။ ပြီးတော့မျက်စောင်းတစ်ချက်ထိုးရင်း အပေါ်ထပ်မှ ဆင်းသွားသည်။

ဘခက်သည် လှေကားထက်မှရပ်ကြည့်နေသည်။ အောက်ထပ်မှ တံခါးဖွင့်သံနှင့်အတူ သူမခြေသံ ပျောက်သွားသည်။

စန္ဒရားဘခက်သည် ဆတ်ခနဲလှည့်လိုက်၏။

မရှိတော့ချေ။



သူသည် ပြတင်းပေါက်ကို အပြေးအလွှားဖွင့်ပြီး ကြည့်လိုက်သည်။

ကြောက်မက်ဖွယ်ရာ မျက်နှာကြီး၏ အရိပ်အရောင်ကိုမျှ တွေ့ရတော့ချေ။

ο ο ο

တစ်ဆယ့်နှစ်

ကားအမည်က ဂျပန်လုပ် တိုယိုတာကော်ရိုလာ။

မောင်းသူက မြန်မာပြည်ပေါက် စန္ဒရားဘခက်။

ကားပေါ်တွင် အလှချင်းပြိုင်နေသော မိန်းမသား နှစ်ယောက် လိုက်ပါလာပါသည်။

ဟုတ်ပါသည်။

ဒေါ်ခင်မျိုးလင်းနှင့် ပပသင်းတို့ပင် ဖြစ်ပါ၏။

သူတို့တစ်တွေ အင်းလျားမြိုင်ရှိ ကောလိယအိမ်ကြီးမှ ထွက်ခွာလာတော့ နံနက် ခုနစ်နာရီတိတိပင်....

ဦးသာဘန်းသည် ရန်လိုနှင့် ယက္ခ ခွေးကြီးနှစ်ကောင်နှင်း မလှမ်းမကမ်းမှ စောင့်ကြည့်နေခဲ့ပါသည်။ သို့သော်ထွက်ခဲ့သည်အထိ ဦးဝင်းထွတ်၏ အရိပ်အယောင်ကိုမျှ ...ခဲ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



မာ်လာဒုံကိုကျော်၍ ရေကြည်အိုင်အရောက်တွင် လမ်းမှ
အဘွေ့အကောက် များလာသလောက် ရှင်းလင်းလာ
မောင်းလို့ကောင်းလာ၏။

ပပလင်းသည် ခေါင်းကို ပဝါအနီကလေးစည်းထား
သည်။ ကားစထွက်ကတည်းက ပျော်ပွဲစားထွက်လာသလိုမျိုး
မြူးကြွကြွကလေးဖြစ်၍နေသလို....

ဒေါ်ခင်မျိုးလင်း၏ မျက်နှာတွင် အလိုမကျမှုတွေကမသိ
မသာ စွန်းထင်း နေသည်ကို ဘခက် အကဲခတ်၍ ရပါသည်။

'ဒီစံချိန်အတိုင်းမောင်းရင် မိတ္ထီလာကို ဘယ်အချိန်
လောက်ဝင်မလဲ မောင်ဘခက်'

ဒေါ်ခင်မျိုးလင်းက တစ်နာရီ မိုင်ခြောက်ဆယ်ညွှန်းပြနေ
သော စပီဒိုမီတာ ဒိုင်ခွက်ကိုကြည့်ရင်း မေးသည်။

'အင်း....လမ်းမှာ အနှောင့်အယှက်မရှိဘူး၊ အားလုံး
အဆင်ပြေမယ်ဆိုရင်တော့ နေမဝင်ခင် မိတ္ထီလာကန်ဘောင်
ရိုးအရောက် ကျွန်တော် မောင်းနိုင်ပါတယ် မမ'

'အနှောင့်အယှက် ဆိုတာက ဘာကို ပြောတာလဲဟင်
ကိုဘခက်'

ကားနောက်ခန်းတွင်ထိုင်နေသော ပပလင်း၏ အသံသွင်
လွင်ကလေးက ပျံ့လွင့်လာသည်။

ဒေါ်ခင်မျိုးလင်း မျက်နှာပျက်သွား၏။

'ဪ....လမ်းမှာ စက်မပျက်ဘူးဆိုရင် ရောက်နိုင်တယ်
လို့ ပြောတာပါ ပပ၊ အဲ....အစ်မလေး'

သူ့ပါးစပ်က ယောင်ထွက်သွားမိသည်။



ဒါကိုပင် ပပတစ်ယောက် ပြုံးစိစိဖြစ်သွားသည်ကို
နောက်ကြည့်မှန်မှတစ်ဆင့် ဘခက် မြင်လိုက်ရသည်။

သို့တစေ အနှောင့်အယှက်ဟူသော စကား၏ အဓိပ္ပာယ်
ကိုတော့ ဒေါ်ခင်မျိုးလင်းတစ်ယောက် တိတိပပ သဘော
ပေါက်ပါလိမ့်မည်။

ဒါတောင် ညကဖြစ်ရပ်ကို သူမ မသိသေး။

ငမိုးရိပ်ချောင်းဘေးက ဖြစ်ရပ်ကိုသာ ဒေါ်ခင်မျိုးလင်း
သိလျှင် ကြက်သီးဖျန်းဖျန်း ထလေမလားတော့ မသိ။

ကားကလေးသည် ဦးကျော်ဒင်ခြံပေါက် ရော်ဘာတော
ကို ကျော်လာသည်။ နွယ်ခွေရွာကို ဖြတ်လာသည်။ ထောက်
ကြံ့ ရောက်သည်နှင့် ဒေါ်ခင်မျိုးလင်းက ကားကို အရပ်ခိုင်း
လိုက်သည်။

'ဘာဖြစ်လို့လဲ မမ'

'အီကြာကွေးလေးဘာလေး စားရအောင်ကွယ်'

ဘခက်သည် လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှေ့ရှိ ဂျစ်ကား
တစ်စီးဘေးသို့ ကော်ရှိလာ ကားဝါကလေးကို ထိုးရပ်လိုက်
သည်။

အကျော်သည်မကလေး တစ်သိုက်က ဗန်းကလေးတွေ
နှင့် လှုပ်လီလှုပ်လဲ့ ခေါင်းခုမပါဘဲရွက်ရင်း ခြေလှတ်လက်
လွှတ် ပြေးလာကြသည်။

'ဆင်းဦးလေ....မောင်ဘခက်၊ လက်ဖက်ရည်ကလေး ဘာ
လေး သောက်ရအောင်'

'ဟင့်အင်း....ကျွန်တော် အကြော်ပဲစားတော့မယ် မမ'

www.burmeseclassic.com

www.burmeseclassic.com



ဘခက် အကျော်ဝယ်နေစဉ် သားအမိနှစ်ယောက် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်သွားကြသည်။

ထိုစဉ်တွင် သူတို့နှစ်ယောက်ကို ဘခက် မြင်လိုက်ရခြင်းပင်။ သည်တော့ ပါးစပ်နားရောက်နေသော အကြော်မှာ လွတ်ကျလုမတတ် ဖြစ်သွားသည်။

ဟုတ်ပါသည် မာလာသူဇာတင်တင်နှင့် သူ့ခေါင်းကို သေနတ်ဒင်နှင့် ဆော်ခဲ့သော ပုဂ္ဂိုလ်ကြီးပေပဲ။

သူတို့နှစ်ယောက်သည် ဒေါ်ခင်မျိုးလင်းတို့ ဝင်သွားသော လက်ဖက်ရည်ဆိုင်၏ ဘေးချင်းကပ်ရက်ဆိုင်မှ ပြုံးပြုံးရယ်ရယ်ထွက်လာသည်။

သူ့ကို မမြင်ကြသေး။

သူတို့နှစ်ယောက်သည် ကော်ရိုလာ ကားကလေးဘေးတွင် ရပ်ထားသော ဝီလီဂျစ်ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာကြသည်။

'အကြော်စားပါဦးလား'

သူ့အသံကြောင့် ပုဂ္ဂိုလ်ကြီးနှင့် မချောလေးအကြည့်က သူ့ထံရောက်ရှိလာသည်နှင့် အကာလ ညသန်းခေါင်တွင် ခေါင်းပြတ်တစ္ဆေနှင့် တွေ့သလို မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

အံ့ဩထိတ်လန့်မှု၏ အခေါင်အဖျားသို့ ရောက်သွားကြဟန်တူသည်။

'ဟင်....မင်း....မင်း'

'ဟုတ်တယ်လေ၊ ကျွန်တော် စန္ဒရားဘခက်'



ပုဂ္ဂိုလ်ကြီးက အထစ်ထစ်အငေါ့ငေါ့။

သူကတော့ ပြုံးပြုံးရွှင်ရွှင်။

ပုဂ္ဂိုလ်ကြီးနှင့် မချောကလေးသည် ဂျစ်ကားပေါ်သို့ ခွေ့ခနဲ ရောက်သွားပါ၏။

မော်တော်ကားပြိုင်ပွဲ တာထွက်သလို တရှိန်ထိုး မောင်းထွက်သွားပါ၏။

ပြေးလေဦးတော့ မာလာသူဇာတင်တင်။

မင်းတို့ကားမှာ ဂျက်အင်ဂျင်တပ်ပြီး ပြေးကြဦး ဘခက် မီလိုက်မည်။

ဒေါ်ခင်မျိုးလင်းနှင့် ပပလှင်းတို့ ထွက်လာကြတော့ ဘခက်က ဘရာကြော်ကို တမြှမ်းမြှမ်း ဝါးလို့ကောင်းတုန်း။

'ကဲ.... မောင်ဘခက်ရေ့၊ နေမဝင်ခင် မိတ္ထီလာရောက်အောင် မောင်းလိုက်ကြဦးစို့'

ကားထဲတွင် ထိုင်မိသည်နှင့် ဒေါ်ခင်မျိုးလင်းကဆိုသည်။ သူမစကားမဆုံးမီ ဘခက် ထွက်ပြီးသားဖြစ်နေ၏။ ဖြောင့်တန်းနေသော ထောက်ကြံ့ ပဲခူးလမ်းတစ်လျှောက် ဘီးကြွမတတ် မောင်းခဲ့ပါလေသည်။

ထောက်ကြံ့လမ်းဆုံရှိ လက်ဖက်ရည်ဆိုင်မှ ကော်ရိုလာကားကလေး ထွက်သွားသည်နှင့် ဂျစ်ကားတစ်စင်း ထိုးရပ်လာသည်။ လူနှစ်ယောက် ပါလာ၏။ မျက်မှန်နက်ကြီးကိုတပ်ထားသော ဂျစ်ကားပေါ်မှလူသည် ဖြောင့်တန်းသောလမ်းတွင် မှေးမှိန်ပျောက်ကွယ်သွားသော ကော်ရိုလာကားကလေးကိုကြည့်ရင်း ဒရိုင်ဘာကို ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာသည် ကားစက်ကို ကမန်းကတန်း နှိုးလိုက်ပြီး ရွှေတရှရှ ဖြောင့်စင်းသော လမ်းတစ်လျှောက်ကို စက်ကုန် မောင်း၍ လိုက်ပါသွားလေ၏။

ဝ ဝ ဝ

### တစ်ဆယ့်သုံး

ညနေသည် လေပြည်တောထဲတွင် နစ်မြောနေပါသည်။

ဝင်လုဆဲနေရောင်ခြည်က ကန်ရေပြင်ပေါ်တွင် ခပ်ပါးပါး ဖုံးလွှမ်းထားပါသည်။

သည်တော့ လှိုင်းနုနုကလေးတွေ လှုပ်ခတ်နေ၏။

နေခြည်သည် လှိုင်းနုနုအကြားတွင်လှုပ်လီလှုပ်လဲ့ တောက်ပနေဆဲ။

သို့ပေမယ့် နေဝင်တော့မည်။

နေမဝင်ခင် ညနေဟုခေါ်ကြ၏။ဟုတ်ပါသည် 'ကန်တော်မဟာ မိတ္ထီလာ' ၏ ညနေချမ်းကလေးပါပဲ၊ သည်အချိန်ကလေးမှာပင် သူတို့တစ်တွေ မိတ္ထီလာ ကန်ဘောင်ရိုးကို ဦးခိုက်မိခြင်းပဲ ဖြစ်နေပါသည်။



တိုယိုတာကော်ရိုလာ ကားဝါကလေးသည် မြို့အဝင် ...န်းတက်ကို စွေ့ခနဲ အပြေးအလွှားတက်လာပြီး ကန်ရေ...် ကျောက်တန်းဘေးတွင် ရပ်သွားသည်။

မိတ္ထီလာကို ရောက်ခဲ့ပါပြီ။ သို့တစေ 'မိတ္ထီလာကန်တော် အောက်က ဖားကောက်ရန်လာခြင်းတော့ မဟုတ်ပါ။

'ရောက်ပါပြီ မမ၊ ဒါ မိတ္ထီလာအစစ်ပါပဲ'

'မင်းကလဲကွယ်၊ မိတ္ထီလာအတုများ ရှိသေးလို့လား'

'ဟုတ်သားပဲ ကိုဘခက်ကလဲ'

'ဩော်.... အိပ်မက်ထဲက မိတ္ထီလာ မဟုတ်ဘူး၊ ...ိတ္ထီလာကို ရောက်လာပြီဆိုတဲ့ အဓိပ္ပာယ်ပါ၊ မိတ္ထီလာကို ...အိပ်မက်မက်ခဲ့တာကြာပြီ မဟုတ်လား'

စန္ဒရားဘခက်၏ စကားကို ဒေါ်ခင်မျိုးလင်း ဓာဒက ...က်နိုင်တော့၊ ပပလင်းခမျာမှာတော့ သူတို့စကား၏ ...ယ်ဝသော အဓိပ္ပာယ်ကို နားလည်နိုင်လိမ့်မည် မထင်ပါ။

'ကဲ.... မမနဲ့ အစ်မလေး၊ ကားအောက်ဆင်းပြီး လေ...င်း လေသန့်ကလေး ရှူလိုက်ကြဦး၊ ကားလဲပူနေပြီ၊ ...တွေလဲပန်းနေပြီ မဟုတ်လား'

'ဟုတ်တယ် မာမီ၊ ဆင်းရအောင်'

ဘခက် တံခါးဖွင့်ပေးသည်။ ကားတံခါး ဖွင့်ပေးသည်။ ...င်းလာကြ၏။ လင်းနှစ်လင်း၊ မိန်းမချောလေး နှစ်ဦး ...င်းလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ကန်တော်မဟာကို ရင်သပ်ရှုမော ဖြစ်သွားကြပါသည်။ နွမ်းနေသောမျက်နှာတွေက လန်းလာ ကြပါသည်။

'သိပ်ကျယ်တာပဲနော် မာမီ၊ ပပကဲ ကန်ဆိုလို့ ခပ်သေး သေးပဲ ထင်နေတာ၊ အခုတော့ ပင်လယ်ကြီးကျနေတာပဲ'

'အေးကွယ်၊ မာမီလဲ အစက ဒါလောက် ကျယ်လိမ့်မယ် မထင်မိဘူး'

ဘခက်က ပြုံးမိပါသည်။

သားအမိနှစ်ယောက်သည် ကန်ရေစပ်အထက်ဆယ့်ငါးပေ လောက် အမြင့်တွင် ကာရန်ထားသော ကျောက်တန်းရှိ လက်တန်းကလေးဘေးတွင် ငေးမောနေကြသည်။

သူကတော့ စီးကရက် တစ်လိပ်ကို မီးညှိ ရှိုက်ဖွာရင်း အခြေအနေအရပ်ရပ်ကို သုံးသပ်နေမိသည်။

ရန်ကုန်အထွက်။

ထောက်ကြံ့တွင် ဝင်အနား။

သူတို့နှစ်ယောက်ကို တွေ့လိုက်သည်။

မာလာသူဇာတင်တင်ဆိုသည် နာမည် ခြောက်လုံးပိုင်ရှင် မိန်းမချောကလေးနှင့် သူ့ခေါင်းကို သေနတ်ဒင်စာ ကျွေး သွားသော ပုဂ္ဂိုလ်ကြီးပေပေ။

သူတို့နှစ်ယောက်သည် စန္ဒရားဘခက်ဆိုသော သကောင့် သားကိုမြင်သည်နှင့် သေပြေးရှင်ပြေး မောင်းပြေးကြ

ဟိုကောင်မလေးကတော့ သူ့မသေမှန်း သိပါသည်။



ဟိုကောင်ကြီးကတော့ သူ့ကို မဟာအဝိစိင်ရဲ့သို့ရောက်နေပြီဟု ထင်မှတ်ထားဟန်တူပါ၏။ ဒါကြောင့်မို့လည်း သူ့ကို တွေ့တော့ မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော် ဖြစ်သွားခဲ့လေသည် မဟုတ်လား။ သူတို့သည် ကားကိုအတင်းမောင်း ပြေးကြသည်။ တစ်လမ်းလုံး မတွေ့ရတော့။

ပဲခူးမှာလဲ မမြင်။

တောင်ငူမှာလဲ မတွေ့။

ပြင်းလှိုတောင် မနားသည့် ပျဉ်းမနားမှာ ထမင်းစား တော့လည်း ဝေလာဝေး။

ဂျစ်ကားကလေးလည်းပျောက်၊ ကားပေါ်ကနှစ်ယောက် ဆိုတာတော့ ဖြူသလား မည်းသလား ထပ်ကြည့်ချင်လို့မှ မမြင်ရတော့ပါ။

သည်သို့ဖြင့်....

ပျော်ဘွယ်ကို ဖြတ်ခဲ့၏။

ရမည်းသင်းကို ကျော်ခဲ့သည်။

ယခုတော့ အမိကရ 'ကန်တော်မဟာ မိတ္ထီလာ' သို့ ဝင် ခြေချမိပါပြီ။

နေလည်းဝင်တော့မည်။

ဟိုနှစ်ယောက်လည်း အပန်းပြေရေ့မည်။

'ကန်တော်မဟာ၊ မိတ္ထီလာ၊
ကြိုးကြာမသောက်၊ ရေမနောက်
မပေါက်ရွှေကြာ၊ ထူးဆန်းစွာ'

ဘခက် ပါးစပ်က ရေရွတ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟို သားအမိက သူ့ကို နားမလည်သလို ကြည့်နေကြ၏။

'ဘာလဲ ကိုဘခက်၊ ကဗျာစပ်နေတာလား'

ပပလင်းက မေးသည်။

'ကျွန်တော် ကဗျာဆရာမှ မဟုတ်ဘဲ အစ်မလေး'

'ဒါဖြင့် မင်း ခုနက ဘာတွေ ရွတ်နေတာလဲ'

ဒေါ်ခင်မျိုးလင်းကြီးက ဆိုသည်။

'ဩြော်.... အဲဒီ မိတ္ထီလာကန်ကြီးရဲ့ ထူးဆန်းတဲ့ အင်္ဂါရပ်တွေကို သတိရမိလို့ပါ၊ ဟောဒီ ကန်ကြီးထဲကရေကို ကြိုးကြာငှက်ဟာ ဘယ်တော့မှ မသောက်သလို ရေလဲ ဘယ်တော့မှ မနောက်ဘူးတဲ့၊ ကြည့်....ရေပြာကြီး ဘယ်လောက် ကျယ်သလဲ၊ ကဲ....ဖဲဒီ ရေထဲမှာ 'ကြာ' တွေသလား'

'ဟုတ်တယ်နော်....မာမီ ကြာလဲ မတွေ့ဘူး၊ ရေကလဲ ကြည်နေတာပဲ'

ပပလင်းသည် တမျှော် တခေါ်ကြီး ကြည့်မဆုံး၊ မျှော်မဆုံး ဖြစ်နေသော ရေပြင်ကျယ်ကြီးကို ငေးမောရင်း ပြော၏။

'မင်း.... မိတ္ထီလာကို ရောက်ဖူးသလား မောင်ဘခက်'

'ရောက်ဖူးရုံတင် ဘယ်ကမလဲ မမ၊ တော်တော် ကြာအောင်တောင် နေဖူးသေးတယ်၊ ဟောဒီ ကျောက်တန်း ကန်ဘောင်ရိုးဟာ ကျွန်တော် ငါးမျှားလေ့ရှိတဲ့ နေရာပေါ့'

'ဩြော်... ဩြော်....ငါ့မောင်က စုံသားပဲ၊ ကဲ....သမီးရေ သွားလိုက်ကြဦးစို့'

သူတို့နှစ်ယောက် ကားပေါ် ပြန်တက်သည်။



ဘခက်သည် ကားကို ကန်ပတ်လမ်းမှ မောင်းနှင်လာခဲ့၏။

နေကလည်း ဝင်တော့မည်ကပဲ။

ပေါက်ချောင်း တံတားကြီးထိပ်သို့ ဦးတည့်မိသည်နှင့် သူတို့ကားကို စူးစူးဝါးဝါး ကြည့်နေသော ငနဲနှစ်ကောင်ကို ဘခက် မျက်စိက မြင်မိ၏။ အကြိုအဆိုတွေ ထင်ပါရဲ့။

ကားကလေးသည် ကန်အလယ်ကို ဖြတ်ထားသော ကွန်ကရိတ်တံတားကြီးကို ဖြတ်ခဲ့၏။

'အဲ....အဲဒါ ဘာဘုရားလဲ ကိုဘခက် ဟင်'

ပပလင်းက နဂါးလေးကောင် ခြံရံ၍ တည်ထားသော ကန်လည်မှ ဘုရားကို ကြည့်ရင်း မေးသည်။

'နဂါးရုံ ရေလည်ဘုရားပါ အစ်မလေး၊ ရေ ဘယ်လောက်တက်တက် နဂါးခေါင်းကို ရေမမြုပ်ဘူးလို့တော့ ပြောကြတာပဲ'

'သိပ် ထူးဆန်းတာပဲနော်....မာမီ'

ပပလင်းက ရှင်မြူး တက်ကြွနေသလောက် ဒေါ်ခင်မျိုးလင်းက ငေးငေးငူငူ ဖြစ်နေသည်။ မှိုင်မှိုင်တိုင်တိုင် ဖြစ်နေသည်။

ဒါကို ဘခက် အကဲခတ်မိပါသည်။

ကားကလေးသည် အထက်တန်းကျောင်းရှေ့ ရောက်လာ၏။

'ဘယ်ကို မောင်းရမလဲ မမ'

www.burmeseclassic.com

www.burmeseclassic.com



'နေရာတော့ အတိအကျ မသိဘူး မောင်ဘခက်၊ ကန်စောင်းက မြစိမ်းရောင် အိမ်ကြီးဆိုရင် မေးလို့ လွယ်တယ်လို့ အစ်ကိုကြီးက မှာလိုက်တာပဲ၊ မမလဲ တစ်ခေါက်မှ မရောက်ဖူးတော့ အတိအကျ မသိဘူး'

'မြစိမ်းရောင်'....တဲ့

သည်အိမ်ကြီးကို ဘခက် မဆွကဲတည်းက သိခဲ့ပါသည်။ ပိုင်ရှင်ကဈေးပေါပေါနှင့် ရောင်းသည့်တိုင်အောင် ဝယ်မည့်သူ မရှိသော အိမ်ကြီး ဖြစ်ပါသည်။

သည်အိမ်ကြီး၏ ရာဇဝင်ကလည်း အဆန်းသား။

ယခင်ဈေးခေတ်က စော်ဘွားတစ်ယောက် ဆောက်သွားသည်။

အိမ်ကြီး၏ ခေါင်တိုင်မှာ သစ်ပုပ် ပါသည်ဟု အဆိုရှိသည်။

ပြီးတော့ ရှိသေး၏။

ပိုင်ရှင် အဆက်ဆက် ပြောင်းခဲ့သည့်တိုင်အောင်....ထိုအိမ်ကြီးမှာ 'ခိုက်' သည်ဟု အယူရှိခဲ့ကြ၏။

အိမ်ကြီး၏ အပေါ်ထပ် အရှေ့မြောက်ထောင့်ရှိ အခန်းကို မည်သူမျှ မဖွင့်ရဲကြဟုလည်း ပြောကြသည်။

'အဲဒီအိမ်ကြီးမှာ ဘယ်သူ နေသလဲ မမ'

'ဦးသူရနဲ့ ဒေါ်ဇထွေးမယ်'

'သူတို့က....'

'သူတို့ကို အစ်ကိုကြီးက အိမ်စောင့်အဖြစ် ငှားထားတာ မမလဲ တစ်ခါမှ တွေ့ဖူးတာ မဟုတ်ဘူး၊ ဒီလို ဘခက်ရေ့၊ အစ်ကိုကြီးဟာ မိတ္ထီလာနယ်မှာ သူ့ရဲ့ ရွှေးဟောင်း ပစ္စည်း ရှာဖွေ တူးဖော်ရေး လုပ်ငန်း စကတည်းက အဲဒီ မြစိမ်းရောင် အိမ်ကြီးကို ဈေးပေါပေါနဲ့ ဝယ်လိုက်တာကွယ့်၊ တစ်ခါတလေ ဦးမင်းထိုက်တို့ လူစုနေကြတယ်လို့လဲ ပြောတယ်'



ဘခက်သည် ကားကို ကန်စောင်းရှိ မြစိမ်းရောင် အိမ်၏ အဝတွင် ထိုးရပ်လိုက်သည်။

သည်တော့ မှောင်စပြုပြီ။

ချုံနွယ် ပိတ်ပေါင်းတို့ဖြင့် လည်းကောင်း။

ကုက္ကိုပင်ကြီးများဖြင့် လည်းကောင်း....

ခြံရံနေသော မြစိမ်းရောင် အိမ်ကြီး၏ ထွယ်သော ဝင်းတံခါးရှေ့သို့ ရောက်ခဲ့ပါပြီ။

ဘခက်သည် ကားဟွန်းကို တတီတီ နှိပ်လိုက်ပါသည်။

'ဟွန်း....အိမ်ကြီးကို မှောင်နေတာပဲ၊ ဘယ်လို အိမ်ကြီးမှန်း လဲ မသိဘူး'

ပပလင်းက အရင်....ထောပနာပြုသည်။

'အေး....တိုက်ပျက်ကြီး ကျနေတာပဲ'

ဒေါ်ခင်မျိုးလင်းက ချီးမွမ်းသည်။

'ဟုတ်တယ်....ဒီအိမ်ကြီးက နာမည်ကြီး မမရဲ့'

သူ့စကားကြောင့် သားအမိ နှစ်ယောက်စလုံး ပြုံးသွားသည်။ မျက်လုံး ပြူးသွားသည်။

'ဘယ်....ဘယ်လို နာမည်ကြီးတာလဲဟင်'

ပပလင်းအသံက စိုးတထိတ်ထိတ်နှင့်....

www.burmeseclassic.com

www.burmeseclassic.com



'ပြောလေကွယ်....ဘာ နာမည် ကြီးတာလဲလို့'
ဒေါ်ခင်မျိုးလှိုင်းအသံက ရင်တဖိုဖို။
ဘခက်က ခပ်ပြုံးပြုံး ဆိုလိုက်သည်။

'ကျွန်တော် ကြားဖူးတာကတော့ ဒီအိမ်ကြီးဟာ သရဲ သိပ်ခြောက်လို့ ပိုင်ရှင်က ဈေးပေါ်ပေါ်နဲ့ ရောင်း တာ တောင် ဝယ်မယ့်သူ မရှိဘူးတဲ့'

'ဘာ.... ဘာ သရဲခြောက်တယ် ဟုတ်လား'
ထိုစဉ်ခိုက်မှာပင်....

လက်ဆွဲ မီးအိမ်ကလေးကို ဆွဲ၍ ခါးကုန်းကုန်းနှင့် အဘိုးကြီးတစ်ယောက် လျှောက်လာသည်။

'ဘယ်သူတွေလဲ....ရန်ကုန်က ဧည့်သည်တွေလား'
ခါးကုန်းကြီးသည် ပြောပြောဆိုဆို မှန်အိမ်ကို မြှောက်၍ ကားအတွင်းသို့ ကြည့်လိုက်သည်။

ပပလင်းသည် လန့်မအော်မိစေရန် ပါးစပ်ကို လက်နှင့် ပိတ်လိုက်ရ၏။ အဘိုးကြီး၏မျက်နှာမှာ အရုပ်ဆိုးပြိုင်ပွဲတွင် ပထမရနိုင်သည့် မလှမပ ရုပ်မျိုး ဖြစ်ပါသည်။

ပါးရေတွေက တွဲလောင်း။

သွားတွေက ဟိုတစ်ချောင်း ဒီဘစ်ချောင်း အဆိုးဆုံး ကတော့ မျက်စိတစ်ဘက် လပ်နေခြင်းပါပဲ။

'ခင်ဗျား....ဘယ်သူလဲ'
ဘခက်က ခပ်မာမာ မေးလိုက်သည်။
'ကျုပ်....ဦးသူရပါ မောင်ရင်'



'ကျွန်တော်တို့ ဒီအိမ်ကြီးရဲ့ ပိုင်ရှင် ရန်ကုန်က လူတွေ ပါ'

'ဪ....ဪ....ကောင်းပါလေ့၊ ကျုပ်တို့ကလဲ မျှော် နေတာပါပဲ၊ ဆရာကြီး ဦးဝင်းထွတ်က ဧည့်သည်တွေ ဒီနေ့ ရောက်လိမ့်မယ်လို့ ကြေးနန်းရိုက်ပြီး အကြောင်းကြားထား ပါတယ်'

ဘခက်သည် ကားကို အိမ်ကြီး၏ ဆင်ဝင်အောက်သို့ တိုင် မောင်းဝင်လိုက်သည်။ အဘိုးကြီးသည် ကားနောက် မှ ကုန်းကုန်း ကုန်းကုန်းနှင့် ပါလာသည်။

ကားရပ်လိုက်သည့်တိုင်အောင် ဒေါ်ခင်မျိုးလှိုင်းတို့မှာ ကားပေါ်မှ ဆင်းရန် စိတ်ကူးမိကြပုံ မပေါ်။

'မီး....မရှိဘူးလား ဦးသူရ'

'အရင်ကတော့ ရှိပါတယ်၊ အခု မီးပျက်နေတာ တစ် ပတ်လောက် ရှိပါပြီ၊ ကျုပ်....ဖရောင်းတိုင် သွား ယူ လိုက် မယ်၊ ပြီးတော့ ကျုပ် အမယ်ကြီးကိုလဲ တောက်ဘို မယ်ရ ခင်းဖို့ ခေါ်ခဲ့မယ်'

'အမယ်လေး....အမယ်လေး မခေါ်ခဲ့ပါနဲ့တော့ဦးသူရ၊ တောင်တော်ကြာ ကျုပ်သခင်မတွေ တက်ကုန်ပါလိမ့်မယ်၊ ခင်ဗျား မြင်ရတာပဲ ကျေနပ်ပါပြီ'

ဘခက်က ကမန်းကတန်း ပြောလိုက်ရ၏။
'ဒီလိုဆိုလဲ ကောင်းပါလေ့ဗျား'
အဘိုးကြီး ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားအတွင်းမှ ရှုးခနဲ ရှူးခနဲ သက်ပြင်းချသံ ကြားရသည်။

'ဒက်ဒီကလဲ ဘယ်လိုအိမ်ကြီး ဝယ်ထားမှန်း မသိဘူး'

'ဟုတ်ပါရဲ့ကွယ်....အိမ်ကြီးကြည့်ရတာ တစ်မျိုးကြီးပဲ'

'ကဲ....မမနဲ့ အစ်မလေး ဆင်းလိုက်ဦးစို့ရဲ'

စန္ဒရားဘခက်က ကားတံခါးကို ဖွင့်ပေးသည်။

သားအမိနှစ်ယောက် မဆင်းချင် ဆင်းချင် ဆင်းကြသည်။

ဦးသူရသည် မှန်အိမ်ကလေးကို ဆွဲရင်း လှုပ်လှုပ်၊ လှုပ်လှုပ်နှင့် လျှောက်လာပါချေပြီ။

မြစိမ်းရောင် အိမ်ကြီးအဲတွင်းသို့ ဝင်မိသည်နှင့် ပပလင်းကြက်သီး ထသွားရသည်။ အောက်ထပ်တစ်ခုလုံး နတ်ရုပ်တွေ၊ ဘီလူးရုပ်တွေ၊ အုတ်ကျိုး အုတ်ပဲ့တွေနှင့် ရှုပ်ယှက်ခတ်နေသည်။ သလွန်တွေ၊ ညောင်စောင်းတွေနှင့် ဇာတ်ထောင်ထားသည့် အိမ်ကြီးပမာ ဖြစ်နေပါသည်။

ဦးသူရသည် သူတို့ရှေ့မှ ကုန်းကုန်း ကုန်းကုန်းနှင့် သွားသည်။

သူ့လက်က မှန်အိမ်ကလေး၏ အလင်းရောင်မှာ ကျယ်ဝန်းသော မြစိမ်းရောင် အိမ်ကြီး၏အောက်ထပ်ကိုဝိုးတဝါး ပျှလွင့်နေသည်။

'စိတ်ပျက်စရာ ကောင်းလိုက်တာ မာမီရယ်....ပပတော့ ဒီအိမ်ကြီးမှာ မတဲချင်ဘူး'



'ဒီမှာ မတဲလို့ ဘယ်မှာ တဲမလဲ ပပရယ်၊ မာမီတို့မှာ တခြား အသိအကျွမ်း ရှိတာမှ မဟုတ်တာပဲ'

ဘခက်သည် သားအမိနှစ်ယောက်၏ခရီးဆောင်သေတ္တာနှစ်လုံးကိုဆွဲရင်း လိုက်ပါခဲ့သည်။

ဦးသူရသည် အပေါ်ထပ်သို့တက်သော လှေကားအိုကြီး၏ခြေရင်းတွင် ရပ်လိုက်သည်။

'အောက်ထပ်မှာတော့ ဦးမင်းခေါင်တို့ရဲ့ ပစ္စည်းတွေချည့်ပဲ ခင်ဗျ၊ အပေါ်ထပ်မှာ အခန်းတွေရှိပါတယ်'

'ဒါဖြင့် ကျွန်မတို့က အပေါ်ထပ်မှာ နေရမှာပေါ့'

ဒေါ်ခင်မျိုးလင်းကပြောသည်။

'ဟုတ်တယ်၊ ကျုပ်နောက်လိုက်ခဲ့ကြပါ'

အဘိုးကြီးသည် ကျွန်းသားလှေကားကြီးကိုတစ်ထစ်ချင်းနှင်းတက်သွား၏။

'ကဲ.... တက်လေ ပပ'

'ဟင့်အင်း.... မာမီရှေ့ကသွား'

'ဩော်.... ဒီကောင်မလေး ဘာဖြစ်နေပါလိမ့်၊ ဒါလောက် သတ္တိနည်းရသလား၊ ဖမ်စမ်း'

ဒေါ်ခင်မျိုးလင်းသည် ပပလင်းကိုရှောင်၍ ခပ်သွက်သွက်တက်လိုက်သည်။

'ဒုန်း....'

'အမယ်လေး....'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးရင်း၏ ခြေထောက်တစ်ဘက်မှာ ဆွေးမြေ့နေသော လှေကားထစ်ကို နင်းမိသဖြင့် ကျွံကြသွားသည်။

'သတိထားခင်ဗျ၊ လှေကားတွေက ဆွေးနေတယ်'

လှေကားထိပ်သို့ ရောက်ရှိသွားပြီဖြစ်သော ဦးသူရက မှန်အိမ်ကလေးကို မြှောက်ပြရင်းပြောသည်၊ ဘခက်ရယ်ချင်သွား၏။

'မာမီကလဲ အရမ်းတက်တာကိုး၊ ဘယ်နာသွားသေးသလဲ'

'ခြေသလုံး၊ ကျွတ်.... ကျွတ်.... နာလိုက်တာအသည်းကိုဆိုက်သွားတာပဲ'

ပပလင်းက ဒေါ်ခင်မျိုးလင်း၏ ပခုံးကို ဖေးမတွဲရင်း တက်သွားသည်။

လင်းနို့တစ်ကောင်သည် သူတို့နှစ်ယောက် ခေါင်းနားမှ ဝှီးခနဲ ပြန့်တွား၏။ သားအမိ နှစ်ယောက်စလုံး အထိတ်တလန့် ဖြစ်သွားကြသည်၊

ဘခက်ကတော့ အေးအေးဆေးဆေးတက်လိုက်သွားမိ၏။

အပေါ်ထပ်ရောက်သည်နှင့် ဦးသူရက မှန်အိမ်ကလေးကို ချ၍ ဝါဆိုဖရောင်းတိုင်ကြီးတွေကို နံရံရှိသံပန်းခက်ဖရောင်းတိုင်ခွက်ထဲတွင် လိုက်ထွန်းသည်။ သည်တော့ တစ်အိမ်လုံး ဝင်းပသွား၏။

ဘခက်သည် လက်ဆွဲသေတ္တာနှစ်လုံး စားပွဲဝိုင်းကြီးပေါ်တွင် တင်လိုက်၏။ ပပလင်းတို့ သားအမိက စားပွဲဘေးရှိ



ခုံးယောင်း ကုလားထိုင်အိုကြီး နှစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်ကြသည်။

'ကျုပ် ဘာလုပ်ပေးရဦးမလဲ'

ဦးသူရက မေးသည်၊ ဒေါ်ခင်မျိုးလင်းက သူ့ကို ပြန်မေးလိုက်သည်။

'အိပ်ခန်းတွေကရော'

ဟြော်.... ဟုတ်သားပဲ၊ ဟောဒီမှာ တစ်ခန်း၊ ဟိုမှာ တစ်ခန်း၊ ဒီဘက်မှာ တစ်ခန်း၊ အဲ့ဒါတွေအားလုံး အိပ်ခန်းတွေ ချည့်ပဲ'

'အဘိုးကြီးက လက်ညှိုးထိုးပြ၏၊ သူလက်ညှိုးညွှန်ရာ အခန်းတွေ ရှိနေသည်။ ဝိုင်းကြီးပတ်ပတ်လည်နေသည်။

'ဦးမင်းခေါင်တို့လူစုကတော့ စနေ တနင်္ဂနွေနေ့လောက်ပဲ အိမ်ကြီးကို ပြန်လာကြတယ်၊ ကျန်တဲ့ရက်မှာ မုန်တိုင်မှာ နေများပါတယ်'

'ကျွန်မတို့ ရောက်လာမယ်ဆိုတဲ့အကြောင်း ဦးမင်းခေါင် သိတယ်မဟုတ်လား ဦးသူရ'

'ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး၊ အဲ.... ဒါပေမယ့် ကျုပ်ကတော့ ရန်ကုန်က ဧည့်သည်တွေ ဒီနေ့ ရောက်လာလိမ့်မယ်ဆိုတာ တင်ကြိုပြီး သိပါတယ်၊ ညစာအတွက်လဲ ချက်သင့်လုပ်ထားပါတယ်၊ ကဲ.... ကျုပ် ညစာအတွက် သွားလိုက်ဦးမယ်'

ဦးသူရသည် မှန်အိမ်ကလေးကိုကိုင်ရင်း ဆင်းသွားသည်။ ဘခက်သည် အိမ်ကြီး၏ အခြေအနေကို လျှောက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မြစိမ်းရောင် အိမ်ကြီး၏ တည်ဆောက်ပုံမှာ အလည်ကောင်တွင် ဧည့်ခန်းဆောင်အဖြစ် စက်ဝိုင်းသဏ္ဌာန် ကွက်လပ်ချန်၍ ဘေးပတ်ပတ်လည်တွင် အဆောင်ဆောင် အခန်းခန်း ဖွဲ့ထားသည်။

ဘခက်သည် ဖယောင်းတိုင်တစ်တိုင်ကိုင်၍ အခန်းတွေကို လျှောက်ဖွင့်ကြည့်သည်။ အခန်းတိုင်းတွင် မွေ့ရာ၊ ခုတင်၊ ခြင်ထောင် အစရှိသည့် ပစ္စည်းတွေ ရှိနေ၏။ ကိုယ်လုံးပေါ် မှန်ကြီးတွေ ရှိနေ၏။ သို့ပေမယ့် [illegible]နေသည်။

ခုတင်တွေ၊ ကုလားထိုင် သေတ္တာအစ၊ ကနုတ်ပန်းများ ထွင်းထုထားသည်။ သူသည်၏ [illegible] ထောင့် အရောက်တွင် ကြေး[illegible]ကြီး ခတ ထားသော ထူထဲသည့် ကျွန်း[illegible]ကို တွေ့လိုက်ရသည်။

စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

သည်အခန်းကြီးကို ဘာကြောင့်များ ပိတ်ထားရပါလိမ့်။

'ကဲ… မမရေ၊ အခန်းတွေကတော့ အများပဲ ကြိုက်တဲ့ အခန်းသာ နေကြပေတော့ ဟောဟိုဘက်မှာ ရေချိုးခန်းရှိတယ်၊ ကျွန်တော်တော့ ဟိုအခန်းမှာ နေမယ်'

ဘခက်က သော့ခတ်ထားသော အခန်းကြီး၏ ဘေးမှ အခန်းတစ်ခန်းကို ညွှန်ပြလိုက်သည်။

ဒေါ်ခင်မျိုးနှင့် ပပလင်းတို့က မျက်နှာချင်းဆိုင် တစ်ခန်းစီ ယူလိုက်ကြသည်။ ဘခက်သည် သူ့အတွက် သတ်မှတ်ထားသော အခန်းထဲသို့ ဝင်ခဲ့၏။ ပြီး ဝါဆိုဖယောင်းတိုင်ကြီးကို ကိုင်ရင်း တစ်ခန်းလုံး နှံ့နှံ့စပ်စပ် ကြည့်သည်။ ခုတင်



တွေ၊ စားပွဲတွေ၊ မှန်ကြီးတွေကို တို့ကြည့်သည်၊ တီးကြည့်သည်၊ ခေါက်ကြည့်သည်။

ပြတင်းပေါက်တွေကို ဖွင့်ကြည့်သည်၊ ပိတ်ကြည့်သည်။ ကျေနပ်ပြီ။ ပြီးတော့ ကိုယ်အထက်ပိုင်းကို ဗလာကျင်းလိုက်ပြီး ရှေးဟောင်း ခုတင်ကြီးပေါ်တွင် ခြေပစ်လက်ပစ် အိပ်ချလိုက်သည်။

ယခုတော့ ထီလာမြေကို ရောက်ပါပြီ။

ရေသီတာကမ်း[illegible]က 'မြစိမ်းရောင်' တိုက်ကျော့ချမိပြီ ကပဲ၊ ဦးမင်းခေါင်တို့လူစု ဘယ်မှာလဲ။

[illegible]ကိုယ်ပဲ မသိ၍ပဲလား။

[illegible]

မသိကြီးကျင် ပူ[illegible]းတော့ ဘခက်မတွေးတတ် ခေတ္တအကြာတွင် ဦး[illegible]အသံ ကြားရသည်။

ဘခက်သည် ဂျာကင်ပါးကလေးကို ကောက်စွပ်၍ ထွက်ခဲ့ပါသည်။ လင်း နှစ်လင်းလည်း အလျှိုလျှိုထွက်လာကြ၏။

သူတို့မျက်နှာတွေက ရွှင်ရွှင်လန်းလန်း မရှိလှပါ။ ခရီးပန်းနေဟန်တူသည်။

ဦးသူရက ထမင်းပွဲပြင်ရင်း စောင့်ကြိုနေပါသည်။

သူတို့စားကြ၏။

ထမင်းစားကြ၏။

မကြာမီ ဦးသူရသည် စားပွဲဝိုင်းကြီးအောက်သို့ ကုန်း၍ ဟိုရှာဒီရှာ လုပ်ပါတော့သည်။

'ဘာဖြစ်တာလဲ ဦးသူရ၊ ငါပြားပေ. ပျောက်လို့လား

www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် ကုန်းကုန်းကွကွ ဦးသူရကို မေးလိုက်သည်။

'မဟုတ်ဘူး မောင်ရင်လေး၊ ထမင်းလုံးတွေ ကျနေလို့ ကောက်နေတာပါ'

ပြီးမှ တံမြက်စည်းနဲ့ လှဲပစ်လိုက်ပါလား ဦးကြီးရယ်'

ပပလင်းက ထမင်းစားရင်း အမြင်မတော်၍ ဝင်ပြောရှာသည်။

'ဒီလိုဆိုလဲ ကောင်းပါလေ့၊ ကျုပ်ကတော့ အစ်မလေးတို့ တက်နင်းမိမှာ စိုးလို့ပါ'

သူတို့သုံးယောက်စလုံး ဝါးလက်စသွားကို အနားပေးရင်း ဦးသူရကို အဓိပ္ပာယ်ကင်းမဲ့စွာ ကြည့်နေကြသည်။

'ဒီအိမ်ကြီးပေါ်မှာ ထမင်းလုံးကို တက်နင်းမိရင် ဟို....ဟို ထမင်းလုံးတွေ ခြောက်တတ်တယ်'

ပပလင်းသည် ဇွန်းခက်ရင်းကို ချလိုက်၏။

ဒေါ်ခင်မျိုးလင်းက ပါးစပ်သုတ်ပစ်လိုက်သည်။

ဘခက်ကတော့ ပလုပ်ပလောင်း စားလို့ ကောင်းတုံး

'အစ်မလေး....စားဦးလေ၊ မမကော နည်းလှချည်လား'

ဘခက်က စားရင်းဝါးရင်းဆိုသည်။

'ပပ....ဝပြီ'

'မမလဲ စားလို့မကောင်းတော့ဘူးကွယ်'

သို့ပေမယ့် သူတို့နှစ်ဦးစလုံး ဘခက်၏ အားရပါးရဝါးပုံစားပုံကို သွားရည်ကျနေဟန်တူသည်။ စန္ဒရားဘခက် ဗိုက်ပြည့်သွားပါပြီ။



'ကဲ....သိမ်းတော့ ဦးသူရ၊ ဩော်....ဩော်....ကျန်တော့ ထမင်းတစ်စိတော့ တက်နင်းပါရစေ၊ ခင်ဗျားပြောတဲ့ ထမင်းလုံးတစ္ဆေဆိုတာ ဖြူသလား မည်းသလား မမြင်ဖူးသေးလို့ဗျို့'

'ဒီလိုဆိုတဲ့ ကောင်းပါလေ့ဗျား'

ဝ ဝ ဝ

တစ်ဆယ့်လေး

'အမယ်လေး....'

စူးစူးဝါးဝါးအော်သံကြောင့် မှေးမှေး....မှေးမှေးဖြစ်နေသော ဘခက်၏ မျက်လုံးတွေမှာ ဖီးကွက်လို ပြူးကျယ်သွားသလို ခန္ဓာကိုယ်ကလဲ ဖျတ်ခနဲ ထမိရက်ဖြစ်သွား၏။

တနုံးဒုံးမြည်သံတွေ ကြားရသည်။

သူတို့သုံးဦးသား စက်ဝိုင်းပုံ ညီခန်းတွင် တစ်ယောက်င်တစ်ယောက် ဝင်တိုက်မိတော့မတတ် ဆုံမိကြသည်။

'ကျောက်ပြင်ကြီးရွက်လို့.... ကျောက်ပြင်ကြီးရွက်လို့'

ပပလင်းအသံက တုန်ယင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာက ဖွေးဖွေးဖြူနေသည်။ ကြောက်ရွံ့တုန်လှုပ်နေသည်။

'ပြူးတော့ ဆိုင်မသိမ်းဆက်ကျို့နဲ့ ချိတ်ထားတဲ့'

'ဘယ်သူလဲ....ဘယ်သူလဲ'

'မသိဘူး....မသိဘူး....ပပအခန်းဝမှာ လာရပ်တာ'

ဘခက်သည် ဟိုဟိုဒီဒီ လျှောက်ကြည့်သည်။

အခန်းတွေကို လိုက်ကြည့်သည်။ ပပလင်းကတော့ သူ့မာမီကို အထိတ်တလန့် ပြောဆိုနေရင်း ကျန်ခဲ့၏။ ဘခက်သည် အောက်ထပ်သို့ဆင်း၍ တံခါးမကြီးကိုပိတ်ပြီး ပြန်တက်လာသည်။

'ဘာမှမတွေ့ပါဘူး မမ၊ အစ်မလေး စိတ်ထင်ကာဖြစ်ပါလိမ့်မယ်၊ ဒါမှမဟုတ်ရင် ထမင်းလုံးတစ္ဆေ'

'ဟုတ်သားပဲ ပပရယ်၊ သမီး အိပ်မက်များ မက်နေတာလား'

'ဘယ်က အိပ်မက်ရမှာလဲ မာမီ၊ အသေအချာကိုမြင်လိုက်ရတာ ပပတော့ သိပ်ကြောက်တာပဲ၊ တစ်ယောက်တည်း မအိပ်ရဲတော့ဘူး၊ မာမီနဲ့ လာအိပ်မယ်'

'ဆိုကွယ်....ပပကလဲ၊ ကလေးကလား'

'ပပလင်းသည် သူ့ကို အားငယ်စွာ ကြည့်နေရှာသည်။

ဘခက် သနားသွားသည်။

'ကဲ....မမနဲ့ အစ်မလေး၊ စိတ်ချလက်ချသာ အိပ်ကြပါ။ ကျွန်တော် ဟိုဘက်အခန်းက စောင့်အိပ်ပါ့မယ်'



သားအမိနှစ်ယောက် ကိုယ်စီကိုယ်စီ အခန်းတွင်းသို့ ဝင်သွားကြသည်။

သည်တော့ ညဆယ်နာရီ

ဟုတ်ပါသည်။ ဘခက်လက်က 'ရာဒီက ဆယ်ဂဏန်းကို ပြနေသည်။ စန္ဒရားဘခက်သည် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ရင်း ပပလင်း အခန်းဝကိုကြည့်လိုက်သည်။

သနပ်ခါး လတ်လတ်များက ပပလင်းအခန်းဝမှသည် အောက်သို့ဆင်းသော လှေကားထစ်ဆီ ဖိတ်စဉ်၍ ကြမ်းပေါ်တွင် တင်နေပါသည်။

ဘခက်သည် သနပ်ခါးစက်များကို လက်ညှိုးနှင့်ကလော်၍ နမ်းကြည့်လိုက်၏။

အင်း....အမွှေးသားကလား။

မွှေးတိုသနပ်ခါး ထင်ပါရဲ့။

ဘခက်သည် သူ၏အခန်းသို့ ပြန်၍ဝင်ခဲ့ပြီး ခေါင်းအုံးနှစ်လုံးကို ဆက်၍ စောင်ခြုံသည်။ ခြင်ထောင်ချသည်။ မီးငြိမ်းလိုက်သည်။

အင်း....ဒီတစ်ညတော့ မောင်ပေါက်ကျိုင်းထုံး နှလုံးမူရသေးတာပဲ။

သူသည် စီးကရက်ဟစ်လိပ်ကို ရှိုက်ဖွာရင်း မြစိမ်းရောင် အိမ်ကြီး၏ လေသာဆောင်ဘက်သို့ လျှောက်၏။

ကြယ်ကလေးတွေ လက်နေသည်၊ လကသာနေသည်၊

လေညင်းပျံ့ပျံ့နှင့် ကန်နံ့သင်းသင်းက မြစိမ်းရောင်သို့ မြန်လွင့်လို့ လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်သုံးလိပ်တိတိပြာဖြစ်သွားသောအခါသူ့နောက်မှ ခြေသံဖွဖွကလေး ကြားရသည်။

'မမလင်း....အိပ်မပျော်ဘူးလား'

ဘခက် လှည့်မကြည့်ဖြစ်ဘဲ တိုးတိုးကလေးပဲ မေးဖြစ်လိုက်ပါသည်။

သူမ သုံးစွဲလေ့ရှိသော ဂိုယာရေမွှေးနံ့ကို ဘခက် နှာခေါင်းက သိပြီးမဟုတ်ပါလား။

'အေးကွယ်....အိပ်လို့ မရတာထက် မမလင်း မင်းနဲ့ ပြောစရာတွေ ရှိနေလို့ကွယ်'

'ဒါဖြင့်ရင်လဲ ပြောပါလား မမလင်း၊ ကျွန်တော်ကြားချင်ပါတယ်'

ဒေါ်ခင်မျိုးလင်းသည် သူ့ဘေးသို့ ရောက်လာ၏။ ဝရန်တာကို လက်ထောက်ရင်း ခပ်တိုးတိုး ဆိုသည်။

'ဒီစကားတွေဟာ သိပ်ကို အရေးကြီးတယ် ငါ့မောင်ရယ်၊ မမရင်ထဲမှာ တအုံနွေးနွေး ဖြစ်နေတာကြာပြီ၊ ဒါပေမယ့် ပြောချိန် မရသေးလို့'

'အခုကော ပြောချိန်တန်ပြီလား'

'အင်းပေါ့....မနက်ကျရင် သူတို့နဲ့ ရင်ဆိုင်တော့မှာမဟုတ်လား'

'သူတို့ဆိုတာ ဘယ်သူတွေလဲ မမလင်း'

ဒေါ်ခင်မျိုးလင်းသည် သက်ပြင်းတစ်ချက်ကို တိုးတိတ်ညင်သာစွာချလိုက်ပြီး ကြားရရုံကလေးဆိုသည်။

'ဦး....ဦးမင်းခေါင်တို့ပေါ့ကွယ်'



'ကျွန်တော်လဲ ထင်မိပြီးသားပါ မမလင်း'

'သူတို့ဟာ မမလင်း ဒီကိုရောက်လာမှာကို နည်းနည်းကလေးမှ မလိုလားကြဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ မမလင်း ရောက်လာရင် သူတို့ထင်တိုင်း လုပ်လို့မရတော့ဘူး မဟုတ်လား၊ အခုတူးဖော်နေတဲ့ ရှေးဟောင်းရတနာသိုက်ဟာ ရွှေငွေပစ္စည်း ကျောက်သံပတ္တမြားတွေ တွေ့တော့မယ့် အခြေအနေကို ရောက်နေပြီ မောင်ဘခက်၊ ဒါကို အင်းကိုကြီးတပည့် လူယုံတစ်ဦးက အကြောင်းကြားတယ်၊ ဦးမင်းခေါင်က ဒီရတနာပစ္စည်းတွေကို အပိုင်စီးချင်ပုံရတယ်၊ ဒါကြောင့် မမလင်းအသက်ကို လုပ်ကြံခဲ့တာပေါ့'

စန္ဒရားဘခက်သည် ငမိုးရိပ်ချောင်းဘေးမှ ဖြစ်ရပ်ကို သတိရလာ၏။ ပုဂ္ဂိုလ်ကြီးနှင့် မာလာသူဇာတင်တင်တို့ လူသိုက်သည် ဦးမင်းခေါင်၏ လက်ခစား လူမိုက်များ ဖြစ်လေလား။

'အဲဒီတော့ မမလင်း ဘာလုပ်ချင်သလဲ'

'မမလင်းကတော့ ဦးမင်းခေါင်တို့ လူစုကို မသင်္ကာတာ အမှန်ပဲ မောင်၊ အို....သူတို့ပဲလို့ မမလင်း ယူဆတယ်ကွယ်၊ ဒီကိစ္စကို မင်းအနေနဲ့ မဖော်ထုတ်နိုင်ဘူးလား'

'ကျွန်တော် ကြိုးစားပါ့မယ် မမလင်း၊ အဲ....လောလောဆယ် အရေးကြီးတာက သူတို့တစ်တွေ မမလင်းရဲ့ အသက်ကို ထပ်ပြီး ရန်မရှာဘူးလို့ မဆိုနိုင်ဘူး၊ သတိတော့ ထားနေရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် တိုးတိုးတိတ်ညင်သာစွာ မှတ်ချက်ချလိုက်ပါသည်။

'မောင့်ကို အားကိုးပါတယ်ကွယ်၊ မမလင်းတို့ သားအမိမှာ မောင့်ကိုပဲ အားကိုးပြီး လာတာမဟုတ်လား၊ ပြီးတော့ ဒီပစ္စည်းတွေသာ မမလင်းတို့ရလိုက်ရင် မြန်မာပြည်မှာတော့ သန်းကြွယ်သူဌေးဖြစ်သွားမှာပဲ သိလား၊ ငါ့မောင်ကော တစ်သက်လုံး ချမ်းချမ်းသာသာ မနေချင်ဘူးလားဟင်'

သူမအသံကန့်သွားသည်။ ခရာသွားသည်။ တာသွားသည်။

'ဘယ့်နှယ်ပြောပါလိမ့် မမလင်း၊ လောကမှာ ချမ်း ချမ်းသာသာ မနေချင်တဲ့ သူရယ်လို့ ဘယ်ရှိပါမလဲ'

ဘခက်သည် ရေလိုက်ငါးလိုက် ပြောလိုက်ပါသည်။

'အစ်ကိုကြီးကလဲ နှလုံးရောဂါသည် မဟုတ်လားကွယ်၊ အလွန်နေရလှရင် တစ်နှစ် နှစ်နှစ်လောက်ပဲခံမယ်လို့ ဆရာဝန်က ပြောသတဲ့'

သူမ၏ လက်မောင်းသား အိအိက သူ့လက်ကို ထိကပ်လာသည်။

သူ့အက်ကို တိုးလာသည်။

သူမ ကိုယ်ငွေ့၏ ရိုက်ခတ်မှုကိုပင် ခံစားလာရပြီ။

မမလင်း....'

'မောင်....'



မှောင်နေသော်လည်း သူမ၏နှုတ်ခမ်းသည် ခရီးလမ်းကြောင်းတစ်ခုဆီသို့ ခပ်ဖြည်းဖြည်း ရွေ့လျား လာနေသည်ကို ဘခက် သိပါသည်။

ထိုခရီး၏ အဆုံးတွင် စန္ဒရားဘခက်၏ နှုတ်ခမ်းက စည့်ရှိနေသည် မဟုတ်ပါလား။

မဟုတ်သေးဘူးလေ။

ဒီနှုတ်ခမ်းနှစ်ခု ထိတော့မှ အနမ်းဆိုတာ ဖြစ်ပေါ်လာတော့မှာပေါ့'

'ဟော....မမလင်း'

ဘခက်အသံက အထိတ်တလန့်။

'ဘာလဲ....ဘာဖြစ်တာလဲ'

သူမ နှုတ်ခမ်းမှ အသံထွက်လာ၏။

'ခြေသံ....ခြေသံ၊ ကျွန်တော့်အခန်းထဲက ထင်တယ်'

'ဟင်....'

စန္ဒရားဘခက်၏ သွက်လက်သော ခြေလှမ်းများက သူ့အခန်းရှိရာသို့ ဇွတ်ခနဲ ရောက်သွားသည်။

ဘခက်သည် ဇစ်ပိုမီးခြစ်ကို ဖြောင်းခနဲ ခြစ်လိုက်၏။ မီးထဝါး အလင်းရောင်သည် သူ့အခန်းထဲသို့ ပြန့်လွင့်သွားသည်။

ဘာမှမရှိ။

ဘယ်သူမှမရှိ။

'ကြွက်တွေနဲ့ တူပါတယ်ကွယ်၊ မင်းကလဲ အလန့်တကြားအပ်လုပ်တာပဲ၊ တကယ်ထည်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးလင်းအသံက မကျေမနပ် ဖြစ်လို့နေပါ၏။ ဘခက်သည် နံရံမှ ဖယောင်းတိုင်ကြီးသို့ မီးညှိလိုက်၏။ မီးရောင်ကြောင့် ဒေါ်ခင်မျိုးလင်း ဝါဝါဝင်းနေသော အသားက ဝင်းဝင်းဝါသွားပါသည်။

စန္ဒရားဘခက်သည် ကပိုကရို သူမကို ရင်မောစွာ ကြည့်လိုက်သည်။ ပကတိ လှပနေသော ဒေါ်ခင်မျိုးလင်း၏ ရွှန်းလက်သောအကြည့်က ရင်ထဲတွင် ကလိကလိဖြစ်သွားရသည်။

'ဟုတ်တယ် မမလင်း၊ ကြွက်တွေနဲ့တူပါတယ်၊ အဲ... မမလင်း အိပ်ချင်ရောပေါ့၊ ကျွန်တော်တော့ မျက်လုံးတွေ ဆင်းလာပြီ'

ဘခက်သည် 'ဝါး'ခနဲ သန်းလိုက်သည်။

သည်ကတည်းက သူမကို နှင်လေပြီဟု ဒေါ်ခင်မျိုးလင်း သိသွားပုံရသည်။

'ကဲ...မမလဲအိပ်တော့မယ်၊မနက်ဖြန်ကျရင် မုန့်တိုင်းက ဦးမင်းခေါင်တို့နဲ့သွားတွေ့ရဦးမယ် မဟုတ်လား ဂွတ်နိုက်ကွယ်'

သူမက မဲ့ပြုံးကလေးနှင့်ဆိုသည်။

'ဟုတ်ကဲ့... ကောင်းသောညပါ မမလင်း'

နှုတ်သာဆက်လိုက်ရသည်။

သူမအတွက် 'ကောင်းသောည' ဖြစ်ချင်မှဖြစ်မည်။

ဒေါ်ခင်မျိုးလင်း ထွက်သွားသည်နှင့် ဘခက်သည် အခန်းတံခါးကို ပိတ်လိုက်သည်။ ဖယောင်းတိုင်မီးကို ညှိမ်းလိုက်သည်။



ပြီး.... ပြတင်းပေါက်ဝတံခါးကို ဖွင့်လိုက်၏။ အမှောင်ထုက သူ့ကို ဆီးကြိုလို့နေပါသည်။

စန္ဒရားဘခက်သည် သူ၏ ပေါ့ပါးသော ခန္ဓာကိုယ်ကို ပြတင်းပေါက်မှ ပိပိရိရိ သပ်သပ်ရပ်ရပ်ကလေး ကျော်ချလိုက်သည်။

အဆင်သင့်ပင်....

မြစိမ်းရောင်အိမ်ကြီး၏ ခေါင်မိုးရှိ ရေသရောက်မှ လာသော သံပိုက်လုံးကြီးကို စမ်းမိသွားသည်။

ဘခက်သည် ပိုက်လုံးကိုတွယ်၍ အောက်သို့ဆင်းခဲ့သည်။ မှောင်ရိပ်ကိုခို၍ မြစိမ်းရောင် အိမ်ကြီး၏ နောက်ဖေးသို့ ရောက်သွား၏။ မီးလင်းနေသော တဲကလေး တစ်လုံးကို မလှမ်းမကမ်းတွင် မြင်ရသည်။

ဦးသူရနှင့် ဒေါ်ဒွေးမယ်တို့ အိမ်ကလေးထင်ရဲ့။

ဘခက်သည် အိမ်ဘေးသို့ ဖျပ်ခနဲရောက်သွား၏။ တီးတိုးသံ သဲ့သဲ့က ပြန့်လွင့်လာသည်။

'တကယ်ပြောတာပါ ကိုသူရ၊ ကျွန်မ လှေကားက ပြေးဆင်းလာတော့ အဲဒီ သတ္တဝါကြီးနဲ့ အိမ်ရှေ့မှာမျက်နှာချင်းဆိုင် တွေ့လိုက်ရတာတော့၊ အမယ်လေး.... ကြောက်စရာ ကောင်းလိုက်တာရှင်၊ ကျွန်မတစ်သက်မှာ ဒါလောက် အရုပ်ဆိုးပြီး ကြောက်စရာကောင်းတဲ့ မျက်နှာမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ဒါကြောင့် ရှင့်ကို အိပ်ရာကနှိုးပြီး ပြောရတာ'

www.burmeseclassic.com

www.burmeseclassic.com



‘ငါ့ကို မဟုတ်တာတွေ ပြောမနေစမ်းနဲ့ ဒွေးမယ်၊ နေစမ်းပါဦး နင်က အိမ်ကြီးပေါ်ကို ဘာလို့သွားရတာလဲ’

‘သနပ်ခါး သွားပို့တာရှင့်၊ ဟိုကောင်မလေးက အာယုလောက် ချစ်စရာကောင်းသလဲ၊ ကျွန်မ သမီးကလေးများ ဖြစ်လိုက်ရင် သိပ်ကောင်းမှာပဲ၊ အဲ.... သူတို့ကားရောက်လာကတည်းက ပန်းရုံဘေးကနေ ချောင်းကြည့်လို့ မြင်လိုက်တာ’

‘နေစမ်းပါဦး နင့်ကို သူတို့က သနပ်ခါး လာပို့ပါလို့ ပြောလို့လား’

‘အို... မပြောပေမယ့် ရေမိုးချိုးပြီးရင် သနပ်ခါးလေး လိမ်းချင်မလားလို့ပါတော်၊ ကျွန်မကိုလဲမြင်ရော ကောင်မလေးက လန့်အော်တော့တာပဲ’

‘ဟာ.... အော်မှာပေါ့၊ နင်ဝတ်ထားတဲ့ အဝတ်အစားကကို ယို့ကားယားကိုးဟ’

ဘခက်သည် နံရံရှိအပေါက်မှ အတွင်းသို့ ချောင်းကြည့်လိုက်သည်။

ထိုင်မသိမ်းအင်္ကျီ၊ ချိတ်ထဘီနှင့် မိန်းမချောကြီး တစ်ယောက်ကို မြင်လိုက်ရပါသည်။ သူမသည် အိပ်နေသော ဦးသူရ၏ဘေးတွင်ထိုင်ရင်း တတွတ်တွတ်ပြောနေ၏။

‘ကျွန်မမှာ ဒီအဝတ်တစ်စုံသာကောင်းတာရှိတာ မဟုတ်လား၊ ဒါတောင် ဇာတ်ထဲလိုက်တုန်းက ဝယ်ထားရတာ။ ကဲ.... ဒါတွေထားစမ်းပါဦး၊ ခပ်စောစောက ကျွန်မပြောတဲ့ သရဲလိုလူကြီးကို ဒီအိမ်မှာ ရှင် တွေ့ဖူးသလား’



ဘခက်သည် ‘ကေသလိယ’ အိမ်ကြီးတွင် တွေ့မြင်ခဲ့ရသော ကြောက်မက်ဖွယ် မျက်နှာကြီးကို ပြန်လည် မြင်ယောင်လာသည်။

‘တော်စမ်း ဒွေးမယ်၊ နင် ဟကို မဟုတ်တန်းတရားတွေ လျှောက်ပြောမနေစမ်းနဲ့ ငါအိပ်ချင်လှပြီ’

‘မယုံရင်လဲ ပြီးတာပါပဲတော်၊ ကျွန်မကတော့ ဖျောခနဲ ဖျက်စီနဲ့ကို အသေအချာ မြင်လိုက်ရတာ သိလား’

ဘခက် အိမ်ကလေးမှ ခွာခဲ့ပါသည်။

ဒေါ်ဒွေးမယ်စကားကို ဦးသူရ မယုံပေမယ့် သူယုံကြည်ပါသည်။

ယခုတော့ ကြောက်စရာ မျက်နှာကြီးသည် မိတ္တီလာသို့တိုင် အရိပ်လို ကပ်ပါလာပါပကောလား။

မှန်ပါသည်။

ခပ်စောစောက ဒေါ်ခင်မျိုးလင်းနှင့် လေသာဆောင်တွင် စကားပြောနေခိုက် သူ့အခန်းထဲမှ ခြေသံကို တိတိပပ ကြားလိုက်ရပါလျက် ရှာမတွေ့ဖြစ်ခဲ့ရသည်။

သို့မို့ ကြောင့်ပင် မခံချင်သည်စိတ်ဖြင့် ပိုက်လုံးကိုတွယ်၍ ချောင်ထဲကို ဆင်းခဲ့မိခြင်း မဟုတ်လား။

ယခုတော့ အဖြေပေါ်ပြီ။

ဒီသတ္တဝါကြီးသည် ဘယ်အထိလိုက်၍ နှောင့်ယှက်နေဦးမည်နည်း။

‘အမယ်လေး’

www.burmeseclassic.com

www.burmeseclassic.com



စူးစူးဝါးဝါး ငယ်သံပါအောင် အော်လိုက်သံက ညယံကို ဖောက်ထွင်း၍ မြစိမ်းရောင် အိမ်ကြီး၏ အပေါ်ထပ်မှ ထွက်ပေါ်လာသည်။

ပပလင်း အသံ။

ဘခက်သည် အိမ်ကြီး၏ရှေ့သို့ လျင်မြန်စွာ ပြေးခဲ့သည်။

ဆင်ဝင်အောက်ရောက်တော့မှ အတွင်း ပိတ်ထားကြောင်းကို သူ သတိရလာ၏။

ဘခက်သည် အားဟူသမျှကို ညာဘက် ပခုံးထဲတွင် ပုံချလိုက်ပြီး တံခါးကြီးကို ဝုန်းခနဲ တိုက်ဖွင့်လိုက်၏။ အရှိန်နှင့်ကိုယ်လုံးချောတံခါးပါ လွင့်စဉ် ပွင့်ဟသွားသည်နှင့် အိမ်ကြီးထဲသို့ ပြေးဝင်ခဲ့သည်။

အောက်ထပ်တွင် ဖရောင်းတိုင် တစ်တိုင်လင်းနေ၏။

သူသည် ကျွန်းသားလှေကားကြီးကို တဒုန်းဒုန်းပြေးတက်ခဲ့ပါသည်။

တွေ့ပါပြီ ရင်ဖိုစရာရှုကွင်း။

ဒေါ်ခင်မျိုးလင်းသည် လသာဆောင်အနီးတွင် ပိုးလိုးပက်လက် လဲနေ၏။ သူမ၏ လည်ပင်းက ခွေခွေခေါက်ခေါက် ဖြစ်နေသည်။

ပပလင်းသည် ဒေါ်ခင်မျိုးလင်း၏ ရှေ့တွင် ငူငူကြီးရပ်နေပါသည်။

သူမမျက်လုံးတွေက ပြူးကြောင်ကြောင် ဖြစ်နေသည်။

ဘခက် သိလိုက်ပါပြီ။



သူမသည် အံ့ဩထိတ်လန့်စရာ တစ်ခုကို မြင်လိုက်ရပြီး *Shock* ဖြစ်သွားဟန်တူသည်။ သူ့ကိုပင် မြင်ပုံမရ။

စန္ဒရားဘခက်၏ သွက်လက်သော လက်တစ်ဘက်က ပပလင်း၏ ပါးပြင်ကို ခပ်ဆတ်ဆတ်ကလေးရိုက်လိုက်သည်။

'အို.... အစ်ကို'

ပပလင်းသည် 'အို'ခနဲ တစ်ချက်ရှိုက်လိုက်ရင်း သူ့ရင်ခွင်အတွင်းသို့ တိုးဝင်လာ၏။

သူမ၏လက်တွေကလည်း သူ့ကိုကြောက်အား လန့်အားဖက်တွယ်ထားသည်။

'ပပ.... ပပ.... အစ်ကိုလေ အစ်ကို'

ဘခက်က သူမ၏မေးစေ့ကလေးကို လှုပ်ခါရင်း ခေါ်လိုက်သည်။

'အမယ်လေး အစ်ကိုရယ်၊ ပပ ကြောက်လိုက်တာ၊ သိပ်ကြောက်တာပဲ'

အစ်ကိုရှိနေပြီပဲ ပပရယ်၊ ဘာလို့ကြောက်ရမှာလဲ'

'ကဲ.... ပြောစမ်း ဘာဖြစ်တာလဲဟင်'

'မာမီကို ကြည့်ပါဦး အစ်ကိုရယ်'

သူမအသံက စိုးရိမ်မှု၏ အခေါင်အဖျားသို့ ရောက်နေပါ၏

ဘခက်သည် သူမ၏ ပခုံးကလေးကို ညင်သာစွာဆုပ်ညှစ်ပြီး အားပေးလိုက်သည်။

ပြီး ဒေါ်ခင်မျိုးလင်း၏ဘေးတွင် ဒူးထောက်ထိုင်လိုက်၍ လက်ကောက်ဝတ်ကို သွက်လက်စွာ စမ်းလိုက်၏။

'ဘာမှမဖြစ်ပါဘူး ပပ၊ မစိုးရိမ်ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါသည်။ ဒေါ်ခင်မျိုးလင်း၏ နှလုံးသွေး လည်ပတ်မှုက ရှိနေသေး၏။ သို့ပေမယ့် သူမ၏လည်ကုပ်တွင် ညိုမည်းရောသော ဒဏ်ရာတစ်ခုကို တွေ့လိုက်ရ၏။

'မေ နေတာပါ ပပ၊ ကဲ....ဒီလိုနေလို့မဖြစ်သေးဘူး အခန်းထဲကို ရွှေ့ဦးမှ'

ဘခက်သည် ဒေါ်ခင်မျိုးလင်းကို ပွေ့၍ သူမ၏အိပ်ခန်းထဲသို့ ယူခဲ့သည်။

ခါးကုန်းကြီး ဦးသူရသည် လက်ဆွဲ မှန်အိမ်ကလေးကို ဆွဲရင်း ရောက်လာသည်။

'ဘာဖြစ်တာလဲ....ဘာဖြစ်တာလဲ'

သူက အလန့်တကြားမေးသည်။

'ထမင်းလုံးတစ္ဆေ ခြောက်လို့ပျို့'

'အလိုလေး....ဒုက္ခပါပဲ၊ ဒါကြောင့် ကျုပ်ပြောသားပဲ ဒီအိမ်ကြီးပေါ်မှာ ထမင်းလုံးကို တက်နင်းမိလို့ မရဘူးဗျ'

'ဟုတ်တယ် အစ်ကို၊ ပပကိုယ်တိုင် မြင်လိုက်ရတာ'

'ဘယ်လိုမြင်လိုက်ရတာလဲ ပပ'

ပပ အိုက်လွန်းတာနဲ့ လေသာဆောင်ကို ထွက်ခဲ့မိတယ် အစ်ကို၊ ဝရန်တာမှာ အတော်ကလေး ကြာအောင်ကို ရပ်နေမိတယ်၊ အဲ့....ပပနောက်က ဒုတ်ခနဲ အသံကြားလိုက်တာနဲ့ လှည့်ကြည့်လိုက်တော့ မာမီဟာ ခွေခွေကလေး ပုံကျသွားတယ်'

ပပလင်း၏ ရင်တွေက ပြောရင်းဆိုရင်း ဖိုလာသည်။ အသံတွေက တုန်ယင်လာသည်။



'ပြီး....ပြီးတော့ အစ်ကို အခန်းရှေ့မှာ မည်းမည်း သဏ္ဍာန်ကြီးတစ်ခု လွင့်ခနဲပျောက်သွားတာ တွေ့လိုက်တယ်'

မြတ်စွာဘုရား....

အစ်ကို အခန်းရှေ့တဲ့။

'အင်း....'

ဒေါ်ခင်မျိုးလင်း၏ ပါးစပ်မှ ညည်းသံသဲ့သဲ့ထွက်ပေါ်လာသည်။

'ကဲ....ခဏနေဦးနော်'

ဘခက်သည် သူ့အခန်းရှိရာသို့ ခပ်သွက်သွက် ထွက်ခဲ့သည်။

သူ့အခန်း တံခါးက ပွင့်နေ၏။

သည်တံခါးကို သူ အသေအချာပိတ်ပြီးမှ ပိုက်လုံးကို ဆွဲ၍ အောက်သို့ ဆင်းခဲ့လေသည် မဟုတ်လား။

သည်တံခါးကို အဘယ်သူကများ ဖွင့်ထားလေသနည်း။

အခန်းတွင်း၌မူ အမှောင်ထုက ကြီးစိုးနေပါသည်။

သူသည် အခန်းထဲသို့ ခြေသံမကြားအောင် ဝင်ခဲ့သည်။ ဇစ်ပို မီးခြစ်ကို ခြစ်လိုက်သည်။

မီးတောက်ကလေး ကိုင်ထားသော လူတစ်ယောက်က သူ့ကို စူးစူးဝါးဝါး စိုက်ကြည့်နေ၏။

ထိုသူကား သူနှင့် တစ်ယောက်တည်း တူနေသော အခြား ဘခက် တစ်ယောက် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည် စန္ဒရားဘခက်၏ အရိပ်သည် နံရံတွင်ကစ် ထားသော ကိုယ်လုံးပေါ် မှန်ကြီးထဲတွင် ထင်ဟပ်နေခြင်း လေပဲ။

စင်စစ်....

ခွေးတစ်ကောင် ကြောင်တစ်မြီးမှ သူ့အခန်းထဲတွင်မရှိ။

ဒေါ်ခင်မျိုးလင်း၏ အခန်းသို့ ပြန်ရောက်တော့ သူမ သတိရနှင့်ပြီ။

'ဘယ်လိုဖြစ်တာလဲ မမ၊ ဟင်....'

ဒေါ်ခင်မျိုးလင်းသည် အိပ်မှက်ဆိုးကြီး မက်နေရာမှ လန့်နိုးသည့်ပမာလို ပြူးတူးပြဲတဲဖြစ်နေသည်။ ကြောင်စီစီ ဖြစ်နေသည်။

'မ....မသိပါဘူးကွယ်၊ အိပ်မက်ထဲမှာ လမ်းလျှောက်ရင်း မမလည်ကုပ်ကို တင်းပုတ်နဲ့ ထုလိုက်သလို ခံစားလိုက်ရတာ ပါပဲ။ မမကို မင်းရိုက်လိုက်တာလား မောင်ဘခက်'

'ကြံကြံဖန်ဖန် မမရယ်၊ ကျွန်တော်က မမကို ဘာဖြစ် လို့ ရိုက်ရမှာလဲ'

မာမီက ပပနောက်ကို ဘာလို့ ရောက်နေရတာလဲ ဟင်'

ပပလင်းက မေးလိုက်သည်။

'မာမီ ပပနောက်ကို ရောက်နေတယ် ဟုတ်လား၊ မြ စ္စာဘူရား၊ မာမီ အိပ်နေတာပါကွယ်၊ ဒီအခန်းထဲက



မထွက်လာဘူး၊ အမယ်လေး....ဘယ်လိုတွေ ဖြစ်တုန်တာလဲ၊ မာမီတော့ ဒီအိမ်ကြီးက ခုချက်ချင်းပဲ ထွက်ပြေးချင်နေပြီ၊ ကျွတ်....ကျွတ်....နာလိုက်တာကွယ်'

ဒေါ်ခင်မျိုးလင်း၏ မျက်နှာမှာ ဖြူဖပ်ဖြူလျော် ဖြစ် နေပါသည်။

ဘခက် စဉ်းစားနေ၏။

သူ့ဦးနှောက်က အတွက်ရခက်သော သင်္ချာတစ်ပုဒ်ကို ကွန်ပြူတာစက်လို တွက်ချက်လို့ နေပါသည်။

မည်သူက ဒေါ်ခင်မျိုးလင်းကို နောက်ကနေ ရိုက်သွား သနည်း။

'အစ်မလေး လေသာဆောင်ကို ထွက်လာတော့ ကျွန် တော့် အခန်း ပိတ်ထားသလား'

'ဟင့်အင်း....ဖွင့်ထားတယ်'

ပပလင်းက ဖြေသည်။ အံ့ဩစရာပေပဲ၊ ပြတင်းပေါက်၏ အောက်သို့မဆင်းမီ အခန်းတံခါးကို အတွင်းမှ အသေအချာ ပိတ်ခဲ့ပါသည်။

ယခုတော့ သူ့အခန်းက ပွင့်နေသည်တဲ့။

'ကဲ....ဦးသူရ၊ ခင်ဗျား ဒီအခန်းထဲမှာ လာစောင့်နေ ဦး ဩော်....မမနဲ့ အစ်မလေးတို့လဲ အပြင်က ဘာသံကြား ကြား မထွက်ခဲ့ပါနဲ့'

သူတို့အားလုံး မျက်လုံး ပြူးနေကြသည်။

မမ....လက်နှိပ်ဓာတ်မီး ပါသလား'

www.burmeseclassic.com

သူက ဒေါ်ခင်မျိုးလင်းကို တိုးတိုးကလေး မေးသည်။ သူမက ခရီးဆောင်အိတ်ကို လက်ညှိုးထိုးပြသည်။

ဘခက်သည် သေတ္တာထဲသို့ဖွင့်၍ နှိုက်လိုက်သည်။ နှစ်တောင့်ထိုး လက်နှိပ်ဓာတ်မီးနှင့် အတူ အပ်ချိတ်တွဲ ကလေး တစ်ခု ပါလာသည်။

ပြီးတော့ အခန်းထဲမှ ခြေကိုဖွ၍ ထွက်သွားသည်။

'ချွလွမ်း....'

မှန်ကွဲသံကြီးက တစ်အိမ်လုံး ဝှမ်းမိုးသွားသည်။

'အား....အင့်........ဒိုး....ဒိုး....ဒိုး'

ဆူညံသော အော်သံတွေနှင့်အတူ လှေကားမှ တဒိုးဒိုး လိမ့်ကျသံကြီးကို ကြားလိုက်ရ၏။

ပပလင်းသည် ဒေါ်ခင်မျိုးလင်းကို ကြောက်အားလန့်အား ဖက်မိသလို ဦးသူရဒူးတွေက တဆတ်ဆတ် တုန်နေသည်။

နောက်တော့ တစ်အိမ်လုံး သုသာန်တစ်စပြင်လို ငြိမ်သက်သွား၏။

တစ်မိနစ်....

နှစ်မိနစ်....

သုံးမိနစ်....

အိမ်မြောင် စုတ်ထိုးသံသည် မိုးကြိုးပစ်လိုက်သလို ညသန်းခေါင်၏ တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်သည်။

သူ ပြန်ရောက်လာ၏။

စန္ဒရားဘခက် ပြန်ရောက်လာ၏။



သူ့တစ်ကိုယ်လုံး ချွေးတွေသံတွေ ရွှဲနစ်လို့ နေပါ
ည်။

'ဦးသူရ'

'ခင်ဗျာ'

'သေ့အပိုရှိသလား'

'ဟုတ်....ဟုတ်ကဲ့'

'ကောင်းပြီ၊ ကျွန်တော့် အခန်းကို သော့ခတ်လိုက်တော့'

ဩော်....ရင်မောစရာ ကောင်းလိုက်တဲ့ မြစိမ်းရောင်အိမ်
ပါတကား။

၀ ၀ ၀

တစ်ဆယ့်ငါး

သည် ပြန်လည်၍ ဆိတ်ငြိမ်သွားပြန်ပါသည်။
င်မောစရာ အဖြစ်အပျက်က ပြီးဆုံးခဲ့ပြီ ဖြစ်သော်
း လူသားသုံးဦးမှာ အိပ်စက်၍ မရနိုင်အောင် ဖြစ်နေ
ည်။
ဒေါ်ခင်မျိုးလင်းသည် သိသာလောက်အောင် တုန်လှုပ်
ချောက်ချားနေသည်ကို စန္ဒရားဘခက် အကဲခတ်၍ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပပလင်း ခမျာမှာတော့ မြစိမ်းရောင် အိမ်ကြီးပေါ ညတွင်းချင်း ဆင်းပြေးချင်လောက်အောင် ထိတ်လ ကြောက်ရွံ့သွားခဲ့ပါသည်။

စန္ဒရားဘခက် အံ့ဩနေသည်။ ဒေါ်ခင်မျိုးလင်း နောက်မှ ရိုက်သွားသူသည် မြစိမ်းရောင် အိမ်ကြီးထဲ လျှိုဂှက် တံခါးပေါက်မှ တစ်ဆင့် ဝင်လာခဲ့သည်။ ပြီးတော ပပလင်း၏ နောက်သို့ အလိုအလျောက် ရောက်ရှိ နေခဲ့ သည့် ဆိုသော ဒေါ်ခင်မျိုးလင်း၏ လည်ကုပ်ကို နောက် လက်ဝါးစောင်းဖြင့် ခုတ်သွားခဲ့သည်။

ထိုသူသည် မြစိမ်းရောင်အိမ်ကြီး၏ ထာဝရ သော့ခ ထားသော အခန်းထဲမှတစ်ဆင့် ဘခက်၏အခန်းသို့ ဝင် သည်။

နံရံတွင်ကပ်ထားသော ကိုယ်လုံးပေါ် မှန်ကြီးမှာ ခန်းနှင့်တစ်ခန်း ကူးနိုင်သော လျှို့ဝှက်တံခါးပေါက် နေသည်။ ထိုမှတစ်ဆင့် ဘခက် အခန်းကို ဖွင့်သည်၊ သာဆောင်ဝတွင် ရောက်နေသော ဒေါ်ခင်မျိုးလင်း နောက်မှ ရိုက်လိုက်သည်။ အဖြင့်ကတော့ ဒါပါပဲ။

သို့တစေ....

ထိုသူမှာ တစ်ကွက် မှားသွားခဲ့၏။

သူသည် စန္ဒရားဘခက်၏အခန်းကို ပြန်ပိတ်ရန် မေ့သွ ခဲ့သည်။



စန္ဒရားဘခက်သည် သူ့အခန်းမှတစ်ဆင့် ပိုက်လုံးကို ယ်၍ ဆင်းခဲ့စဉ်ကသူ့အခန်းတံခါးကို အတွင်းမှ ကလန့် ၍ ပိတ်သွားခဲ့သည်။

ယခုတော့ သည်တံခါးက အလိုအလျောက် ပွင့်နေသည်။ ီးဟော့ သူ့အခန်းရှေ့တွင် မည်းမည်း သတ္တဝါကြီး ပျောက်သွားပါသည်ဟု ပပလင်းက ပြောခဲ့လေသည် ဟုတ်လား။

စန္ဒရားဘခက်သည် ဒေါ်ခင်မျိုးလင်းထံမှ လက်နှိပ် ခါတ်မီးကိုယူ၍ သူ့အခန်းထဲသို့ တိတ်တဆိတ် ဝင်ခဲ့သည်။ ံရံတွင်ကပ်ထားသော ကိုယ်လုံးပေါ်မှန်ကြီးကို ရိုက်ခွဲလိုက် သည်။ မှန်ကြီး ကွဲသွားသည်နှင့် ဘခက်အခန်းမှ သတ္တဝါ ကြီးနှင့် တွေ့သည်။

ကြောက်မက်ဖွယ်မျက်နှာကြီးမှာ သူ့ကို အံ့ဩတကြီး ိုက်ကြည့်နေသည်။ သူ့မျက်နှာကြီးမှာ ရှုံ့တွနေသည်။ ခေါင်းတစ်ခုလုံး ဆံတစ်မျှင်မျှ မရှိ။

စန္ဒရားဘခက်သည် တစ်ဘက်ခန်းသို့ ဖျပ်ခနဲ ရောက်ရှိ သွား၏။ သတ္တဝါကြီးသည် သူ့ကို ရန်ပြုရန်ထက် ထွက် ပြေးရန် ကြိုးစားနေပုံ ရ၏။ လျှို့ဝှက်အံဖုံးတံခါးကို ဆွဲဖွင့် သည်။

ဘခက်က သူ့ကို ခုန်အုပ်လိုက်၏။ လျှို့ဝှက်လှေကားမှ တစ်ဆင့် နှစ်ယောက်သားလုံးထွေးရင်း အောက်သို့ကျသွား ခဲ့သည်။ ဘခက်၏လက်မှ လက်နှိပ်ဓာတ်မီး လွင့်ကျသွား သည်။

www.burmeseclassic.com

www.burmeseclassic.com



မှောင်သွားသည်။

အခက်သည် လှေကားရင်းတွင် လက်နှိပ်ဓာတ်မီး ခဲခဲယဉ်းယဉ်း ပြန်ရှာလို့ တွေ့၏။ သို့ပေမယ့် ထို သတ္တဝါ ကြီး မရှိတော့။ သူသည် မြေအောက် ဥမင်လိုဏ်ခေါင်း တစ်ခုကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အံ့ဩသွား၏ ဥမင်တစ်လျှောက် လိုက်ခဲ့သည်။ ဥမင်အဆုံးတွင် မြစ် ရေတွင်းပျက်ဆီသို့ ရောက်သွားသည်။ သတ္တဝါကြီး မ တော့ချေ။

ဤသည်မှာ မြစိမ်းရောင် အိမ်ကြီးသို့ ဝင်သော လှ ဝှက် ဥမင်လိုဏ်ခေါင်းပင်။

ယခုတော့ ဥမင်လိုဏ်ခေါင်း၏ ဝင်ပေါက် ထွက်ပေါ ကို သူ သိရပြီ။ သူ မသိရသေးသည်မှာ ကြောက်မက်ဖွယ် သတ္တဝါကြီးသည် မည်သူနည်း။

မည်သည့် အတွက်ကြောင့် သူတို့နောက်ကို အရိပ် လိုက်နေရသနည်း။ မည်သည့် အတွက်ကြောင့် ဒေါ်ခင်မျိုး လင်းအသက်ကို လုပ်ကြံခဲ့ရသနည်း။

ဒီသတ္တဝါကြီးကို ရန်ကုန်ရှိ ကောလိယ ဂေဟာကြီး နှစ်ကြိမ်တိတိ တွေ့ဆုံခဲ့ရှိသည်။ ယခုတစ်ခါန် အံ့ဩ ကြုံတွေ့နေရပြန်ပါပြီ။

ဒေါ်ခင်မျိုးလင်းသည် သွေးပျက် မတတ် တုန်ခ ချောက်ချားနေသည်ကို တွေ့ခဲ့ရသည်။

ယခုတော့ သူမအသက်ကို အတိအလင်း ရန်ရှာ နေ ပြီ။



စန္ဒရားဘခက်သည် ဒေါ်ခင်မျိုးလင်းကို ဘေးမသီ ရန် မခ စောင့်ရှောက် လိုက်ပါရန် အခကြေးငွေ ယူခဲ့သည်။ ဦးဝင်းထွတ်ကိုလည်း ကတိပေးခဲ့သည်။

ယခုတော့ ရွှေနတ်စင်ဖရားမ၏ဂူသို့မရောက်မီ အန္တရာယ် ကို စတင် ကြုံတွေ့ရလေပြီ။

အံ့ဩစရာတော့ ကောင်းသားကလား။

ဒေါ်ခင်မျိုးလင်းသည် ညကြီးသန်းကောင် အိပ်ပျော် ရာမှ အယောင်ယောင် အမှားမှား လမ်း ထ လျှောက် သည်။

သို့ထစေ သူမကိုယ်သူမ မသိပါဟု ဆိုသည်။ အိပ်ပျော် နေပါသည်ဟု ဆိုသည်။

ဤသို့ဆိုလျှင်....

'ဥပ်ဖွ....ထခဲ့စေ' ဟု သူမကို အမိန့်ပေး၍ ညို့ခေါ် လိုက်သလော။ ကြောက်မက်ဖွယ် မျက်နှာကြီးနှင့်လူသည် တန်ခိုး ဣဒ္ဓိပါဒ်တွေ ရှိနေသလော။

စန္ဒရားဘခက်သည် ဒေါ်ခင်မျိုးလင်းနှင့် ပပလင်းတို့ အခန်းများကို သူကိုယ်တိုင် ဝင်ရောက် စစ်ဆေးခဲ့ပါသည်။ အံဝှက်တွေ၊ လျှို့ဝှက်တံခါးတွေ ရှိမရှိ အသေ အချာ စစ် ဆေးသည်။ ပြီးမှ သူတို့ သားအမိကို အတွင်းမှ တံခါးကို ပိတ်၍ စိတ်ချလက်ချ အိပ်ရန် ပြောရသည်။

ယခုတော့ လျှို့ဝှက် တံခါးပေါက်ဖြစ်သည့် သူ အခန်း ကိုလည်း သော့ခတ်၍ ပိတ်လိုက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



'မင်း....မင်း၊ ဘယ်သူနဲ့ တွေ့ခဲ့သလဲ၊ မမကို နောက်ကနေ ရိုက်လိုက်တာ ဘယ်သူလဲ မောင်ဘခက်'

ဒေါ်ခင်မျိုးလင်းက သူ့ကို ထိုကဲ့သို့ မေးခဲ့ ပါသေးသည်။

စန္ဒရားဘခက် မဖြေခဲ့ပါ။

ဒီသတ္တဝါကြီးအကြောင်းကို သူတို့သားအမိ မသိစေချင်သေးပါ။

'အလကားပါ မမရယ်၊ ဦးသူရပြောသလို ထမင်းလုံးတစ္ဆေနဲ့ တူပါတယ်'

သူက ရယ်ရယ်မောမောနှင့် စကားကို လျှောချလိုက်သည်။

'ဒါကို သူမ မကျေနပ်ဟန်မတူ။

'မကျေနပ်လည်း မတတ်နိုင်ဘူးပေါ့ကွယ်'

○ ○ ○

တစ်ဆယ့်ခြောက်

နောက်တစ်နေ့ မနက်စောစောတွင် မြစိမ်းရောင် အိမ်ကြီးသို့ သူ ရောက်ရှိလို့ လာပါသည်။

ဦးမင်းခေါင်။



ဟုတ်ပါသည်။ ဦးမင်းခေါင်ဆိုသည့် ရွှေစင်နုတ်ဖရားမကို ဦးစီးဦးဆောင် ပြုလုပ်၍ တူးဖော်နေပါသည်ဆိုသော ဦးဝင်းထွတ်၏ မန်နေဂျာ ဆိုသူပင် ဖြစ်ပါသည်။

အရွယ်က သုံးဆယ့်ငါးနှစ်လောက်ပဲ ရှိဦးမည်။ တောင့်တင်း သန်မာသော ခန္ဓာကိုယ်နှင့် ဖြူဖွေးသော အသားအရည်သည် နေလောင်ထားသဖြင့်ကဲ့ နီစပ်စပ် ဖြစ်နေသော်လည်း ရုပ်ရည်က မိန်းမကြိုက် မျက်နှာမျိုး ဖြစ်သည်။

သူသည် ဂျစ်ကားတစ်စီးဖြင့် မြစိမ်းရောင်သို့ စောစောစီးစီးပင် ရောက်ရှိလာပါသည်။

'ကျွန်တော်က ဒေါ်ခင်မျိုးလင်းတို့ ဒီနေ့လောက်မှ ရောက်လာကြလိမ့်မယ်လို့ ထင်နေတာ၊ မနေ့က ကျွန်တော် စောင့်ကြိုမနေနိုင်တာကို ခွင့်လွှတ်ပါ'

သူက တွေ့လျှင် တွေ့ချင်း ဒေါ်ခင်မျိုးလင်းကို လေးစားစွာ ပြောသည်။ ပြီးတော့ ဘခက်ကိုလည်း အကဲခတ်သလို ကြည့်နေသည်။

'မျိုးတို့လဲ မနေ့က အတော်မိုးချုပ်မှ ဒီကို ရောက်ကြတယ်၊ ကိုမင်းခေါင် ရောက်ရောက်ချင်း ဒီအိမ်ကြီးကို တွေ့လိုက်ရတော့ အတော် စိတ်ပျက်သွားတယ်၊ မနေ့ညက ဆိုရင် သမီး ပပတောင် လန့်အော်သေးတယ်၊ အစ်ကိုကြီးဟာ ဘယ်လိုအိမ်ကြီးကိုများ ဝယ်ထားသလဲ မသိဘူး'

ပပလင်းသည် သူမအကြောင်းကို ပြောသဖြင့် မသိမသာ နှုတ်ခမ်းစူသွားသည်။ ပြီးတော့ သူမခေါ့မှ လက်ဆက်ချည်ပန်းကန်ကို ကိုင်၍ ငုံသောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်....ဒေါ်ခင်မျိုးလင်းအိမ်ကြီးက ရုတ်တရက်ကြည့်ရင် ကြောက်စရာကောင်းပေမယ့် အေးချမ်းပါတယ်၊ ဈေးပေါပေါနဲ့ရလို့ ဆရာကြီးက ဝယ်လိုက်တာ၊ ဒါပေမယ့် ကျွန်တော်တို့ကတော့ ဒီမှာ အနေနည်းပါတယ်၊စခန်းမှာ မိုးကာတဲတွေထိုးပြီး နေကြတယ်'

ဘခက်သည် ဒေါ်ခင်မျိုးလင်းနှင့် ဦးမင်းခေါင်တို့၏ ဆက်ဆံရေးကို မသိမသာ အကဲခတ်နေသည်။

သူတို့အသက်အရွယ်က မတိမ်းမယိမ်း....

သို့ပေမယ့် ဆက်ဆံပုံက ခပ်စိမ်းစိမ်းဖြစ်သည်။ ဒေါ်ခင်မျိုးလင်း၏ အသွင်သဏ္ဌာန်မှာ ဦးမင်းခေါင်ကို အခြေအနေအရ မဖြစ်၍ ဆက်ဆံနေရပုံမျိုးဖြစ်သည်။

မှန်ပါသည်။ ဒေါ်ခင်မျိုးလင်းသည် ဦးမင်းခေါင်ကို သံသယတွေ အပြည့်အဝ ထားရှိခဲ့ကြောင်း သူ့ကိုပင် တိတိလင်းလင်း ထုတ်ဖော် ပြောကြားခဲ့လေသည် မဟုတ်လား။

'အေးကွယ်....အေးချမ်းလို့သာ တော်တော့တာပေါ့၊ မျိုးဖြင့် ဒီမှာတောင် မနေချင်သလောက်ပဲ၊ ဪ....ဒါနဲ့ ကိုမင်းခေါင်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ မောင်ဘခက် စန္ဒရားဘခက်လို့လဲ ခေါ်တယ်'

သူတို့ နှစ်ယောက် အကြည့်ချင်း ဆုံကြသည်။

လက်ချင်းဆွဲ၍ နှုတ်ဆက်မိကြသည်။

'စန္ဒရားဘခက်ဆိုတော့ မောင်ရင်က ဂီတသမား တစ်ယောက်လား၊ မိတ္ထီလာကို သီချင်းလေး ဘာလေးစပ်ဖို့ အလည် လိုက်လာတာလား'



မင်းခေါင်၏ အမေးကို ဘခက် မဖြေလိုက်ရပါချေ။ ဒေါ်ခင်မျိုးလင်းက ဝင်ပြောသည်။

'မဟုတ်ပါဘူး ကိုမင်းခေါင်၊ သူ့ကို မျိုးတို့ကိုလိုက်ပါစောင့်ရှောက်ဖို့ အစ်ကိုကြီးက ထည့်လိုက်တာပါ၊ မျိုးတို့ကားကို မောင်ဘခက်ပဲ မောင်းခဲ့တာပေါ့'

'ဪ....ဪ....သိရတာ ဝမ်းသာပါတယ် မောင်ရင်။ ဒါနဲ့ မောင်ရင်က စန္ဒရားဘခက်လို့ နာမည်ခံထားတော့ စန္ဒရားဝိဇ္ဇာနဲ့ တူတယ်'

သူ့အသံက အထက်စီးမှ ဖြစ်သည်။

ဒါကို ဘခက် လုံးဝ ဘဝင်မကျမိ။

'ကျွန်တော် စန္ဒရားဆိုလို့ ဒိုး၊ ရေ၊ မီ၊ ဖာ လောက်တောင် မတီးတတ်ပါဘူး ကိုမင်းခေါင်'

'ဟင်....ဒါဖြင့်ရင် မောင်ရင်က စန္ဒရားဘခက်လို့ ဘာလို့ နာမည် ခံထားရတာလဲ'

ပပလင်းက ဝင်ဖြေသည်။

'ကိုဘခက်လက်တွေက စန္ဒရားတီးသလို သွက်သွက်လက်လက်ရှိနေလို့ ဖြစ်မှာပေါ့ ဦးမင်းခေါင်'

မင်းခေါင်၏ မျက်လုံးနှစ်ခုမှာ မသိမသာ မြင့်တက်သွားသလို သရော်ပြုံး တစ်ခုကိုလည်း ဘခက် မြင်တွေ့လိုက်ရသည်။

'ဪ....ဒီလိုလား၊ သိရတာ ဝမ်းသာပါတယ် မောင်ရင်ရာ၊ အဲ....မောင်ရင် လက်ဘယ်လောက် သွက်သလဲဆိုတာတော့ မမြင်သေးဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့ ဦးမင်းခေါင်၊ ခင်ဗျားနဲ့က အခုမှ တွေ့ဖူးကြတာဆိုတော့ ကျွန်တော့်အကြောင်း ခင်ဗျား မသိသေးသလို ခင်ဗျား အကြောင်းလဲ ကျွန်တော် မသိသေးပါဘူး'

ဘခက်က ခပ်တည်တည် ဆိုလိုက်သည်။

'အင်းလေ....ဟုတ်တာပေါ့၊ မောင်ရင်ကို အခုမှ တွေ့ဖူးသေးတာ မဟုတ်လား၊ အဲ.... ကြုံကြိုက်တုန်း အခု ကျုပ်တို့ တစ်တွေ တူးဖော်နေတဲ့ ရွှေစင်နတ်ဖုရားမလိုဏ်ဂူကို လေ့လာသွားဦးပေါ့၊ ဒါပေမယ့် အန္တရာယ်ကတော့ မသေးလှဘူးပေါ့၊ တူးရင်းဖော်ရင်း ကျောက်တုံးတွေ ပြိုကျလို့ ဆေးရုံပို့လိုက်ရတဲ့သူ လေးငါးယောက်လောက် ရှိသွားပြီ'

ဦးမင်းခေါင်က သူ့ကို စိန်ခေါ်လိုပြီ။

ဒါကို ဘခက် ရိပ်စားမိပါသည်။

'ဂူကြီးရဲ့ အခြေအနေက ဘယ်အထိ ရောက်နေပြီလဲ ကိုမင်းခေါင်'

ဒေါ်ခင်မျိုးလင်းသည် သူတို့နှစ်ဦး၏ အခြေအနေကိုအကဲခတ်မိဟန်ဖြင့် စကားဖြတ်၍ မေးသည်။

'အခြေအနေကတော့ ရွှေစင်နတ်ဖုရားမရဲ့ ဂူဝကို တွေ့ဖို့ အလားအလာတွေ အများကြီး ရှိနေပါပြီ၊ ကျွန်တော်လဲ တူးဖော်ရရှိတဲ့ ပစ္စည်းတွေမှန်သမျှ ရန်ကုန်ပို့တယ်၊ ဆရာကြီးမှ ခေတ်ခွဲခန်းက အဖြေကတော့ ကျွန်တော်တို့တူးဖော်နေတဲ့ဂူဟာ ရွှေစင်နတ်ဘုရားမရဲ့လိုဏ်ဂူ အသေအချာပဲလို့ အဖြေထွက်နေပါတယ်၊ ရက်ပိုင်းအတွင်းလောက်မှာ ဂူဝကို တွေ့နိုင်မယ့် အထောက်အထားတွေ တွေ့နေပါပြီ'



နောက်တော့ ဦးမင်းခေါင်က လုပ်ငန်း အခြေအနေအဝဝကို ဒေါ်ခင်မျိုးလင်းကို တင်ပြနေသည်။

ဘခက်နှင့် ပပလင်းက စိတ်မဝင်စားသလို နားထောင်နေမိပါသည်။

သို့တစေ ဦးမင်းခေါင်၏ မျက်လုံးတွေက တစ်ချက်တစ်ချက်တွင် ပပလင်းကို စိတ်ဝင်စားစွာ ကြည့်ရှုလို့ နေပါသည်။

ဒါကို ဘခက် မြင်၏။ သိ၏။

သို့သော် မမြင်သလို မသိသလို နေလိုက်သည်။

ဘခက်သည် ယမန်နေ့ညက အဖြစ်အပျက်ကို သတိရနေပါသည်။

ဦးမင်းခေါင်သည် သူတို့ရောက်လာမည်ကို ကြိုတင်သိနေခဲ့ပါသည်။ သို့တစေ စောင့်ကြို၍ မနေခဲ့။

ညက ရင်မောစရာတွေနှင့် ကြုံခဲ့သည်။ ဒါကို ဒေါ်ခင်မျိုးလင်းက ဦးမင်းခေါင်ကို ပြောမပြခဲ့။ သူမအနေဖြင့် လျှို့ဝှက်ထားလိုဟန် တူပါသည်။

'ဒေါ်ခင်မျိုးလင်း....ခရီးမပန်းဘူးဆိုရင် ဒီကနေ့ပဲ မုန်တိုင်ကို လိုက်ခဲ့ကြပါလား၊ မျက်မြင်ကိုယ်တွေ့ လေ့လာသွားကြရအောင်ပေါ့'

ဦးမင်းခေါင်က ဖိတ်ခေါ်သည်။

ဒေါ်ခင်မျိုးလင်းသည် ဘခက်၏ မျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ပပတော့ မလိုက်ချင်သေးဘူး မာမီ၊ တစ်ရက်လောက်တော့ နားချင်သေးတယ်’

‘ဒီလိုဆိုရင် မာမီ လိုက်သွားလိုက်ဦးမယ်၊ သမီး နေရစ်ခဲ့ပေါ့’

‘ပပ တစ်ယောက်တည်းတော့ မနေဝံ့ဘူး မာမီ’

‘မောင်ဘခက် နေခဲ့မှာပေါ့၊ ကဲ....ကိုမင်းခေါင်၊ မျိုးကိုမင်းခေါင်တို့စခန်းကို လိုက်ကြည့်ပါ့မယ်’

ဒေါ်ခင်မျိုးလင်းသည် သူမအခန်းထဲသို့ဝင်၍ အဝတ်အစားလဲနေသည်။

‘ပပက အတော့်ကို ထွားလာတာပဲ၊ လမ်းတွေ့ရင် မှတ်မိချင်မှ မှတ်မိမှာ’

ရော....ဒီလူ ဘယ်လိုလူပါလိမ့်။

မအေ ထသွားသည်နှင့် သမီးကို ချီးမွမ်းခန်း ဖွင့်တော့သည်။

‘ဟုတ်မှာပေါ့ ဦးမင်းခေါင်၊ ပပတို့ မတွေ့တာ တစ်နှစ်လောက် ရှိပြီမဟုတ်လား’

ပပလင်းက မျက်စောင်းထိုးရင်း ဆိုသည်။

ဟုတ်ပေမည်။ ထွားနေသည်ကို ထွားပါသည်ဟု သွားပြောတော့ ဘယ်ကျေနပ်နိုင်ပါ့မလဲ။

ဘခက် ထခဲ့သည်။ သူ့အခန်းထဲသို့ ဝင်ခဲ့သည်။ မုန်တိုင်းသို့ တစ်ယောက်တည်း ဝံ့ဝံ့စားစား လိုက်ပါသွားမည့် ဒေါ်ခင်မျိုးလင်းအတွက် ပူပန်မိသည်၊ စိတ်မချဖြစ်မိသည်။ အံ့ဩလည်း မိသည်။



သို့ပေမယ့် အနေသာခြည်း။

ဒေါ်ခင်မျိုးလင်းနှင့် ဦးမင်းခေါင်တို့ မြစိမ်းရောင် အိမ်ကြီး၏ အောက်သို့ဆင်းသွားကြသည်။ မကြာမီ ကားစက်သံ ကြားရသည်။

ဘခက် အခန်းထဲမှ ထွက်ခဲ့သည်။

ပပလင်းသည် သူ့ကို စိုးရွံ့စွာကြည့်လို့နေပါသည်။

‘ဘာလဲ ပပ၊ အစ်ကို့ကို ကြောက်နေသလား။

သည်တော့ ကောင်မလေးက ရယ်၏။ ယခုတော့ သူတို့ တစ်ယောက်တည်းသာ။

‘အောင်မယ်....အစ်ကို့ကို ပပက ဘာလို့ကြောက်ရမှာလဲ၊ ပပက သူ့ရဲသာ ကြောက်တာ သိလား’

သူမက မဆို့တရို့ဆိုသည်။ ချစ်စရာ သိပ်ကောင်းသွားသည်။

‘ကဲပပ၊ အဝတ်အစားလဲ’

‘ဘယ်ကို’

‘မိတ္ထီလာမြို့ကြီး ဘယ်လောက် သာယာတယ် ဆိုတာ သွားကြည့်ရအောင်လေ၊ လိုက်မယ်မဟုတ်လား’

‘အင်း....လိုက်မှာပေါ့၊ ပပတစ်ယောက်တည်းမှ မနေရဲဘူး’

ပပလင်းသည် သူမ အခန်းထဲသို့ ဝင်သွားသည်။

ထွက်လာတော့ လှလှပပ ကြကြွရွရွ ကလေးရယ်ပေါ့၊ သေးတင်းရင်းရင်း ထင်းထင်းဝင်းဝင်း ကလေးရယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'သိပ်လှတယ် ပပ'

'မမြှောက်နဲ့၊ ပပမှာ ပိုက်ဆံမရှိဘူး'

'တကယ်ပြောတာပါ၊ မြှောက်ပြောတာ မဟုတ်ပါဘူး'

ပပလင်းက ရှက်ပြုံးကလေးနှင့် သူ့မျက်လုံးဒဏ်ကိုကာကွယ်ရင်း မျက်စောင်းထိုး၏။

'တော်ပါ၊ ကဲ....ဘယ်သွားမှာလဲ'

'ရေကျော်ခုနစ်ပေါက်'

'ရေကျော်ခုနစ်ပေါက်ဆိုတာ ဘာလဲ အစ်ကို'

'ရေတွေကျော်သွားတဲ့ အပေါက် ခုနစ်ပေါက်ပေါ့ပပ ကြော်....ထူးဆန်းပါလား၊ သွားစို့'

သူတို့နှစ်ယောက် အပြုံးချင်း ဖလှယ်ရင်း မြစိမ်းရောင်ထွက်ခဲ့ကြသည်။

နေခြည်သည် ဝင်းနေ၏။ လင်းနေ၏။

သာယာလိုက်တဲ့ နံနက်ခင်းကလေးပါပဲ။

၀ ၀ ၀

တစ်ဆယ့်ခုနစ်

တမာနံ့ ပျံ့ပျံ့ကလေးကသင်းနေ၏။ လေညင်းက တသုန်သုန် တိုက်လို့နေသည်။

နေခြည်သည် ကန်ရေပြင်တွင် တလက်လက် တောက်ပနေသည်။ စန္ဒရားဘခက်သည် ကော်ရိုလာ ကားဝါကလေးကို ရေကျော်ခုနစ်ပေါက်ရှိ တမာတောစပ်တွင် ရပ်လိုက်သည်။

မြင့်မားသော ဆည်ဘောင်ကြီးသည် ထိလာကန်ရေပြင်ကို၊ ကာထား၏ ထိုဆည်ဘောင်ကြီးတွင် ရေလွှဲတံခါးကြီး ခုနစ်ပေါက်ရှိသည်။ ရေလွှဲတံခါးကြီး ခုနစ်ပေါက်မှ ရေတွေတဝေါဝေါ ထွက်နေပြီး ချောင်းရိုးတစ်လျှောက်သို့ အဟုန်ပြင်းစွာ စီးဆင်းနေပါသည်။

'သိပ်ကိုသာယာတာပဲနော် အစ်ကို'

'အင်း....လာ....ပပ၊ အစ်ကိုတို့ ဆည်ဘောင်ပေါ်ကိုသွားထိုင်ကြရအောင်'

စန္ဒရားဘခက်သည် ရေကျော်ခုနစ်ပေါက် ဆည်ဘောင်ပေါ်သို့ ဒွယကိုးပေါက်နှင့် မနုဿလူမ ချောချောကလေးကို ခေါ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြန့်အပြောကျယ်သော ကန်ရေပြင်သည် ရှုမဆုံးနိုင်အောင် ရှိနေသည်။ ဆည်ဘောင်ဘေးရှိ တမာရိပ်တွင် နှစ်ဦးသား ထိုင်မိကြပါပြီ။

'အင်း....အခုမှ စိတ်ထဲမှာ လန်းဆန်းသွားတယ် အစ်ကိုရယ်၊ ညတုန်းကများ စိတ်ညစ်လိုက်တာ၊ အဲ့ဒီ မြစိမ်းရောင် အိမ်ကြီးပေါ်က တစ်ခါတည်း ဆင်းပြေးချင်လောက်အောင်ပဲ၊ ဘာတွေဖြစ်ကုန်ကြတယ်ဆိုတာ ပပတော့ နားမလည်နိုင်တော့ဘူး'

စန္ဒရားဘခက်သည် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်ပါသည်။

'ဟုတ်တာပေါ့ ပပ၊ ဒီအိမ်ကြီးကိုက ချောက်ချားစရာကောင်းနေတာကိုး၊ ပပ ဘာမှမဖြစ်တာ တော်သေးတာ အစ်ကို ညက ပပအတွက် အတော့်ကို စိုးရိမ်သွားမိတယ်'

ပပလင်းသည် ကျောက်ပြင်ကြီးကိုရှုကြ၍ သူမအခန်းသို့ တွင် လာရပ်သော ဥစ္စာစောင့်လို အမျိုးလိမ်ကြီးကို မြင်ယောင်လာသည်။

'ပပ လန့်အော်မိတာ တကယ့်ကို မြင်လိုက်ရလို့ပါ အစ်ကို၊ ဥစ္စာစောင့်မကြီးလိုပဲ၊ သိပ်ချောတယ်'

ဘခက် ပြုံးလိုက်သည်။

'ဥစ္စာစောင့် မဟုတ်ပါဘူး၊ တကယ့်လူပါ၊ သူ့နာမည်က ဒေါ်ဒွေးမယ်တဲ့၊ ဦးသူရရဲ့ ဇနီး၊ သူက ပပကို မြင်မြင်ချင်း သူ့သမီးလေးလို ချစ်လိုတဲ့'

'ဟင်....ဒေါ်ဒွေးမယ် ဟုတ်လား'



'ဟုတ်တယ် ပပ၊ ပပ ဒီနာမည်ကို ကြားဖူးလို့လား'

'ဟင့်အင်း....မကြားဖူးပါဘူး အစ်ကိုရယ်'

ဘခက်သည် ယမန်နေ့ညက အကြောင်းကို ပပလင်းအား တစ်စွန်းတစ်စ ပြန်၍ပြောကြားလိုက်သည်။ အိမ်ကြီး၏ အပေါ်ထပ်မှသည် ဦးသူရအိမ်ဘေးသို့ ရောက်ခဲ့ရာမှ ပပလင်း၏ အော်သံကြားရသည်အထိ ပြောပြလိုက်ပါသည်။

'တစ်ခုတော့ အံ့သြစရာကောင်းတယ် အစ်ကို၊ **မာမီဟာ** ပပနောက်ကို အိပ်မက်သလို လမ်းထလျှောက်ရင်း **ရောက်လာ**တယ်၊ ဒါကို ပပ လုံးဝမသိခဲ့ပါဘူး၊ အသံကြားလို့ လှည့်ကြည့်လိုက်တော့ မာမီဟာ ချွေချွေကလေး လဲသွားတယ်၊ မည်းမည်းသဏ္ဍာန်ကြီးဟာ အစ်ကို့အခန်းရှေ့မှာ ရိပ်ခနဲ ပျောက်သွားတယ်'

သူမမျက်နှာတွင် စိုးရွံ့မှုများ အထင်းသား ကပ်ငြိနေသည်ကို ဘခက် တွေ့ရပါသည်။

'ဟုတ်တယ် ပပ၊ လူတစ်စုဟာ ပပတို့သားအမိကို သေစေချင်ကြတယ်၊ ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်ဆောင် နေကြတယ် ဆိုတာ မသိပေမယ့် အခုတူးဖော်နေတဲ့ ရွှေစင်နတ်ဗေဒမဂ္ဂနဲ့တော့ ပတ်သက်နေလိမ့်မယ်လို့ အစ်ကိုထင်တယ်၊ သိပ်တော့လဲ မစိုးရိမ်ပါနဲ့လေ၊ အစ်ကိုတစ်ယောက်လုံး ပပတို့ သားအမိနားမှာ ရှိနေပြီပဲ၊ အစ်ကို သိချင်တဲ့ အချက်ကလေးတွေကို သိလိုက်ရရင် ဒီပြဿနာကို ဖြေရှင်းနိုင်လိမ့်မယ်လို့ အစ်ကိုထင်ပါတယ် ပပ'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကဘာတွေသိချင်နေလို့လဲဟင်၊ ပပသိသလောက် ပြောပြပါ့မယ်'

သူမက ရင်မောစွာ ဆိုလိုက်သည်။

'ဦးမင်းခေါင်ဟာ ပပရဲ့ဒယ်ဒီနဲ့ ဘယ်တုန်းကစပြီး အလုပ်လုပ်ခဲ့တာလဲ'

'ကြာပါပြီ အစ်ကို၊ ဒယ်ဒီရဲ့ ဆပ်ပြာစက်တွေ၊ နိုင်လွန်၊ စက်တွေ ရှိနေတုန်းကတည်းက အတွေ့တွေ့မန်နေဂျာ လုပ်ခဲ့တာပါ၊ အဲ.... စက်တွေ ပြည်သူပိုင်လုပ်ပြီးတော့လဲ ဒယ်ဒီရဲ့ ရှေးဟောင်းပစ္စည်း ရှာဖွေတူးဖော်ရေး လုပ်ငန်းတွေမှာ သူကပဲ ဦးစီးဦးဆောင်လုပ်ပြီး ဆောင်ရွက်ခဲ့တာပါပဲ'

စန္ဒရားဘခက်သည် တကောင်းတွင် ဦးဝင်းထွတ်တို့ တည်းခိုသော အိမ်ကြီးကို မီးလောင်ခံရသည့်အဖြစ်ကို သတိ ရလာတော့သည်။

'ဒီမှာပပ၊ တစ်ခါတုန်းက ပပရဲ့ဒယ်ဒီတို့ ရှေးဟောင်း ပစ္စည်း ရှာဖွေနေတုန်းမှာ မီးလောင်ခံရတယ်လို့ ပပ ပြော ဖူးတာ မှတ်မိသေးလား'

'အင်း.... မှတ်မိတယ် အစ်ကို'

'အဲ့ဒီတုန်းက ပပရဲ့ဒယ်ဒီနဲ့အတူ ဦးမင်းခေါင် ရှိနေ သေးလား'

'မရှိဘူး အစ်ကို၊ သူက ရန်ကုန်မှာနေခဲ့တာ ဒယ်ဒီတို့ တည်းခိုတဲ့အိမ်ကြီး မီးလောင်ခံရတဲ့ သတင်းလဲရရော ဦးမင်း ခေါင်ဟာ တကောင်းကို အရေးတကြီး လိုက်သွားခဲ့တယ် ဟိုကိုရောက်ရော ဒယ်ဒီ မရှိတော့ဘူး'



သည်တစ်ခါ သူ အင်မတန် အံ့သြသွားရသည်။

'ဒယ်ဒီဟာ မီးလောင်ပြီးတာနဲ့ ပျောက်သွားတယ်၊ မာမီနဲ့ပပတို့လဲ ဒယ်ဒီတော့ မီးလောင်လို့ ပြာဖြစ်သွားပြီ ဆိုပြီး အတော့ကို ပူဆွေး ဒုက္ခရောက် လိုက်ကြသေး တယ် အစ်ကို၊ ဒယ်ဒီအတွက် ဆွမ်းတွေ ဘာတွေတောင်သွတ်ပြီးပြီ'

'ဒါဖြင့် ဦးဝင်းထွတ်က ဘယ်ကိုပျောက်သွားတာလဲပပ'

'သူ့ အပန်းတကြီး ရှာဖွေထားတဲ့ ရှေးဟောင်းပစ္စည်း တွေ မီးထဲပါသွားလို့ စိတ်ထိခိုက်ပြီး မြန်မာပြည်အနှံ့ လျှောက်သွားနေတာတဲ့ အစ်ကိုရယ်၊ မီးလောင်ပြီး တစ်လ လောက် ကြာပြီးမှ ပပတို့ ကောလိယကို ပြန်ရောက်လာတယ်၊ ဒယ်ဒီဟာ အဲ့ဒီအချိန်ကစပြီး နှလုံးရောဂါ စွဲကပ်လာခဲ့ တာပဲ အစ်ကို၊ ပြီးတော့ ပပတို့ ကောလိယအိမ်ကြီးအပေါ် ထပ်က ဘယ်ကိုမှ မဆင်းတော့ဘူး၊ ဘယ်သူနဲ့မှလဲ အတွေ့မခံ တော့ဘူး'

'အင်း.... အတော်ကို စိတ်ဝင်စားဖို့ကောင်းတာ ပပ၊ ဒါနဲ့ ပပရဲ့ဒယ်ဒီပျောက်နေတုန်း ကောလိယ အိမ်ကြီးမှာ ဘာတွေများ ထူးထူးခြားခြား ဖြစ်ခဲ့သေးသလဲ'

ပပလင်း၏ မျက်လုံးကလေးမှာ ဝိုင်းသွားသည်။

မျက်ခုံးလှလှကလေး နှစ်ဘက်ကလည်း ဝင်းမို့သော နဖူးပြင်အထက်သို့ မသိမသာ ကွေးတွန့်သွားသည်။

'အစ်ကိုက သိပ်အမေးအမြန်းထူတာပဲ၊ စုံထောက်ကျနေ တာပဲ'

ဘခက် ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မပြောချင်လဲရပါတယ် ပပရယ်'

'ပြောစရာ အထွေအထူး မရှိပါဘူး အစ်ကို၊ အဲ....ဒယ်ဒီရဲ့ ရှေ့နေကတော့ ဒယ်ဒီရေးခဲ့တဲ့ သေတမ်းစာနဲ့ စာချုပ် စာတမ်းတွေနဲ့ အတူ ကောလိယကို ရောက်လာတယ်'

ဘခက်၏ မျက်နှာမှ စိတ်ဝင်စားမှုဖြင့် တက်ကြွလာသည်။

'သူက ဘာကိစ္စနဲ့ ရောက်လာတာလဲ'

'အမွေကိစ္စလို့ ပြောတာပဲ အစ်ကို၊ ပပလဲ အတိအကျ မသိလှပါဘူး၊ အဲဒီ စာချုပ်စာတမ်းတွေကို မာမီကပဲ ကြည့်ခဲ့တာပါ၊ ဒါတွေကို ပပ နားလည်တာမှ မဟုတ်တာ'

'နောက်တော့ကော'

'နောက် မကြာခင်မှာပင် ဒယ်ဒီဟာ သေရွာက ပြန်လာသလို မမျှော်လင့်ဘဲရောက်ရှိလာခဲ့တယ်၊ ပပတို့ဆိုတာဝမ်းသာအဲလဲပေါ့၊ ပပတစ်သက်မှာ ဒယ်ဒီပြန်လာတုန်းက ဝမ်းသာပုံမျိုးကို ဘယ်တော့မှ ခံစားရမှာ မဟုတ်ဘူး'

'ဟုတ်မှာပေါ့လေ၊ ပပတို့အဖြစ်က အတော့ကို ထူးဆန်းတာ ကလား၊ ဪ ဒါနဲ့ အဲဒီ ပပတို့အမွေစာချုပ်တွေကို ထိန်းတဲ့ ရှေ့နေနာမည်က ဘယ်သူတဲ့လဲ'

ပပလင်း တွေဝေသွားသည်။

'ဦး....ကျော်....သာ....ခိုင် ဆိုလားပဲ အစ်ကို၊ ပပလဲ မေ့တေ့တေ့ပဲ၊ သူနေတာကတော့ ဘားလမ်းမှာတဲ့'

ပပလင်းက တစ်ခွန်းချင်း ပြောသည်။

ဒါလောက်ဆိုလျှင် သူ့အတွက် လုံလောက်သွားပါပြီ။



မည်သို့ပင်ဆိုစေ သည်အရှုပ်အထွေးထဲတွင် ဦးကျော်သာခိုင် သည် တစ်နည်းတစ်ဖုံ ပါဝင်နေရမည် ဖြစ်ကြောင်း ဘခက် စဉ်းစားမိပါသည်။

စင်စစ်....

ဒေါ်ခင်မျိုးလှင်းသည် ဒီအကြောင်းတွေကို သူ့အား မှုလကပင် ပြောပြဖို့ကောင်းသည်။ ဘခက်သည် တပည့်ကျော် ချာလီကို သတိရလာသည်။ ချာလီမှတစ်ဆင့် ဦးကျော်သာခိုင် အကြောင်းကို စုံစမ်းကြည့်လျှင် တစ်စွန်းတစ်စသော အဖြေကိုတော့ ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်သည်။

'ဘာတွေ စဉ်းစားနေတာလဲ အစ်ကို'

ဪ.... ဟုတ်သားပဲ။

မိန်းမချောကလေးကို ရှေ့တွင်ထား၍ ထင်ရာမြင်ရာ စဉ်းစားနေမိသော သူ့အဖြစ်ကို မကျေမနပ် ဖြစ်သွားမိသည်။

အလို ဘခက် မျက်လုံးပြူးသွားသည်။

လေရှူးတစ်ပွေသည် ပပလင်း၏ မဟူရာ ကေသာကြော့ကို ဖျတ်ဖျတ်လူးအောင် ထိုးဆော့သွားသလို ရော့တီရော့ရဲ ခါးဝတ်လွှာကို ဖရိုဖရဲဖြစ်သွားစေသည်။

'တခြားတော့မဟုတ်ပါဘူး ပပ၊ သူ့ကို ဘယ်လိုများ ပြောရပါ့ဆိုတဲ့ စကားလေးကို စဉ်းစားနေမိတာ'

ဘခက်က ပြုံးပြုံးရယ်ရယ် ဆိုလိုက်သည်။

ပပလင်း တွေဝေသွားသည်။ ရင်ထဲတွင်လည်း ထင့်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို့စကားက အဆန်းပဲ၊ ကဲ.... ဘယ်သူ့ကိုဘယ်လို စကားမျိုးပြောရမှာ ခက်နေလို့လဲ အစ်ကို'

တကယ်တော့လဲ တမာပင် ဝိုင်းဝိုင်းပုပုကလေးတွေက သူတို့နှစ်ယောက်ကိုဝိုင်းပြီး ပတ်ပတ်ခြာခြာလည်အောင်ဝိုင်းရံထားသည်ကပဲ။

သည်တော့လဲ တမာတောအလယ်က ကမ္ဘာပေါက်စကလေး တစ်ခုရယ်ပေါ့၊ သည်ကမ္ဘာကလေးမှာ ပပရယ် သူရယ် နှစ်ယောက်။

'ပပလေး....'

'သွား.... မခေါ်နဲ့'

'မော့စမ်းပါဦးကွယ်'

'ပပ....'

'အစ်ကို....'

သည်တစ်ခါတော့ ပပလင်းအသံက မောလျှနေသည်။

'အစ်ကို့ကို ပပ ချစ်သလား'

'ချစ်ပါလိမ့်မယ်အားကြီး'

ဘခက်သည် ပပလင်း၏ မေးစေ့ကစ်ကစ်ကလေးကို ဆွဲ၍ မော့လိုက်သည်။ မျက်တောင်ကော့ကြီးတွေက တဖျတ်ဖျတ်ခတ်သွားသလို နှုတ်ခမ်းထူ ရှရှကလေးကလည်း တဆတ်ဆတ် တုန်လို့။

အပျိုရိုင်းမလေး အသည်းဘော့ လှုပ်ခတ်နေသည်။

ရေကျော် ခုနစ်ပေါက်မှ ရေတွေ တဝေါဝေါထွက်လို့နေပါသည်။ စန္ဒရားဘခက်သည် ရင်ထဲမှ လှယမင်းကလေးကို ထုမလိုက်သည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ရင်း အပြုံးချင်း ဖလှယ်မိကြသည်။ လက်ချင်းယှက်တွယ်လို့ ကန်စောင်းမှ ခွာခဲ့၏။



ပပလင်းသည် တိမ်တိုက်ထဲတွင် လမ်းလျှောက်ရသလို သူ့လက်မောင်းကိုမှီတွယ်ရင်း လိုက်လာသည်။ လမ်းလျှောက်ရသည်မှာ ချော်တိချော်တော်နိုင်လှသည်။ ခနော်နီခနော်နဲ့နိုင်လှသည်။

သည်သို့ဖြင့် ကားဝါကလေးရပ်ထားရာ တမာပင်အောက်သို့ ရောက်ခဲ့သည်။ နှစ်ဦးသားယှဉ်တွဲလို့ ကားကလေးကို ကန်ပတ်လမ်း တစ်လျှောက် မောင်းခဲ့ကြပါသည်။

'ဘယ်သွားဦးမလဲ ပပ'

'မြစိမ်းရောင်ကိုပဲ ပြန်ကြဟာပေါ့ အစ်ကို၊ မာမီ ပြန်ရောက်နေရင် မကောင်းဘူး'

'ကိုကလဲ ပြန်မရောက်သေးပါစေလို့ ဆုတောင်းမိတယ်'

'တော်ပြီ.... အဲသလိုဆိုရင် မပြန်တော့ဘူး'

'ဘာဖြစ်လို့....'

'ကြောက်လို့ပေါ့'

'ဒါဖြင့် မချစ်ဘူးလား'

'ချစ်.... ဟင့်အင်း.... သူ့ကို သိပ်မုန်းတယ်သိလား'

သို့ပေမယ့် ပပမျက်နှာ ငွေလဝန်းက ပြုံးနေသည်၊ ရွှင်နေသည်၊ ကြည်နူးနေသည်။

မြစိမ်းရောင်သို့ ပြန်ရောက်ခဲ့ကြသည်။

အပေါ်ထပ်သို့ တက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဟောတော့ ဖက်တယ်ရှင့်။

သည်စဉ်မှာပင် ခြေသံကြားရသည်။

သူတို့နှစ်ယောက် ကမန်းကတန်း ခွဲခွာလိုက်ကြသည်။

ဒေါ်ခင်မျိုးလင်းပင်။

သူတို့ကိုမြင်၍သွားပြီလားတော့ မပြောတတ်။

သူမသည် စိတ်မော ကိုယ်မော ဖြစ်ဟန်နှင့် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

‘မုန့်တိုင်ကို ရောက်ခဲ့ရဲ့လား မမ’

‘အင်း.... ရောက်တော့ ရောက်ခဲ့ပါရဲ့ကွယ်၊ ဒါပေမယ့် သူတို့ တူးဖော်နေတဲ့ဂူဝကို အဝေးကပဲ မြင်ခဲ့ရပါတယ်၊ အဲဒီကို ရောက်ဖို့ လှေနဲ့သွားရဦးမှာတဲ့၊ မမလဲ လှေမစီးရဲဘဲ ပြန်ခဲ့တယ်၊ မနက်ဖြန်မှ တစ်ခေါက်သွားကြတာပေါ့’

‘ကောင်းပါတယ် မမ၊ ကျွန်တော်က မမအတွက် စိတ်ပူနေတာ’

ဘခက်က ဣန္ဒြေမပျက်ပြောလိုက်သည်။

ပပလင်း မျက်နှာကတော့ မသိမသာပျက်လို့နေပါသည်။

‘ဒီနေ့ သွားစရာ လာစရာကိစ္စ မရှိဘူးဆိုရင် ကျွန်တော် မြို့ထဲကို ခဏလောက် သွားပါရစေ မမ၊ အပေါင်းအသင်း ဟောင်းတွေ တွေ့ချင်လို့’

‘အဲဒီလိုဆိုရင်လဲ သွားပေါ့၊ စောစောတော့ ပြန်ခဲ့နော် မောင်ဘခက်’



သူမအသံက စိုးရိမ်မှုတွေ ရောစွက်လို့နေပါသည်။ မောလှလို့နေပါသည်။

၀ ၀ ၀

## တစ်ဆယ့်ရှစ်

စန္ဒရား....

‘ဘခက်’ မြို့ထဲသို့ တစ်ကိုယ်တည်းထွက်ခဲ့ပါသည်။

ပြီးတော့ ရန်ကုန်ရှိ တပည့်ကျော်ချာလီထံသို့ အဝေးပြောတယ်လီဖုန်းနဲ့ ဆက်သွယ်ခဲ့သည်။ ‘အဓိက’ ကတော့ ရှေ့နေဦးကျော်သာခိုင်နှင့် ပတ်သက်လို့ပဲဖြစ်၏။

‘ဒီမှာချာလီ၊ ဦးဝင်းထွတ်ဟာ သူ့ရဲ့သေတမ်းစာနဲ့ အမွေပိုင် စာချုပ်တွေကို ရှေ့နေ ဦးကျော်သာခိုင်ဆီမှာ ထားတယ်ကွ’

‘အဲဒီတော့ ကျွန်တော် ဘာလုပ်ပေးရမလဲ ဆရာ’

‘အဲဒီ စာချုပ်စာတမ်းတွေထဲမှာပါတဲ့ အချက်အလက်တွေကို ငါသိချင်နေတယ် ချာလီ၊ ဦးကျော်သာခိုင်ရဲ့ ရုံးခန်းဟာ ဘားလမ်းမှာရှိတယ်၊ ဒါပေမယ့် သူက အဲဒီ စာချုပ်စာတမ်းတွေကို မင်းကို ပြမှာတော့မဟုတ်ဘူး’

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီဆရာ၊ အဲဒီ စာချုပ်စာတမ်းတွေကို သံကွန်ခြာ ခုနစ်ထပ်နဲ့ အုပ်ထားတောင် ကျွန်တော် ရအောင်ယူပြီး ပို့ပေးလိုက်ပါမယ်'

'အာ.... ပို့စရာမလိုပါဘူးကွာ၊ စာချုပ်နဲ့ သေတမ်းစာထဲမှာပါတဲ့ အချက်အလက်တွေ သိရရင်တော်ပါပြီ'

'စိတ်ချဆရာ၊ ကျွန်တော့်ကို ဘယ်တော့ ပြန်ဆက်သွယ်မလဲ'

'မနက်ဖြန်မနက် ခုနစ်နာရီ'

'ကောင်းပါပြီဆရာ၊ ဒါပဲမဟုတ်လား'

'အေး....

စန္ဒရားဘခက်သည် အဝေးပြောတယ်လီဖုန်းကို အသုံးချခဲ့ပြီး စာတိုက်သဲမှ ထွက်ခဲ့သည်။

သူသည် လမ်းမပေါ်မှ အေးအေးဆေးဆေး လျှောက်လာသည်။ ထီလာဟိုတယ်ရှေ့ရောက်သည်နှင့် မသောက်ရသည်မှာ ကြာပြီဖြစ်သော အိုးဘရမ်ဒီကို သတိရလာသည်။

သူသည် ထီလာဟိုတယ်ထဲသို့ ဝင်လိုက်၏။ အောက်ထပ်တွင် စားသောက်နေကြသော သူအတော်များများ ရှိနေသည်။ ဘခက်သည် ဟိုတယ်အပေါ်ထပ်သို့ တက်ခဲ့၏။

'ဆရာ ဘာယူမလဲ'

'အိုးဘရမ်ဒီတစ်ပိုင်းနဲ့ ကြက်သားလုံးကြော်'

ဘခက်သည် ချောင်ကျသော စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ အပေါ်ထပ်တစ်ထပ် ရှင်းနေသည်။ ခပ်လှမ်းလှမ်း စားပွဲတွင် သောက်ရင်းစားရင်း စကားပြောနေကြ



သော လူနှစ်ယောက်မှအပ မည်သူမှမရှိ။ ပကတိ အေးချမ်းနေ၏။

မကြာမီ မှာလိုက်သည့် စားသောက်ဖွယ်ရာများရောက်ရှိလာပါသည်။

ဒီတော့လည်း သောက်လိုက်သည်။

စားလိုက်သည်။

စီးကရက်တစ်လိပ်ကို ရှိုက်ဖွာရင်း ပစ္စုပ္ပန်အခြေအနေကိုသုံးသပ်ကြည့်သည်။ တွေ့ဆုံ ကြုံကိုက်ခဲ့ရသော အဖြစ်အပျက်တွေကို သန္နိဋ္ဌာန်ကျကျ ဝေဖန်ကြည့်သည်။

ထိုစဉ်မှာပင် အပေါ်ထပ်သို့ သူ တက်လာခြင်းပင်။

ဟုတ်ပါသည်။ ငါးနှစ်လောက် ကွဲကွာနေသော ငယ်ပေါင်း ရောင်းရင်း တစ်ယောက်ဖြစ်သည့် ဒေါက်တာ မင်းကြည်ပင် ဖြစ်ပါ၏။

'ဟေး....မင်းကြည်'

'ဟာ....ဘခက်ပါလား'

သူတို့နှစ်ယောက် ငမ်းသာအယ်လဲ နှုတ်ဆက်ကြသည်။ သောက်ရင်းစားရင်း ရှေးဟောင်းနှောင်းဖြစ်များကို စမြုံ့ပြန်ဖြစ်ကြသည်။

ဒေါက်တာ မင်းကြည်သည် "ပလတ်စတစ်ဆာဂျယ်ဂျီဆာဆာယ်ရှယ်လစ်" (*Plastic Surgery*) တစ်ယောက် ဖြစ်သည်။ ဂျပန်သို့ ကိုယ်ပိုင် ငွေကြေးဖြင့် သွားရောက်ခဲ့ပြီး မျက်နှာကို ပလတ်စတစ်ဖြင့် အစားထိုး ခွဲစိပ် ကုသသည့်

www.burmeseclassic.com

www.burmeseclassic.com



ပညာကို သင်ယူခဲ့သူဖြစ်ပြီး ရန်ကုန်တွင် ကိုယ်ပိုင်ဆေးတိုက် ဖွင့်ထားသည်။

'ဒါနဲ့ မင်းက မိတ္ထီလာကို ဘယ်လိုလုပ်ပြီး ရောက်နေတာလဲ ဘခက်'

ဒေါက်တာမင်းကြည်က သူ၏ လောလောဆယ် ဘ အခြေအနေကို မေးသည်။

'ငါ့ဘဝကတော့ အခုထိ ရေရေရာရာ မရှိလှသေးပါဘူး မင်းကြည်ရာ၊ ငါ့ကိုယ်၌ကလဲ အဲ့သလို ဘဝမျိုးကို နှစ်ခြိုက်နေသလား မသိပါဘူး၊ ငါ အခု ဦးဝင်းထွတ်ရဲ့ တိုက်မှာ ဒရိုင်ဘာ ဝင်လုပ်နေရင်း ဒီကို ရောက်လာတာကွ'

ဒေါက်တာမင်းကြည်၏ မျက်နှာမှာ အံ့ဩသွားဟန် ရှိသည်။

'ဦးဝင်းထွတ် ဟုတ်လား'

'အေးလေကွာ....ရန်ကုန်အင်းလျားမြိုင်က နကောလိယ အိမ်ကြီးကိုပိုင်တဲ့ ဦးဝင်းထွတ်ပေါ့၊ ဘာလဲ မင်းက သူ့ကို သိနေလို့လား မင်းကြည်'

'သိရုံတင် ဘယ်ကမလဲ၊ သူ့ကို ငါကိုယ်တိုင် ကုသခဲ့ဖူးတယ်လ'

ဘခက် မျက်နှာ ဝင်းလက်သွားသည်။

'အတော်ပဲ မင်းကြည်၊ ငါ ဒီအဘိုးကြီး အကြောင်းကို သိချင်နေတာနဲ့ အတော်ပဲ၊ သူ့အကြောင်းကို မင်း သိသလောက် မပြောပြကွာ'



ဒေါက်တာမင်းကြည်၏မျက်နှာ တည်သွားသည်။ လူနာတစ်ယောက်ပေါ်တွင် စောင့်ထိန်းရမည့် ဆရာဝန်သိက္ခာသည် သူ့မျက်နှာပေါ်တွင် ပေါ်လွင်လာသည်။

'သိပ် ထူးထူးထွေထွေ မရှိလှပါဘူး သူငယ်ချင်းရာ၊ သူ့မှာ နှလုံးရောဂါ ရှိနေတာလောက်ပဲ ငါ သိပါတယ်'

'ဟုတ်လား....ဒါနဲ့ ဒီအဘိုးကြီး ကြာကြာမှ ခံပါဦးမလား မင်းကြည်'

'ဒါတော့ ငါ မပြောနိုင်တာ အမှန်ပဲ ဘခက်၊ ပြောလဲ မပြောထိုက်ဘူးလို့ ငါထင်တယ်'

ဘခက် သက်ပြင်း ချလိုက်ပါသည်။

'ကဲ....မပြောနိုင်လဲ မပြောနဲ့ပေါ့ကွာ၊ သောက်ဟေ့.... တို့နှစ်ယောက် မတွေ့ကြတာ ကြာပြီ မဟုတ်လား'

သူတို့ သောက်ကြသည်။ စားကြသည်။

ပျော်ပျော်ပါးပါး ရှေးဟောင်းနှောင်းဖြစ် ငယ်ကျိုးငယ်နာများလေးတွေ ပြောဖြစ်ကြသည်။ ဒေါက်တာ မင်းကြည်သည် ပွဲမှအပြန် မိတ္ထီလာသို့ ဝင်လာခြင်း ဖြစ်သည်။

ဒေါ်ခင်မျိုးလင်းဆိုတဲ့ နာမည်ကို ကြားဖူးသလား မင်းကြည်'

'ဒါ....ပထမဆုံးပဲ၊ နာမည်က အဆန်းသားပါလား'

'အေးကွာ...မသိတာပဲ ကောင်းပါတယ်'

သည်သို့ဖြင့် တစ်လုံး ကုန်သွားကြသည်။ ရေချိုးကိုက် သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းရောင်သို့ သူ ပြန်ရောက်တော့ မှောင်ပြီ၊ ည ကိုး နာရီထိုးပြီ။

ဘခက်သည် အိမ်ကြီးပေါ်သို့ တက်ခဲ့သည်။ တစ်အိမ် လုံးလည်း အပ်ကျသံမကြားရအောင် တိတ်ဆိတ် ငြိမ်သက် လို့ နေပါသည်။

နံရံရှိ သံပန်းခက်များတွင် ဝါဆို ဖယောင်းတိုင်ကြီး များ စိုက်ထူထားသော်လည်း အလင်းက ဝိုးတဝါး မှောင် တရီ။

ဟိုသားအမိ အိပ်ကြလေပြီထင့်။

ဘခက်သည် ပပလင်း၏အခန်းသို့ ကြည့် လိုက် သည်။ တံခါးပိတ်ထားသည်။

ချစ်ရတဲ့ ပပလင်း။

မမျှော်လင့် မထင်မှတ်ဘဲ အသည်းထဲက လှုပ်ခတ် ဖွင့် အံလာရတဲ့ မေတ္တာချင်း ယှက်ခဲ့ရသည့် ပပလင်း။

သို့ပေမယ့် ဘဝချင်းကတော့ မတူပါလေ။ သူ့ဘဝ က မရေရာ မသေချာ။ ဟိုက ကျိုကျိုတက်အောင် ချမ်း သာသည့် သူဌေးသမီး။

ဘာဆိုင်လို့လဲကွယ်။

ကိုယ်က ဒရိုင်ဘာ ဖွတ်မွဲသာသာ။

ဒါပေမယ့် သူ့ကို ချစ်သည်။ ကြင်နာသည်။ မြတ်နိုး သည်။ ပြီးတော့ မမြင်ရသည့် အန္တရာယ်တွေ ဝိုင်းရံနေသည့် ချစ်ရသူ့ဘဝကို ညှာတာသည်။ သနားသည်။



သည်အန္တရာယ်တွေကို သူကိုယ်တိုင် ရှင်းပစ်လိုက်ချင် သည်။

သို့စဉ်တိုင်အောင် အခြေအနေက မပေးသေး။

ဒီတစ်ညတော့ အေးအေးဆေးဆေး အိပ်ရကောင်းပါရဲ့ဟုတ်ပါသည်။

သည်ညတော့ ပပလင်းကလည်း လန့်မအော်။

သရဲလို ပုံပျက် ပန်းပျက် မျက်နှာကြီးနှင့် သတ္တဝါကြီး တလည်း မပေါ်လာ။

ဘယ်လိုဟာတွေလဲကွယ်။

အိပ်တာပဲ ကောင်းပါတယ်။

ဝ ဝ ဝ

တစ်ဆယ့်ကိုး

နောက်တစ်နေ့ မနက်စောစောတွင် ဘခက်မြစိမ်းရောင် အိမ်ကြီးမှ ထွက်ခဲ့ပါသည်။

ချာလီနှင့် အချိန်းအဆက် လုပ်ထားသည် မဟုတ်ပါ ။ သူသည် တပည့်ကျော် ချာလီ၏ လက်စွမ်းလက်စကို ချပြီးသွား ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချာလီသည် သော့ဝိဇ္ဇာ တစ်ဦးဖြစ်သည်။ မြန်မာပြည်တွင်တော့ ချာလီ ဖွင့်မရသေးသည့် သော့ဟူ၍ မရှိသေး။ ချာလီသည် သူ့နည်း သူ့ဟန်ဖြင့် ရွှေနေ ဦးကျော်သာခိုင်၏ ရုံးခန်းမှ စာချုပ်စာတန်းများကို ကြည့်ရှုလေ့လာနိုင်မည်ဟု စန္ဒရားဘခက် မျှော်လင့်ထားပါသည်။

ချာလီ ကံကောင်းပါစေဟုသာ ဘခက်ဆုတောင်းသည်။ နံနက်ခုနစ်နာရီတွင် ချာလီနှင့် အဝေးပြောတယ်လီဖုန်းမှ အဆက်အသွယ်ရခဲ့သည်။

'အဆင်ပြေရဲ့လား ချာလီ'

'ပြေတယ်ဆိုပါတော့ ဆရာ။ ဒါပေမယ့် အတော့်ကို ခက်ခက်ခဲခဲ လုပ်လိုက်ရတယ်၊ ကျွန်တော် သူ့ရုံးခန်းကို ဖောက်ဝင်ခဲ့တယ် ဆရာ'

'အင်း....ဦးဝင်းထွတ်နဲ့ပတ်သက်တဲ့ စာချုပ်စာတမ်းတွေကော တွေ့ရဲ့လား'

'သိပ်ကိုတွေ့တာပေါ့ ဆရာ'

ချာလီ့အသံက တက်ကြွနေသည်။

ပြီးတော့ ဦးဝင်းထွတ်၏ သေတမ်းစာနှင့် အမွေဆိုင်စာချုပ်များတွင် ရေးသားထားသော အချက်အလက်များကို အသေးစိတ် ပြောပြသည်။

ချာလီ့စကားဆုံးသည်နှင့် ဘခက် အံ့ဩသွားရပါသည်။ သူထင်သည်က တစ်မျိုး ကြားရသည်က တစ်ဖုံ။



မည်သို့ပင်ဆိုစေ လောကတွင် မထင်မှတ် မမျှော်လင့်သော အကြောင်းအရာများက ဒုနဲ့ဒေး ရှိတတ်သည် မဟုတ်ပါလား။

သို့တစေ တိကျသောအဖြေကို မရသေး။

မြစိမ်းရောင်အိမ်ကြီးသို့ သူပြန်ရောက်သွားတော့ သူတို့သားအမိနှစ်ယောက် နိုးနှင့်ပြီ။ လက်ဖက်ရည် သောက်နေကြပြီ။

'စောစောစီးစီး ဘယ်သွားတာလဲ မောင်ဘခက်'

'လမ်းလျှောက်သွားတာပါ မမ၊ မနက်စောစော မိတ္ထီလာကန်စောင်းမှာ လမ်းလျှောက်ရတာ သိပ်အရသာရှိတယ်'

ပပလင်းသည် သူ့ကို မကြည့်။

ခေါင်းကလေးငုံ့၍ ရှက်စနိုး ဖြစ်နေသည်။

'ဒီနေ့ မုန့်တိုင်က ကိုမင်းခေါင်တို့ တူးဖော်နေတဲ့ ရွှေစင်တော်ဖရားမ လိုဏ်ဂူကို သွားရအောင်၊ သမီးလဲ လိုက်ခဲ့ပေါ့၊ ဟုတ်လား ပပ'

'ဟုတ်ကဲ့ မာမီ၊ ပပ မနေ့ကတည်းက လိုက်ချင်နေတာပါ၊ ခရီးက သိပ်ပန်းနေလို့'

ပပလင်းက ငမ်းသာအားရ ပြောသည်။

'ကောင်းသားပဲ မမ ခပ်စောစောပဲ သွားကြရအောင်'

'အေး....မနေ့ကတော့ အဝေးကပဲ မြင်ခဲ့ရတယ်၊ သူတို့ တူးဖော်နေတဲ့ နေရာက ကြောက်စရာကြီးပါကွယ်၊ ဒါတော့ အဝေးကပဲ ကြည့်ခဲ့တယ်၊ မောင်ဘခက်လဲ မပါဘူး

www.burmeseclassic.com



မဟုတ်လား၊ ဒီနေ့တော့ လိုဏ်ဂူထဲကို အသေအချာကို ဝင်ကြည့်ရမယ်’

သူတို့တစ်တွေ မှန်တိုင်ဆည်ကြီးသို့ တိုယိုတာကော်ရှိလာ ကားဝါကလေးဖြင့် ရောက်ခဲ့ကြသည်။

မှန်တိုင်ဆည်....

မြောက်လတ္တီကျူတ် နှစ်ဆယ်ဒီဂရီ လေးဆယ့်ရှစ်မိနစ် အရှေ့လောင်ဂျီကျူတ် ကိုးဆယ့်ငါးဒီဂရီ လေးဆယ့်လေး မိနစ်တွင် တည်ရှိ၏။

မှန်တိုင်ဆည်ချောင်းသည် ဆည်ကြီးမဖြစ်ပေါ်ခင် ရှေး ပဝေသဏီကတည်းက တည်ရှိခဲ့ပါသည်။ ထို့အတူဖလန်ကျင်း ရွာသည် မှန်တိုင်ချောင်းဘေးတွင် တည်ရှိခဲ့သော်လည်း မှ တိုင်ချောင်းကိုပိတ်၍ ဆည်ကြီးကို တူးဖော်လိုက်သောအခါ မှန်တိုင်ချောင်းဆည် ပင်လယ်သေကလေးတစ်ခုလို ရေ ကျယ်ကြီးဖြစ်လာတော့သည်။

ဖလန်ကျင်းသည် ဆည်ဖြင့် မလွတ်သဖြင့် ရွာလုံးကျွ ပြောင်းပေးလိုက်ရပါသည်။

ယခုအခါ မှန်တိုင်သည် လယ်ကေပေါင်း များစွာ အတွက် သောက်ရေအိုးကြီး ဖြစ်လာရတော့သည်။

မှန်တိုင်ဆည်ကြီး၏ အနောက်ဘက်တွင် ပေတစ်ထ အရှေ့အနောက်ရှိသော မိဖုရားငယ် ကမ်းပါးရှိလေသ စိမ်းညို့နေသော ကန်ရေပြင်သည် မိဖုရားငယ် ကမ်း အထိ နက်စောက်စွာ တည်ရှိသည်။



ထိုမိဖုရားငယ် ကမ်းပါးအထက်ရှိ ညောင်ပင်အိုကြီး အောက်တွင် ပျက်စီးယိုယွင်းနေသော အုတ်ပြာသာဒ်နှင့်နတ် ရုပ်တစ်ခုရှိသည်။

ကျောက်ပုံကန်၊ က ကြီးကုန်း၊ အိုင့်၊ ကင်မွန်းခြံ၊ မှန် တိုင် အစရှိသည့် ရွာများသည် ဆည်ကြီးကို ဝိုင်းပတ်ထား ကြသလို သက်ကြီးရွယ်အို လူကြီးသူမများ၏ ပြောစကား အရ မိဖုရားငယ် ကမ်းပါးအထက်မှ နတ်စင်သည် ရှေး ပဝေသဏီကတည်းက တည်ရှိခဲ့ကြောင်း နှောင်းလူကြီးတို့ သိကြရသည်။

သို့တစေ....

မိဖုရားငယ် ကမ်းပါးနှင့် နတ်စင်၏ ရာဇဝင်ကို တိတိ ပပ ပြောဆိုနိုင်သူ မရှိကြ။

တစ်ခုတော့ ရှိ၏။

လပြည့်လကွယ် ညများတွင် မိဖုရားငယ် ကမ်းပါးအထက် မှ စောင်းသံသဲ့သဲ့ ကြားရတတ်သည်ဟု တံငါလှေသမား များ ပြောစမှတ်ပြုကြသည်။ ဟုတ်သည်မဟုတ်သည်ကိုတော့ မည်သူမှ အငြင်း မပွားကြ။

အုတ်တံတိုင်းကြီးလို မတ်စောက်နေသော မိဖုရားငယ် ကမ်းပါးစောင်း၏ အလယ်တည့်တည့်တွင်ဂူဝတစ်ခုကိုအဝေး ဝင် လှမ်း၍ မြင်ရသည်။

ဆင့်များ၊ ငြမ်းများ၊ ကြိုးတံတားများဖြင့် ချိတ်ဆက် နေသော ကမ်းပါးစောင်းတွင် မြေကြီးများတူး ခြင်းနှင့် ညှိ၍ အပေါ်သို့စက်သီးဖြင့် ဆွဲတင်နေကြသော လူတစ်စု

www.burmeseclassic.com



ကိုလည်း တွေ့ရသည်။ သူတို့ကိုကြည့်ရမှာ နံရံတွင် တွယ်၍ နေသော ပုရွက်ဆိတ်ကလေးများနှယ် ဖြစ်သည်။

'အဲဒါ မိဖုရားငယ်ကမ်းပါးနဲ့ ရွှေစင်နတ်ဖုရားမရဲ့ ဂူဝပဲဗျ၊ ကိုမင်းခေါင်တို့ လူစုကတော့ ကမ်းပါးအထက်မှာ မိုးကာတဲကြီးထိုးပြီး နေကြတယ်၊ ခင်ဗျားတို့လာမယ်ဆိုလို့ ကျူပ်ကို လှေနဲ့ အကြိုလွှတ်ထားတာ'

လှေသမားကြီးက ဆိုသည်။

ဘခက်သည် လှေဦးတွင်ထိုင်ရင်း တဖြည်းဖြည်းနီးကပ်လာမြို့ဖြစ်သော မိဖုရားငယ်ကမ်းပါးကို စိတ်ဝင်စားစွာ ကြည့်ရှုနေပါသည်။

ဟုတ်သည်။

သူတို့တစ်တွေ မုန်တိုင်းရွာတွင် ကားကို ထားရစ်ခဲ့ကြပြီး ပင်လယ်လို ကျယ်ပြန့်သော ကန်ရေပြင်ကို လှေနှင့် ဖြတ်ခဲ့ကြသည်ပင်။

'မနေ့ကတော့ ကမ်းစပ်က လှမ်းမြင်ခဲ့ရတယ်၊ ကမ်းပါးကြီးဟာ ဒါလောက် မြင့်လိမ့်မယ် မထင်ဘူး'

ဒေါ်ခင်မျိုးလင်းက ပြောသည်။

အင်း....အဲဒီအပေါ်ကို ဘယ်လိုလုပ်ပြီး တက်ရမယ် မသိဘူး၊ ကြောက်စရာကြီးနော် မာမီ'

လှေဦးသည် ကမ်းပါးစောင်းသို့ ရောက်လာသည်နှင့် ကြိုးတွဲလှောင်းနှင့် ခြင်းကြားကြီးတစ်လုံး ကျလာ၏။

သူတို့တစ်တွေ ခြင်းကြားကြီးထဲသို့ ခက်ခက်ခဲခဲ တက်ပြီးသည်နှင့် အပေါ်မှ စက်သီးဖြင့် ဆွဲတင်သွားသည်။



သည့်ထိတ် ရင်ဖိုစရာကြီး ပါကလား။

ခြင်းကြားကြီးသည် ငြမ်းတွေ ဆင့်တွေ ထိုးထားသော ကမ်းပါးအလယ်တွင် ရပ်သွားသည်။

ဦးမင်းခေါင်သည် သူတို့ကို စောင့်ကြို နေပါလေသည်။

'လာကြ... လာကြ....ပပလဲ ပါလာသကိုး'

ဦးမင်းခေါင်သည် ဝမ်းသာအားရ ကြိုဆိုရင်း သူတို့တစ်တွေကို လူတစ်ကိုယ်စာ ဂူပေါက်ထဲသို့ ခေါ်သွားသည်။

အဝကျဉ်းသော်လည်း ဂူအတွင်း၌ ကျယ်သည်။ အလင်းရောင် ပိုမို ရရှိစေရန် ဆီမီးတိုင်များကို နံရံတွင် စိုက်ထူထားသည်။

အလုပ်သမား ဆယ့်လေးငါးယောက်သည် ဂူထဲတွင် ဆင့်များ ငြမ်းများဆင်၍ မြေတူးနေကြသည်။

ဒီအလုပ်သမားတွေက အနီးအနား ပတ်ဝန်းကျင်က နေ့စားအလုပ်သမားတွေပါ၊ ကျွန်တော်တို့ အခု တူးဖော်နေတာဟာ ရွှေစင်နတ်ဖုရားမရဲ့ ဂူဝကို ရှာဖွေနေတာပါပဲ၊ ဟောဒီ လှေကားထစ်တွေ ဆုံးသွားရင် အတွင်းမှာ လိုဏ်ဂူကြီးတစ်ခု ရှိလိမ့်ဦးမယ်လို့ ယူဆပါတယ် ဒေါ်ခင်မျိုးလင်း'

ဦးမင်းခေါင်က အုတ်လှေကားထစ်များကို ညွှန်ပြရင်း ပြောသည်။ ပြီးတော့ ဂူအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်း အသုံးအဆောင်ပစ္စည်းများ၊ ရေတကောင်းများ၊ ပန်းကန်ပဲ့များ၊ အရုပ်များကို ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပပလင်းသည် တစ်လက်လက်တောက်ပနေသော ပုတီးစေ့ကလေးများတို့ မက်မက်မောမော ကိုင်ကြည့်နေသည်။

မြပုတီးကုံး။

လုံးရေ ၁၀၀၀။

အကွက်အမှတ် ၅ တွင် တွေ့သည်။

စန္ဒရားဘခက်သည် မှတ်တမ်းတင်ထားသော စက္ကူကဒ်ပြားကလေးကို စိတ်ဝင်စားစွာ ကြည့်နေစဉ် အပေါ်မှ ဖုန်တွေ သဲတွေ ကျလာသည်။

ဘခက်သည် သူ့ရှေ့မှ ပပလင်းကို ဆောင့်တွန်းပစ်လိုက်သည်။

ပပလင်းရပ်နေသော နေရာတည့်တည့်သို့ ကျောက်တုံးကြီး တစ်တုံး ဝုန်းခနဲ ကျလာသည်။

ပပလင်းက လန့်၍ အော်လိုက်သည်။

သူသာ မတွန်းလိုက်လျှင် ဦးခေါင်းရှစ်စိပ်ကွဲဖို့ သေချာသလောက် ဖြစ်သွားသည်။ ဒေါ်ခင်မျိုးလင်း၏မျက်နှာမှာ သွေးမရှိတော့သလို ဖွေးဖွေးဖြူသွား၏။

'အဲဒါကြောင့် အန္တရာယ်များတယ်လို့ မပြောဘူးလား၊ မတော်တဆသေသွားရင် ကျွန်တော့်တာဝန်မကင်း ဖြစ်ဦးမယ်၊ တော်သေးတာပေါ့၊ မောင်ရင်က လက် အတော်သွက်သား'

'ဟုတ်တာပေါ့ ဦးမင်းခေါင်၊ ဒါနဲ့ ဒီကျောက်တုံးကြီးကို တမင် လွှတ်ချလိုက်တာတော့ မဟုတ်ပါဘူးနော်'



ဦးမင်းခေါင်သည် အပေါ်ကို မော့ကြည့်လိုက်သည်။ ပြီးတော့ ခပ်မာမာ အော်လိုက်သည်။

'ဟေ့....ချစ်စရာ'

'ဗျာ....'

'မင်း....အဲ့ဒီ ကျောက်တုံးကြီးကို တမင်တကာ လွှတ်ချလိုက်တာလား'

'အား....ဆရာရယ် မတော်တဆပါ'

ဦးမင်းခေါင်က ဘခက်ကို ပြုံး၍ ကြည့်လိုက်သည်။

'ကြားတယ်မို့လား....မတော်တဆတဲ့'

'ဩော်....ဩော်'

ဘခက်သည် ဩော်နှစ်လုံး ချလိုက်သည်။

သူတို့သားအမိ မျက်နှာ ပျက်နေကြပါပြီ။

'ဟောဒီ လှေကားထစ်တွေကို စတွေ့တာ အကွက်အမှတ် ဆယ့်တစ်ကပဲ၊ အဲဒီတံခါးဝလို တွေ့ရဖို့တော့ ဘယ်လောက်ကြာအောင် ဆက်တူးရဦးမလဲ မသိဘူး ဒေါ်ခင်မျိုးလင်း'

ဒေါ်ခင်မျိုးလင်းက အင်းကလေးမှ မလိုက်မိအောင် နှုတ်ဆိတ်နေပါသည်။

'ကျွန်တော့်အထင်တော့ ရက်ပိုင်းအတွင်း ရွှေစင်နယ်ဖရားရဲ့တံခါးဝကို တွေ့ရလိမ့်မယ် ထင်တာပဲ'

ဦးမင်းခေါင်သည် အုတ်ကျိုး အုတ်ပဲ့ လှေကားထစ်များကို ညွှန်ပြရင်း ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



‘အဲ့ဒီ တံခါး၀ ရှိတယ်ဆိုတာကော အသေအချာသိလို့လား ဦးမင်းခေါင်’

ဘခက်က မေးသည်။

သူက ရယ်သည်။

‘ဒါ မောင်ရင့်အပူ မဟုတ်ပါဘူးလေ၊ ကဲ....ထွက်ကြရအောင်၊ ဒီဂူထဲက အင်မတန် အန္တရာယ်များတယ်၊ စတူးကတည်းက မြေပြိုလို့ ဆေးရုံပို့လိုက်ရတဲ့သူ ငါးယောက်လောက် ရှိပြီ’

အကယ်၍သာ သူတစ်ယောက်တည်းဆိုလျှင်ဦးမင်းခေါင်၏ အရိုက်ကို လက်သီးတစ်လုံးလောက် ပစ်သွင်းလိုက်မိမည်မှာ အသေအချာ ဖြစ်ပါသည်။ သို့ပေမယ့် သူတို့ရှေ့မှာ အခင်း မပွားလို။ ကိုယ်က ချိနိုင်ပါမှ တန်ကာကျမည်။

‘တစ်ခုတော့ ရှင့်ကို တင်ကြိုပြီးမှာထားပါရစေ ဦးမင်းခေါင်၊ မြေစင်နတ်ဖရားမရဲ့ တံခါး၀ကို တွေ့ရင် မျိုးရှေ့မှာပဲ ဖွင့်စေချင်ပါတယ်၊ ဒါကို အစ်ကိုကြီးက အလေးအနက်ထားပြီး မှာလိုက်ပါတယ် ရှင်’

ဦးမင်းခေါင် မျက်နှာကြီး မှာ ညိုပုပ်သွားရသည်။

‘ဘာလဲ....ကျွန်တော့်ကို မယုံကြည်လို့လား’

‘ဒီလို သဘောမျိုး မဟုတ်ပါဘူး ဦးမင်းခေါင်၊ မျိုးအနေနဲ့ အစ်ကိုကြီး မှာလိုက်တဲ့စကားကို အလေးအနက်ထားပြီး ပြောရတာပါ’

‘အဲ့သလိုဆိုရင် ည သန်းကောင်လောက် တံခါး၀ကို တွေ့နေရင်ကော’



‘အဲဒီတော့လဲ သန်းခေါင်မှာပဲ မျိုး လာပြီး ကြည့်ပါ့မယ်ရှင်’

ဦးမင်းခေါင် ပခုံးတွန့်လိုက်သည်။

ပပလင်းသည် တစ်ချိန်လုံး ငြိမ်သက်နေ၏။

သည်နောက်တွင်မူ ဦးမင်းခေါင်က ဦးဆောင်ရင်း ဂူထဲမှ ထွက်ခဲ့ကြသည်။

‘ကုန်းလမ်း ပြန်မလား၊ ရေလမ်းက ပြန်မလား၊ အဲ....ကုန်းလမ်းက ဆိုရင်တော့ ဆည်ကို တစ်ပတ်ကြီး ပတ်ရလိမ့်မယ်၊ ဒါပေမယ့် ကျွန်တော်တို့မှာ မြင်းတွေ ရှိပါတယ်’

မြင်းဆိုသည်နှင့် ထဘီ၀တ်ထားသော သားအမိမှာ တွန့်သွားသည်။

‘လှေနဲ့ပဲ ပြန်ပါ့မယ်၊ မှန်တိုင်ရွာမှာ မျိုးတို့ ကားထားခဲ့ပါတယ်’

သူတို့တစ်တွေ ကမ်းပါးအောက်သို့ ဆင်းသော ပြမ်းပေါ်သို့ ရောက်လာကြသည်။ အောက်သို့ မဆင်းမီ ဦးမင်းခေါင် ပြောသည်။

‘ကောင်းပြီလေ....မြေစင်နတ်ဖရားမရဲ့ တံခါးမကို တွေ့ရင် အကြောင်းကြားလိုက်ပါ့မယ်’

သူတို့ အောက်သို့ ဆင်းခဲ့ကြသည်။

အလာတုန်းကလိုပင် ခြင်းကြားကြီးနှင့် ဆင်းခဲ့ကြသည်။

ဘခက်လည်း အောက်သို့ ရောက်သည်နှင့်ဂူကို အော ကြည့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူဝသည် ကျောက်ကမ်းပါးကြီး၏ သုံးပုံနှစ်ပုံခန့် အမြင့်တွင် တည်ရှိနေပါသည်။

အံ့ဩစရာပေပဲ။

သူတို့ မိဖုရားငယ် ကမ်းပါးမှ ခွာခဲ့ကြပါသည်။

အပြန်ခရီးတွင် ပပက ရေလွဲတံခါးကြီးကို ကြည့်လို ပါသည်ဆို၍ လှေကို ဆည်ပေါင်သို့ လှော်ခဲ့ပါသည်။

သူတို့တစ်တွေ ဆည်ပေါင်ရှိ ရေလွှဲတံခါးကြီးအပေါ်သို့ တက်ခဲ့ကြသည်။

ရေတွေ တဝေါဝေါ ထွက်နေ၏။ လှိုင်းတွေ တဝုန်းဝုန်း ထနေ၏။

မုန်တိုင် ဆည်မကြီးသည် ချောင်းရိုး တစ်လျှောက်သို့ အဟုန်ပြင်းစွာ စီးဆင်းနေသည်။

ပပလင်းသည် ဒေါသမာန် ထနေသော ဆည်ဝကို ဗျိုင်းမကလေးလို ကြည့်နေ၏။

ကြည့်....

ကြည့်....ဝအောင်ကြည့်။

o o o

## တစ်ဆယ့်ကိုး

စန္ဒရားဘခက်သည် ထီလာဟိုတယ် အပေါ်ထပ်မှ ဆင်းခဲ့၏။ ကန်စောင်းသို့ လျှောက်ခဲ့သည်။

သူ့မျက်လုံးကို မယုံနိုင်သလို ဖြစ်သွားရပါသည်။

သူမကို သည်လိုနေရာမျိုးတွင် ထပ်မံ ဆုံဆည်းလိမ့်မည်လား စန္ဒရားဘခက် မျှော်လင့် မထားခဲ့ပါ။

ဟုတ်ပါသည်။

မာလာသူဇာတင်တင်ဆိုသည့် နာမည် ခြောက်လုံးပိုင်ရှင် မိန်းမချောကလေးပင် ဖြစ်ပါသည်။

တွေ့သည့်နေ့ရာက ထီလာကန်စောင်းမှ သာမောဖွယ် လွတ်လပ်ရေး ပန်းခြံ။

တွေ့သည့်အချိန်က ည ဆယ်နာရီခွဲ။

အစကတော့ စန္ဒရားဘခက်၏ အာရုံသည် ကမ်းစပ်သို့ လိမ့်၍လိမ့်၍ တက်လာသော လှိုင်းခေါင်းဖြူကြီးတွေဆီ ရောက်နေမိသည်။

သူသည် စီးကရက်တစ်လိပ်ကို ရှိုက်ဖွာရင်း ကန်ရေပြင်ရှိ ကုက္ကိုပင်ကြီးကိုမှီရင်း ထိုင်၍ ကန်တော်၏ အမြိုင် အပြော အလှအပကို ငေးမောနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်စဉ်မှာပင်သူ့ဘေးရှိစံပယ်ရုံကွယ်သို့ ကသောကမျော ရောက်လာခြင်းပေပဲ။ သူမ၏ အသွင်သဏ္ဌာန်က အထိတ်တလန့် ရှိနိုင်လှသည်။

မာလာသူဇာတင်ဘင်သည် ရေပန်းခုံ အုတ်ကန်လေးကို ကွယ်၍ စံပယ်ရုံဘေးသို့ မပြေးရုံတစ်မည် ရောက်ရှိလာသည်။

နောက်ကိုလည်း ထိတ်လန့်တကြားပြန်ကြည့်သည်။ ဘခက်သည် ကုက္ကိုပင်ကြီးကိုကွယ်၍ နောက်သို့ လှည့်ကြည့် ဖြစ်သည်။

ပန်းခြံအလယ်ရှိ လွတ်လပ်ရေး ကျောက်တိုင် ဘေးတွင် ခပ်သွက်သွက် လျှောက်လာသော လူနှစ်ယောက်ကို မြင်ရသည်။ တစ်ယောက်ကို မမြင်ဖူးပေမယ့် ဝဝတောင့်တောင့် မြင့်မြင့်မားမား တစ်ယောက်ကိုတော့ သူမမေ့ပါ။ ဇရဲကြီး ရှစ်ထပ် ရောက်နေဦးမေးမည် မဟုတ်ပါ။

သူ့၏ခေါင်းကို သေနတ်ဒင်နှင့် အားရပါးရ ဆော်ခဲ့သည့် ပုဂ္ဂိုလ်ကြီးပေပေါ့။

ဘခက်သည် ဖျက်ခနဲ ထလိုက်သည်။

မာလာသူဇာတင်တင်သည် ပန်းရုံများကို ကွယ်၍ ခပ်သွက်သွက်လျှောက်သွားသည်။ ကန်ရေစပ်ဘေးမှ မော်တော်ကားလမ်းရှိရာ ကန်လမ်းဘက်သို့ မပြေးရုံတစ်မည် သွားသည်။

မြင်သွားပြီ။



ဟိုနှစ်ယောက်သည် သားသမင်ကိုမြင်သော ကျားရဲနှစ်ကောင်ကဲ့သို့ သူမနောက်သို့ ကောက်ကောက်ပါအောင်လိုက်သွားသည်။

တွေ့ချင်တာနဲ့ အတော်ပဲပေါ့။

ရေတော်တုန်း ရေတွင်းထဲ ကျတာပဲပေါ့။

ပြေးကြ....ပြေးကြ၊ ကိုယ်က နောက်ကလိုက်မယ်။

မချောလေးက ရှေ့ကပြေးသည်။

ဟိုနှစ်ယောက်က နောက်ကလိုက်သည်။ စန္ဒရားဘခက်က နောက်ဆုံးက။ ပန်းခြံနှင့် ဝေးသော၏။ သည်တော့ အရေးရာသည် ဝိုးတဝါး ဖြစ်လာတော့သည်။

ရှေ့ကပြေးသူနှင့် နောက်ကလိုက်သူမှာ မီလုမီခင် ဖြစ်လာသည်။ မာလာသူဇာတင်တင်သည် ကန်ရေစပ်မှ ကားလမ်းသို့ တက်သည် အမှောင်ရိပ်တွင် ကားကြီးတစ်စင်း ရပ်ထားသည်ကို ဘခက် မြင်လိုက်ရ၏။

'ဟော့....ရပ်စမ်း'

သူတို့ထံက အသံထွက်လာသည်။

မာလာသူဇာတင်တင်သည် ကားကြီးကို ကျောပေးလိုက်ရင်း နောက်က လူနှစ်ယောက်ကို ရင်ဆိုင်လိုက်ပါသည်။

'ရှင်တို့ မာလာ့အနားကို မကပ်နဲ့'

သူမသည် ခြေနှစ်ဖက်ကိုခွဲ၍ ကီးသွင်းလိုက်ပြီ။

ကီးသွင်းသည်ဆိုခြင်းမှာ ကရာတေးသမားများ သိုက်ခိုက်ခါနီးတွင် ခန္ဓာကိုယ် အားထည့်ခြင်းဖြစ်သည်။ မာန်သွင်းခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကရာတေးနည်းပြဆရာ လုပ်လာသည့် ဘခက်က သိလိုက်ပါသည်။ သူသည် ကုက္ကိုပင်ရိပ်ကိုကွယ်၍ အသာ စောင့်ကြည့်နေသည်။

အချိန်က ည....

နေရာက ထီလာကန်စပ်၊ လူကလည်း ပြတ်ပါဘိသနဲ့။

တို့နဲ့ အေးအေးဆေးဆေး လိုက်ခဲ့ပါလား မာလာ’

‘ဘာလို့လိုက်ရမှာလဲ၊ သတ္တိရှိရင် ဝင်ခဲ့လေ’

အောင်မယ်....

အာဂ သတ္တိခဲမလေးပါလား။

ပုဂ္ဂိုလ်ကြီးသည် သူ့ဘေးမှ ငနဲလေးကို လက်တို့လိုက်ပုံ ရသည်။ ငနဲလေးသည် သူမထံသို့ မိုက်မိုက်ကန်းကန်းပြေး ဝင်သွား၏။ အင့်ခနဲ ဒုတ်ခနဲ အသံနှစ်ချက် ကြားလိုက်ရ ပြီး ငနဲလေး ပုံကျသွားသည်။

အင့်ခနဲ မြည်သွားရတာက မေဂါရီခေါ်တဲ့ ခြေဖျား ဒုတ်ခနဲ မြည်သွားရတာက ရှုတိုဆိုတဲ့ လက်ဝါးစောင်း ဒီတိုက်ကွက်ကို စန္ဒရားဘခက် သိပါသည်။

ဤစဉ်မှာပင် သူမ၏နောက်မှ မော်တော်ကားကြီး၏ တံခါး ပွင့်လာသည်။ လူတစ်ယောက်ထွက်လာသည်။ ထိုလူ သည် ပါး စပ်တွင်ခဲထားသော စီးကရက်ကိုပင် အေးအေး ဆေးဆေး မီးညှိလိုက်သေးသည်။ ဩော်....သူကိုး။

‘နှင် သိပ်အစွမ်းကောင်းနေတယ်ပေါ့လေ၊ ဟုတ်လား’



မာလာသူဇာတင်တင်၏ ရှေ့မှ ပုဂ္ဂိုလ်ကြီးကဲ ကြိမ်းဝါး လိုက်သည်။ သူ့လက်တွင် ဓားတစ်လက်ကို မြင်လိုက်ရ သည်။

ဘခက်ဝင်ဖို့ သင့်ပြီကပဲ။

ဒါပေမယ့် သူမဝင်ပါ။ အေးအေးဆေးဆေး သစ်ပင်ကို ကွယ်၍ ကြည့်နေသည်။

မာလာသူဇာတင်တင်သည် ဓားကိုကိုင်ထားသော သူမ ရှေ့မှလူကို မည်းနေသည်။ သူမနောက်မှ အေးအေးဆေး ဆေး ညင်ညင်သာသာကလေး ကပ်လာသူကို မမြင်၊ ဘယ် မြင်လိမ့်မလဲ။ ဂျပန်ဓားသမား အကန်းမလေး အိုအိချိမှ ဟုတ်တာ။ ‘ရှင်တို့ သတ္တိရှိရင် ရှေ့တိုးခဲ့။

ရှေ့ကလူက မတိုး။

နောက်ကလူကဲ သူမ၏လည်ကုပ်ကို လက်ဝါးစောင်းဖြင့် ပ်ဆတ်ဆတ် ခုတ်ထည့်လိုက်သည်။ သူမသည် အရုပ်ကြိုးပြတ် ခ်ကြား၏။ ပျော့သွား၏။ မြေသို့မကျခင် သူမကိုပွေ့၍ ားပေါ်တင်လိုက်သည်။

သူတို့၏ လှုပ်ရှားမှုကဲ မုန်တိုင်းတိုက်သလို မြန်ဆန်လှ၏။ ကားနက်ကြီး မောင်းထွက်သွားသည်။

ယခုတော့ ခွေးတစ်ကောင် ကြောင်တစ်မြီး မကျန်ရှိ

‘ဘယ်တတ်နိုင်မလဲ ကလေးမရယ်၊ မင်းကလေးပါသွား အေးမှာကိုး’

www.burmeseclassic.com

www.burmeseclassic.com



ဘခက်သည် တိုးတိတ်ညင်သာစွာ ဆိုလိုက်ပြီး သစ်ပင်အောက်မှ ဈတ်ခနဲ ခုန်ထွက်လိုက်၏။

သူ့နောက်မှ မည်းမည်းသဏ္ဌာန်တစ်ခု လှစ်ခနဲ ထွက်ပြေးသည်။

'ဩော်....ဒီပွဲကိုကြည့်ရတာ ငါတစ်ယောက်တည်း မဟုတ်ပါပဲကလား။

ဒီတစ်ခါတော့ စန္ဒရားဘခက် သွက်လက်သော ခြေလှမ်းများက ဈွေ့ခနဲ ပြေးလိုက်သွားသည်။ ရှေ့မှပြေးနေသူကို အသာကလေး မာဝှာဂါရီခေါ် ခြေဝိုက်ဖြင့်ပတ်၍ ခပ်လိုက်၏။ တုံ့ခနဲ နှစ်လိမ့်သုံးလိမ့် ကျွမ်းပြန်သွား၏။

'ဩော်....ဦးသာဘန်း။

ဟုတ်ပါသည်။ မလင်းတလင်း လမ်းမီးတိုင်အောက်တွင် ဦးသာဘန်း၏ မျက်နှာကြီးကို မြင်လိုက်ရသည်။

'ခင်ဗျားတို့ ဆရာတပည့်တွေ သိုင်းခြေသွက်ပါလား ဦးသာဘန်း'

'ကျုပ်....ကျုပ် ဘာမှမသိဘူး'

'ဘာမသိရမှာလဲ၊ ထစမ်း'

ဘခက်က လည်ပင်းမှ အင်္ကျီစကို ဆွဲ၍ထူလိုက်သည်။ ကျွဲပေါက်လို ခန္ဓာကိုယ်ကြီးမှာ သူ့လက်ထဲတွင် အရုပ်ကလေးလို ပါလာသည်။

'ပြောစမ်း၊ မာလာသူဇာတင်တင်ကို ဘယ်ခေါ်သွားကြတာလဲ'



'ဘယ်က မာလာသူဇာတင်တင်လဲ၊ ကျုပ်မသိဘူး၊ ကျုပ်ကိုလွှတ်'

'ကျုပ် မေးတာဖြေရင် လွှတ်မယ်၊ အခု ဦးဝင်းထွတ် ဘယ်မလဲ'

'မသိဘူး'

'ကဲကွာ....'

ဦးသာဘန်းကြီး၏ ကိုယ်ကြီးမှာ လေထဲတွင် မြှောက်ခနဲဝဲသွားပြီး၊ ထီလာကန်ထဲသို့ ဂုန်းခနဲကျသွားသည်။ နေရစ်တော့ ဦးသာဘန်း၊

စန္ဒရားဘခက်သည် ကမန်းကတန်း လစ်ခဲ့၏။ မြင်းလှည်းတစ်စီးကိုငှား၍ မြစိမ်းရောင်အိမ်ကြီးသို့ တရကြမ်း မောင်းခိုင်းသည်။

အိမ်ကြီးပေါ်သို့ တရကြမ်း ပြေးတက်သည်။

ဘခက်က တရကြမ်းအော်သည်။

'ရှင်....အစ်ကို'

ပပမာမီကော....ဒေါ်ခင်မျိုးလင်းလေ'

ဘခက်သည် အခန်းထဲမှ ထွက်လာသော ပပလင်းကို အမောတကော မေးသည်။

'မာ....မာမီ့ကို မှန်တိုင်ဆည်က နတ်ဖရားမရှဲ တံခါးဝကိုတွေ့လို့ လာခေါ်သွားကြတယ်'

ပပလင်းက အထိတ်တလန့်ဆိုသည်။

'ဦးမင်းခေါင်လား'

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး အစ်ကို၊ သူ့တပည့်ဆိုတဲ့ ဟို....ကိုချစ်စရာဆိုတဲ့လူ'

ကြာပြီလား'

'ကြာပြီ၊ တစ်နာရီလောက်ရှိပြီ၊ ကားပါယူသွားတာ'

ဘခက်သည် သူ့လက်မှနာရီကို ကြည့်လိုက်သည်။

ည ဆယ့်တစ်နာရီ။

'ကဲ....ပပ၊ မမျှော်လင့်တာတွေတော့ ဖြစ်ကုန်ပြီထင်တယ်'

'ရှင်....အစ်ကို'

သူမမျက်လုံးကလေးမှာ ဝလုံးကလေးလို ဝိုင်းစက်သွားသည်။

'ဟုတ်တယ်....ပပ၊ မာမီ့နောက်ကို အချိန်မီလိုက်ကြရအောင် ပပ၊ ဘောင်းဘီဝတ်'

'ဟောတော့....'

'ဟုတ်တယ်....မြင်းစီးရမယ် မြန်မြန်လုပ်'

စန္ဒရားဘခက်သည် ပပလင်းကို သူမအခန်းထဲသို့ တွန်းသွင်းလိုက်သည်။

စန္ဒရားဘခက်သည် ဂျင်းဘောင်းဘီဝတ်ထားသော ပပလင်းလက်ကို ဆွဲ၍ မြစိမ်းရောင် အိမ်ကြီးပေါ်မှ ပြေးဆင်းခဲ့သည်။

ဦးသူရသည် မှန်အိမ်ကလေးကို ဆွဲ၍ အိမ်ရှေ့တွင် ခပ်ကုပ်ကုပ်ကလေး ရပ်နေသည်။

'ဦးသူရ....ဒီကနေ မုန့်တိုင်ကို ဘယ်လောက် ဝေးသလဲ'

'ရှစ်မိုင်နဲ့ နှစ်ဖာလုံ'



'ကောင်းပြီ.... ဒီအနားမှာ မြင်းကောင်းကောင်းနဲ့ မြင်းလှည်းတစ်စီးလောက် ငှားလို့ရမလား၊မုန့်တိုင်အရောက် သုံးရာပေးမယ်'

'ဗျာ....သုံးရာ ဟုတ်လား၊ အား သိပ်ရတာပေါ့၊ဒီအနားမှာ မြင်းလှည်းသမား ကျော်ဝဆိုတာ ရှိတယ်၊ သူ့မြင်းက ပြိုင်မြင်းကျဗျ....ကျပ် မိတ်ဆွေပဲ'

'သွားခေါ်ဗျာ'

ခါးကုန်းကြီး ဦးသူရ ထွက်သွားသည်။ ပပလင်းသည် ဘခက်ကို မျက်လုံးကလေး ကလယ်ကလယ်နှင့် ကြည့်နေရှာသည်။

'ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ အစ်ကိုရယ်၊ ပပတော့ ဘာမှ နားမလည်နိုင်တော့ဘူး'

'မကြာခင် နားလည်နိုင်ပါလိမ့်မယ် ပပ၊ အရေးကြီးတာက အစ်ကိုတို့ မုန့်တိုင်ကို အမြန်ဆုံး ရောက်ဖို့ အရေးကြီးတယ်'

'မာမီ....ဘာ....ဘာဖြစ်လို့လဲ ဟင်'

'ဒါကတော့ အစ်ကို မပြောနိုင်သေးဘူး ပပ၊ ဘာမှ မဖြစ်အောင် အစ်ကိုတို့ အချိန်မီ ရောက်မှ ဖြစ်မယ်'

မကြာခင် ခွာသံ တစ်ဖျောင်းဖျောင်း ကြားရသည်၊ ဦးရန္တသူနှင့် မြင်းလှည်းတစ်စီး ရောက်လာသည်။ သူတို့ မြင်း တစ်စီးပေါ်သို့ တက်လာကြသည်၊

'ကဲ....ဦးကျော်ဝ၊ ခင်ဗျား မြင်း တော်တော်ကောင်းရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'အသဲထိုရှိ မြင်းမျိုးပါပဲ ဆရာ၊ သူ့နာမည်က ကျည်ဆန်တဲ့'

'အဲ့သလိုဆိုရင် ခပ်မြန်မြန်ကလေးသာ ဆွဲစမ်းပါဗျာ'

'ရွှမ်း' ခနဲ ကြာပွတ်သံနှင့်အတူ မြင်းလှည်းကလေးသည် မြစိမ်းရောင် အိမ်ကြီးရှေ့မှ ပြေးထွက်ခဲ့သည်။

ဦးသူရ ကျန်ရစ်သည်။

'ဘာတွေ ဖြစ်နေကြတာလဲ ကိုသူရ'

ဒေါ်ဒွေးမယ်သည် ချိတ်ထဘီနှင့် ထိုင်မသိမ်းအင်္ကျီကို ကိုယ်ကျို့ကားယားဝတ်ရင်း ရောက်ရှိလာသည်။

'ဒါတွေ နင် နားမလည်ပါဘူး ဒွေးမယ်ရာ၊ လောကကြီးက အရှုပ်သားကလားဟ'

၀ ၀ ၀

အညာလက ဝင်းပလို့ သာနေသည်။

ကားလမ်းဘေး တစ်လျှောက်ရှိ မန်ကျည်းပင် မည်းမည်းကြီးတွေမှာ မြင်းလှည်းနောက်တွင် တစ်ရိပ်ရိပ် ကျန်ခဲ့သည်။ ကျည်ဆန်သည် ခွာသံ တဖျောင်းဖျောင်းထအောင် ဒုန်းစိုင်းနေပြီ ဖြစ်၏။

ကျောက်ဖူးရွာကို ကျော်လာပြီ။

မြင်းကံရွာကို ဖြတ်ခဲ့သည်။



ဆည်ကုန်းအရောက်တွင် ကျည်ဆန် အမောဖော့လာဟန် ရှိ၏။ ခြေမကျသေး။

စန္ဒရားဘခက်သည် မြင်းလှည်းနောက်တွင် ထိုင်ရင်း ယပ သင်း၏ ပခုံးကလေးကို ဖက်ထားသည်။

ဖက်ချင်လို့ ဖက်တာတော့ မထင်နှင့်။ မြင်းက ကဆုန် ပေါက်ပြေးနေတော့ လွှင့်စဉ်ကျမတတ် ခလောက်ဆန်နေသည်။ ဒါကို ပပလင်း လက်ခံသည်။ လက်မခံလျှင် အဲ... ဖြစ်ဘူး မို့လား၊ ဒါပေမယ့် သူမရင်ထဲတွင် ရှိန်းနေသည်။ ဖိန်းနေသည်။

ပြီးတော့ ဘခက်က တစ်လမ်းလုံး သူမနားတွင် ကပ်၍ တတွတ်တွတ် ပြောရင်း လိုက်ပါလာခဲ့သည်။ သမီးရည်းစားတော့ မဟုတ်ပါ။

ရင်ဖိုစရာ၊ သည်းထိတ်စရာ အရေးအခင်းတွေချည်း ဖြစ်ပါသည်။ ဒေါ်ခင်မျိုးလင်း မီးရထားပေါ်တွင် မြွေဆိုးတွေနှင့် တိုက်၍ သတ်ရန် ကြံခဲ့ပုံ။

သူ့ထံသို့ ဒေါ်ခင်မျိုးလင်း ရောက်လာပြီး အကူအညီ တောင်းခံသဖြင့် ဒရိုင်ဘာ အယောင်ဆောင်အဖြစ်နှင့် ကောဓိက အိမ်ကြီးသို့ ရောက်ခဲ့ရပုံတွေပဲ ဖြစ်ပါသည်။

ပြီးတော့ မာလာသူဇာတင်တင်....

ဟုတ်သည်။ သူမအကြောင်းလည်း ပါသည်။ မိုးရိပ်ချောင်းတွင် သူ့ကို အောက်ဘိုမစ်တစ် ရေနစ်သေအောင် ကြံညစ်ခဲ့ပုံကအစ မာလာသူဇာတင်တင်က သူ့ကို အနမ်းလက်

www.burmeseclassic.com



ဆောင် ပေးရင်း ကယ်တင်ခဲ့ပုံ အဆုံး အားလုံး....အားလုံးကို ပပလင်း နားထောင်ရသည်။

'ကြောက်စရာ ကောင်းလိုက်တာ အစ်ကိုရယ်၊ ဒါတွေကို ဘယ်သူက ဖန်တီးနေတာလဲ၊ ဘယ်သူက လုပ်ဆောင်နေတာလဲ၊ ပပနဲ့ မာမီ့ကို ဘယ်သူတွေက သတ်ချင်နေတာလဲ အစ်ကိုရယ်၊ ပပ ရင်မောလိုက်တာ'

'ဒါတွေဟာ မကြာခင် သိလာရမယ့် အဖြေတွေပါ ပပ၊ အာပဲဖြစ်ဖြစ် အစ်ကိုဟာ ပပတို့ သားအမိ နှစ်ယောက်ဘက်က မားမား မတ်မတ် ရပ်တည်သွားပါ့မယ်၊ ဒါနဲ့ ပပကို အစ်ကို တစ်ခု မေးချင်တယ်'

မြင်းလှည်းကလေးသည် ကွေ့ကြီးရွာသို့ ကျော်လာပြီ ဖြစ်၏။

ကျည်ဆန် ခြေကျလာပြီ၊ အမော ဖောက်လာပြီ။

ရှေ့တွင် သီးကုန်း။

'သီးကုန်း' ပြီးတော့ 'မုန့်တိုင်'

'မေးလေ....အစ်ကို'

'ပပရဲ့ ဒက်ဒီဟာ အဖေအရင်းပဲလား ဟင်'

'ဟုတ်....ဟုတ်ပါတယ် အစ်ကိုရယ်၊ ဘာလို့ မေးတာလဲဟင်'

'ဪ....ဟုတ်ရင်လဲ ပြီးတာပါပဲ၊ ကဲ....ပပ၊ ရှေ့က ရွာသီးကုန်းပဲ၊ သီးကုန်းကျော်ရင် မုန့်တိုင်ရောက်ပြီ၊ အစ်ကိုတို့ မိဖရားငယ် ကမ်းပါးအထိ သွားကြမယ်၊ မပူပါနဲ့၊ လက ထိန်နေတာပဲ'



ဟုတ်ပါသည်။ မှုတ်မိမ်ကင်းလို့ လမင်း ဝင်းနေပါ၏ လပြည့်ကျော် ငါးရက်မို့ ကောက်ရိုးပုံထဲကျသည့် အပ်ကို မီးခွက်မပါပဲ ရှာရလောက်အောင် လင်းလာသည်။ ကျွဲသည်မှာ အညာ 'လ'။

'ပပ ကြောက်သလား ဟင်'

သူက မေးဖျားကလေးကိုကိုင်၍ မေးဖြစ်သည်။

'ဟင့်အင်း....အစ်ကို၊ အစ်ကိုနဲ့ဆိုရင် မကြောက်ပါဘူး'

ပပလင်းက မေးဖျားကလေးကို မော့၍ ဖြေသည်။

'ဟဲ့....ကောင်လေး၊ ဆွဲထားဖေ့သား၊ ရောက်တော့မယ်ကွ၊ ရောက်တော့မယ်'

မြင်းလှည်းသမား ကျော်ဝက အော်သည်။ မထိရသေးသော နှုတ်ခမ်းလွှာ ကွာသွားသည်။

ဟုတ်ပါသည်။

သီးကုန်းကိုကျော်ပြီး မုန့်တိုင်ကို ဝင်ခဲ့ပြီကပဲ။

ဆည်ရေပြင်သည် လရောင်အောက်တွင် ရွှန်းရွှန်းလက်၍ နေသည်။

ဟိုးအဝေးတွင် မည်းမည်းကြီးဖြစ်နေသော မိဖုရားငယ် ကမ်းပါးကို လရောင်လင်းလင်းတွင် ပျပျကလေး မြင်ရသည်။

'ကဲ....ကိုကျော်ဝ၊ ခင်ဗျားမြင်းကို ရေကလေးဘာလေး တိုက်ပြီး အနားပေးဦးမှပေါ့'

'ဟုတ်ကဲ့ပါဗျာ'

သူက မြင်းကိုဖြုတ်၍ ရေတိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ကျည်ဆန်သည် လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာဟန်ရှိ၏။

ကဲ....ကျုပ်အတွက် မြင်းလှည်းခလေး'

'ပေးမှာပေါ့ ကိုကျော်ဝ၊ ခရီးမှ မဆုံးသေးတာ'

'ဗျာ....'

'ဟုတ်တယ်....ကျွန်တော်တို့က ဟောဟိုဘက်ကမ်းက မိဖုယယ် ကမ်းပါးအထိ သွားမှာ'

'အာ....ဒီလိုဆို ဘယ်ဖြစ်မလဲဗျ၊ အဲ့ဒါ တောလမ်းပဲဟာ'

သူ့အသံက ဒေါသန္ဓယ်လာသည်။ မာလာသည်။ ထန်လာသည်။ ဘခက် ရယ်လိုက်သည်။

'ဖြစ်ပါတယ် ကိုကျော်ဝ၊ ကျွန်တော်တို့က ခင်ဗျားမြင်းကို စီးသွားမှာပါ'

'ခွပ်....'

ဘခက်၏ ခပ်ဆတ်ဆတ်ထိုးလိုက်သော ညာဖြောင့်လက်သီးသံနှင့်အတူ မြင်းလှည်းဆရာ ကိုကျော်ဝ တစ်ယောက် ပျော့ခွေသွား၏။ ဘခက်က သူ့ကိုယ်ကို အသာထိန်းရင်း မြေပြင်ပေါ်သို့ လှဲသိပ်ပေးလိုက်ပါသည်။

'အို....အစ်ကိုရယ်၊ သနားပါတယ်'

'လာပါ ပပ။ သူ ဆယ်မိနစ်အတွင်း သတိရလာမှာပါ၊ အစ်ကိုတို့ ဟိုရောက်ဖို့ အရေးကြီးတယ်မဟုတ်လား'

ဘခက်သည် မြင်းလှည်းဆရာ ကိုကျော်ဝ၏ အိတ်ထဲသို့ ငွေသုံးရာ ထည့်လိုက်သည်။



သူတို့နှစ်ယောက် ကျည်ဆန်ကို စီးခဲ့ကြ၏။

ဘခက်ရှေ့က....

ပပလင်းက နောက်ကခွရင်း သူ့ခါးကို အတင်းဖက်ထားရှာသည်။

ကျည်ဆန်ကလည်း လိမ်မာသည်။

တစ်ချက်ကလေးမှ ဟီခြင်းကပ်ခြင်းမရှိ။

မုန်တိုင်းဆည်ကြီးဘေးမှ ခယောင်းတောကို 'အသားကျ'လေး စီးခဲ့ကြသည်။ လသည် ထိန်ထိန်ကြီးငြိုးအောင်သာနေပါသည်။ ညသည် ဝင်းနေ၏။

'ဒီကနေ တည့်တည့်သွားရင် ကန်ကြီးကုန်းရွာကိုရောက်တယ်၊ အဲဒီရွာဘေးက ဖြတ်လိုက်ရင် မိဖုရားငယ်ကမ်းပါးကို ရောက်တယ် ပပ'

'အစ်ကိုက ဘယ်လိုလုပ်ပြီး လမ်းသိနေတာလဲ'

'ဩော်....ပပကလဲ၊ အစ်ကို မိတ္ထီလာမှာ အကြာကြီးနေခဲ့တာပဲဟာ'

'ဒီလိုဆိုလဲ မြန်မြန်ရောက်အောင်သွား အစ်ကိုရယ်၊ ပပတော့ မာမီ့အတွက် စိတ်ပူနေရတာက တစ်မျိုး'

ဘခက် ဒုန်းစိုင်းတော့သည်။

ကျည်ဆန်သည် မြောက်ခနဲ မြောက်ခနဲနေအောင် ပြေးသည်။ ပပလင်းသည် သူ့ကို တအားဖက်ထားပါသည်။

မြေစိုင် မြေခဲများသည် ကျည်ဆန်၏ ခွာသံအောက်တွင် ခနဲ ကျန်ရစ်သည်။

ညတစ်ည....

www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်နှင့် မြင်းတစ်ကောင်။
ဟိုးရှေ့တွင် တောင်ထွတ်တစ်ခုနှင့် မီးရောင်လဲ့လဲ့ကို လှမ်း၍ မြင်ရလေပြီ။
ဤသည်မှာ ရွှေစင်နတ်ဖရားမဂူ။
သို့မဟုတ် အန္တရာယ် တံခါးဝ။

ဝ ဝ ဝ

နှစ်ဆယ့်တစ်

ယခုတော့ ကျည်ဆန် အနားရလေပြီ။
ဘခက်သည် ကျည်ဆန်၏ လည်ဆံမွေးကိုသပ်ရင်း မြက်ပေါသော ထန်းနှောင်းပင်အောက်တွင် ချိတ်ထားခဲ့သည်။
'ကဲ....ဖေ့သားကြီး၊ နေရစ်ခဲ့ဦး'
စန္ဒရားဘခက်သည် ပပလင်း၏လက်ကိုဆွဲရင်း ခပ်သွက်သွက်ထွက်ခဲ့၏။
ကျစ်လျစ်သော မြေမြင်သည် နိမ့်လိုက်၊ မြင့်လိုက်။ ချိုင့်လိုက်၊ ဆောင်းလိုက်နှင့် ခြေချရခက်လှ၏။
သစ်ပင်ကြီးကြီးမားမားဟူ၍ မရှိလှဘဲ ထနှောင်း၊ တမာဆီးပင်ပုနှင့် မန်ကျည်းပင်စု ကလေးတွေသာ ရှိပါသည်။



ဘခက်သည် ပပလင်းကို မကြောက်ရန် အားပေးရင်း မိုးကာထဲကြီးရှိရာသို့ ချဉ်းကပ်ခဲ့သည်။ လရောင်သည် ပကတိဝင်းပနေဆဲ။
တဲရှေ့တွင် လူတစ်ယောက် ရပ်နေသည်။
သေနတ်တစ်လက်ကိုလည်း လွယ်ထား၏။
'ပပ....'
ဘခက်က သူ့မနားဝသို့ကပ်၍ တိုးတိုးကလေး ပြောသည်။ ပပလင်း ခေါင်းညိတ်ပါသည်။ ဘခက်သည် သူ့မကိုခြုံအကွယ်တွင်ထားခဲ့ပြီး မိုးကာတဲကြီးနောက်သို့ ချဉ်းကပ်ခဲ့သည်။
အတွင်းမှ ဘာသံမှမကြားရ။
အိပ်ပျော်နေကြလို့လား၊ ရွှေစင်နတ်ဖုရားမ ဂူကိုရောက်နေကြလို့ပဲလားတော့ ဘခက် မတွေးတတ်ပါချေ။
ကိုရွှေသေနတ်သမားသည် တဲရှေ့တွင် လူးလားခေါက်ပြန် လျှောက်နေသည်။ တိတ်ဆိတ်သောညတွင် ဆွတ်ပျံ့သောသီချင်းသံသဲ့သဲ့ကလေးက ထွက်ပေါ်လာသည်။
'ပပ....ငယ်လေ........ဝင်းဝင်း.... မှန်ရဝေဆောင်....ကိုယ်ရောင်တိုက်ခန်းလင်း'
သေနတ်သမားသည် ဆတ်ခနဲ ရပ်သွား၏။ သီချင်းသံလာရာဘက်သို့ ပြူးတူးပြဲတဲ ကြည့်နေစဉ် သူ့လည်ဂုတ်ကိုတင်းပုတ်နှင့်ထုသလို ခံစားလိုက်ရသည်။
စန္ဒရားဘခက်၏ လက်ချက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်သမားသည် ဒုတ်ခနဲအသံနှင့်အတူ အရှပ်ကြီး ပြုတ် ပုံကျသွားသည်။ ဘခက်သည် ပပလင်းကို လက်ပြလိုက်သည်။

ပပဝင်းသီချင်းကို သီဆိုမယ့်သူ ပပလင်းသည် သူ့ဘေးသို့ ထိတ်လန့်တကြား ရောက်ရှိလာပါသည်။

ဘခက်သည် လဲသွားသောငနဲ၏လက်ထဲမှ သေနတ်ကို အဆောင်သင့်ကိုင်၍ မိုးကာတဲကြီးအတွင်းသို့ စောင်းငဲ့ကြည့်လိုက်သည်။

အရောင်ကလေးခပ်မှိန်မှိန် မီးအိမ်ကလေး တစ်လုံးအောက်တွင်တော့ ကရာတေးမကလေး မာလာသူဇာတင်တင်။

သို့ပေမယ့် မာလာသူဇာတင်တင်သည် လှုပ်နိုင်ရှားနိုင်သည်တော့မဟုတ်ပါ။ အော်နိုင် ဟစ်နိုင် လေသည်တော့ မဟုတ်ပါ။

သူမ၏ပါးစပ်ကို အဝတ်နှင့်ပိတ်ပြီး လက်ပြန်ကြိုးဖြင့်တုပ်၍ တိုင်ကြီးတစ်တိုင်တွင် ကပ်ချည်ထားသည်။ တဲအတွင်း၌တော့ သူမတစ်ယောက်တည်း သူတို့အထဲကို ဝင်လိုက်သည်။

'မောင်တော်... ရောက်လာပါပြီ နှမတော်'

မာလာသူဇာတင်တင်၏ အပြုံးက တောက်ပလာသည်။ ဘခက်သည် သူမ၏ပါးစပ်မှ အဝတ်နှင့် လက်တွင် ချည်နှောင်ထားသောကြိုးကို ဖြည်ပေးသည်။

ပပလင်းသည် မာလာသူဇာတင်တင်နှင့် စန္ဒရားဘခက်ကို အံ့ဩစွာကြည့်နေသည်။ ကြိုးတွေပြည်သွားသည်နှင့် မာလာ



သူဇာတင်တင်၏ လက်တစ်ဘက်က ဘခက်လည်ပင်းကိုဆွဲ၍ ဆတ်ခနဲ နမ်းလိုက်သည်။

'ကြေးရောပေါ့ ကိုဘခက်၊ ဟုတ်လား'

ပပလင်းကတော့ မျက်လုံးအဝိုင်းသား။

ဘခက်သည် ရှောင်လိုက်တိမ်းလိုက်ချိန်ပင် မရအောင် လျှင်မြန်လှသော အနမ်းကြောင့် ပပလင်းကို အားနာသလို ကြည့်သည်။ ပပလင်းရင်ထဲတွင် နင့်သွားသည်။ ပြီးတော့ ဓါးကောင်မပါးပြင်ကို တအားရိုက်ပစ်ချင်လာသည်။

'ဒေါ်ခင်မျိုးလင်းကို သူတို့ ဘယ်ခေါ်သွားကြမသလဲ မာလာသူဇာတင်တင်'

'အဲဒါတော့ မာလာမသိဘူး ကိုဘခက်။ မာလာ့ကိုတော့ ဒီကို အပါခေါ်လာကြပြီး၊ မြင်တဲ့အတိုင်း ကြိုးနဲ့တုပ်ပစ်ခဲ့ကြတာပဲ၊ ကိုဘခက် မာလာ့ကို ကယ်လိုက်တာ ကျေးဇူးတစ်ကုဋေပါပဲရှင်'

ပပလင်းသည် ငမိုးရိပ်ချောင်းဘေးတွင် ဘခက်၏အသက်ကို ကယ်တင်ခဲ့ပါသည်ဆိုသော မိန်းမချောလေးကိုကြည့်ရင်း ရင်ထဲတွင် ရှုပ်လာသည်။

ရှုပ်ရှင်ထဲက မင်းသမီးလေးလို လှနေသော မာလာသူဇာတင်တင်သည် သည်အရှုပ်အထွေးတွင် ဘယ်လိုပါဝင်နေပါလိမ့်၊ ရင်ရှုပ်လိုက်ပါဘိ။

'မာလာ့ကို သူတို့က ဘာလို့ဖမ်းခေါ်လာကြတာလဲ'

ဘခက်က အလောတကြီး မေးလိုက်ပါသည်။

မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မျိုးလင်းကိုတွေ့ရန် လောလောဆယ် အရေးကြီးနေသည် မဟုတ်ပါလား။

'မာလာ့ကို သတ်ပစ်ကြလိမ့်မယ်ထင်တယ်'

'ဟင်.... ဘာဖြစ်လို့'

'မာလာ သူတို့ကို သစ္စာဖောက်ပြီး ကိုဘခက်ကို ကယ်ခဲ့တာကို သိသွားကြတယ်လေ၊ ဒီတော့ မာလာ့ကို ချုပ်နှောင်ထားကြတယ်၊ မာလာလဲ သူတို့အလစ်မှာ ထွက်ပြေးခဲ့ပြီး ကိုဘခက်ကို လိုက်ရှာခဲ့တယ်၊ ဒါပေမယ့် မိတ္ထီလာတစ်မြို့လုံး သူတို့ရဲ့လူတွေလွှတ်ထားတော့ မာလာ သူတို့လက်က လွတ်အောင် မပြေးနိုင်တော့ဘဲ လွတ်လပ်ရေး ပန်းခြံဘေးမှာ ပြန်မိသွားပြီး ဒီကိုခေါ်လာကြတာပဲ ကိုဘခက်'

ဟုတ်ပါသည်။ ဒါကို ဘခက်ကိုယ်တိုင် မြင်ခဲ့ရသည်။ ပြီးတော့ ဦးသာဘန်းသည် သူ့ကို နောက်ယောင်ခံလိုက်နေသည်။ သည်အတိုင်းဆိုလျှင် ဦးဝင်းထွတ်သည် မိတ္ထီလာသို့ ရောက်နေပြီ ဖြစ်ရမည်။

'ကိုဘခက်တို့ကရော ညကြီးသန်းခေါင် ဒီကို ဘာလို့ ရောက်လာကြတာလဲ'

'ဒါတွေ အရေးမကြီးပါဘူး မာလာ၊ အရေးကြီးတာက သူတို့ ဘယ်သူတွေလဲ၊ ငမိုးရိပ်ချောင်းဘေးက ကိုယ့်ခေါင်းကို ဆော်ခဲ့တဲ့ ငနဲကြီးကော ပါတယ်မို့လား'

'ပါတယ်၊ သူ့နာမည်က ဗလတဲ့၊ ဗလဟာ မသုံးလုံးနယ်မြေမှာ လူကြီးလူကောင်း အရေခြုံ ဒုစရိုက်ဘုရင် တစ်ယောက်ပဲ ကိုဘခက်၊ သူဟာ မာလာ့ကို အမျိုးမျိုး ဖျားယောင်းပြီး ဒုစရိုက်လောကထဲကိုဆွဲသွင်းခဲ့တဲ့ လူတစ်ယောက်ပေါ့'



မာလာသူဇာတင်တင်က အံကြိတ်ရင်းဆိုသည်။

'ဗလကို ဘယ်သူကခိုင်းခဲ့တာလဲ၊ ကိုယ့်ကိုသတ်ပစ်ဖို့ဘယ်သူက ခိုင်းခဲ့တာလဲ'

'ဒါကိုတော့ မာလာ အတိအကျမသိဘူး ကိုဘခက်၊ ဒါပေမယ့် ဗလဟာ ဦးမင်းခေါင်နဲ့ အဆက်အသွယ်ရှိတယ်'

ဦးမင်းခေါင်တဲ့။

ရွှေစင်နတ်ဖုရားဂူကို ဦးဆောင်၍ တူးဖော်နေသော ဦးဝင်းထွတ်၏ မန်နေဂျာပင်။

ဦးမင်းခေါင်သည် ဗလကို ရန်ကုန်လွှတ်၍ သူတို့ကို အပြတ်ရှင်းခိုင်းခဲ့ဟန်တူသည်။

အဆိပ်ပြင်းသော ပင့်ကူနက်နှင့် တိုက်သတ်ရန်ကြံခဲ့သည်။ ဒါကို ဘခက်ကရိပ်စားမိပြီး ဇိုးမောင်မောင်ကို ခြေရာခံမိသည်နှင့် လက်ဦးအောင် နှုတ်ပိတ်ပစ်ခဲ့သည်။

'ဒါဖြင့် ဇိုးမောင်မောင်ကို မာလာသိမှာပေါ့'

'အင့်.... အင်း.... မာလာ လုံးဝမသိပါဘူး'

သူမအဖြေကို စန္ဒရားဘခက် အံ့ဩရပါသည်။

'ဇိုးမောင်မောင်ဟာ ကိုဘခက်နဲ့ ယောဒီ ပပလင်းကို သေကြောင်းကြံခဲ့တယ် မာလာ၊ ဒါကို ကိုယ်ကခြေရာခံလို့ မကြာခင်မှာပင် ဇိုးမောင်မောင်ဟာ အသတ်ခံလိုက်ရတယ်၊ ဒါပေမယ့် သူ့ကို လူသတ်တဲ့ပုံမျိုးမဟုတ်ဘဲ မတော်တဆ အဆိပ်ပြင်းတဲ့ သတ္တဝါတစ်ကောင်က ကိုက်သွားထို

www.burmeseclassic.com

www.burmeseclassic.com



သေရတဲ့ပုံမျိုး – ဖန်တီးလိုက်ကြတယ်၊ ဇိုးမောင်မောင်ကို ဘယ်သူသတ်သလဲ’

‘ဒါကိုတော့ မာလာတို့ လုံးဝမသိတာအမှန်ပဲ ကိုဘခက် မာလာနဲ့ ကိုဗလဟာရန်ကုန်ကကြေးစားလူမိုက်တွေနဲ့ပေါင်းပြီး ကိုဘခက်ကို သတ်ပစ်ဖို့ စီစဉ်ခဲ့တာတော့မှန်တယ်၊ ဒါပေမယ့် မာလာဟာ ကိုဘခက်ကို မြင်မြင်ချင်း ခင်မင်မိပြီး ပြန်တယ်ငဲ့တာပဲ’

စန္ဒရားဘခက်သည် သူမစကားကို လုံးဝဉဿုံ ယုံစားမိပါသည်။

ပပလင်းသည် မာ လာ သူ ဇာ တင် တင် ကို မလိုထမာ မျက်စောင်းထိုးလိုက်သည်။ ရုပ်ကလေးလှသလောက် ရှုပ်လဲရှုပ်နိုင်တဲ့ ကောင်မဟုလည်း စိတ်ထဲကမြင်မိ၏။

‘ဟဲ.... အစ်ကို၊ ဘယ်လိုလုပ်မှာလဲ၊ ပပတော့ မာမီ့အတွက် စိတ်ပူလှပြီ’

‘ခဏနေပါဦး ပပ၊ အကြောင်းစုံမသိဘဲ လိုက်သွားရင် အားလုံးရှုပ်ကုန်လိမ့်မယ်’

မာလာသူဇာတင်တင်က ဆက်ပြောသည်။

‘တစ်ခုတော့ရှိတယ် ကိုဘခက် ဦးမင်းခေါင်နဲ့ ကိုဗလဟာ တစ်ယောက်ယောက်က ခိုင်းစေလို့ ဒီကိစ္စတွေကို လုပ်နေကြတာလို့ မာလာထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုဘခက်ဟာ မသေဘဲ မိတ္ထီလာအထိ လိုက်မပါလာတယ်၊ ဒါကို ခေါင်းဆောင်က မကျေမနပ်ဖြစ်ပြီး ကိုဗလကိုအပြေရှင်းခိုင်းခဲ့တယ်၊ ကိုဗလကိုယ်၌က သူကိုယ်တိုင် ပိပိရိရိလုပ်ခဲ့



ရက်နဲ့ အခုလို ကိုဘခက် လွတ်လာတော့ မာလာ့ကိုမသင်္ကာဖြစ်ပြီး ညှဉ်းပြီး မေးတောတာပဲ၊ ဒါပေမယ့် မာလာမဖြေခဲ့ပါဘူး ကိုဘခက်ရယ်၊ သူတို့အလစ်မှာ ထွက်ပြေးလာပြီး ကိုဘခက်တို့တည်းတဲ့ မြစိမ်းရောင်အိမ်ကြီးကိုအလာမှာ အခုလို ပြန်ပြီး အဖမ်းခံရတာပါပဲ’

သူမအသံက လှိုက်လှဲကြေကွဲလာသည်။

‘အို....’

ပပလင်း အသံတွက်သွားသည်။

စန္ဒရားဘခက်သည် မာလာသူဇာတင်တင်၏ အကွက်လိုက် အရာထင်နေသော ကျပ်ပြားဝိုင်းခန့် ဒဏ်ရာများကိုကြည့်ရင်း ရင်မောစွာ သက်ပြင်းချလိုက်ပါသည်။

မီးရဲနေသော ဆေးပြင်းလိပ်မှလွဲ၍ တခြား မဖြစ်နိုင်ပါချေ။

ပပလင်း စိတ်မကောင်းဖြစ်သွားသည်၊ သနားသွားသည်။

‘ကိုဘခက် စိတ်မကောင်းပါဘူး မာလာ၊ ဒီသတ္တဝါတွေ ဇာတ်သိမ်းဖို့ မဝေးတော့ပါဘူး၊ ဩော်....ဒါနဲ့ မာလာ့ကို ဒီအထိ ကားနဲ့ ခေါ်လာကြသလား’

‘ဟုတ်ပါတယ်....ကားကို တောထဲမှာ ထားခဲ့တယ်’

‘အဲဒီ ကားထဲမှာ ဒေါ်ခင်မျိုးလင်း ပါသလား’

မာလာသူဇာတင်တင်က သူ့ကို မော့ကြည့်သည်။

‘ဒေါ်ခင်မျိုးလင်းဆိုတာ ဟောဒီက ညီမ ပပလင်းရဲ့ မိခင်ပါ၊ သူ့ကို ဦးမင်းခေါင်က ဖြစ်စင်နတ်ဖရားထို ဖျော့

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းပြီး ညဦးပိုင်းလောက်က လာခေါ် သွားကြတယ် မာလာ'

'ဟုတ်ပါတယ်....မမ၊ ပပရဲ့ မိခင်အတွက် ပပ သိပ်စိုးရိမ်နေမိပါတယ်'

ပပလင်းက မာလာသူဇာတင်တင်ကို ပြောသည်။ သူမအသံက စိုးရိမ်သောကတွေ အတိအလင်း နှယ်ယှက်လို့နေရပါသည်။

'ဒါကိုတော့ မမ မသိပါဘူး ညီမ၊ ဒါပေမယ့် ဦးမင်းခေါင်နဲ့ ကိုဗလဟာ မမကို ဒီအရောက် ချုပ်နှောင်လာပြီး သတ်ပစ်ဖို့ စီစဉ် နေဆဲမှာပဲ၊ သူတို့ တပည့်တစ်ယောက် ဒီကို ရောက်လာပြီး ဒေါ်ခင်မျိုးလင်းကို ခေါ်ခဲ့ပြီလို့ ပြောသွားပါတယ်၊ သူတို့လဲ မမကို အခုလို ချုပ်နှောင်ပြီး ဒါဖြင့် ဂူထဲကို သွားကြမယ်ဆိုပြီး ထွက်သွားကြတာပါပဲ'

'ဘယ်လောက် ကြာပြီလဲ မာလာ'

ဘခက်က အလောတကြီး မေးလိုက်သည်။

'ကိုဘခက်တို့ ရောက်မလာခင်ကလေးကပါပဲ'

'ကဲ....ဒါဖြင့် ဂူထဲကို လိုက်ကြရအောင်'

သူတို့ သုံးယောက်စလုံး မိုးကာတဲကြီးအတွင်းမှ ထွက်ခဲ့ကြသည်။

သုံးယောက်ဆိုရာတွင် အားနွဲ့သော မိန်းမလှကလေး နှစ်ယောက် အပါအဝင် ဖြစ်သည်။ သို့ပေမယ့် မာလာသူဇာတင်တင်သည် ကျားသစ်မကလေးလို တိုက်ရဲ ခိုက်ရဲသော သတ္တိရှိသည်။



စန္ဒရားဘခက်သည် တဲပေါက်ဝရှိ သကောင့်သားထံမှ ရရှိသော အပေါ်စား ရိုင်ဖယ်ကို စစ်ဆေးလိုက်သည်။ ဒဿမ သုံးရှစ် ဝင်ချက်စဟာ၊ လီဗာအက်ရှင် အမျိုးအစားပေပဲ။ သည်သေနတ်မျိုးကို သူ ပစ်ခတ်ဖူးသည်။ သူ့လက်နှင့် အေးသည်။

သူတို့သုံးဦးသည် မိဖုရားငယ် ကမ်းပါးစောင်းနှင့် နီးလာသည်။ ဘခက်သည် ပပလင်းနှင့် မာလာသူဇာတင်တင်ကို ချုံပုတ်တစ်ခု၏ ဘေးတွင် ထားရစ်ခဲ့ပြီး ကမ်းပါးစောင်းသို့ ခြေသံလုံလုံဖြင့် ချဉ်းကပ်ခဲ့သည်။ ပြီး....အောက်သို့ ငုံ့ကြည့်လိုက်၏။

မုန်တိုင် ရေပြင်သည် လရောင်တွင် တလက်လက် တောက်ပနေပါသည်။

ကမ်းပါးစောင်း ဘေးတွင်တော့ ဆင့်တွေ ငြမ်းတွေ ဆင်ထားသည်။ ခြောက်ထပ် တိုက်ကြီးတစ်လုံးကို ဆေးသုတ်ရန် ဝါးလုံး ငြမ်းတွေ ဆင်ထားသည့် ပုံမျိုးဖြစ်သည်။

အောက်သို့ ဆင်းသော လှေကားတစ်ခုကိုလည်း တွေ့ရ၏။

ကမ်းပါး၏ သုံးပုံနှစ်ပုံခန့်တွင် အလင်းရောင်ပြပြ ထွက်နေသည်ကိုလည်း မြင်ရသည်။

ဤသည်မှာ ရွှေစင်နတ်ဖရားမ၏ဂူ။

ဘခက်သည် အမျိုးသမီး နှစ်ယောက်ထံ လက်ပြလိုက်သည်။ မချောလေးတွေ သူ့ဘေးသို့ ဖျပ်ခနဲ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'အောက်ကို ဆင်းမယ်၊ မာလာနဲ့ မပလင်း ဒီက စောင့်နေကြ'

'သူက ခပ်တိုးတိုး ပြောသည်။

'ဟင့်အင်း....ပပ လိုက်ခဲ့မယ်'

'မာလာလဲ နေရစ်ဖို့ စိတ်မကူး'

'ကဲ....ဒါဖြင့် လာကြ'

ဘခက်က အရင်ဆင်းသည်။

သူ့ခေါင်းပေါ်က ပပလင်း။

အပေါ်ဆုံးက မာလာသူဇာတင်တင်။

လှေကားသည် မတ်စောက်၏။ လေကလည်း တဟူးဟူး တိုက်ခတ်လို့ နေသည်။

သူသည် ဂူဝရှိ ငြမ်းပေါ်သို့ ခြေချမိရန် လှေကားထစ် အနည်းငယ်ခန့်သာ လိုတော့သည်။

'အမေ့....'

ပပလင်း၏ အထိတ်ထလန့် . အော်သံနှင့်အတူ သူမ၏ ကိုယ်ကြီးမှာ လှေကားထစ်မှ ပြုတ်ကျလာသည်။ ဘခက် အသည်းတွေ အေးသွားသည်။

ဆွဲမိဆွဲရာကို လှမ်းဆွဲလိုက်သည်။

'အင့်' ခနဲ အသံနှင့်အတူ လက်မောင်းရင်းကို ချိတ်မိသည်။

တွဲလောင်းကြီး ဖြစ်နေသည်။



ဘခက်သည် ညာဘက်လက်တွင် မိနေသော သူမ၏ လက်မောင်းရင်းမှတစ်ဆင့် လက်ကောက်ဝတ်သို့ ရောက်အောင် လျှောချလိုက်သည်။

'အို့....'

သူမကိုယ်မှာ ငြိမ့်ခနဲဖြစ်သွားသည်။

ယခုတော့ လက်ကောက်ဝတ်ကို အသေအချာ ကိုင်မိပြီ။ ဘခက်သည် ပပလင်းကို သူ့ဘက်သို့ ဆွဲရင်း ပွေ့လိုက်၏။

ပြီး....အောက်ဆုံး အဆင့် ငြမ်းပေါ်သို့ ရောက်အောင် ဆင်းခဲ့သည်။

မာလာသူဇာတင်တင်သည် ငြမ်းပေါ်သို့ဘေးမသီ ရန်မခ ရောက်ရှိလာသည်။

ဘခက်သည် ဂူဝသို့ ကြည့်လိုက်သည်။ မည်သူမှ မရှိ။ သူသည် သစ်သား ငြမ်းပေါ်မှတစ်ဆင့် ဂူဝ ချဉ်းကပ်ခဲ့သည်။ အတွင်း၌ မီးစီးတိုင်တစ်ခု ထွန်းထားသည်။ ဂူကြီးသည် ပကတိ တိတ်ဆိတ် ငြိမ်သက်လို့ နေပါသည်။

သူသည် ဂူထဲသို့ ဝင်လိုက်သည်။ သူ့ခြေထောက်သည် တစ်စုံတစ်ရာနှင့် တိုက်မိပြီး ယိမ်းယိုင်သွားသည်။

ဘခက်သည် အောက်ကို ကြည့်လိုက်သည်။ လူ တစ်ယောက် လဲနေသည်။ သူ့ခေါင်းတွင် ကြက်ဥခန့် ဖု တစ်လုံး ထွက်နေသည်။

'ဘယ်သူလဲ....ဘာဖြစ်တာလဲ'

မာလာသူဇာတင်တင်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အပေါက်စောင့်နဲ့ တူတယ်၊ ဒီကောင့်ကို တစ်ယောက်ယောက်က ဆော်သွားတာ'

'ဟင်....'

ပပလင်း ပါးစပ်မှ အာမေဍိတ်သံ ထွက်လာသည်။

'ဟုတ်တယ် ပပ၊ အစ်ကိုတို့ရှေ့က တစ်ယောက်ယောက်ပဲဖြစ်မယ်'

ဘခက်သည် ဂူထဲကိုကြည့်ရင်း ခပ်တိုးတိုး ဆိုလိုက်၏။

ဟုတ်ပါသည်။

တစ်ယောက်ယောက်သည် သူတို့ထက်အရင်ဦးအောင် ဂူထဲကိုဝင်ပြီးဖြစ်သည်။

ထိုသူသည် ဦးမင်းခေါင်တို့နှင့် ဆန့်ကျင်ဘက်တစ်ဦးသာ ဖြစ်ရပေမည်။ သူ....ဘယ်သူလဲ။

ဘခက်သည် ဂူထဲသို့ကြည့်လိုက်သည်။

ယမန်နေ့က တွေ့ခဲ့ရသော အုတ်လှေကားထစ်များ အဆုံးတွင် လူတစ်ကိုယ်စာ ဝင်ပေါက်တစ်ခုကို မြင်ရသည်။

ဤသည်မှာ ရွှေစင်နတ်ဖုံရားမ၏ စံမြန်းရာ ဂူဝပင်ဖြစ်မည်။ သို့စဉ်တိုင်အောင် ဂူတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လို့နေသည်။ ဒေါ်ခင်မျိုးလင်းနှင့် ဦးမင်းခေါင်တို့တစ်တွေ ဂူထဲတွင် ရှိကြမည်ဟု ခန့်မှန်း ရသည်။

ဘခက်သည် အမျိုးသမီးနှစ်ယောက်ကို ဂူမကြီးထဲတွင်ထားရစ်ခဲ့ပြီး တံခါးဝသို့ ရောက်ရှိသွားသည်။ အတွင်းသို့ စောင်းငဲ့ကြည့်သည်။ မှောင်မိုက်သော ဥမင်ကိုမြင်ရသည်။ လူတစ်ကိုယ်စာသွားသာရုံကလေးသာ ကျယ်ဝန်းသည်။



သူသည် အမှောင်ထဲတွင် နံရံကိုစမ်းသပ်ရင်း ဝင်ပါလို့ အကွေ့အကောက် ထူပြောလှသော ဥမင်လိုဏ်ခေါင်းတစ် လျှောက်လိုက်ခဲ့သည်။ တစ်နေရာအရောက်တွင် စကားပြော သံသဲ့သဲ့ ကြားသည်။ စကားပြောသံသည် သူနှင့် နီးလာ၏။ တဖြည်းဖြည်း ကျယ်လာ၏။

မြတ်စွာဘုရား....

ထိပ်တိုက်တိုးပါရောလား။

ဘခက်သည် အမှောင်ထဲမှ နံရံကို စမ်းလိုက်သည်။ သူ့အထက်တွင် အပေါက်တစ်ခုကို စမ်းမိသည်။ လူတစ်ကိုယ်စာဝင်၍ ဆန့်ပုံရသည်။

သူသည် ခုန်၍ အပေါက်ထဲကို ခေါင်းထိုး၍ ဝင်လိုက်၏။ ကိုယ်တစ်ပိုင်း အထဲသို့ ရောက်သွား၏။ ဖာပိုင်းမှာ အပြင်တွင် ကျန်ခဲ့သည်။လွယ်ထားသော သေနတ်က အပေါက်ဝတွင် တစ်နေသည်။

သူသည် သေနတ်ကို လက်ပြန်ဖြုတ်၍ အပေါက်ဝထဲသို့ မြွေတစ်ကောင်လို ထိုးဝင်လိုက်သည်။ သူ့တစ်ကိုယ်လုံးအောင် ခန့်ဖြစ်သွားသည်။ အပေါက်၏ အခြားတစ်ဘက်သို့ ကျွမ်းတစ်ပတ်လည်၍ သွားသည်။ ကျသူ့ခန္ဓာကိုယ်သည် မြေပြင်ပေါ်သို့ ဝေးမသိရန်မခ ကျသွားပါသည်။

မှောင်လိုက်သည်မှာလည်း ဆိုဖွယ်ရာမရှိတော့....

ထည်စဉ်မှာပင် စကားပြောသံအချို့ကို ပီပီသသကြားရသည်။

'တို့တတွေတော့ သူဌေးဖြစ်ပြီဟေ့....'

www.burmeseclassic.com



'အေး....မြန်မာပြည်မှာတော့ တိုလောက်ချမ်းသာတဲ့လူ ရှိမှာ မဟုတ်တော့ဘူး'

သူတို့အသံက တဖြည်းဖြည်း ဝေးသွားသည်။ ဂူဝသို့ ထွက်သွားကြဟန်ရှိသည်။

ဘခက်သည် ပပလင်းနှင့်မာလာသူဇာတင်တင်တို့ အတွက် စိုးရိမ်သွားမိ၏။

မည်သို့ပင်ဆိုစေ သူ့အနေနှင့် နောက်ကြောင်းပြန်လှည့်ရန်အချိန်မရှိတော့။ ဇစ်ပိုမီးခြစ်ကို ခြစ်လိုက်သည်။ သူ့ရှေ့တွင် လှေကားထစ်များနှင့် ဥမင်တစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရပြန်သည်။

လှေကားထစ်များသည် အစိုဓာတ်ဖြင့် အငွေ့ပြန်နေသည်။ သို့တစေ ရှူရှိုက်ရသောလေမှာ သန့်စင်လတ်ဆတ်လျက်ရှိသည်။ ပြီးတော့ ခြေရာလက်ရာမပျက်သေး။

ကေန္တ သည်ဥမင်လိုဏ်ခေါင်းထဲသို့ သူတစ်ယောက်တည်းသာ ပထမဦးဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်ဟန်တူသည်။

စန္ဒရားဘခက်သည် ဇစ်ပိုမီးခြစ်၏ မီးတောက်ကလေးကို အားပြုရင်း အကွေ့အကောက် များလှသော ကျောက်လှေကားထစ်များပေါ်သို့ တက်ခဲ့၏။

တဖြည်းဖြည်းမြင့်လာသည်။

မီးတောက်ကလေးသည် ငြိမ်းလုငြိမ်းခင်ဖြစ်သာသည်။

သည်စဉ်မှာပင် သူ့ရှေ့၌ အလင်းရောင်များကို မြင်လိုက်ရသည်။ အောက်သို့ တွဲလွဲကျနေသော ကျောက်ချွန်းကျောက်မှာများကို မြင်လိုက်ရသည်။



သူ့ခရီးဆုံးပေပြီ။

သူသည် ဂူ၏နံရံဘေးသို့ ရောက်ရှိသွားခဲ့သည်။

နံရံတွင် လူတစ်ကိုယ်စာ အပေါက်တစ်ခု ရှိနေသည်။ ဘခက်သည် သူ့ရှေ့မှ ကျောက်ချွန်း ကျောက်တက်များကို အကာအကွယ်ယူ၍ အောက်သို့ ကြည့်လိုက်မိပါသည်။

ပထမဆုံး မီးတုတ် မီးစိမ်းများကို ကိုင်ဆောင်ထားသော လူတစ်စုကို ဝိုးတဝါး တွေ့လိုက်ရသည်။

ဦးမင်းခေါင်။

ဒေါ်ခင်မျိုးလင်း။

ပြီးတော့ သူ့ခေါင်းကို သေနတ်ပြောင်းနှင့်ရိုက်ခဲ့သည့် မာလာသူဇာတင်တင်၏ ဆရာကြီးဖြစ်သူ ကိုဗလတို့ပဲ ဖြစ်ပါသည်။

သည်လူစုကို သည်နေရာတွင် သိုက်မြိုက်ဝန်းဝန်း တွေ့ရသည့်အတွက် စန္ဒရားဘခက် အံ့ဩရပါသည်။

သူတို့တစ်တွေ၏ ရှေ့တွင်တော့ ရွှေရောင်တညီးညီး တောက်ပနေသော ရုပ်ထုတစ်ခုရှိသည်။

ဟုတ်ပါသည်။ အင်မတန် လှပကြော့ရှင်းသော 'ရွှေစင်နတ်ဖရုးမ' ဟု ခေါ်တွင်သည်။ မင်းသမီးသည် ကျောက်သလွန် အထက်တွင် ကြွကြွကလေးထိုင်ရင်း ဘယ်ဘက် လက်တစ်ဘက်ကို ရှေ့သို့ ဆန့်ထုတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒရားဘခက်သည် ဖြန်းခနဲ ကြက်သီးထသွားမိသည်။ ပကတိလူသားတစ်ယောက်ကို ရွေချထားသလို အသက်ဝင်အောင် လက်ရာမြောက်လှသော 'ရွှေနတ်စင်ဖုရားမ'၏ ရုပ်ထုသည် သူတို့ရှေ့မှောက်တွင် လက်ကမ်း၍ပေးနေပြီတကား။

ဝ ဝ ဝ

နှစ်ဆယ့်နှစ်

'ရွှေစင်နတ်ဖရားမ'

သူမရှေ့တွင် လူတစ်စုရှိနေပါသည်။

ယင်းလူတစ်စု၏ မျက်နှာများသည် မီးတုတ် မီးစီးရောင်များကြောင့် ပြောင်လက်တောက်ပနေကြသည်။

ရွှေစင်နတ်ဖရားမသည် ကျောက်သလွန်ပေါ်တွင် မတ်မတ်ထိုင်၊ သူမ၏ဘယ်ဘက်လက်ကို ရှေ့သို့ဆန့်တန်း၍ ထုတ်ထားသည်။ ထိုလက်ထဲတွင် သွေးရောင်တလက်လက် တောက်ပနေသော အသည်းနှလုံးပုံသဏ္ဍာန် ရောမ ပတ္တမြားကြီးတစ်လုံးကို တင်ထားပါသည်။

သူမ၏ ညာလက်သည် စိုက်ဘားသော ဓားရှိုးတစ်ခုပေါ်တွင် တင်ထားသည်။ ကျောက်မျက်ရတနာများစီခြယ်ထားသော ဓားရှိုးသည် မီးရောင်တွင် ပြိုးပြိုးပြက်ပြက် ဝင်းလက်လို့ နေပါသည်။



သူမ၏ အသွင်သဏ္ဍာန်မှာ ရင်ကိုခွဲ၍ အသည်းနှလုံးကို ကြည်ဖြူစွာ ပေးကမ်းနေပုံမျိုး ဖြစ်ပါသည်။

ရွှေစင်နတ်ဖရားမ၏ ရုပ်ထုရှေ့တွင် ကျောက်စာတစ်ခုကို စိုက်ထူထားသည်။

ဦးမင်းခေါင်သည် မီးစီးတိုင်ကြီးကို ကိုင်ရင်း ကျောက်စာကို ဖတ်ကြည့်လိုက်၏။

၁။ ဝ။ ဤ၏။ နမောဗုဒ္ဓါယ။ သကရစ် ၅၉၈ ခု
၂။ ကြတိုက်နှ(စ်)နံ့လွှသုဝ်လဆန် ၇ဂျက်
၃။ ကြာသပတိယ်နယ္ဘသောအာရိယ်ခ
၄။ ပါသောက္လကစာ။ အက္လွန်သံပျင်
၅။ သိဂ်သိုက်သမီး စန္ဒာမဏိကေသီသည်
၆။ အရှင်မင်းစောအာ္လိစ် ကြွင်နာသောတေး။
၇။ ဘဝင္လောင်ခနိသောကာလ်နှိုက်ဒတေး၊
၈။ ငါသစ္စာသ္လုခသည်၊ အဟိုင်သည်မိဖရာ
၉။ စသော မောင်မခပ်သိမ်ရစိယ်၏။
၁၀။ အလှိုင်အဟိုင်အဟိုက်အဉှါတစိမလ်၊
၁၁။ အဟိုင်သောဟ္မိက်စိဟိုင်ရှုကြရစိယ်၏။
၁၂။ အက္ဟန်မသည် အဟိုင်အားဟိုစ်သောတွေ၂၁
၁၃။ ကိုသိစိမ့်ငှာအဟိုင်ယူသော်ငြားအံ့၊
၁၄။ ရင်အားခွဲယ်ရှေ့ နှလုံးသည်ပွတ်ကိုင်'အင့်'
၁၅။ ဆိုရွှေ့ ပေးဝံ့၏တေး။ ဤသစ္စာစကား
၁၆။ ကြောင့် ဘဝဆက်ဆက်ရွှေဟိုးသိ

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ထိမိတွေ့မိသောသူ မှန်သရွေ့ မေတ္တာ၊
၁၈။ ကို အလေးအကြီး ထားနိုင်ပါ စိယ်တေး
၁၉။ မဟုတ်လျှင်တေးသစ္စာမဲ့သောဖောက်တတ်
၂၀။ သောအဖောက်များသော လောဘ ဇောမှင့်
၂၁။ စန္ဒာမဏိကေသီကို ထိပြာ ကိုင်ပြာအံ့
၂၂။ သွေးပွက်ပွက်ထသော မဟာအဝီစိယ်
၂၃။ ပြယ်နှိုက် ကမ္ဘာတစ်သောင်း
၂၄။ ကျက် စိုယ် လိယ် သတေး။ ဝ ။

ဦးမင်းခေါင်သည် ကျောက်စာတိုင်ကို ဖတ်ရင်း ကြက်သီး မွေးညှင်း ထသွားသည်။

'ဘာတွေ ရေးထားသလဲ ဦးမင်းခေါင်'

ဒေါ်ခင်မျိုးလှင်းက မေးသည်။

'ကျွန်တော် ဖတ်ပြပါ့မယ် ဒေါ်ခင်မျိုးလှင်း'

ဦးမင်းခေါင်သည် ကျောက်စာ၏ အဓိပ္ပာယ်ကို အသံထွက်၍ ဖတ်လိုက်သည်။ သူ့အသံကြီးက ဂူကြီး တစ်ခုလုံး လှိုင်းသံတို့ဖြင့် တုန်ဟည်းလာတော့သည်။

'နမော ဗုဒ္ဓါယ၊ သက္ကရာဇ်(၅၉၃)ကြတိုက်နှစ် နံကာ လဆန်း ခုနစ်ရက်ကြာသပတေးနေ့ ရေးခဲ့သော ကျောက်စာ'

'အကျွန်ုပ်မ သင်္ဂသိုက် သူကြီးသမီး စန္ဒာမဏိကေသီသည် အရှင်မင်းဇောကို ချစ်ကြင်နာသတည်း။ ဘဝတစ်ပါးသို့ ပြောင်းလဲသွားသော်တွင် သစ္စာဆိုပါသည်။ အရှင်သည် မိဖုရားစသော မောင်းမခပ်သိမ်းလည်း ရစေ၏၊ အချင်းချင်း အမျက် အငြိုးတစေ့မရှိ၊ ချစ်သောမျက်စိဖြင့် ရှုကြည့်



ရစေ၏၊ အကျွန်ုပ်မသည် အရှင့်ကို ချစ်သော မေတ္တာကိုသိစိမ့်သောငှာ အရှင် ယူသော်ငြားအံ့၊ အသည်းနှလုံးကိုပင် 'အင့်' လို့ ပေးဝံ့သည်။ ဤသစ္စာစကားကြောင့် ဘဝ အဆက်ဆက် တွေ့ကြုံ မြင်သိ၊ ထိမိ တွေ့မိသော လူသားမှန်သမျှ မေတ္တာကို အလေးအကြီး ထားနိုင်ပါစေသတည်း။ ဤသို့ မဟုတ်လျှင် သစ္စာမရှိသော၊ ဖောက်တတ်သော အမျက်များသော၊ ခလောဘဇောဖြင့် "စန္ဒာမဏိကေသီ"ကို ထိငြား ကိုင်ငြားအံ့၊ သွေးပွက်ပွက်ထ၍ မဟာအဝီစိငရဲ၌ ကမ္ဘာတစ်သောင်း ခံရပါစေသတည်း။

ဦးမင်းခေါင်၏ ကျယ်လောင်သော အသံကြီးသည် ကျောက်စာဆိုး တစ်ခုကို ရေရွတ်လိုက်သလို့ ဂူကြီးတစ်ခုလုံး ဟိန်းနေအောင် ထွက်ပေါ်လာပါသည်။

အသည်းနှလုံးတွေ တုန်ခါ လှိုက်လှဲလာအောင် လိုက်သံဖြင့် ပဲ့တင်ရိုက်၍ မြည်ဟည်း လာပါတော့သည်။

ဦးမင်းခေါင်သည် ရွှေစင်နတ်ဖုရားမ၏ ရှေ့မှ ကျောက်ပြားတွင် ရေးထွင်းထားသော ကျောက်စာဆိုးကို အသံထွက်အောင် ဖတ်ရွရင်း ကတုန်ကရင် ဖြစ်လာသည်။

ဒေါ်ခင်မျိုးလှင်းသည် ရွှေစင်နတ်ဖုရားမကို တအံ့တသြ ကြည့်ရှုနေပါသည်။

လူသားအားလုံးသည် ရွှေစင်နတ်ဖုရားမ၏ ရှေ့တွင် လှုပ်မယှက် ငြိမ်သက်နေကြသော်လည်း သူတို့၏မျက်ဖုံးတွေက လောဘ အခိုးအငွေ့တွေဖြင့် အလျှံညီးညီး တောက်ပြောင်နေကြောင်း စန္ဒာရားဘာခက် သတိပြုမိပါသည်။

www.burmeseclassic.com



ပထမဆုံး လှုပ်ရှား အသက်ဝင်လာသူကတော့ ဦးမင်းခေါင်ပင်။ ဦးမင်းခေါင်သည် ရွှေစင်နတ်ဖရားမ၏ ရုပ်တုကို ပြေး၍ဖက်လိုက်ပြီး ခြေရင်းတွင် ဒူးထောက်လိုက်သည်။

သူ၏မျက်နှာမှာ အနှစ်နှစ် အလလက ကွဲကွာ ပျောက်ဆုံးနေသော မိခင်တစ်ယောက်ကို ပြန်တွေ့ရသလို ကြည်နူးလို့ နေပါသည်။

'တွေ့ပြီ....တွေ့ပြီ....ကျုပ်တို့ အနှစ်နှစ် အလလက ကြိုးစား တူးဖော် လာခဲ့ရတဲ့ ရွှေစင်နတ်ဖရားမ်ကို တွေ့ပြီ'

ဦးမင်းခေါင်သည် ရွှေစင်နတ်ဖရားမ၏ ခြေထောက်ကို အငမ်းမရ နမ်းရှုတ်ပွတ်သပ်ရင်း ကလေးငယ် တစ်ယောက်လို အားရဝမ်းသာ ဆိုသည်။

သည်စဉ်မှာပင် အံ့ဩစရာ အဖြစ်အပျက်တစ်ရပ်ကို မြင်လိုက်ရခြင်း ပါပေ။

ငမိုးရိပ်ချောင်း ကမ်းပါးတွင် မာလာသူဇာတင်တင်နှင့် ပတ်သက်၍ စန္ဒရားဘခက်၏ ခေါင်းကို သေနတ်ဒင်နှင့် ဆော်ခဲ့သော ပုဂ္ဂိုလ်ကြီး ကိုဗလ၏ လက်ထဲတွင် သေနတ်တစ်လက် ဖျပ်ခနဲ ရောက်လာသည်။

သူ၏ လက်စွဲတော် ပွိုင့် သာတီအိတ် အင်ဖီး ခြောက်လုံးပြူးကြီးပင် ဖြစ်ပါသည်။

ဦးမင်းခေါင်နှင့် ဒေါ်ခင်မျိုးလင်းသည် ဗလကို တအံ့တဩ ကြည့်နေသလို စန္ဒရားဘခက်ကလည်း ဒဿမသုံးရှစ်လီဗာအက်ရှင် ငင်ချက်စတာ၏ ပြောင်းဦးကို ဗလ၏ တစ်တောင်ဆစ်သို့ ချိန်လိုက်သည်။



သူက အပေါ်စီးကဆိုတော့ တစ်ပန်းသာသည် မဟုတ်လား။ ပြီးတော့ တစ်တောင်ဆစ်လို နေရာမျိုးကို ထိလိုက်လျှင် လက်ငါးချောင်းစလုံး အကြောအချဉ်တွေ ပြတ်သွားမည်။ သေသွားမည်။

'ဒါက....ဘာလုပ်တာလဲ ဗလ'

ဦးမင်းခေါင်က အံ့ဩသလို မေးသည်။

'သေနတ်နဲ့ ချိန်ထားတာပါ ဦးမင်းခေါင်'

'ဟင်....ရှင်....ရှင်....'

ဒေါ်ခင်မျိုးလင်းသည် ဗလကိုကြည့်ရင်း အထစ်ထစ် အငေါ့ငေါ့ အသံ ထွက်လာသည်။

'ကဲ....ဦးမင်းခေါင်နဲ့ ဒေါ်ခင်မျိုးလင်း၊ ရွှေစင် နတ်ဖရားမကို လက်ဖျားနဲ့ မတို့ပါနဲ့၊ အခုအချိန်ကစပြီး ရွှေစင်နတ်ဖရားမကို ကျုပ်ပိုင်ပြီ၊ အဲ....ကျုပ်ဟာ ရွှေစင်ရုပ်တုနှင့် တန်ဖိုး မဖြတ်နိုင်တဲ့ ပတ္တမြားကြီးကို လက်ဝယ် ရတော့မှာမို့ ခင်ဗျားတို့ဟာ အခုအချိန်ကစပြီး ကျုပ်ရဲ့ ရန်သူတွေ ဖြစ်သွားပါပြီ ဦးမင်းခေါင်'

ဦးမင်းခေါင်၏ မျက်လုံးအစုံမှာ မီးဝင်းဝင်း တောက်သွားရသလို၊ ဒေါ်ခင်မျိုးလင်း၏ အမူအရာ ကလည်း အထိတ်တလန့် ဖြစ်သွားသည်။

'မင်း....သစ္စာဖောက်တာလား ဗလ'

'ဟုတ်တယ်....ဦးမင်းခေါင်၊ ဗလဟာ သစ္စာကို ဖရုံလဲနဲ့ သုံးတတ်တယ်'

ဗလ၏ အသံကဲ လိုက်ဂူကြီးတစ်ခုလုံး ဟိန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ဂူဝမှ အသံတွေ ကြားရသည်။

ဟုတ်ပါသည်။ ပပလင်းနှင့် မာလာသူဇာတင်တင်ပဲ ဖြစ်ပါသည်။

သူတို့နှစ်ယောက်ကို လူနှစ်ယောက်က ချုပ်ကိုင်၍ဂူကြီးထဲသို့ ခေါ်လာသည်။ အမျိုးသမီးနှစ်ယောက်သည် မမျှော်လင့်သော မြင်ကွင်းကြောင့် တအံ့တသြဖြစ်သွားပါသည်။

'ဟင်....မာမီ'

'သမီး....ပပ'

ပပလင်းသည် သူ့မလက်ကို ချုပ်ကိုင်ထားသူလက်ထဲမှ ရုန်းကန်နေသည်။

ဗလသည် အမျိုးသမီးနှစ်ယောက်ကို မြင်လိုက်ရသည့်အတွက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'သူတို့နှစ်ယောက်ကို ဂူဝမှာတွေ့ခဲ့ရတယ် ဆရာ၊ ပြီးတော့ ဂူဝမှာ အစောင့်ထားခဲ့တဲ့ ကောင်ကိုလဲ တစ်ယောက်ယောက်က ရိုက်သွားလို့မေ့နေတယ်'

ဗလသည် မျက်နှာပျက်သွားသည်။

ဒေါ်ခင်မျိုးလင်းသည် ပပလင်းကိုကြည့်ရင်း တစ်စုံတရာကို စဉ်းစားနေမိဟန်ဖြင့် မျက်နှာတွင် အပြောင်းအလဲဖြစ်သွားသည်။

ဟုတ်ပါသည်။

ရွှေစင်နတ်ဖုရားမ၏ ဂူထဲတွင် သူတို့အပြင် အခြားလူတွေပါ ရောက်ရှိနေပြီဖြစ်ကြောင်းကို သူတို့တစ်တွေ သဘောပေါက်သွားကြပါပြီ။



ယင်းသည့်အခိုက်မှာပင်....

မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကို ကြုံတွေ့လိုက်ရသည်။

ဦးမင်းခေါင်သည် သူ၏ဂျာကင်အောက်မှ သေနတ်ကို မိုက်မိုက်ကန်းကန်း ဆွဲထုတ်လိုက်သည်။

သို့တစေ....

ဗလက သူ့ထက်ပို၍ လက်မြန်သည်။

ဗလသည် သူ၏လက်ထဲမှ အင်ဖီး ခြောက်လုံးပြူးကြီးကို ဦးမင်းခေါင်၏ နှလုံးသားဆီသို့ ခလုတ်ညှစ်ချလိုက်သည်။

ကျယ်လောင်သော သေနတ်သံကြီးသည် မိုးကြိုးပစ်လိုက်သည့်အလား ဂူကြီးတစ်ခုလုံး သိမ့်သိမ့်တုန်အောင် မြည်ဟည်းသွားသည်။

ဦးမင်းခေါင်သည် ရွှေစင်နတ်ဖုရားမ၏ ခြေရင်းတွင် ဒူးထောက်ရက် လဲကျသွားသည်။ ပြီး ရွှေစင်နတ်ဖုရားမ၏ ခြေထောက်ကို မျက်နှာအပ်ရင်း မှောက်ရက်ကြီး ငြိမ်သက်သွားသည်။

စန္ဒရားဘခက်သည် သေနတ်ပြောင်းဝကို ဗလ၏ကျောပြင်သို့ အပေါ်စီးမှ ချိန်လိုက်သည်။ သေနတ်မောင်းခလုတ်ကို ဆွဲညှစ်ခါနီးတွင် သည်းထိတ်ရင်ဖို အဖြစ်အပျက်တစ်ခုကို မြင်လိုက်ရခြင်းပင်။

ရွှေစင်နတ်ဖုရားမ၏ နောက်ကျောရှိ ဂူနံရံမှသဲတွေ မြေကြီးတွေ ထဖွားဖွား ကျလာသည်။

မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့်နှစ်ပေါင်းများက တူးဖော်ထားသော ရွှေစင်နတ်ဖုရားမ၏ဂူကြီးသည် သေနတ်သံ၏ အသံလှိုင်းဒဏ်ကိုမခံနိုင်ဘဲ တဖြည်းဖြည်း ပြိုကျလာတော့မည် ဖြစ်ကြောင်း စန္ဒရားဘခက် တွေးဆမိလိုက်ပါပြီ။

သူသည် ဗလထံသို့ သေနတ်ချလိုက်ရန် အော်ဟစ်ပြောကြားဖို့ ပါးစပ်ဟလိုက်သည်။

သူ့ခေါင်းပေါ်သို့ သဲတွေပြိုကျလာသလို ရယ်သံသြသြကြီးက လိုက်သံတဟည်းဟည်းထအောင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ဟား....ဟား....ဟား....ဟား....ဟား'

ကြောက်မက်ဖွယ် ရယ်သံကြီးသည် ဂူတစ်ခုလုံး သိမ့်သိမ့်တုန်သွားအောင် နေရာအနှံ့အပြားမှ ထွက်ပေါ်လာသည်။

ပပလင်းသည် ဒေါ်ခင်မျိုးလင်းထံသို့ပြေး၍ ကြောက်လန့်တကြား ဖက်ထားသလို ဗလသည် သေနတ်ကိုကိုင်ရင်း ဂူကြီး၏ အရပ်ရှစ်မျက်နှာသို့ သွေးပျက်ခမန်း တုန်လှုပ်ချောက်ချားစွာ ကြည့်လိုက်သည်။

'ဟား....ဟား....ဟား....ဟား....ဟား'

ရယ်သံကြီးသည် ကြောက်လန့်ဖွယ် ထွက်ပေါ်လာဆဲ၊ စန္ဒရားဘခက်၏ အကြောအချဉ်များမှာ တင်းခနဲ ရှုန်းဆန့်သွားသလို ခံစားလိုက်ရသည်။

ညသန်းကောင်....

မှောင်မိုက်သော ဂူကြီးတစ်လုံးထဲမှ လူသားတစ်စု။

ပြီးတော့....ကြောက်မက်ဖွယ် ရယ်သံကြီး။



ရွှေစင်နတ်ဖုရားမ၏ ကျိန်စာသည် သူတို့အားလုံးအပေါ်သို့ ကျရောက်စူးရှချေပြီလား။

'လော....ဘ....သား....တွေ'

'မော....ဟ....သား....တွေ'

အသံသြသြကြီးသည် ဂူကြီး၏ အက်ကွဲနေသော ပက်ကြားအက်ကြီး အတွင်းမှ ထွက်ပေါ်လာသည်။

'ဒိုင်း....ဒိုင်း....'

ဗလသည် အသံကြားရာဘက်သို့ သေနတ်နှင့် ရမ်းပစ်သည်။ ဂူကြီးသည် ပဲ့တင်သံထပ်မှု သိမ့်သိမ့်တုန်သွားသဆို တဝေါဝေါပြိုကျလာသောနံရံဘေးမှ ကျောက်ဆိုင်ကျောက်ခဲတွေကို ဘခက်မြင်လိုက်ရသည်နှင့် တုန်လှုပ်ချောက်ချားသွားသည်။

သို့ဖြစ်....

ဗလ၊ ဒေါ်ခင်မျိုးလင်း၊ ပပလင်းနှင့် မာလာသူဒေါ တင်တင်တို့မှာ ရွှေစင်နတ်ဖုရားမ၏နောက်ကျောရှိ ဂူနံရံတစစပဲ့၍ ပြိုကျနေသော ကျောက်တုံးကျောက်ခဲတွေ သတိပြုမိကြဟန်မတူ။

ဘခက်သည် အပေါ်စီးမှကြည့်ရင်း အခြေအနေကိုအမြန်ဆုံး သုံးသပ်လိုက်သည်။

သူတို့တစ်တွေ ဂူကြီးထဲမှ အမြန်ဆုံးထွက်ကြဖို့ ....

ဂူကြီးလည်း သေနတ်သံ၏ အသံလှိုင်းဒဏ်ကို ကြံ့ကြံ့မခံနိုင်တော့။

သည်စဉ်မှာပင်....

www.burmeseclassic.com



ပက်ကြားအက်ထဲမှ လှုပ်လှုပ်ရွရွ ထွက်လာသော မည်းမည်း သဏ္ဌာန်ဆီသို့ သေနတ်ကို တုန်တုန်ယင်ယင် ချိန်လိုက်သည်။ မကောင်းဆိုးဝါး မျက်နှာကြီးပင်။

'မင်းလက်ထဲက သေနတ်ကို ချလိုက်ပါ ဗလ၊ ငါ မင်းနောက်ကျောကို သေနတ်နဲ့ ချိန်ထားပြီ'

စန္ဒရားဘခက်သည် နံရံဘေးရှိ အပေါက်မှ အောက်သို့ ကြောင်တစ်ကောင်လို ခုန်ချလိုက်ရင်း ပြောလိုက်သည်။

ဗလနှင့် သူ့တပည့်နှစ်ယောက်မှာ နောက်သို့ ဖျတ်ခနဲ လှည့်ကြ၏။ စန္ဒရားဘခက်နှင့် အဆင်သင့်ချိန်ထားသော သေနတ်တို့ကို တွေ့လိုက်ရသည်နှင့် တုန်လှုပ်ချောက်ချားသွားသလို ဒေါ်ခင်မျိုးလင်းမှာ ဘခက်ကို တွေ့လိုက်ရသဖြင့် အလွန်အမင်း အံ့ဩသွားဟန်ရှိသည်။

အားလုံး၏အကြည့်သည် ဘခက်ထံသို့ ရောက်သွားသည်။

'ကဲ.... ဗလ၊ သေနတ်ချလိုက်စမ်း'

သို့တစေ....

ဗလသည် သွေးပျက်နေပြီဖြစ်၏။

သူသည် သေနတ်ကို ဘခက်ရှိရာသို့ မိုက်မိုက်ကန်းကန်း မောင်းဖြုတ်ချလိုက်သည်။

သေနတ်သံနှစ်ချက်သည် ဆက်တိုက်ကြီး ထွက်ပေါ်လာသည်။ ဗလ၏ ခန္ဓာကိုယ်မှာ ယမ်း၏ တွန်းကန်မှုကြောင့် လွင့်ထွက်သွားသည်။



ဂူကြီး၏အပေါ်မှ ကျောက်တုံး ကျောက်ခဲတွေ တဝုန်းဝုန်း ပြိုကျလာသည်။ ထိုစဉ်မှာပင် မည်းမည်း သဏ္ဌာန်ကြီးသည် ဂူဝသို့ ထွက်ပြေးပျောက်ကွယ်သွားသည်။

ပြေးပြေး မမလင်း၊ ဂူကြီးပြိုကျလာပြီ'

စန္ဒရားဘခက်သည် နံရံမှ မီးစီးတိုင်တစ်ခုကို ဖြုတ်၍ အော်လိုက်သည်။

ရွှေစင်နတ်ဖရားသည် အသည်းနှလုံး ပုံသဏ္ဌာန် ရာမ ပတ္တမြားကြီးကို ကိုင်ရင်း မနုဿလူသားတစ်စုအား အေးချမ်းစွာ ကြည့်နေပါသည်၊

သို့တစေ....

သူမရှေ့တွင် ရှိနေသော လောဘသား တစ်သိုက်မှာ အသက်ခန္ဓာကိုယ် ပြိုကွဲမသွားစေရန် သွေးရူးသွေးတန်း ဖြစ်နေကြပြီတကား။

ပထမဆုံး....

သူတို့ရှေ့မှ ပြေးထွက်လာလော ဗလ၏တပည့် နှစ်ယောက် အပေါ်သို့ ရာမ ကျောက်တုံးကြီးတစ်တုံး ပြိုကျလာသည်။

လူနှစ်ယောက်မှာ ကြက်ဥကို ရိုက်ခွဲသလိုဖြစ်သွား၏။

ဘခက်သည် ပပလင်း၏ လက်ကိုဆွဲ၍ ဂူဝသို့ မိုက်မိုက်ကန်းကန်း ပြေးသည်။

သူ၏နောက်မှ ဒေါ်ခင်မျိုးလင်းနှင့် မာလသူဇာတင်ထင်တို့က သွေးရူးသွေးတန်း ပြေးလိုက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူကြီးသည် လိုဏ်သံပါအောင် မြည်ဟည်းရင်း သူတို့နောက်မှ တစ်စတစ်စ ပြိုကျလာ၏။

'ပြေး.... ပြေး.... လွတ်အောင်ပြေး'

ဘခက်သည် မီးစီးတိုင်ကို လက်တစ်ဘက်ကကိုင်၍ ပပလင်းကို ဆွဲရင်း ပြေးနေသလို ပါးစပ်ကလည်း အော်သည်။

သူတို့သည် အကွေ့အကောက် ထူပြောလှသော ရွှေစင်နတ်ဖရားမ ဂူကြီး၏ ဝင်ပေါက်ဖြစ်သော ဥမင်လိုဏ်ခေါင်းကြီး တစ်လျှောက် ပြေးထွက်ခဲ့ကြသည်။ သူတို့၏နောက်မှ မြေစိုင်မြေခဲ ကျောက်စိုင်ကျောက်ခဲတွေ တဖြည်းဖြည်းပြိုကျလာရင်း ဥမင်ကြီးမှာ တဖြည်းဖြည်း ပိတ်လိုက်လာပါသည်။

ယခုတော့ ဂူအပြင်သို့ ရောက်ခဲ့ပါပြီ။

ရှောမကျောက်တုံးကြီးတစ်တုံးသည် မြည်ဟည်းတုန်ရိုက်စွာ ပြိုကျလာပြီး ရွှေစင်နတ်ဖရားမ၏ ဂူဝကိုပိတ်ဆို့သွား၏။

သူတို့တစ်တွေသည် ရွှေစင်နတ်ဖရား၏ဂူဝကို ချောက်ချားတုန်လှုပ်စွာကြည့်ရင်း မောဟိုက်တုန်ယင်နေကြသည်။

ယခုမူ....

မဟာအဝိစိငရဲတမျှ ဆူညံနေသောအသံများက ပကတိတိတ်ဆိတ်ငြိမ်သက်သွားပါလေပြီ။

လောဘ၊ ဒေါသ၊ မောဟ၊ မာန် မာနတို့၏ အားပြိုင်ရာ 'ရွှေစင်နတ်ဖရားမ' လိုဏ်ဂူကြီးသည် ပကတိ ပိတ်ဆို့သွားလေပြီ ဖြစ်၏။



သူတို့တစ်တွေ ဂူမကြီး၏ အပြင်ဘက်ရှိ လိုဏ်ဂူကြီးထဲတွင် တိတ်ဆိတ်ငြိမ်သက်စွာရပ်ရင်း လွန်ခဲ့သည့် တဒင်္ဂအချိန်ပိုင်း ကလေးက တွေ့ကြုံခဲ့ရသော ရင်သိမ့်တုန် ခါဖွယ်ရာဖြစ်ရပ်ကြောင့် တုန်လှုပ်ချောက်ချားနေကြသည်။

'ပြီးပါပြီကွယ်၊ အခုတော့ အစစအရာရာဟာ ပြီးဆုံးသွားပြီ မဟုတ်လား၊ အင်း.... လူတွေ လူတွေ လောဘ၊ ဒေါသ၊ မောဟ ဖိစီးလာရင် တစ်ယောက်နဲ့ တစ်ယောက် သတ်ကြဖြတ်ကြ ကောက်ကျစ်စဉ်းလဲကြနဲ့ အခုတော့ သူတို့တစ်တွေကျိန်စာဆိုးကြီး အစူးခံရသလို ဂူကြီးထဲမှာ ကျန်ခဲ့ကြပြီမဟုတ်လား'

ဒေါ်ခင်မျိုးလင်းက ရင်မောစွာဆိုသည်။

'ဟုတ်တာပေါ့ မမလင်း၊ လူတွေဟာ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းလာရင် သူစိမ်းတစ်ရံဆံကို မပြောနဲ့၊ မောင်နဲ့နှမ၊ သားနဲ့အမိ၊ ဆွေမျိုး အရင်းကြီးတွေတောင် တစ်ယောက်နဲ့တစ်ယောက် သတ်ကြ ဖြတ်ကြ ကောက်ကျစ်ကြသေးတာပဲ မမလင်း၊ ဒါပေမယ့် အဖြစ်အပျက်တွေဟာ မမလင်းထင်သလို မပြီးဆုံးသေးပါဘူး'

စန္ဒရားဘခက်က တစ်ခွန်းခြင်း တည်ငြိမ်စွာ ပြောလိုက်သည်။

ဒေါ်ခင်မျိုးလင်းသည် သူတို့ကို နားမလည်နိုင်သလို တွေဝေစွာ ကြည့်နေသည်။ ပပလင်းနှင့် မာလာသူတောင်တင်ဘို့၏ မျက်နှာတွင် စိုးရိမ်မှုများ အထင်းသား ငြိတွယ်လို့နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် မမလင်း၊ ဒီဖြစ်ရပ်တွေဟာ နိဂုံးမချုပ်သေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေကို စတင်ဖန်တီးခဲ့တဲ့ ခေါင်းဆောင်လုပ်တဲ့ လူဟာ အခုအချိန်အထိ လွတ်လွတ် ကျွတ်ကျွတ် ရှိနေသေးလို့ပါပဲ'

သူ့စကားအဆုံးတွင် ဂူကြီးတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်သွားသည်။

သို့တစေ....

လူသားလေးဦး၏ မျက်လုံးအစုံထဲတွင် အဓိပ္ပာယ် အရာအထောင်မက တွယ်ကပ်ငြိတွယ်၍ နေပါသည်။

အရှက်ဦးသည် အရှေ့မိုးကောင်းကင်တွင် စွန်းထင်နေပြီဖြစ်၏။ လေနုအေး မုန်တိုင်းကန်ရေပြင်ကို လျှောတိုက်ပြေးလွှားလာပြီး မိဖုရားငယ်ကမ်းပါးကို ရိုက်ခတ်လာသည်။

အနိဋ္ဌာရုံညသည် ယခုတိုင်အောင် အဆုံးမတတ်သေးကြောင်း သူတို့တစ်တွေ၏ မျက်နှာတွင် ပေါ်လွင်နေပါသည်။

○ ○ ○

နှစ်ဆယ့်သုံး

မထမသုံးစတင်လှုပ်ရှားလာသူမှာ ဒေါ်ခင်မျိုးလင်းပင်ဖြစ်ပါသည်။

'မင်းပြောတာတွေကို မမ နားမလည်နိုင်တော့ဘူး မောင်ဘခက်၊ အရေးကြီးတာက မမတို့ ဒီဂူကြီးထဲက ဘွက်ဖို့ပဲ၊



ပြီးတော့မှ မုန်တိုင်းရဲ့ကင်းကို ဝင်ပြီး အဖြစ်အပျက်ကို ပြောပြကြတာပေါ့'

ဟုတ်ပါသည်။

ပပလင်းနှင့် မာလာသူဇာတင်တင်တို့မှာလည်း စိတ်နှလုံးချောက်ချား ဖွယ်ကောင်းသော ဂူကြီးအတွင်းမှ ထွက်လိုလာပါပြီ။

မျက်စိအောက်တွင် သေပွဲဝင်သွားကြသော ဦးမင်းခေါင်နှင့် ဗလတို့လူသိုက်၏ သွေးရဲရဲသံရဲရဲအဖြစ်ကို ရင်သိမ့်တုန်ခါဖွယ် တွေ့ခဲ့ရသည် မဟုတ်ပါလား။

စ်န္ဒရားဘခက်သည် ဒေါ်ခင်မျိုးလင်းကို တည်ငြိမ်စွာပြောရပါသည်။

'မမ သဘောပါပဲ၊ ဒါပေမယ့် မမနဲ့ ပပလင်းကို မြွေတွေ အဆိပ်ပြင်းတဲ့ ပင့်ကူနက်တွေနဲ့ အသေသတ်ပြီး သိန်းနှစ်ဆယ်လောက်ရှိတဲ့ မမတို့ငွေတွေနဲ့ အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိတဲ့ ရွှေစင်နတ်ဖရားရုပ်တုကို အပိုင်စီးကြံခဲ့တဲ့ လူကတော့ လွတ်သွားလိမ့်မယ် မမလင်း'

သူ့စကားကို အားလုံးက အံ့အားသင့်နေကြသည်။

'အဲဒီလူဟာ ကိုမင်းခေါင် မဟုတ်လား၊ ကိုမင်းခေါင်ကပဲ မာလာသူဇာတင်တင်တို့ကို ခိုင်းခဲ့တာ မဟုတ်လား မောင်ဘခက်'

'ဟုတ်တယ် မမ၊ ကိုမင်းခေါင်ကပဲ ကိုဗလနဲ့ မာလာကို ရန်ကုန်လွှတ်ပြီး ကိုဘခက်ကို အပြတ် ရှင်းခိုင်းခဲ့ပါတယ်၊ ကိုဗလကို ဦးမင်းခေါင်က ငွေတစ်သောင်းပေးပြီး ခိုင်းစေခဲ့

www.burmeseclassic.com



တာပါ၊ မာလာဟာ အကြောင်းတစ်ခုကြောင့် ကိုဗလရဲ့ ခိုင်းစေသမျှကို လုပ်ပေးနေရတာပါ'

ပပလင်းက ဝင်ပြောသည်။

'ဟုတ်ပါတယ် မမလင်း၊ မာလာပြောသလို ကျွန်တော့်ကို သတ်ပစ်ဖို့ ဦးမင်းခေါင်က ဗလကို စေခိုင်းခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ဇိုးမောင်မောင်ဟာ အဆိပ်ပြင်းတဲ့ ပင့်ကူနက်နဲ့ ကျွန်တော်နဲ့ ပပလင်းကို လုပ်ကြံဖို့ အားထုတ်ခဲ့ပြန်တယ်၊ သူ့အကြံဟာ မအောင်မြင်ခဲ့တဲ့အပြင် ကျွန်တော်က သူ့ကို ခြေရာခံမိတယ်ဆိုရင်ပဲ သူ့ကို နှုတ်ပိတ်ပစ်လိုက်တယ်၊ အမှန်တော့ ဇိုးမောင်မောင်ဟာ အဆိပ်ပြင်းတဲ့ ပင့်ကူနက် လက်ချက်နဲ့ သေခဲ့တာပဲ မမလင်း'

'ဒီလိုဆိုရင် ဇိုးမောင်မောင်ကို ဘယ်သူက စေခိုင်းခဲ့တာလဲဟင်'

ဒေါ်ခင်မျိုးလင်းက မေးသည်။

မှန်ပါသည် ငွေရလျှင် ဘာမဆိုလုပ်တတ်သော ဇိုးမောင်မောင်ကို မည်သူက ခိုင်းစေခဲ့သနည်း။

မပလင်းနှင့် မာလာသူဇာတင်တင်သည် ရွှေစင်နတ်ဖုရားမ ဂူထဲတွင် တဟားဟား အော်ရယ်ခဲ့သော မည်းမည်းသတ္တဝါကြီးကို မြင်ယောင်လာသည်။

ဒေါ်ခင်မျိုးလင်း၏ မျက်နှာသည် စိုးရိမ်မှုဖြင့် ယှက်သန်းနေသည်။

'ဟုတ်တာပေါ့ မမလင်း ဇိုးမောင်မောင်ကို သတ်ဖြတ်ခဲ့တဲ့လူဟာ ဒီကိစ္စအားလုံးကို စီမံဖန်တီးနေတဲ့လူပဲဖြစ်မှာပေါ့၊



အစကတော့ သူ့ကို ကျွန်တော် မေ့ထားခဲ့ပါတယ်၊ အခုတော့ သူဟာ ဘယ်သူဖြစ်တယ်ဆိုတာ ကျွန်တော် အတိအကျ သိရပါပြီ'

'သူ...သူဟာ မမရဲ့လည်ကုပ်ကို နောက်ကနေ ရိုက်ခဲ့တဲ့ မည်းမည်းသတ္တဝါကြီးလားဟင်'

ဒေါ်ခင်မျိုးလင်းအသံက တုန်ယင်နေသည်။

မာလာသူဇာတင်တင်သည် သိသိသာသာ မျက်နှာပျက်နေ၏။ ပပလင်းကမူ အံကို မသိမသာ ကြိတ်ထားရှာသည်။

သူတို့အားလုံးသည် စန္ဒရားဘခက်၏ အဖြေကိုရင်တထိတ်ထိတ်ဖြင့် ငံ့လင့်နေကြသည်။

စန္ဒရားဘခက်သည် ဂူဝသို့မသိမသာ အကဲခတ်လိုက်ပါသည်။ သူတို့တစ်တွေကို တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုနေသော လူတစ်ယောက် ရှိနေပြီတကား။

မျက်နှာကြီးသည် ရိပ်ခနဲ ပျောက်ကွယ်သွား၏။

ဒါကို ဘခက်တစ်ဦးတည်းသာ မြင်လိုက်ရသည်။

'ကျွန်တော်တို့ မြစိမ်းရောင်အိမ်ကြီးကို ပြန်ကြဖို့သင့်ပါပြီ မမလင်း၊ မြစိမ်းရောင်ကို ရောက်တာနဲ့ မမလင်းတို့မေးတဲ့မေးခွန်းရဲ့အဖြေကို ကျွန်တော် ပေးပါမယ်၊ မာလာသူဇာတင်တင်လဲ လိုက်ခဲ့ဖို့ တောင်းပန်ပါရစေ'

သူတို့တစ်တွေ ရွှေစင်နတ်ဖုရားမ ဂူကြီးထဲမှ ထွက်ခဲ့ကြသည်။ နေဝန်းနီသည် အရှေ့မိုးကောင်းကင်မှ ထွက်ပြူစပြုလာပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ကမ်းပါးကြီးပေါ်သို့ ခက်ခက်ခဲခဲတက်ခဲ့ကြသည်။ အနီးအနားရှိ ရွာတစ်ရွာမှ လှည်းတစ်စီးကိုငှား၍ ကားလမ်းဘေးရှိ မုန့်ဟိုင်းရွာသို့ တက်ခဲ့ကြသည်။ ဘခက်က ကျည်ဆန်ကို စီးခဲ့သည်။ ကိုကျော်ဝကိုအနူးအညွတ်တောင်းပန်၍ ငွေတစ်ရာ ထပ်ပေးသည်။

ထိုမှသည် မြစိမ်းရောင်အိမ်ကြီးသို့ ကားဖြင့်တစ်ဆင့် စီးခဲ့ကြ၏။ ဦးသူရနှင့် ဒေါ်ထွေးမယ်သည် အိမ်ကြီး၏အဝမှ စောင့်ကြိုနေကြပါသည်။

သူတို့အားလုံး၏မျက်နှာမှာ မှုန်ရီနေကြသည်။ ပင်ပန်းနွမ်းနယ်နေကြသည်။ အိမ်ကြီးထဲသို့ဝင်ရန် စိတ်စောနေကြသည်။

'မမလင်း....'

'ဟင်....'

'ကျွန်တော် တစ်ခုတောင်းဆိုပါရစေ၊ အဲဒါ ဘာလဲဆိုတော့ ပပလင်းကို ဦးသူရတို့ အိမ်ကလေးမှာ ခဏထားခဲ့ပါရစေ'

မမလင်း၏မျက်နှာမှာ သိသာလောက်အောင် ဖျက်နေပြီ။

'မာလာသူဇာတင်တင်လဲ နေခဲ့ပါ'

ဘခက် ပြောသည်။

'ကဲ....သမီး ပပ၊ ခဏလေး နေခဲ့နော်'

စန္ဒရားဘခက်သည် မြစိမ်းရောင် အိမ်ကြီးထဲသို့ ဝင်လိုက်ပြီး တံခါးကြီးကို အတွင်းမှ ပိတ်လိုက်ပါသည်။



သူတို့နှစ်ယောက် အိမ်အိုကြီး၏ အပေါ်ထပ်သို့ တိတ်ဆိတ်ငြိမ်သက်စွာ တက်ခဲ့ကြပါသည်။

ဒေါ်ခင်မျိုးလင်းသည် ပင်ပန်းနွမ်းနယ်မှု ဒဏ်ကြောင့် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

'သိပ်စိတ်ပင်ပန်းနေသလား မမလင်း'

'အင်းကွယ်.... မမတော့ လောကကြီးမှာ မနေချင်သလောက်အောင်ကို ဖြစ်သွားမှာပဲ၊ ကဲ....မောင်၊ မင်းပြောမယ့်အဖြေကို မမလင်း ကြားချင်လှပြီ၊ မမကို စိတ်ချလက်ချ သာပြော၊ သမီးလေး မသိစေချင်ရင်လဲ မမလင်းရင်ထဲမှာပဲ ထားပါမယ်'

'ပြောတာပေါ့ မမလင်း၊ ဒါပေမယ့် မမလင်းကြည့်ရတာ သိပ်ပင်ပန်းနေပြီ၊ မျက်နှာလေး ဘာလေး သစ်လိုက်ပါလား'

သူမမျက်နှာက မသိမသာ ကြည်ရွှင်သွားသည်။

'ကောင်းသားပဲ မောင်၊ မမလင်း အခုပဲ ပြန်လာခဲ့မယ်'

သူမ၏ အခန်းထဲသို့ဝင်သွား၏။

စန္ဒရားဘခက်သည် သူ၏အခန်းထဲသို့ ရင်မောစွာ ဝင်ခဲ့ပါသည်။

ပြီးတော့ အိုးဘရမ်ဒီတစ်ဝက်ကို ရေမရောဘဲ မော့ချလိုက်၏။

ယခုတော့ သူ့အတွေးတွေက ကြည်မြလာပြီ။

သူ့ထင်မြင်ချက်တွေက ပီသလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွေးခေါ်ချက်တွေကတိပပီပြင်လာပြီမဟုတ်ပါလား။ သို့ပေမယ့် ရင်ထဲတွင် လှုပ်ခတ်လို့နေပါပြီ။

ပြဿနာ၏ အစမှာ သူ၏တိုက်ခန်းသို့ ဒေါ်ခင်မျိုးလင်း ရောက်ရှိလာသည်မှ အစပြုသည်။

နောက်တော့ လောဘ၊ မောဟ၊ ဒေါသ မာန်မာန မေတ္တာ၊ စေတနာ၊ တဏှာရာဂထုပြောသော လူသားတစ်ဦး နှင့် အံ့ဩဖွယ်ရာ ရွှေစင်နဲ့တော်ဖရားမရှဲ ကျိန်စာဆိုးကြီး။

ယခုမှ....

'မောင်....'

နူးညံ့ကျီစယ်မြိမ့်သောအသံ။

ဟုတ်ပါသည်။ မမလင်းပင်။

ဆံပင်တွေကို ကပိုကရို ဖားလျားချထားသလို နုပျိုသော မျက်နှာတွင် ရေစက်ရေမှုံကလေးများ တင်နေသည်။

'ကဲ ပြောတော့ မောင်၊ ဒါလောက်ဆိုရင် မမလင်း စိတ်ထိန်းနိုင်ပါပြီ၊ မြစိမ်းရောင်ကို ရောက်တာနဲ့ မမလင်း တို့ မိသားစုရဲ့ ကြမ္မာကို ဖန်တီးခဲ့တဲ့ လူသတ်ကောင်ကို မင်း ပြောမယ်ဆို'

စန္ဒရားဘခက်သည် သူမကို ကရုဏာသက်စွာနှင့် တည် တည် ငြိမ်ငြိမ် ကြည့်လိုက်ပါသည်။ ပြီးမှ တစ်ခွန်းချင်း အေးအေးဆေးဆေး ပြောပါသည်။

'ပြောပါ့မယ် မမလင်း၊ အဲဒီလူကတော့ တခြားလူ မဟုတ်ပါဘူး၊ မမလင်းဆိုတဲ့ ဒေါ်ခင်မျိုးလင်းပါပဲ'

၀ ၀ ၀

## နှစ်ဆယ့်လေး

မြစိမ်းရောင် အိမ်ကြီးတစ်ခုလုံး အပ်ကျသံ မကြားရ အောင် ပကတိ တိတ်ဆိတ် ငြိမ်သက်သွားပါသည်။

ပထမတော့ သူမ၏မျက်နှာမှာ ဆိုးဆိုးဝါးဝါး ပျက် ယွင်း သွားခဲ့သည်။ မျက်နှာတစ်ခုလုံး ဖွေးဖွေး ဖြူသွား သည်။ နှုတ်ခမ်းတွေ ပြာ၍ တစ်ဆတ်ဆတ် တုန်လာသည်။

'မမလင်း...ဟုတ်လား၊ သူဟာ မမလင်းတဲ့လား'

သူမ၏အသံက တုန်ယင်နေသည်။

ပြီးတော့ အရူးတစ်ယောက်လို တဟားဟား ရယ်လိုက် သည်။

'ဟုတ်ပါတယ် မမလင်း၊ ဒီကြမ္မာဆိုးတွေကို ဖန်တီး ခဲ့သူကတော့ မမလင်းပါပဲ၊ ဒါကို ကျွန်တော် အတိအကျ ပြောနိုင်ပါတယ် မမလင်းရယ်၊ သိန်းနှစ်ဆယ်ကျော်လောက် ချမ်းသာတဲ့ အမွေတွေရယ်၊ သမီးအရင်းမဟုတ်တဲ့ ပပလင်းမှ ရယ်၊ အဲဒီ အချက်နှစ်ချက်ဟာ မမလင်းရဲ့ လောဘစိတ်နဲ့ ဆန္ဒမီးကို တညီးညီး တောက်လောင်စေခဲ့ပြီး ဒီကိစ္စကို မမ လင်း ဖန်တီးခဲ့တာပဲ မဟုတ်လား၊ တကယ်တမ်း ပြောရ မယ်ဆိုရင် ဦးမင်းခေါင်ဟာ မမလင်းရဲ့ ထားရာနေ စေရာ သွားတဲ့ နွားသာသာ လူတစ်ယောက်ထက် မပိုပါဘူး၊ အဲ

www.burmeseclassic.com



ဦးမင်းခေါင်ဟာ မမလင်းစေခိုင်းသမျှ ဘာဖြစ်လို့ လိုက်နာနေရသလဲ ဆိုတာတော့ ကျွန်တော့်ထက် ကာယကံရှင်ဖြစ်တဲ့ မမလင်းက ပိုပြီး သိပါလိမ့်မယ်'

သူ့စကားက ရင့်သီးသော်လည်း သူ့အသံက တည်ငြိမ်သည်။

ခေါ်ခင်မျိုးလင်းသည် မခိုးမခန့် ဟက်ခနဲ ရယ်လိုက်ပါသည်။

'အင်း...ဆက်စမ်းပါဦး၊ မင်းစကားက စိတ်ဝင်စားဖို့ကောင်းသားပဲ'

သူမအသံက မခိုးမခန့် နိုင်လှန်းလှသည်။

'ပထမဆုံး ကျွန်တော့်ထင်မြင်ချက်ကို အရင် ပြောပါရစေ မမလင်း'

'ဦးဝင်းထွတ်ရဲ့ မန်နေဂျာ ဦးမင်းခေါင်ဟာ အရင်ကတည်းက အို...ရှိုင်းတယ်လို့ မထင်ပါနဲ့၊ မမလင်းနဲ့ ပေါက်ပြန်နေခဲ့တယ်လို့ ကျွန်တော် ယူဆတယ်၊ အဲဒါကြောင်း အက်မှာ ဦးဝင်းထွတ်တို့ အိမ်ကြီး မီးလောင်ပြီး ဦးဝင်းထွတ် ပျောက်သွားခဲ့တယ်၊ မမလင်းတို့ဟာ ဦးဝင်းထွတ် မီးလောင် ပြာဖြစ်သွားပြီလို့ တစ်ထစ်ချ ယူဆလိုက်ကြတယ် မို့လား မမလင်း'

သူမမျက်နှာမှ မဲ့သွားသည်။ မဲ့ရင်းက ပြုံးလိုက်သည်။ ကျေးတွန်သော နှုတ်ခမ်းဖူးဖူးတွင် မဲ့ပြုံးကလေး ဖြစ်ပေါ်လာသည်။



'ပြီးတော့...ကနုတ်ပန်းများ ထွင်းထုထားသော ရှေးဟောင်း ခုတင်ကြီးပေါ်တွင် ထိုင်လိုက်သည်။

သူမ၏ အသွင်သဏ္ဌာန်မှာ ဘုရင်ကေရာဇ် တစ်ဦး၏ မဟေသီတစ်ဦးကဲ့သို့ ဖြစ်၏။

မဟေသီမသည် အလှကို ပြပေပြီ။

စန္ဒရားဘဲခက် ဆက်ပြောသည်။

'အဲဒီအချိန်မှာ ဦးဝင်းထွတ်ရဲ့ ရှေ့နေ ဦးကျော်သာ...ဟာ မမျှော်လင့်ဘဲ ရောက်လာပြီး သေတမ်းစာနဲ့ ဆိုင် စာချုပ်ကိုပြတော့ မမလင်း တုန်လှုပ်သွားမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ...နှစ်ဆယ်လောက် ချမ်းသာ အမွေတွေ အားလုံးကို မမလင်း တစ်ယောက်တည်းကို ပေးခဲ့တာကိုး၊ အဲ...ဘာကြောင့် မမလင်းကို အမွေ ခွဲမပေးခဲ့သလဲဆိုတာကိုတော့ ကာယကံရှင် ဖြစ်တဲ့ မမလင်းက ပိုပြီး သိပါလိမ့်မယ်၊ အဲဒီမှာ တင်မမလင်းဟာ သမီးအရင်းမဟုတ်တဲ့ ပပကို အဆိပ်ရှိတဲ့ သတ္တဝါ အကိုက်ခံရလို့ သေပုံမျိုးနဲ့ သတ်ပစ်ဖို့ စီစဉ်တော့တာပဲ၊ အဲ...ပထမဆုံး မမလင်းကို မီးရထားပေါ်မှာ မြွေတွေနဲ့ အကိုက်ခံရတယ်ဆိုပြီး ဦးဝင်းထွတ်ကို အယုံသွင်းခဲ့တယ်၊ လူထစ်လျှို့ဝှက် လုပ်ကြံနေပုံမျိုး ပြောဆိုခဲ့တယ်'

'အင်း...ဆိုပါဦးလေ၊ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ မင်းစကားတွေက နားထောင်လို့တော့ ကောင်းသားပဲ'

'ဆက်ရမယ် ဆိုရင်တော့ မမလင်းရဲ့ လှုပ်ရှားမှုတွေကို ဦးဝင်းထွတ်က သက်သေမကောင်းဖြစ်ပြီး ကျွန်တော်နဲ့ဆက်သွယ်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ညွှန်ကြားလိုက်တယ်၊ ပြီးတော့ မမလင်းရဲ့ ဟှုပ်ရှားမှုတွေကို နောက်ယောင်ခံကြည့်ဖို့ စိတ်ချရတဲ့ ဦးသာဘန်းက တစ်ဆင့် လုပ်ဆောင်ခဲ့တယ်၊ အဲ့.... မမလင်းတို့ရဲ့ အကြံအစည်မှာ ကျွန်တော်ပါလာပြီဆိုတော့ မလွယ်တော့မှန်း သိလာရတော့ နောက် ဦးမင်းခေါင်ဟာ ကြေးစားလူမိုက် ဗလနဲ့ မာလာသူဇာဇင်တင်ကို ရန်ကုန်လွှတ်ပြီး ကျွန်တော့်ကို အသတ်ခိုင်းတော့တာပဲ'

ဒေါ်ခင်မျိုးလင်း၏မျက်နှာမှာ မခံချည့်မခံသာ ဖြစ်လာသည်။

'ဒီမှာ မောင်၊ မင်းပြောတာတွေအားလုံး ဘာမှအခြေအမြစ်မရှိဘူး၊ သက်သေအထောက်အထား မရှိဘူး၊ အဲ့ဒီတော့ အဓိပ္ပာယ်မရှိတာတွေ ဆက်ပြောမနေနဲ့တော့'

'မှန်ပါတယ် မမလင်း၊ ကျွန်တော်ဟာ ဟောဒီအသည်းပုံကျောက်စိမ်း ကြယ်သီးလေးကို ဇိုးမောင်မောင်ရဲ့ ခုတင်ဘေးက တွေ့ခဲ့တယ်၊ အဲ.... အဲ့ဒီကြယ်သီးမျိုးကို မာလာသူဇာတင်တင်ရဲ့ အင်္ကျီမှာ တွေ့ပြန်တော့ ရေလိုက်လွှဲပြီး သူ့ကို ထင်ခဲ့တယ်၊ ဒါပေမယ့် ဇိုးမောင်မောင်ဟာ မမလင်းရဲ့ ရင်ခွင်ထဲမှာ ပင့်ကူနက် အကိုက်ခံရပြီး သေခဲ့တာ အမှန်ပဲ မမလင်း'

'ဇိုးမောင်မောင်ကို မမလင်းက ဘာလို့သတ်ရမှာလဲ မဆိုင်လိုက်တာ'

စန္ဒရားဘခက်သည် အိတ်အတွင်းမှ အသည်းပုံသဏ္ဍာန်ကျောက်စိမ်းကြယ်သီးတစ်လုံးကို ထုတ်ယူပြသလိုက်သည်။



သူမက မခိုးမခန့်ရယ်လိုက်၏။

'ဒီကြယ်သီးမျိုးက လူတိုင်း ဝယ်နိုင်တာပဲ၊ ဒါများဆန်းလှန်းလို့'

'မဆန်းတော့ မဆန်းဘူးပေါ့၊ ဒါပေမယ့် ဟိုနေ့ညက ပပလင်းတစ်ယောက်တည်း လေသာဆောင်မှာ ရပ်နေတုန်း နောက်ကနေ တိတ်တဆိတ်တွန်းချဖို့ မမလင်းက ကြံခဲ့ တော့ ဆန်းတာပေါ့ မမလင်း'

'ဟင်....'

သည်တစ်ခါတော့ ဒေါ်ခင်မျိုးလင်း၏မျက်နှာမှာ အလ အမင်း အုံ့သြသွားဟန်ရှိသည်။

'ကျွန်တော် မမလင်းရဲ့ သေတ္တာထဲက လက်နှိပ်ခါတ်မီး ကို နှိုက်တုန်းမှာ အပ်ချိတ်ကလေးနဲ့ တွဲထားတဲ့ ဟော ကျောက်စိမ်းကြယ်သီး လေးလုံးကို ထပ်ရခဲ့တယ်၊ အရော အသွေးချင်း အားလုံးအတူတူပဲ မမလင်း'

သူ့အင်္ကျီအိတ်ထဲမှ အသည်းပုံ ကြယ်သီးလေးလုံး ထပ် ၍ ထွက်လာပြန်သည်။

သူမ သက်ပြင်းချလိုက်သည်။

'အရေးအကြီးဆုံး အချက်ကတော့ ရွှေစင်နတ်ဖုရား ဂူထဲမှာ မမလင်းပြောခဲ့တဲ့ စကားလေးပါပဲ၊ မှတ်မိသေး လားဟင်၊ 'အဲဒီလူဟာ ကိုမင်းခေါင် မဟုတ်လား၊ ကိုမင်း ခေါင်ကပဲ မာလာသူဇာတင်တင်ကို ခိုင်းခဲ့တာ မဟုတ်လား မောင်ဘခက်' လို့ မမလင်းက ပြောခဲ့တယ် အဲသလိုဆိုရင် တစ်ခါမှ တွေ့ဖူး ကြုံဖူးသေးတာ မဟုတ်တဲ့ မာလာသူဇ

www.burmeseclassic.com

www.burmeseclassic.com



တင်တင်ရဲ့နာမည် မမလင်းက ကြိုတင်ပြီး သိနေခဲ့တာပေါ့။ ကဲ....ကျွန်တော်မေးတာ ဖြေနိုင်မလား၊မာလာသူဇာတင်တင်ရဲ့နာမည်ကို မမလင်းက ဘာလို့ တင်ကြိုပြီး သိနေခဲ့တာလဲဟင်'

သူ့အသံက သိမ်မွေ့နေသည်။

မ...ကလေးအရွယ် လူမမယ်ကလေးကို ပုံပြောပြနေသည့်နှယ် [illegible]သည်။

သူမထံမှအဖြေကို စန္ဒရားဘခက် မျှော်လင့်နေပါသည်။

သူမမျက်နှာကိုလည်း စူးစိုက်ကြည့်ရှုနေမိပါသည်။

နှုတ်ခမ်းဖူးဖူးရှရှကလေးသည် တဆတ်ဆတ် တုန်ရင်း...ပြာလာသည်။

ညို့မှုံ့ရိပ်သန်းသော အပြုံးရိပ်ကလေးတစ်ခုစွန်းထင်းလာသည်။

မျက်လုံးဝိုင်းဝိုင်းကြီးတွေက အရည်လဲ့လာသည်။

မျက်တောင်မည်းမည်းကော့ကော့ကြီးအစုံကရမက် မျက်လုံးပေါ်တွင် မှေးစင်းလာပါသည်။

သူ့ခန္ဓာကိုယ်သည် သူမရင်ခွင်ထဲသို့ ကျသွားပါသည်။

သူမသည် သူ့ကို ထွေးပွေ့လိုက်သည်။

ပြီး.... ခုတင်ပေါ်တွင် တင်ထားသော မိတ်ကပ်ဘူးဝိုင်းကလေးကို ကိုင်လိုက်သည်။ သူ့ကျောပြင်ကို သိုင်းဖက်ရင်း မိတ်ကပ်ဘူးကလေး၏ ခလုတ်ကို နှိပ်လိုက်သည်။

'ထောက်'



စန္ဒရားဘခက်၏ နားထဲတွင် မိုးကြိုးပစ်လိုက်သည့်နှယ် ကျယ်လောင်လှသည်။

ပြီးတော့ သူ့ကျောပြင်တွင် ရှစိရှစိနှင့် ခံစားလိုက်ရသည်။

ဟုတ်ပါသည်။ ပင့်ကူနက်ကလေးသည် မိတ်ကပ်ဘူးထဲမှ သူ့ကျောပေါ်သို့ ကျလာ၏။

အသည်းနှလုံးတွေ ပြုတ်ကြွေမတတ်ဖြစ်အောင် ...ပြင်မှ လည်တိုင်ဆီသို့ တရွရွ လျှောက်လာသည်။

ပင့်ကူကလေးသည် သူ့ပခုံးပေါ်မှ တစ်ဆင့် သူမ...ရင်မြွာကြားထဲသို့ ဖျပ်ခနဲ ခုန်ချလိုက်သည်။

'အား....'

သူမသည် စူးစူးဝါးဝါး အော်လိုက်သလို ဘခက်သည် သူမခန္ဓာကိုယ်မှ ဖျပ်ခနဲ ခွာလိုက်သည်။

သူမ မျက်လုံးတွေက ပြူးအစ်လာသည်။

နှုတ်ခမ်းတွေက ဖြူရော်လာသည်။

တစ်ကိုယ်လုံး တစ်ဆတ်ဆတ် တုန်လာသည်။

စန္ဒရားဘခက်သည်အခန်းထဲမှ ပြေးထွက်ခဲ့သည်။ မြစိမ်းရောင် အိမ်ကြီး၏ အောက်ထပ်မှ တံခါးကို တဝုန်းဝုန်း ထုရိုက်နေသံ ကြားရသည်။

သူသည် အောက်ထပ်သို့ ပြေးဆင်းခဲ့ပြီး ပိတ်ထားသော တံခါးကို ဖွင့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းထွတ်၊ ပပလင်း၊ မာလာသူဇာတင်တင်၊ ဦးသာဘန်းနှင့် ဦးသူရတို့ လင်မယားသည် တံခါးဝတွင် ရပ်နေကြပါသည်။

'ကိစ္စအားလုံး ပြီးသွားပါပြီ ဦးဝင်းထွတ်၊ မမလင်းဟာ သူ့ကြမ္မာကို သူ့ဘာသာ ဖန်တီးသွားခဲ့ပါပြီ'

သူသည် ဦးဝင်းထွတ်အား တည်ငြိမ်စွာ ပြောလိုက်မိသည်။

○ ○ ○

နှစ်ဆယ့်ငါး

သူတို့တစ်တွေသည် [illegible]ဝိုင်းပုံ ညွှန်ခန်းဆောင်ထဲတွင် ဝိုင်း၍ ထိုင်နေကြပြီး [illegible]ဘခက်၏ စကားကို မလှုပ်မယှက် နားထောင်နေကြ[illegible]

နားထောင်ရင်း တုန်လှုပ်မိ[illegible]သည်၊ အံ့သြမိကြ၏။

စန္ဒရားဘခက်သည် ရင်သိမ့် တုန်ခါဖွယ်ကောင်းသော ဇာတ်လမ်းကြီးကို အစအဆုံး အကျဉ်းရုံး၍ ပြောပြလိုက်သည်။

သူ့စကား ဆုံးသည်နှင့် သက်ပြင်း ချမိကြသည်။

'အင်း....အဆုံးမတော့ မျိုးဟာ လောဘဇောနှင့် ဆန္ဒမီးကို မငြိမ်းသတ်နိုင်ခဲ့လို့ သူ့ဇာတ်ကို သူသိမ်းသွားရရှာတာပေါ့ကွယ်၊ ဦးဟာ ဦးဇနီးမျိုးနှင့် မင်းခေါင်တို့ ဦးနောက်ကွယ်ရာမှာ ဖောက်ပြားနေခဲ့တာကို ရိပ်စားမိပါတယ်'



ဦးဝင်းထွတ်အသံက တည်ငြိမ် လေးနက်မှု ရှိသည်။

'ဒါကြောင့်လဲ အမွေတွေ အားလုံးကို သမီးလေး ပပတစ်ယောက်ဘည်းကိုသာ ပေးခဲ့တာပေါ့၊ မျိုးကို ပပလင်း မိခင် ဆုံးပြီး တစ်နှစ်အကြာမှာပဲ ဦး လက်ထပ်ခဲ့တာမဂ ဓမ္မာင်ဘခက်၊ ဒါပေမယ့် ပပကတော့ မိခင်အရင်းပဲ ထင်နေခဲ့ပါတယ်၊ မျိုးဟာ ဆန္ဒရမ္မက်အား ကြီးလွန်းတဲ့ မိန်းမတစ်ယောက်ပဲ၊ ဒရိုင်ဘာ မာမက်တို့ ဦးသာဘန်းတို့နဲ့တောင် မကင်းခဲ့ဘူး၊ ဒါပေမယ့် လျှို့ဝှက် လွန်းတယ်၊ သိပ်သည်းလွန်းတယ်၊ အပြင်ပန်းကကြည့်ရင် လောကကြီးမှာ သူ့လောက်ကောင်းတဲ့ မိန်းမမျိုး မရှိတော့ဘူးလို့ ထင်ရအောင် ဦးနဲ့ သမီးကလေးအပေါ်မှာ ဆက်ဆံခဲ့တယ်'

'ဟုတ်ပါတယ် ဒက်ဒီ၊ ပပဟာ မာမိ့ကို အမေအရင်းလို့ပဲ ထင်ခဲ့ပါတယ်'

ပပလင်းအသံက ဝမ်းနည်း ကြေကွဲမှုဖြင့် [illegible]ပါသည်။

'အဲ....ဦးရဲ့ သစ္စာရှိလှတဲ့ တပည့်ကြီး ဦးသာဘန်းဟာ မျိုးရဲ့ မာယာကွန်ယက်ထဲမှာ အမိခံခဲ့ရပေမယ့် ဦးကို ဖွင့်ပြောခဲ့တယ်လေ'

ဦးသာဘန်း၏ မျက်နှာမှာ ပျက်သွားသည်။

သူ့ခေါင်းကြီးကိုလည်း ငုံ့ထားသည်။

'တကောင်းဘက်မှာ ဦးတို့ တည်းခိုတဲ့ အိမ်ကြီးမီးလောင်ခံရတာလဲ မင်းခေါင်ရဲ့ တပည့်တစ်ယောက်ရဲ့ လက်ချက်ပဲဆိုတာ ဦး သိခဲ့ရတယ်၊ အဲ....နောက်ဆုံး ရွှေခင်နတ်ဖရား

www.burmeseclassic.com

www.burmeseclassic.com



မရဲ့ ဂူကိုလဲ စတွေးရော မင်းခေါင်နဲ့မျိုးဟာ ဦးနဲ့ ပပလင်းကို အပြတ်ရှင်းဖို့ ကြံထားတာပဲ၊ ဒါပေမယ့် ဦးဟာ သူ့အကြံကို မသိချင်ယောင်ဆောင်ပြီး မင်းနဲ့ ဆက်သွယ်ဖို့ တိုက်တွန်းခဲ့တာပေါ့'

'ကျွန်တော်နဲ့ ဆက်သွယ်ဖို့ ဦးက ဘာဖြစ်လို့တိုက်တွန်းခဲ့ရတာလဲ ဦးဝင်းထွတ်'

ဦးဝင်းထွတ်က ပြုံးလိုက်သည်။

'ဘာဖြစ်လို့လဲဆိုတော့ စန္ဒရားဘခက်ဟာ မဟုတ်တာလုပ်သွားဆိုတာ ဦး ယုံကြည်လို့ပါပဲ၊ ကောလိယကို မောင်ရင် ရောက်လာကတည်းကဲ စောင့်ကြည့်နေခဲ့လို့ မောင်ရင့်ကို ဦး ယုံကြည်ပြီးသားပါ'

စန္ဒရားဘခက်သည် သူ၏နောက်တွင် အရိပ်လိုကပ်လိုက်နေသော မကောင်းဆိုးဝါး မျက်နှာကြီးကို မြင်ယောင်လာသည်။

ညကြီးသန်း... ပပလင်းကို တွန်းချသတ်ဖြတ်တော့ မည့် ဒေါ်ခင်မျိုးလ... နောက်ကနေရိုက်ခဲ့သောမကောင်းဆိုးဝါးမျက်နှာကြီးန... ကို မြင်ယောင်လာသည်။

ထိုသတ္တဝါကြီးသည် ရွှေစင်နတ်ဖရားဂူထဲသို့ပင် လိုက်ပါလာခဲ့သည် မဟုတ်လား။

ထို့ပြင် ကောလိယအိမ်ကြီး၏ အပေါ်ထပ်ရှိ ရွှေလင်ဗန်းထဲတွင် ထည့်ထားသော တိုင်းတားမင်းကြီး၏ ကျွန်ယုံ ငထင်ကျော်၏ သစ်သားခေါင်းပြတ်ကြီးကို မြင်ယောင်လာ၏။



ထိုခေါင်းပြတ်ကြီး၏ မျက်နှာနှင့် သူတို့နောက်သို့ အရိပ်ပမာလို လိုက်နေသော မကောင်းဆိုးဝါး မျက်နှာကြီးနှင့် လူသည် တစ်ထေရာတည်း တူညီနေသည်။

တကောင်းတွင် မီးလောင်ခံရသော ဦးဝင်းထွတ်။

မျက်နှာကို မီးတိုက်ခံရသော ငထင်ကျော်။

နောက်ပြီးတော့ မျက်နှာကို လိုသလို ခွဲစိတ် ပြုပြင်ပေးနိုင်သော ပလပ်စတစ်ဆာဂျရီ စပယ်ရှယ်လစ် ဒေါက်တာ မင်းကြည်။

ဒေါက်တာမင်းကြည်သည် ဦးဝင်းထွတ်ကို တင်ကြိုပြီးသိနေပြန်၏။ သို့ကဲလိုဆိုလျှင်...

'ကျွန်တော် တစ်ခုပြောပါရစေ၊ ဦးဝင်းထွတ် တစ်ခါ... ကောလိယအိမ်ကြီး အပေါ်ထပ်မှာ ဦး ကျွန်တော့်... ကဲ့ တိုင်းတားမင်းကြီးရဲ့ ကျွန်ယုံ ငထင်ကျော်ဟာ ဘယ်သူလဲဆိုတာ ကျွန်တော် သိပါပြီ'

သူ့စကားကို ဦးဝင်းထွတ်မှအပ မည်သူမှ နားလည်ကြဟန်မတူ။ ဦးဝင်းထွတ်ကဲ ခေါင်းညိတ်လိုက်သည်။ ပြီးတော့ တုန်ယင်စွာ တစ်ခွန်းချင်းဆိုသည်။

'မျိုးကို ဦး ကြည့်ပါရစေ မောင်ဘခက်'

'ဟုတ်ကဲ့...သူ ဟောဟိုအခန်းထဲမှာ ရှိနေပါတယ်'

ဦးဝင်းထွတ်သည် ထလိုက်ပြီး ဒေါ်ခင်မျိုးလင်းရှိရာ အခန်းထဲသို့ လေးပင်စွာ ဝင်ရောက်ပျောက်ကွယ် သွားသည်။

'ပပ...ပပလဲ မာမီ့ကို ကြည့်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'မကြည့်ပါနဲ့ ပပ၊ ပပတို့ရဲ့မိတွေးဟာ ပပတို့ မကြည့် ထိုက်တော့ပါဘူး'

ဟုတ်ပါသည်။

လောကကြီးကို စွန့်ခွာသွားသော မမလင်းကို တခြား သူတွေ မတွေ့စေချင်တော့ပါ။

ပပလှင်းသည် အိခနဲ ရှိုက်လိုက်၏။

မီးခင်ရင်းလို တစ်သက်လုံး တွယ်တာလာရသူမို့ ဝမ်း နည်း ကြေကွဲရသည်ကိုစန္ဒရားဘခက် ကိုယ်ချင်းစာမိပါသည်။

သို့တစေ....

သူ့အခန်းထဲမှ လူတစ်ယောက် ထွက်လာသည်။

မျက်နှာတစ်ခုလုံး မကောင်းဆိုးဝါးကြီး တစ်ကောင်လို ရှုံ့တွနေပြီး ဦးပြည်းပြောင်ပြောင်နှင့် သူရဲတစ္ဆေလူကြီးပင်၊

အားလုံးသည် အထိတ်တလန့်ဖြစ်သွားသည်။ ပပလင်း မာလာသူဇာတင်တင်မှာ လန့်၍အော်လိုက်ကြသည်။

'မကြောက်ပါနဲ့ ပပလင်း၊ အဲဒါ မင်းခေါင်နဲ့ ဒေါ်ခင် မျိုးလင်းတို့လက်ချက်နဲ့ အရှင်လတ်လတ် မီးလောင်ခံရတဲ့ ပပရဲ့ဒက်ဒီ ဦးဝင်းထွတ်ပါပဲ'

ဦးဝင်းထွတ်သည် ဒေါက်တာမင်းကြည်၏ ပလတ်စတစ် ဆာဂျရီခွဲစိတ်မှု ပညာဖြင့် ပြုလုပ်ထားသော မျက်နှာဖုံးအတု ကို လက်ကကိုင်ရင်း သူတို့တစ်တွေ ရှိရာသို့ လေးပင်စွာ လျှောက်လာပါလေတော့သည်။

ယခု[illegible]စစအရာရာသည်ပြီးဆုံးသွားခဲ့ပြီမဟုတ်ပါလား။

ဝ ဝ ဝ

## နှစ်ဆယ့်ခြောက်

ယင်းသို့ဖြင့်....

လောဘ၊ ဒေါသ၊ မောဟ၊ သောကဗျာပါဒတွေသည် ဒေါ်ခင်မျိုးလင်းနှင့်အတူ ကန်တော်မဟာ မိတ္ထီလာတွင် ကျန်ရစ်ခဲ့ပါပြီ။

သူတို့တစ်တွေ ကောလိယသို့ ပြန်ခဲ့ကြသည်။

ဦးဝင်းထွတ်နှင့် ဦးသာဘန်းကဲ ကားတစ်စီး။

[illegible]နရားဘခက်နှင့်မချောလေးနှစ်ယောက်ကကားတစ်စီး။

[illegible]ားပဲ။

[illegible]ကောင်ကြွက်မလေး မာလာသူဇာတင်တင်သည် သူ တို့နှင့်အတူ ကန့်လန့်ကန့်လန့်ပါသည်။

သူမဘဝက ရင်နာစရာ။

ခိုကိုးရာမဲ့နေစဉ် ဗလ၏ဖျားယောင်း သွေးဆောင်မှု ကြောင့် ဒုစရိုက်[illegible]လာကီသူလေး ဖြစ်ရရှာသူပင်။

ဘဝဆိုတာ ပျက်အစဉ် ပြင်ခဏ မဟုတ်ပါလား။

ပြီးတော့ သူ့ကို ငမိုးရိပ်ချောင်းဘေးက ကယ်တင်ခဲ့ သည့် ကျေးဇူးရှင်မကလေး။ ဒါကြောင့် သူ့ကို ခေါ်ခဲ့ ရခြင်းပင်။

သို့ပေမယ့်....ပပလင်း သဝန်တိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည် မချောကလေးကို ကားပေါ် တင်ခေါ်လာသော သူ့ကို ကျောပြင် ဗျောတင်လို့ ထုလိုက်ချင်သည်။

ဤသည်မှာ မငြိုယျစိတ်၊

သို့မဟုတ် သူ့ကို ချစ်တဲ့ စိတ်။

မာလာသူဇာတင်တင်ကတော့ ပြုံးနေသည်။ ကြည်နေသည်။ တစ်လမ်းလုံး ပြုံးပြုံး ရွှင်ရွှင်နှင့် လိုက်ပါလာသည်။ ဘခက်နှင့် ပပလင်းတို့ စုံတွဲကိုလည်း အားကျမိသည်။

ကော်ရိုလာ ကားဝါကလေးသည် မဟာရန်ကုန်အဝင် ဆောက်ကြံ့တွင် ထိုးရပ်သွားသည်။ ဦးဝင်းထွတ်တို့ ဂျစ်ကားက သူတို့ကိုကျော်၍ ဆက်မောင်းသွားပါသည်။

ကားအတွင်းမှ စန္ဒရားဘခက်သည် သိပ်လှနေသော မချောကလေးနှစ်ယောက်ကို ဝဲယာတွဲ၍ ဆင်းလာ၏။

ချာလီသည် ဟွန်ဒါ မော်တော်ဆိုင်ကယ်ကို မှီရင်း သူ့ဆရာ ကြီးပွားလာသည်ကို သွားရေကျနေသည်။

'ဟာ....ချာလီပါလား'

'ဟုတ်တယ်... ဆရာ....ဆရာ....ဒီနေ့ ပြန်ရောက်မယ်ဆိုလို့ ကျွန်တော် လာကြိုနေတာ'

ချာလီ့ မျက်လုံးတွေက မာလာသူဇာတင်တင်ထံသို့ ဝဲနေသည်။

'အေး....မင်းရောက်နေတာ အတော်ပဲ။ မင်းမှာ တစ်သက်လုံး ပြုစု စောင့်ရှောက်ဖို့ သိပ်လှတဲ့ ဇနီးချောကလေး တစ်ယောက် ရှိသင့်ပြီလို့ ငါထင်တယ်၊ ဘာကြောင့်လဲ ဆိုတော့ မင်းနဲ့ငါနဲ့ ဒီအချိန်ကစပြီး ခွဲရတော့မှာကိုးကွ'



ချာလီ့ မျက်လုံးတွေက ဝင်းလက်သွားသည်။

'အတိုင်းထက် အလွန်ပါပဲ ဆရာ၊ ဆရာ စီမံတာကို နာခံမယ့် တပည့်ပါ'

စန္ဒရားဘခက်သည် မာလာသူဇာတင်တင်ကို ကြည့်လိုက်သည်။ သူမသည် ပြုံးနေသည်။

'မာလာ....'

'ရှင်....'

'ချာလီနဲ့ လိုက်သွား'

'ဟုတ်ကဲ့....'

ချာလီသည် ဟွန်ဒါကို အသာခွ၍ စက်နှိုးလိုက်သည်။ မာလာသူဇာတင်တင်က နောက် ထိုင်ခုံတွင် ကျော့ကျော့မော့မော့ကလေး ဝင်ထိုင်းရင်း ချာလီ၏ပခုံးကို လက်ကလေး နှစ်ဖက်ဖြင့် ကိုင်လိုက်ပါသည်။ သူမ၏မျက်နှာတွင် အပြုံးကလေး တစ်ပွင့် ပွင့်လာ၏။

'ဟိတ်ကောင်....သတိတော့ ထားနော်၊ ကဆုတေး တတ်တယ်ကွ'

ချာလီသည် သူ့စကားမဆုံးခင် ဆိုင်ကယ်သံ တဖုန်းဖုန်းဖြင့် ထွက်ခွာသွားသည်။

သူတို့နှစ်ယောက် ပြုံးရင်း ကျန်ရစ်ခဲ့ကြသည်။

ပြီးတော့ ကော်ရိုလာ ကားဝါကလေးကို တူယှဉ်ကဲ့ မောင်းလာကြသည်။

ညနေသည် လှနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ညနေကြီး တစ်ခုလုံးထက် ပပလင်းက ပို၍ လှနေသည်။ ကားကလေးသည် နွယ်ခွေပေါက်ရှိ ရော်ဘာတောစပ်တွင် ရပ်သွားပါသည်။

ပပလင်း၏ နှုတ်ခမ်းဖူးဖူးကလေးက သို့ထိသို့တဖြည်းဖြည်း ရွေ့လျားလာပါသည်၊ သည် နှုတ်ခမ်းလှလှကလေးနှင့်အတူ အသည်းတွေ၊ နှလုံးတွေ၊ အသွေးတွေ၊ အသားတွေ၊ မေ့ထွာ အနန္တကို 'အင့်' လို့....

ချစ်စွာသော စာဖတ်သူများရဲ့
"ဆွေလှိုင်ဦး"

"ကျေးဇူးတင်ပါသည်"

ဤဝတ္ထု ဖြစ်မြောက်ရေးအတွက် အချက်အလက်များ စုဆောင်းပေးသော လုပ်သားကောလိပ်မှ 'သမိုင်း သုတေသီ ဦးကျော်စိန်' မုန့်တိုင်း ပတ်ဝန်းကျင်သို့ စာတန်း ပြုစုရန် ရောက်ခဲ့သော "မောင်စိုးလှိုင် B.A (ပထပီ) နှင့် မုန့်တိုင်ဆည်ကြီးနံဘေးရှိ ရေထွက်ရွာမှ ဦးစံငြိမ်းတို့အားကျေးဇူးကူရွေ့ ကုဋာဖြင့်....

"ဆွေလှိုင်ဦး"

www.burmeseclassic.com